အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ ၊ ဓမ္မစက္ကဝိဟာရ မိဂဒါဝုန် မြန်မာကျောင်း

# ရာပြည့်အောင်ပွဲ နှင့် ဂုဏ်ပြုအာမဂ္ဂဇင်း




သာသနာ ၂၅၅၂ ကောဇာ ၁၃၇၀ ခရစ် ၂၀၀၈

**Ven. Wannadhaza**
Chief Resident Monk

Dhammachakka Vihara
Myanmar Buddhist Temple
Sarnath Varanasi 221007
U.P. India.

dhammachakkavihara@yahoo.co.in
Tel: (91) 542-2595199
Fax: (91) 542-2595100

အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၊
ဓမ္မစက္ကဝိဟာရ မိဂဒါဝုန် မြန်မာကျောင်း

# ရာပြည့်အောင်ပွဲ နှင့် ဂုဏာပူဇာမဂ္ဂဇင်း




သာသနာ ၂၅၅၂ ကောဇာ ၁၃၇၀ ခရစ် ၂၀၀၈



# ရာပြည့်အောင်ပွဲ နှင့် ဂုဏ်ပူဇော်မဂ္ဂဇင်း





## မာတိကာ


| | | |
|---|---|---|
| စိစဉ်သူ၏စကား | ဝေမိုး(ကျွန်းလှ) | ၄၉ |
| ထွန်းတောက်ရောင်စုံမိဂဒါဝုန် | မောင်ဉာဏ်လင်း | ၁၁ |
| ဖောက်ပြန်သောရုပ်နာမ် | ပျဉ်းမနား-ရဲလှ | ၁၂ |
| မိဂဒါဝုန် မြန်မာကျောင်းတိုက် ဆရာတော်ဦးဝဏ္ဏာဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ထေရုပ္ပတ္တိ | အယ်ဒီတာအဖွဲ့ | ၁၃ |
| အိန္ဒိယနိုင်ငံ၊ ဟာရာဏသီမြို့၊ ဆာရ်နာ့ထ် (မိဂဒါဝုန်)ရှိ ဓမ္မစက္က ဝိဟာရ မိဂဒါဝုန် မြန်မာကျောင်းတိုက်၏ နှစ်(၁၀၀)ပြည့် အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်း။ | ဒေါက်တာနန္ဒမာလာဘိဝံသ ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။ | ၁၇ |
| မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တဝဏ္ဏာဓဇ ၏ဝမ်းမြောက်စကား | ဘဒ္ဒန္တ ဝဏ္ဏာဓဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) | ၂၀ |
| SPEECH ON THE CENTENARY CELEBRATION OF THE DHAMMACAKKA VIHARA IN SARANATH, VARANASI, INDIA | VEN.Dr.NANDAMALA BHIVAMSA | ၂၄ |
| (၂၈-၂-၂၀၀၈)ရက်နေ့ အိန္ဒိယနိုင်ငံ၊ ဟာရာဏသီမြို့၊ မိဂဒါဝုန်မြန်မာကျောင်း၊ နှစ်တစ်ရာပြည့် အထိမ်းအမှတ်အခမ်းအနားတွင် သံအမတ်ကြီးဦးကြည်သိန်း ပြောကြားခဲ့သည့် သာသနာရေးဆိုင်ရာ လျှောက်ထားချက် | | ၂၆ |
| မိဂဒါဝုန်မြန်မာကျောင်းတိုက်၏ နှစ်(၁၀၀)ပြည့်မှတ်တမ်း | ဦးပညာစက္က | ၂၈ |
| သစ္စာမြေမှ မြန်မာ့ဂုဏ်ဆောင် | ဦးရာဇိန္ဒ (ကျောက်ဖြူ) | ၃၄ |




| | | |
|---|---|---|
| မိဂဒါဝုန်မြန်မာကျောင်း<br>ရာပြည့်ပူဇော်ပွဲမှသည်. . . | သာကီသွေး | ၃၉ |
| သက်န်း၏အရှိန်အဝါ | အရှင်တိလောကာဘိဝံသ(အင်းစိန်) | ၄၆ |
| မိဂဒါဝုန်အားအင် တိုးတက်ရှင်သန်ပါစေ | ဦးလုသိန်းထွင့် (ဓမ္မာစရိယ,ဘီအေ) | ၅၁ |
| သက်သေ | ချစ်ဦးညို | ၅၈ |
| ရန့်မပြေသေးတဲ့ပန်းတစ်ပွင့် | နဂါးမောက်-စောသာရ<br>(သက္ကတတက္ကသိုလ်) | ၆၆ |
| အနာဂါရိကဓမ္မပါလ-ဗုဒ္ဓဂယာ-<br>ဗုဒ္ဓဘာသာဝင်တို့ ပိုင်ဆိုင်ခွင့်ရမှု | ဓမ္မဝီရ | ၇၁ |
| မိဂဒါဝုန်အလွမ်း | နွယ်ဦးလှိုင် | ၇၉ |
| ကောင်းခြင်းပြည့်စုံ မိဂဒါဝုန် | အရှင်နာရဒါဘိဝံသ(လုရတနာ) | ၈၇ |
| လမ်းဖောက်သူမှသည်<br>လမ်းသစ်ထွင်သူများအကြောင်း | အံ့ဩအောင် | ၉၅ |
| တည်ဆောက်သူနှင့် စောင့်ရှောက်သူ | သင်းအောင် (မဟာဓမ္မာစရိယ) | ၁၀၃ |
| အမုန်တရားတို့ရဲ့အုတ်မြစ် | ဝဏ္ဏမိုး(ရွှေကျွန်း) | ၁၀၇ |
| အနာဂါရိကဓမ္မပါလ-ဗုဒ္ဓဂယ-မိဂဒါဝုန် | မဟာသဒ္ဓမ္မဇောတိကဓဇ<br>တက္ကသိုလ်သျှင်သီရိ<br>(ဓမ္မာစရိယ ဘီအေ) | ၁၁၄ |
| အစွမ်းအစ | မောင်ဉာဏ်လင်း(တောင်ကုတ်) | ၁၃၀ |
| သံဝေဇနီယမိဂဒါဝုန် | လယ်တွင်းသားစောချစ် | ၁၃၆ |
| အသာတမန္တန် | ဝေမိုး(ကျွန်းလှ) | ၁၄၂ |
| ဘုရားလည်နှင့်ဘုရားဖူး | အရှင်ဓမ္မနိမ္မတ | ၁၅၄ |
| သမိုင်းကြောင်းကောင်းတဲ့မိဂဒါဝုန် | ရဝေဦး(ကျွန်းလှ) | ၁၆၁ |
| အိန္ဒိယနိုင်ငံမိဂဒါဝုန်မြန်မာကျောင်း<br>ရာပြည့်အောင်ပွဲ | တင်ထွန်း(USA) | ၁၆၉ |



# မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များ




(က) ဆရာတော် ဦးသူရိယ၊ ပဲခူးမင်း ကျောင်းတိုက်၊ပဲခူးမြို့။

(ခ) ဆရာတော် ဦးသုဇာတ၊ အောင်ဆန်းတောရ စာသင်တိုက်၊ ရန်ကုန်မြို့။

(ဂ) ဆရာတော်ဦးသုစိတ္တာဘိဝံသ၊ ဓမ္မာစရိယတက္ကသိုလ်၊ ရန်ကုန်မြို့။

(ဃ) လုရတနာဆရာတော် ဦးနာရဒါဘိဝံသ၊ ဗဟန်းညောင်တုန်း ကျောင်းတိုက်၊ ရန်ကုန်။

(င) ဆရာတော် ဦးဝိလာသ၊ (ဝေမိုး - ကျွန်းလှ)၊ သင်္ကန်းကျွန်း၊ ရန်ကုန်မြို့။


(စ) ဒေါက်တာရာဇိန္ဒ၊ မင်္ဂလာကံယုံကျောင်းတိုက်၊ ရန်ကုန်မြို့။

(ဆ) ဦးဃသ၊ မိဂဒါဝုန်မြန်မာကျောင်းတိုက်၊ အိန္ဒိယနိုင်ငံ။

(ဇ) ဦးပညာစက္က၊ မိဂဒါဝုန်မြန်မာကျောင်းတိုက်၊ အိန္ဒိယနိုင်ငံ။

(ဈ) ဦးဉာဏဗလ၊ မိဂဒါဝုန်မြန်မာကျောင်းတိုက်၊ အိန္ဒိယနိုင်ငံ။

မိဂဒါဝုန်မြန်မာကျောင်းတိုက်ကို စတင်တည်ထောင်တော်မူခဲ့သော




ဘဒ္ဒန္တ စန္ဒြမဏိ မဟာထေရ်

မိဂဒါဝုန်မြန်မာကျောင်းတိုက်ကို စတင်တည်ထောင်တော်မူခဲ့သော




ဘဒ္ဒန္တ စန္ဒိမဏိ မဟာထေရ်၏ ရုပ်တုတော်

မိဂဒါဝုန်မြန်မာကျောင်းတိုက် ယခုကျောင်းထိုင်ဆရာတော်



ဘဒ္ဒန္တ ဝဏ္ဏာဓဇ (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ)



သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် မှ ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းစဉ်



ရခိုင်ပြည်နယ်အသင်း(ရန်ကုန်) မှ မိဂဒါဝုန်ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲကျင်းပစဉ်

ကမ္ဘာအေးကုန်းမြေ ဘွဲ့တံဆိပ်ဆက်ကပ်လျှုန်းဒါန်းပွဲတွင်




ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ၏ဇနီး ဒေါ်မြမြစန်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်




ကမ္ဘာအေးကုန်းမြေ ဘွဲ့တံဆိပ်ဆက်ကပ်လျှုန်းဒါန်းပွဲတွင် အမှတ်တရ

အပြည်ပြည်ဆိုင်ရာထေရဝါဒ တက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်




ဒေါက်တာနန္ဒမာလာဘိဝံသ မိန့်ခွန်းပြောကြားစဉ်




မိဂဒါဝုန်ရာပြည့်ပူဇော်ပွဲတွင် ဘဒ္ဒန္တဝဏ္ဏာဓဇ ဩဝါဒကထာမိန့်ကြားစဉ်




မိဂဒါဝုန်ရာပြည့်ပူဇော်ပွဲသို့ ကြွရောက်တော်မူလာသော ဆရာတော်ကြီးများ

ကမ္ဘာအေးကုန်းမြေ ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းပွဲတွင်



အမှတ်တရ




မိဂဒါဝုန်ဆရာတော်၏တပည့် ဘဒ္ဒန္တဥတ္တရ (နာလန္ဒာ)




မိဂဒါဝန်ရာပြည့်ပူဇော်ပွဲ အမှတ်တရ


# မိဂဒါဝုန်ဆရာတော်၏ တပည့်ရဟန်းတော်များ




ဘဒ္ဒန္တရာဇိန္ဒ Ph.D (နာလန္ဒာ)



ဘဒ္ဒန္တယသ M.A (မဂဓ)



ဘဒ္ဒန္တပညာစက္က M.A (နာလန္ဒာ)



ဘဒ္ဒန္တဉာဏဗလ M.A (နာလန္ဒာ)

အိန္ဒိယနိုင်ငံ
ယူပီပြည်နယ်၊ ဗာရာဏသီမြို့
# မိဂဒါဝုန်မြန်မာကျောင်း
# ရာပြည့်အောင်ပွဲ နှင့် ဂုဏာပူဇာမင်္ဂလာ


အတွင်းပန်းချီ
မမွေး၊ ပန်းချီ၊ သိုးထိန်း

မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း
သိုးထိန်း

ပုံနှိပ်မှတ်တမ်း
၂၀၀၈ ခုနှစ်၊ နိဝင်ဘာလ
ရန်ကုန်မြို့ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
(မှတ်ပုံတင်အမှတ်- ၀၃၈၄၃ / ၀၂၄၀၅) ထုတ်ဝေ၍
သာသနာရေးဦးစီးဌာနအတွက်
ဦးမြင့်ဦး (မှတ်ပုံတင်အမှတ်-၀၁၅၈၃) သိန်းသန်းဦးပုံနှိပ်တိုက်
(၁၁၉/၁၂၁)၊ ၃၄-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

အိန္ဒိယနိုင်ငံ
ယူပီပြည်နယ်၊ ဗာရာဏသီမြို့
# မိဂဒါဝုန်မြန်မာကျောင်း
# ရာပြည့်အောင်ပွဲ နှင့် ဂုဏာပူဇာမဂ္ဂဇင်း

## အတွင်းပန်းချီ
မမွေး၊ ပန်းချန်၊ သိုးထိန်း

## မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း
သိုးထိန်း


## ပုံနှိပ်မှတ်တမ်း
၂၀၀၈ ခုနှစ်၊ နိဝင်ဘာလ
ရန်ကုန်မြို့ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
(မှတ်ပုံတင်အမှတ်- ၀၃၈၄၃ / ၀၂၄၀၅) ထုတ်ဝေ၍
သာသနာရေးဦးစီးဌာနအတွက်
ဦးမြင့်ဦး (မှတ်ပုံတင်အမှတ်-၀၁၅၈၃) သိန်းသန်းဦးပုံနှိပ်တိုက်
(၁၁၉/၁၂၁)၊ ၃၄-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

# စီစဉ်သူ၏စကား

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ဗာရာဏသီမြို့၊ ဓမ္မစက္ကဝိဟာရမိဂဒါဝုန်မြန်မာကျောင်းတိုက်ကြီး၏ နှစ်တစ်ရာပြည့် ရာပြည့်အောင်ပွဲနှင့် မိဂဒါဝုန်မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏာဓဇ "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခံရခြင်း ဂုဏ်ပြုပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော "ရာပြည့်အောင်ပွဲနှင့်ဂုဏပူဇာမဂ္ဂဇင်း" ကိုအချိန်အခက်အခဲ စာမူအခက်များကြားထဲမှ ကြိုးစား၍စီစဉ်ထုတ်ဝေလိုက်ရခြင်းဖြစ်ပါသည်။


မည်သို့ဆိုစေ သမိုင်းကြောင်းတစ်ခုကို အကောင်းဆုံးဖြစ်အောင် ထုဆစ်ပုံဖော်လျှောက်လှမ်းခဲ့ကြသူများ၏ဖြစ်ရပ်နှင့် အတ္ထုပ္ပတ္တိကို တတ်စွမ်းသမျှ မှတ်တမ်းတင်ခွင့်ရသဖြင့် ဝမ်းသာ ပီတိဖြစ်ရပါသည်။

လူတို့၏ပစ္စက္ခလုပ်ရပ်သည် အနာဂတ်အတွက် သမိုင်းမှတ်ကျောက်ဖြစ်ပေရာ အတိတ်သမိုင်းမရိုင်းရအောင် ကိုယ်နှင့်လုပ်သမျှ. နှုတ်နှင့်ပြောသမျှ သမိုင်းကြောင်းလှမည့်ပြုမူလုပ်ဆောင်ချက်များဖြစ်ဖို့ လိုအပ်ပါသည်။

ကိုယ်နှင့်လုပ်သမျှ အပြစ်မကင်း၊ နှုတ်နှင့်ပြောသမျှ ကဲ့ရဲ့ပြစ်တင်ဖြစ်ခဲ့လျှင် မိဂဒါဝုန် မြန်မာကျောင်းတည်ထောင်ခဲ့ကြသူတို့၏ ဂုဏ်သတင်းသည် ယခုတိုင် ပျံ့သင်းကြိုင်လှိုင်နေစရာ အကြောင်းမရှိပါ။

မိဂဒါဝုန်မြန်မာကျောင်းတည်ထောင်ခဲ့သူတို့သည် ကိုယ်နှင့်ပြုသမျှ၊ နှုတ်နှင့်ပြောသမျှ ဟုတ်တာမှန်တာတွေများခဲ့၍ သာ ယခုတိုင်တည်တံ့ခိုင်မြဲနေသည်ဟု ယုံကြည်ပါသည်။ သို့ကြောင့် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သူတို့အား သမိုင်းမှတ်တမ်းတင် စီစဉ်ထုတ်ဝေလိုက်ရခြင်းဖြစ်ပါကြောင်း ...။

**ဝေမိုး(ကျွန်းလှ)**
တာဝန်ခံစီစဉ်သူ
၁-၁၁-၂၀၀၈



# ထွန်းတောက်ရောင်စုံ မိဂဒါဝုန်

အမှောင်ကိုခွင်း၊ ရှင်နေမင်း၏
အလင်းကိုမှီ၊ အမြင်ကြည်၍
ဂွမ်းဆီထိမျှ၊ ဝမ်းသာစွ။

တောင်စွယ်ကွယ်ထောက်၊ နေမင်းပျောက်လျှင်
ထွန်းတောက်စန္ဒာ၊ ဝင်းဝင်းဝါ၍
လွန်စွာအေးမြ၊ ဝမ်းသာစွ။

နေမင်းလည်းကွယ်၊ လလည်းကွယ်သော်
ငွေကြယ်တောက်ပ၊ လင်းလက်ပြ၍
လမ်းစမြင်ရ၊ ဝမ်းသာစွ။

ထိုနည်းတူစွာ၊ စောသဏ္ဌာသည်
သစ္စာခမွ၊ လမ်းညွှန်ပြသည့်
မိဂဒါဝုန်၊ ဘေးမဲ့ဇုန်ဟု
လူ့ဘုံခန်းဝါ၊ ပြည်ဇာရာ၌
မြန်မာဘုန်းကြီး၊ ကျောင်းတော်တည်းဟု
ကမ္ဘည်းစိုက်ကာ၊ နှစ်တစ်ရာပြည့်
ချီလာတက်လာ၊ မျိုးမြန်မာတို့
တည်ရာမစောင်း၊ ပခုံးပြောင်းလျက်
ကြက်ကောင်းကြိုးမကွာ၊ ထုံးနည်းနာနှင့်
ဝိုင်းကာစောင့်ရှောက်၊ လေးဆက်မြောက်လည်း
ထွန်းတောက်သာသနာ၊ အလင်းဖြာသည်
ပမာနေလ မခြားတည်း။
ကဗျာရွှေကြာ၊ ဖူးပွင့်အာသည်
လင်းဖြာနေလ စွမ်းအားတည်း။

မောင်ဉာဏ်လင်း
(တောင်ကုတ်)၃၁-၈-၂၀၀၇

# ဖောက်ပြန်သောရုပ်နာမ်



- သတိမမေ့အောင်သာနေ
သိသရွေ့မှောင်ရာမြေ
ထိတွေ့နှောင်ဖြာဝေ
ရှောင်ခွာသွေ ကာယကံ ...
- ညီမျှခါခါ အမှားမနှော
ကြည်မြသာယာ အများသဘော
ပီယဝါစာ စကားပြော
တရားသော ဝစီကံ ...
- သစ္စာမပြယ် အဲသည်ကြား
မေတ္တာနယ် အမြဲပွား
အနစ်အကာရယ်ခွဲခြား
ကွဲပြားတဲ့ မနောကံ
လောကခံနဲ့ ဘဝလမ်း။
- အပြုံးများစွာ အလှသစ်ဖွဲ့
ဘဝအစစ်နဲ့ ကြည်နူးမစဲ
ရည်စူးဆဲ မနောမတည်ပြန်
အပြောဝစီကံ မာနထန်တော့
ကာယကံ မှောင်မိုက်လွှန်
နှောင်ပိုက်ကွန် ရန်စွယ်ပင်
အန္တရာယ်မထင် ဝင့်ကြွား
အကျင့်မှား စရိုက်ယွင်းပျက်
မိုက်တွင်းနက် အရှုံးများလျှံ
သုံးပါးကံ ဆိုးသွမ်းအားနဲ့
ညှိုးနွမ်းသွားတဲ့ နိဂုံးဘဝတိုင်
အတ္တ လောင်ကျွမ်း။

ပျဉ်းမနား - ရဲလှ

## မိဂဒါဝုန် မြန်မာကျောင်းတိုက်
# ဆရာတော်ဦးဝဏ္ဏာဓဇ
## အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
# ထေရုပ္ပတ္တိ



### မွေးရပ်ဇာတိမြေ

ဆရာတော်လောင်းလျာကို ၁၃၁၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၂) ရက် (၁၆-၁၁-၁၉၄၉) ဗုဒ္ဓဟူးနေ့တွင် မင်းပြားမြို့နယ်၊ ကြံတောရွာနေ ခမည်းတော် ဦးမောင်ထွန်းဦး၊ မယ်တော်ကြီး ဒေါ်စိန်စိန်တို့မှ ဖွားမြင်ခဲ့သည်။ မွေးချင်းညီအစ်ကို မောင်နှမ (၇)ယောက်ရှိရာ ဆရာတော်သည် ပဥ္စမမြောက် သားရတနာဖြစ်၏။ အရွယ်ငယ်စဉ် ကလေးသူငယ်ဘဝ၌ မိဘများက ကြံတောရွာ ဦးကျောင်းဆရာတော် ဘဒ္ဒန္တပညာသာမိမထေရ်ထံ၌ အခြေခံစာပေများကို သင်ယူလေ့လာနိုင်ရန် အပ်နှံပေး ခဲ့သည်။

**သထုံမြို့၊ ဟိတကာရီ ပါဠိတက္ကသိုလ်စာသင်တိုက်သို့ ၁၃၃၀ ခုနှစ်၌ ပါဠိပထမပြန်ဆိုင်ရာ ပရိယတ္တိစာပေများ လေ့လာသင်ယူရန် ရောက်ရှိတော်မူခဲ့ပြီး နိုင်ငံတော်အစိုးရ ပထမငယ်၊ ပထမလတ်တန်းများကို ဖြေဆိုအောင်မြင်ခဲ့သည်။**

## ရှင်သာမဏေပြုခြင်း

အသက်(၁၄)နှစ်အရွယ် ရောက်သောအခါ မင်းပြားမြို့ သိင်္ဂုတ္တရ ရေတံခွန်ကျောင်းသစ် ဆရာတော်ဘဒ္ဒန္တပညာဝံသ ထံတော်၌ ရှင်သာမဏေအဖြစ်ခံယူ၍ သာသနာ့ဘောင်တွင်းသို့ ဝင်ရောက်တော်မူခဲ့၏။ ရေတံခွန်ဆရာတော်ထံပါး၌ (၂)နှစ်ကြာမျှနေ၍ အခြေခံသဒ္ဒါ - သင်္ဂြိုဟ်နှင့် ပိဋကစာပေများကို လေ့လာသင်ယူခဲ့သည်။

## ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

မြောက်ဦးမြို့အုပိုင်၊ မြောင်းဘွေမြို့ဆရာတော် ဦးဂုဏစိတ္တ အရှင်မြတ်အထံ၌ ဆက်လက်၍ ပရိယတ္တိပညာများကို လေ့လာသင်ကြားခဲ့၏။ ၁၃၃၀ခုနှစ်၊ နတ်တော်လဆန်း (၈)ရက်နေ့တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဆရာတော် ဦးဂုဏစိတ္တကို ဥပဇ္ဈာယ်ပြု၍ ကြံတောရွာ ခလ္လာသိမ်တော်၌ ဥပသမ္ပဒဇာတ် မြတ်သောရဟန်းတော်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ပညာသင်ကြားခြင်း

သထုံမြို့ ဟိတကာရီ ပါဠိတက္ကသိုလ်စာသင်တိုက်သို့ ၁၃၃၀ ခုနှစ်၌ ပါဠိ ပထမပြန်ဆိုင်ရာ ပရိယတ္တိစာပေများ လေ့လာသင်ယူရန် ရောက်ရှိတော်မူခဲ့ပြီး နိုင်ငံတော်အစိုးရ ပထမငယ်၊ ပထမလတ်တန်းများကို ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၃၃၃ ခုနှစ် အထိ ဟိတကာရီပါဠိတက္ကသိုလ်၌ နေထိုင်သီတင်းသုံးခဲ့၍ ၁၃၃၄ ခုနှစ်တွင် ရန်ကုန်မြို့ စမ်းချောင်း၊ ဘားကရာတိုက်၌ သီတင်းသုံးနေထိုင်ခဲ့ပြီးမြောက်ဥက္ကလာပပရိယတ္တိစာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။

၁၃၃၄ ခုနှစ်တွင် ရေဝတီတိုင်း၊ မြောင်းမြမြို့ ပဋ္ဌာနာရုံ ပါဠိတက္ကသိုလ်တိုက်သို့ရောက်ရှိကာ ဆရာတော်ဦးဉာဏိက မဟာထေရ်ထံတော်၌ ဆက်လက်၍ ပရိယတ္တိစာပေများကို ဆည်းပူးလေ့လာခဲ့ရာ ပထမကြီးတန်းကို ဖြေဆိုအောင်မြင် တော်မူခဲ့သည်။

ပထမပြန်စာမေးပွဲအပြီး မိမိ၏ဇာတိဒေသ ရခိုင်ပြည်နယ်သို့ပြန်ကြွကာစစ်တွေ

မြို့ တရားသီးစုကျောင်း၌ ဝါဆို၍သီတင်းသုံးပါသည်။ ၁၉၇၃ ခုနှစ်တွင် မင်းပြားမြို့၌ ဝါဆိုပါသည်။

## အိန္ဒိယနိုင်ငံသို့ သာသနာပြု ရောက်ရှိခြင်း

၁၉၇၃ ခုနှစ် ဒီဇင်ဘာလတွင် အိန္ဒိယနိုင်ငံသို့ ကြွရောက်တော်မူ၍ ထရိပူရပြည်နယ်တွင် (၂)နှစ်ကြာမျှ တောင်တန်း သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူသည်။

၁၉၇၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ကုသိနာရုံကျောင်းသို့ ရောက်ရှိ၍ အလယ်တန်းပညာကို (Hindustani) ဘာသာဖြင့် စတင်သင်ကြားသည်။ ၁၉၇၉ ခုနှစ်တွင် ဗာရာဏသီမြို့ (Sampurnanand Sandskrit University) သက္ကတတက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး ပညာသင်ကြားခဲ့ရာ (M.A) ဘွဲ့ကို ၁၉၈၂ ခုနှစ်၌ Buddhist Philosophy (Sanskrit) ဘာသာဖြင့် ရရှိခဲ့သည်။ ကျေးရွာရှင်မိဂဒါဝုန် ဆရာတော်ဦးကိတ္တိမာ၊ ဦးတိက္ခိန္ဒြိယနှင့် ကုသိနာရုံ ဆရာတော် ဦးဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်တို့၏ ချီးမြှောက်မှုဖြင့် ဗာရာဏသီမြို့ မြတ်စွာဘုရား တရားဦးဟောတော်မူခဲ့ရာ သံဝေဇနီယဌာန၌ ဆရာတော် ဦးစန္ဒြမဏိ မဟာထေရ် တည်ထောင်တော်မူခဲ့သော ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက်တွင် ၁၉၈၇ ခုနှစ်၊ ဂျူလိုင်လမှစ၍ ပဓာနာယက ဆရာတော်အဖြစ်ဖြင့် သီတင်းသုံးနေထိုင်ကာ သာသနာ့ တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

## ဆောင်ရွက်ချက်များ

ဆရာတော်သည် ဓမ္မစက္ကဝိဟာရကျောင်း၌ သီတင်းသုံးချိန်မှစ၍ ပြုပြင်ရန် လိုအပ်နေသော ကျောင်းအဆောက်အဦဟောင်းများကို အသစ်မွမ်းမံပြင်ဆင်ခြင်း၊ ဘုရားခန်းမဆောင်၊ ဆွမ်းစားဆောင်၊ ဧည့်ဆောင်၊ ဓမ္မာရုံခန်းမများကို အသစ်တိုးချဲ့ဆောက်လုပ်ခြင်း စသည့် လုပ်ငန်းရပ်များကို စေတနာရှင် ဗုဒ္ဓဘာသာဝင်သူတော်စင်များ၊ ဘုရားဖူးအဖွဲ့များ၏ လှူဒါန်းပံ့ပိုးမှုဖြင့် ဆောင်ရွက်တော်မူခဲ့ပါသည်။ ဆရာတော်ဆောင်ရွက်ချက်များကို ဓါတ်ပုံများနှင့်တကွ ဓမ္မစက္ကဝိဟာရကျောင်းသမိုင်းတွင် အသေးစိတ်ရေးသား ဖော်ပြထားပြီးဖြစ်ပါသည်။

## သက်ဿနဂိုရ်ကျောင်း

၂၀၀၀ ခုနှစ်၌ မြတ်စွာဘုရားရှင်ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာဒေသနာတော်များ ဟောကြားတော်မူပြီး တာဝတိံသာနတ်ပြည်မှ ဆင်းသက်ကြွမြန်းတော်မူရာ သက်ဿနဂိုရ် အရပ်၌ သင်္ကနိမ္မိတာရုံမြန်မာကျောင်းကို တည်ထောင်တော်မူခဲ့၏။

## (U Chandramani Foundation)

၂၀၀၁ ခုနှစ်၌ ဦးစန္ဒြမဏိဖောင်ဒေးရှင်းကို ဦးစီးတည်ထောင်ဖွဲ့စည်းခဲ့ပြီး ကျေးရွာတော်ရှင် ဆရာတော်ကြီး ဦးစန္ဒြမဏိ အထိမ်းအမှတ် အထက်တန်းကျောင်းဆောင်သစ်ကြီး (U Chandramani Memorial High School) ကို ဖွင့်လှစ်ခဲ့၏။ ဤကျောင်း၌ ယခုအခါ ကျောင်းသားပေါင်း (၉၀၀)ခန့် တက်ရောက်၍ ပညာသင်ကြားလျက်ရှိပါသည်။



**ဝေသာလီကျောင်း**

၂၀၀၂ ခုနှစ်၌ ဝေသာလီဒေသ၌ တစ်ဧကကျော်ခန့်ရှိသော မြေကွက်ကို ဝယ်ယူ၍ ကူဋာဂါရဝိဟာရ (စုလစ်မွမ်းချွန်ပြဿာဒ်အထွတ်တင်သော ကျောင်းဟု အဓိပ္ပါယ်ရ၏)။ မြန်မာကျောင်းကို တည်ထောင်တော်မူသည်။ တံတိုင်း၊ မုခ်ဦးများ ဆောက်လုပ်ပြီး ကျောင်းထိုင်ရဟန်းတော် သီတင်းသုံးနေပြီးဖြစ်သော်လည်း ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများစွာ ကျန်ရှိနေသေးပါသည်။

၂၀၀၂ ခုနှစ်၌ ဝေသာလီဒေသ၌ တစ်ဧကကျော်ခန့်ရှိသော မြေကွက်ကို ဝယ်ယူ၍ ကူဋာဂါရဝိဟာရ (စုလစ်မွမ်းချွန်ပြဿာဒ်အထွတ်တင်သော ကျောင်းဟုအဓိပ္ပါယ်ရ၏)။ မြန်မာကျောင်းကို တည်ထောင်တော်မူသည်။

**စန္ဒမုဏိလမ်း**

၂၀၀၃ ခုနှစ်တွင် ဆရာတော်သည် မိဂဒါဝုန်ပြတိုက်မှ Munari အရပ်အထိ (၈)ကီလိုမီတာရှိသောလမ်းကို (Chandramani Road) လမ်းအမည်ဖြင့် ပြောင်းလဲသတ်မှတ်ပေးပွဲကို Varanasi Commissioner ကိုယ်တိုင် ကြွရောက်ကာ ဖွင့်လှစ်စေခဲ့သည်။

**မင်းပြားမြို့ အလယ်တန်းကျောင်း**

ဆရာတော်သည် မိမိ၏ဇာတိဒေသ ရခိုင်ပြည်နယ်၊ မင်းပြားမြို့၌ ကျောင်းသားသူငယ်များအတွက် အလယ်တန်းကျောင်းဆောင်တစ်ခုကို ၁၉၉၇ ခုနှစ်က ဆောက်လုပ်လှူဒါန်းခဲ့ပြီး သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်း ပေးအပ်ကာ ပညာပါရမီကုသိုလ်ကြီး (၂)ရပ်ကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်အားထုတ်တော်မူခဲ့ပါသည်။

ဆရာတော်သည် အိန္ဒိယနိုင်ငံရောက် မြန်မာရဟန်းတော်များ (ပရဒေသီ သံဃနာယကအဖွဲ့)၌ အကျိုးတော်ဆောင် ဆရာတော်အဖြစ်ဖြင့်လည်း သာသနာ့တာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှ မဟာသဒ္ဓမ္မဇောတိကဓဇနှင့် ၂၀၀၈ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။


# အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ ဆာရ်နာ့ထ် (မိဂဒါဝုန်)ရှိ ဓမ္မစက္ကဝိဟာရ မိဂဒါဝုန် မြန်မာကျောင်းတိုက်၏ နှစ်(၁၀၀)ပြည့် အခမ်းအနားဌ် ပြောကြားသည့် မိန့်ခွန်း။

**ဒေါက်တာနန္ဒမာလာဘိဝံသ**

**ပါမောက္ခချုပ်**

**အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်**

**ရန်ကုန်မြို့ မြန်မာနိုင်ငံ။**




လေးစားအပ်ပါသော ဆရာတော်သံဃာတော်များနှင့် ထင်ရှားတဲ့ ဧည့်သည်တော်အပေါင်းတို့ -

ဓမ္မစက္ကဝိဟာရ မိဂဒါဝုန် မြန်မာကျောင်းတိုက်၏ နှစ်တစ်ရာပြည့် အောင်ပွဲအထိမ်းအမှတ် ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်ကျင်းပနေတဲ့ ခန့်ငြားထယ်ဝါတဲ့ အခါသမယ ဖြစ်ပါတယ်။ ဤကျောင်းတိုက်ကို (၁၉၀၈) ခုနှစ်တွင် ဗုဒ္ဓဘာသာနွယ်ဝင်သူတော်စင်တို့၏ အထောက်အပံ့ဖြင့် ဆရာတော် ဦးစန္ဒိမဏိ တည်ထောင်ခဲ့ပါတယ်။ ၎င်းကျောင်းတိုက်သည်ကဿပတန အဖြစ် ထင်ရှားတဲ့ သားသမင်တို့အား ဘေးမဲ့ပေးရာ (မိဂဒါယ) အရပ် တရားရတနာ စတင်ပေါ်

ထွန်းရာနေရာဖြစ်သော ဆာရ်နာ့ထ်၌ တည်ရှိပါတယ်။ ဗုဒ္ဓဘုရားရှင်သည် လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၉၆) နှစ်ကျော်က ဤနေရာ၌ (ပဉ္စဝဂ္ဂီယ) ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစက္ကပဝတ္တနသုတ် တရားဦးကို ဟောထားတော်မူခဲ့ပါတယ်။ ဤဓမ္မစက္ကပဝတ္တနသုတ်တော်သည် မြင့်မြတ်တဲ့အမှန်တရားကို နားလည်သဘောပေါက်ကာ နောက်ဆုံးလွတ်မြောက်ရာ အမှန် ပြည်နိဗ္ဗာန်သို့ လျှောက်လှမ်းရန် (ကျင့်ကြံအားထုတ်ရန်) အလွတ် မဇ္ဈိမပဋိပဒါ ခေါ် အလယ် အလတ်လမ်းစဉ်ကို ရှင်းလင်းဖော်ပြထားပါတယ်။


ဗုဒ္ဓဘုရားရှင်ကို သကျသာကီယနွယ်ဝင်တို့၏ ထီးနန်းစိုက်ထူရာ မင်းနိုင်ငံ၌ ဖွားမြင်တော်မူခဲ့ပါတယ်။ ဘုရားရှင်သည် ဉရုဝေဠတော၌ (၆)နှစ်ခန့်ကြာ သပထကျင့်စဉ်အမျိုးမျိုးတို့ကို ကျင့်ကြံအားထုတ်တော်မူခဲ့ပြီး နောက်ဆုံး၌ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကျင့်ကြံအားထုတ်တော်မူရာ နည်းမှန်လမ်းမှန်ကို တွေ့ရှိတော်မူပြီး မာဂဓတိုင်း (ယခုအခါ ဗီဟာပြည်နယ်) မျက်မှောက်ကာလတွင် ဗုဒ္ဓဂယာအဖြစ် ထင်ရှားတဲ့အရပ်ဒေသရှိ ဗောဓိပင်အောက်၌ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါတယ်။ ဗုဒ္ဓဘုရားရှင်သည် မာဂဓတိုင်း နိုင်ငံအတွင်း၌ အတုမရှိ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သော် လည်း မိမိရာဖွေတွေ့ရှိရရှိထား သည့်တရားဓမ္မတို့ကို မာဂဓတိုင်း နိုင်ငံအတွင်းရှိ ပြည်သူပြည်သား အပေါင်းတို့အား ဖော်ထုတ်ဟောပြောပြသခြင်း မရှိခဲ့ပေ။ ယင်း ခေတ်ယင်းအချိန်က မာဂဓတိုင်းအတွင်း ဗုဒ္ဓဘုရားရှင်တော်ကရားတော်မြတ်ကို အမှန်အတိုင်း နားလည် နိုင်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှလည်းမရှိခဲ့ပေ။ ဘုရားရှင်သည် တရားဦး ဟောတော်မူရန်အလို့ငှာ ကာသိတိုင်း မြို့တော်ဗာရာဏသီသို့ ဒေသစာရီကြွချီတော်မူရာ လမ်းခရီးတွင် ဉပကအမည်ရှိ အဝတ်မဝတ်သည့် တက္ကတွန်းနှင့်တွေ့ဆုံပြီး ဉပက၏ မေးလျှောက်ချက်ကို ပြန်လည်ဖြေကြားသည့်အနေဖြင့် ဘုရားရှင်သည် သူ၏ဦးတည်ချက် အစီအစဉ်ကို အောက်ပါအတိုင်း ထုတ် ဖော်ကြေငြာခဲ့ပါတယ်။

ဓမ္မစက္ကံ ပဝတ္တေတုံ၊

**ယခုအခါတွင်
ဆာရ်နာ့ထ်အဖြစ်
ထင်ပေါ်ကျော်ကြား
လူသိများတဲ့
ဣသိပတန အမည်ရသည့်
မိဂဒါဝုန်တောသည်
တရားရတနာ
စတင်ပေါ်ထွန်းရာနေရာနှင့်
သံဃာရတနာ
စတင်ပေါ်ထွန်းရာနေရာအဖြစ်
အလေးထားရမဲ့
အထွဋ်အမြတ်နေရာ
ဖြစ်ပါတယ်။**

ဂစ္ဆာမိ ကာသီနံ ပုရံ၊
အန္ဓီဘူတသ္မိံလောကသ္မိံ
အာဟဉ္ဆံ အမတဒုန္ဒုဘိံ။

ငါဘုရားရှင်သည် ဓမ္မစက္ကတရားတော်ကို ဟောကြားပြသရန်အလို့ငှာ ကာသိတိုင်း၏မြို့တော်သို့ကြွချီတော်မူမှာ ဖြစ်ပါတယ်။ ဤကမ္ဘာလောကရှိ သတ္တဝါအပေါင်းတို့သည် အမှန်တရားကို သိမြင်ဖို့ရန် မျက်ကန်းတွေ ဖြစ်နေကြပါတယ်၊ ငါဘုရားသည် (သေခြင်းတရားမရှိ) မသေရာ အမတစည်ကြီး တီးခတ်မှာဖြစ်ပါတယ်။



ထို့ကြောင့် ဤအရပ်ဒေသသည် တရားရတနာ စတင်ပေါ်ထွန်းရာ နေရာဒေသ ဖြစ်ပါတယ်။ ၎င်းအပြင် တရားဦး ဓမ္မစက္ကပဝတ္တနသုတ်တော် အဆုံး၌အရှင်ကောဏ္ဍညသည် မြင့်မြတ်သောအဆင့်သို့ ဆိုက်ရောက်တော်မူပြီး သံဃာ့ဘောင် (သာသနာ့ဘောင်) အတွင်းသို့ဝင်ရောက်ခဲ့ပါတယ်။ သူ၏ အပေါင်းအဖော်သူငယ်ချင်းများကလည်း သူ၏အပြုအမူကိုလိုက်ကာ ရဟန်းပြုတော်မူခဲ့ကြပြီး ဤအရပ်ဒေသ၌ ပင် ဗုဒ္ဓဘာသာ သံဃာ့အဖွဲ့အစည်းကြီးကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။

ထို့ကြောင့် ဤနေရာ၊ ဤဒေသသည် သံဃာ့အဖွဲ့အစည်းကြီး (သံဃာရတနာ) စတင်ပေါ်ထွန်းရာ နေရာဒေသလည်း ဖြစ်ပါတယ်။

ယခုအခါတွင် ဆာရ်နာ့ထ်အဖြစ် ထင်ပေါ်ကျော်ကြားလူသိများတဲ့ ဣသိပတနအမည်ရသည့် မိဂဒါဝုန်တောသည် တရားရတနာ စတင်ပေါ်ထွန်းရာနေရာနှင့် သံဃာရတနာ စတင်ပေါ်ထွန်း ရာနေရာအဖြစ် အလေးထားရမဲ့ အထွဋ်အမြတ်နေရာဖြစ်ပါတယ်။ ဆရာတော်ဦးစန္ဒိမာဘိသည် ရတနာသုံးပါး အပေါ်အားထားယုံကြည်လျက် ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက်ကို တည်ထောင်ခဲ့ပါတယ်။ ယခုအခါတွင် ဤဓမ္မစက္ကဝိဟာရမိဂဒါဝုန် မြန်မာကျောင်းတိုက်၏ နှစ်(၁၀၀) ပြည့်အောင်ပွဲ အထိမ်းအမှတ်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေပြီ ဖြစ်ပါတယ်။


ဤကျောင်းတိုက်ကြီး၊ ရာစုနှစ်ပေါင်းများစွာ တည်တံ့နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ဒေါက်တာ နန္ဒမာလာဘိဝံသ
၂၈.၀၂.၂၀၀၈
(ဒေါက်တာ ရာဇိန္ဒ
မြန်မာပြန်သည်)

# မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တဝဏ္ဏာဓဇ ၏ ဝမ်းမြောက်စကား

**ဘဒ္ဒန္တဝဏ္ဏာဓဇ**

**(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)**



ဘုန်းကြီးတို့ရဲ့ မိဂဒါဝုန် မြန်မာကျောင်းတိုက်ကို တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း (၁၀၀) ပြည့်မြောက်ပြီးဖြစ်ရာ ယနေ့ဆိုလျှင် ရာပြည့်အထိမ်းအမှတ် ပွဲတော်ကြီးကိုပင် စည်ကားသိုက်မြိုက်စွာ ကျင်းပနေပြီဖြစ်ပါတယ်။ ဒီနှစ်တစ်ရာပြည့် အထိမ်းအမှတ် ပွဲတော်ကြီးကို စီမံဆောင်ရွက်ခွင့် ရသည့်အတွက် ဘုန်းကြီးအနေဖြင့် အထူးပင်ကံကောင်းလှပါတယ်။ ယခုလို ပွဲတော်ကြီး ပြုလုပ်ကျင်းပခွင့်ရခြင်းမှာလည်း ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင်များ ဖြစ်တော်မူသော သာသနာ့အာဇာနည် ကမ္ဘာ့သာသနာပြု ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြမဏိနှင့် တကွ ဆရာတော်ဦးကိတ္တိမ၊ ဆရာတော် ဦးတိက္ခိန္ဒြိယတို့နှင့် ဤကျောင်းတိုက် ထာရဝတည်

တို့နိုင်ရေးအတွက် ထောက်ပံ့လှူဒါန်းခဲ့ကြတဲ့ အလှူ့ရှင် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ရဲ့ တန်ဖိုးမဖြတ်နိုင်သော ကျေးဇူးတရားတို့ကြောင့် ဖြစ်ပါတယ်။ အထူးသဖြင့် ကမ္ဘာကျော် ကမ္ဘာ့သာသနာပြုဆရာတော်ကြီး ဦးစန္ဒိမာဘိကိုယ်တိုင် တည်ထောင်ခဲ့တဲ့ ဤမိဂဒါဝုန်မြန်မာကျောင်းတိုက်ကို ဘုန်းကြီးအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ခွင့်ရတဲ့အတွက်ရော ယခုလို ရာပြည့်အထိမ်းအမှတ်ပွဲတော်ကြီးကို ဦးစီးဆောင်ရွက်ခွင့်ရတဲ့အတွက်ရော အတိုင်းမသိဝမ်း သာဂုဏ်ယူမဆုံးဖြစ်ရပါတယ်။

အနှစ်သာရအားဖြင့် ဘုန်းကြီးတို့ မိဂဒါဝုန်မြန်မာကျောင်းတိုက်ရဲ့နှစ်တစ်ရာပြည့်အောင်ပွဲအထိမ်းအမှတ်ပွဲတော်ကြီးဟာဆိုရင် မြန်မာတစ်မျိုးသားလုံးတို့ရဲ့သမိုင်းဝင်အောင်ပွဲ အထိမ်းအမှတ်ပင်ဖြစ်ပါသည်။ ထူးခြားသည်မှာ ဗုဒ္ဓဘာသာဝင်တို့၏အထွဋ်အမြတ်နေရာဖြစ်တဲ့ သံဝေဇနိယ လေးဌာနအနက် တစ်ဌာနဖြစ်သည့် ဗုဒ္ဓဘုရားရှင် တရားဦးဓမ္မစက္ကပဝတ္တန သုတ်တော်ကို ဟောကြားခဲ့တဲ့နေရာ၊ ထို့အပြင် သံဃာရတနာပေါ်ထွန်းတဲ့နေရာ၊ သစ္စာတရားကို ဖော်ထုတ် ဟောခဲ့တဲ့နေရာ၊ ပထမဦးဆုံးသာသနာပြု စေလွှတ်ခဲ့တဲ့နေရာ အစရှိတဲ့ အမြတ်ပေါင်းဆုံတဲ့ မြေမြတ်မဟာမိဂဒါဝုန်တောမှာ မိဂဒါဝုန်မြန်မာကျောင်းရယ်လို့ မြန်မာ့သမိုင်း မှတ်တိုင်စိုက်ထူခဲ့သည်မှာ နှစ်ပေါင်း (၁၀၀)ခရီးကိုပင် ဖြတန်သန်းကျော်လွန်လာခဲ့ပြီး ဖြစ်ပါတယ်။ အထက်ဖော်ပြပါ ရည်ရွယ်ချက်တွေကြောင့်သံဝေဇနိယ အဝိဇဟိတ နှစ်ဌာနပေါင်းဆုံတဲ့ မိဂဒါဝုန်အရပ်မှာ မြန်မာ့သမိုင်း စာမျက်နှာသစ်တစ်ခုကို ဖန်တီးဖော်ထုတ်နိုင်ဖို့အတွက် ဤနှစ်(၁၀၀)ပြည့်အောင်ပွဲအထိမ်းအမှတ်ပွဲတော်ကြီးကို ဘုန်းကြီးအနေဖြင့် ဦးဆောင်ကျင်းပရခြင်းဖြစ်ပါတယ်။ မိမိကြံစည်ထားသည့်အတိုင်း တစ်နှစ်ကျော်ကြာ စည်းရုံးကြိုးစားခဲ့ရတဲ့ ရာပြည့်အထိမ်းအမှတ်ပွဲတော်ကြီးကို အောင်မြင်စွာ ကျင်းပနေပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဘုန်းကြီးအနေဖြင့် အလွန်ပင် ဝမ်းသာဂုဏ်ယူမဆုံးဖြစ်ရပါတယ်။

ဤကျောင်းတိုက်ကို တည်ထောင်ရာတွင် အခက်

**အနှစ်သာရအားဖြင့် ဘုန်းကြီးတို့ မိဂဒါဝုန်မြန်မာကျောင်းတိုက်ရဲ့ နှစ်တစ်ရာပြည့် အောင်ပွဲအထိမ်းအမှတ် ပွဲတော်ကြီးဟာဆိုရင် မြန်မာတစ်မျိုးသားလုံးတို့ရဲ့ သမိုင်းဝင်အောင်ပွဲ အထိမ်းအမှတ်ပင် ဖြစ်ပါသည်။**

အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်းဆရာဒကာဦးညွတ်စွာဖြင့် လက်တွဲပူးပေါင်းကာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည့်အတွက် ထိုအခက်အခဲများကို ကျော်လွှားနိုင်ခဲ့ပြီး နှစ်တစ်ရာခရီးကိုပင် ဖြတ်သန်းကျော်လွှန်လာခဲ့ပြီး ဖြစ် ပါတယ်။ ဤသည်မှာ ဘုန်းကြီးတို့ရဲ့ ဆရာသမားများနှင့် မိဘဘိုးဘွားတို့၏ တာဝန်ကျေပွန်မှုပင် ဖြစ်ပါတယ်။ နောင်အနာဂါတ်ရေရှည်တည်တံ့နိုင်ရေးမှာ ဘုန်းကြီးတို့၊ ယနေ့ ဒါယကာ ဒါယိကာမကြီးတို့နှင့် သားသမီးမြေးမြစ်တို့ရဲ့ တာဝန်များပင် ဖြစ်ပါတယ်။ တာဝန်အသိဖြင့် တာဝန်ရှိစွာ ထိန်းသိမ်း စောင့်ရှောက်သွားကြမည်ဆိုပါက ဤမိဂဒါဝုန်မြန်မာကျောင်းတိုက်ဟာ နောင်နှစ်ပေါင်း ထောင်သောင်းမကတည်တံ့နိုင်မှာဖြစ်ပါတယ်။

ရာပြည့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဩဝါဒါစရိယဆရာတော် ကြီးများဖြစ်ကြသော ကုသိနာရုံမြန်မာကျောင်းဆရာတော် ဘဒ္ဒန္တ ဒေါက်တာ ဉာဏိဿရ၊ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၊ ဗုဒ္ဓဂါယာမြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒနှင့် ရန်ကုန်မြို့ ရွှေသုဝဏ်ကျောင်းဆရာတော် ဘဒ္ဒန္တသဒ္ဓိယတို့၏ မှန်ကန်သောလမ်းညွှန်ပေးမှုနှင့် တန်ဖိုးမဖြတ်နိုင်သော ကူညီမှုများအတွက် အထူးပင် ကျေးဇူးတင်ရှိပါတယ်။

အမျိုးဘာသာ သာသနာရေးအတွက်မို့ အပင်ပန်းခံကာကြွရောက်လာကြတဲ့ ဆရာတော် သံဃာတော် များနှင့် အထူးသဖြင့် မအားလပ်သည့်ကြားမှ မိမိတို့ရဲ့တာဝန်များကိုပင် ရပ်နားထားခဲ့ပြီး ကိုယ်တိုင်ကြွရောက်ကာ ကူညီဆောင်ရွက်ပေးသည့်အတွက် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာနန္ဒမာလာဘိဝံသ၊ ရန်ကုန်မြို့ မဟာစရိယတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဦးသုစိတ္တာဘိဝံသတို့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အလေးထား တက်ရောက်ကြတဲ့ အိန္ဒိယနိုင်ငံမှ အရာရှိကြီးများ ဖြစ်ကြသော ကော်မရှင်နာမင်းကြီးနှင့် ဗာရာဏသီမြို့ မြို့တော်ဝန်တို့ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။

မိမိတို့ဆိုင်ရာ တက်နိုင်သည့်ဖက်မှ ကူညီဆောင်ရွက်ပေးကြတဲ့ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီး ဒေါ်မာမာရှိန်၊ မြန်မာနိုင်ငံ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်တို့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါတယ်။

ရာပြည့် အထိမ်းအမှတ် အထူးထုတ်မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် လနှင့်ချီကာ အပင်ပန်းခံ ကူညီဆောင်ရွက်ပေးကြတဲ့ အမေရိကန်နိုင်ငံ၊ ဓမ္မသုခ ကျောင်းဆရာတော်ဦးသဇ္ဈန (ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ ဓမ္မာစရိယ - ပါဠိပါရဂူ)၊ အမေရိကန်နိုင်ငံမှ ဦးတင်ထွန်း၊ ဦးဟန်နရီကောက်တို့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မြန်မာ့အနုပညာရှင်များဖြစ်ကြတဲ့ မင်းသားဦးသိန်းဇော်၊ အဆိုတော် ပိုးအိစံတို့ကိုလည်း မြန်မာ့ဂီတအနုပညာ

များဖြင့် လာရောက်ပြီးတော့ တင်ဆက်ဖျော်ဖြေပေးကြတဲ့ အတွက် အထူးပင်ကျေးဇူးတင်ရှိပါတယ်။

ဤရာပြည့် အထိမ်းအမှတ် ပွဲတော်ကြီးဖြစ်မြောက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးကြတဲ့ အောင်ချမ်းသာ ဘုရားဖူးအဖွဲ့၊ ရန်ကုန်တိုးဘုရားဖူးအဖွဲ့၊ ဒါနတိုးဘုရားဖူးအဖွဲ့၊ မဟာတိုးဘုရားဖူးအဖွဲ့၊ ဂန္ဓဝင် ရွှေပုဂံဘုရားဖူးအဖွဲ့၊ ရွှေမဟာတိုးဘုရားဖူးအဖွဲ့တို့ကိုလည်း ကျေးဇူးတင်ရှိပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့်ကိစ္စမှန်သမျှကို အတတ်နိုင်ဆုံး မဖြစ်မနေ ကြိုးစားဆောင်ရွက်ပေးသည့်အတွက် အောင်ချမ်းသာဘုရားဖူးအဖွဲ့ မန်နေးဂျင်း ဒါရိုက်တာ ဒေါ်သဇင်မြင့်အောင်ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါတယ်။

ဤကျောင်းတိုက်ကြီး ထာဝရတည်တံ့နိုင်ရေးအတွက် စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းခဲ့ကြတဲ့ဒေါက်တာသန်းစိန်၊ ဒေါက်တာ ဦးကိုကိုတို့နှင့်တကွ နယူးဒေလီမြို့ ကမ္ဘာ့ကျန်းမာ



ရေးအဖွဲ့ဝန်ထမ်းမြန်မာမိသားစု အားလုံးတို့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါတယ်။

ပွဲတော်ကြီးဖြစ်မြောက်ရေးအတွက် မနားမနေ အပင်ပန်းခံကာကြိုးစားဆောင်ရွက်ပေးကြတဲ့ ဘုန်းကြီးရဲ့ တပည့်များ ဖြစ်ကြသော ဦးရာဇိန္ဒ၊ ဦးယသ၊ ဒေါက်တာရာဇိန္ဒ၊ ဦးပညာစက္က၊ ဦးဉာဏဗလ၊ ဦးဥတ္တရ၊ မောင်ရွှေသန်း၊ မောင်မြင့်ရွှေ၊ မောင်ပန်းဖြူ၊ ဗီရဘဒ်၊ စန္ဒြိက တို့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါတယ်။ ရာပြည့်ပွဲတော်ကြီး အတွင်း မိမိတို့တက်နိုင်သည့် ဖက်မှတကူးတကမြန်မာနိုင်ငံမှ လာရောက်ကူညီ ဆောင်ရွက်ပေးတဲ့အတွက် ဒေါ်သီသီဝင်းနှင့် မလဲ့လဲ့တို့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါတယ်။ ဤရာပြည့်ပွဲတော်ကြီးသို့ တက်ရောက်လာကြတဲ့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့နှင့်တကွ ကျေးဇူးတင်ထိုက်သူ အားလုံးတို့ကိုလည်းကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါတယ်။

ရာပြည့် အထိမ်းအမှတ်ပွဲတော်ကြီးသို့ ကြွရောက်လာကြတဲ့ ဆရာတော်သံဃာတော်များနှင့်တကွ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ပါမကျန် အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် မိမိတို့၏ လိုရာခရီးပန်းတိုင်ကို အဆင်ပြေ ချောမွေ့စွာ သွားရောက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ရင်းအဆုံးသတ်လိုက်ပါတယ်။

ဘဒ္ဒန္တ ဝဏ္ဏဓဇ
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
မိဂဒါဝုန်မြန်မာကျောင်းတိုက်
ဗာရာဏသီမြို့ ဥတ္တရ
ပရာဒေ့ရှ်ပြည်နယ်
အိန္ဒိယနိုင်ငံ။

# SPEECH ON THE CENTENARY CELEBRATION OF THE DHAMMACAKKA VIHARA IN SARANATH, VARANASI, INDIA

BY
**VEN.Dr.NANDAMALABHIVAMSA**
RECTOR OF
THE INTERNATIONAL THERAVADA BUDDHIST MISSIONARY UNIVERSITY, YANGON, MYANMAR

-------------

Venerable members of Sangha and distinguished guests!

It is a splendid occasion that the Dhammacakka Vihara is holding its centenary celebration. This Vihara was founded in 1908 by Ven, Sayadaw U Candramani with the help of the Buddhist devotees. It was located in Saranath which was the Birth place of the Dhamma, known as Isipatana, a sanctuary (migadaya). Two thousand five hundred ninty-six years ago in this place the Buddha preached his first sermon, the Dhammacakka pavettana Sutta, to the five ascetics (pancavaggiya). This Sutta was the declaration of the Middle Path to the world to walk on for one's final liberation realizing the Noble Truth.

The Buddha was born in the Sakka Kingdom, practised various meditations in the forest, Uruvela, for about 6 years and at last by following his own his way he found the path to the truth and attained enlightenment

under the Bodhi tree, now known as Buddhagaya (Bodh Gaya), in Magadha (modern Vihar). However the did not explanied the Dhamma he discovered to the people in Magadha. In Magadha on those days there was nobody who could understand the Buddha's teaching. He decided to go to Varanasi, the city of Kasi, to give his first sermon. On the way to Varanasi he announced his plan to a naket ascetic named Upaka replying to the question Upaka put on him:

*Dhammacakkam*
*pavattetum,*
*Gacchami Kasinam*
*puram.*
*Andhibhutasmim*
*lokasmim,*
*ahancham*
*amatadundubhim.*

I shall go to the city of Kasi in order to preach the Dhammacakka. In this world where are beings blind to the truthe I shall beat the drum of amata (deathelessness).

Therefore this erea was the birth place of the Dhamma. Then in the conclution of the first discourse Ven. Kondanna attained the noble stage and entered the Order. He was the first Buddhist monk in Buddhist History. Following his manner his colleages also became monk and the Buddhist Sangha Organization started in this erea. Therefore this erea was also the birth place of Sangha Organization.

The Isipatana, sanctuary forest, now known as Saranath was blessed twice to be sacred place as the birth place of the Dhamma and of the Sangha. In the honour of the Triple Gem Ven. Sayada U Candramni established the Dhammacakka Vihara. Now the Dhammacakka Vihara is celebrating is 100 th anniversary of establishment.

May this Vihara last long many hundred years!

Ven.
**Dr.Nandamalabhivanas**
28.02.2008.

[redacted]

***Dhammacakkam***
***pavattetum,***
***Gacchami Kasinan***
***puram.***
***Andhibhutasmim***
***lokasmim,***
***ahancham***
***amatadundubhim.***

# (၂၈-၂-၂၀၀၈)ရက်နေ့ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ မိဂဒါဝုန်မြန်မာကျောင်း၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ် အခမ်းအနားတွင်

# သံအမတ်ကြီးဦးကြည်သိန်း ပြောကြားခဲ့သည့် သာသနာရေးဆိုင်ရာ လျှောက်ထားချက်

ဆရာတော်သံဃာတော်
အရှင်သူမြတ်တို့ဘုရား။

ယနေ့ မင်္ဂလာအထူးရှိလှတဲ့ မိဂဒါဝုန်မြန်မာကျောင်းတိုက်ကြီး တည်ထောင်သည့် အနှစ်(၁၀၀)ပြည့် အခါသမယမှာ တပည့်တော် အိန္ဒိယနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် ကိုယ်စားပြု မြန်မာသံအမတ်ကြီးအနေဖြင့် သာသနာရေးဆိုင်ရာ လျှောက်ထားရာ ပြောဆိုခွင့်ရတဲ့အတွက် အထူးပဲ ဂုဏ်ယူဝမ်းမြောက်လှပါသည်ဘုရား။

အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ မိဂဒါဝုန်ဒေသဟာ အများသိကြတဲ့အတိုင်း သံဝေဇနီယလေးဌာန အပါအဝင်ဖြစ်သော မြတ်စွာဘုရားရှင်ကိုယ်တော်ကြီး ဓမ္မစကြာတရားဦး ဟောတော်မူခဲ့ရာ ဗုဒ္ဓဘာသာဝင်များ အထွဋ်အမြတ်ထားရာ မဟာမြေတော်ရာတစ်ခု ဖြစ်ပါသည်။

ဒီမဟာမြေနေရာတော်မြတ်မှာ ၁၉၀၈ ခုနှစ် က စတင်ပြီး မြေနေရာ ရရှိရေးမှသည် သာသနိကအဆောက်အအုံများ သမိုင်းဝင် စတင်တည်ထောင် ပေါ်ထွန်းစေခဲ့သော ဆရာတော်ကြီးများ၊ မြန်မာဒါယကာ၊ ဒါယကာမများအားလုံးကို မှတ်တမ်းတင်အောက်မေ့အမှတ်ရ ကျေးဇူးတင်ရှိရမည်ဖြစ်သကဲ့သို့ ဤမိဂဒါဝုန် မြန်မာကျောင်းတော်ကြီးနှင့် သမိုင်းဝင်သာသနိကအဆောက်အအုံများ အရှည်တည်တံ့ခိုင်မြဲနေအောင် ထိန်းသိမ်းစောင့်ရှောက်လျက် ရှိနေသည့် အရှင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးဝဏ္ဏဓဇရဲ့ ကြိုးပမ်းအားထုတ်မှု ဝါယမကိုလည်း အထူးအသိအမှတ်ပြု မှတ်တမ်းတင်ကြည်ညို ကျေးဇူးတင်ရှိကြရမည် ဖြစ်ပါသည်ဘုရား။

ဆရာတော်ကြီး ဦးဝဏ္ဏဓဇရဲ့ကြိုးပမ်းအားထုတ်မှု အစုစုကို နိုင်ငံတော်က အသိအမှတ်ပြုခဲ့လို့လည်း သာသနာရေးဆိုင်ရာ အမြင့်ဆုံးသော ဘွဲ့ထူးဂုဏ်ထူးကြီးများကို (၂)ကြိမ်တိုင်တိုင်ပင် ဆည်းကပ်ပူဇော်ဂုဏ်ပြုချီးမြှင့် ခဲ့ပြီးလည်း ဖြစ်ပါသည်ဘုရား။

တပည့်တော်မြန်မာသံအမတ်ကြီးအနေဖြင့် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ မြန်မာသံရုံးမှာ ၂၀၀၃ ခုနှစ်မှ စတင်ပြီး တာဝန်ထမ်းဆောင်ချိန်မှစ၍ နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကောင်စစ်ရေးရာ၊ မြန်မာနိုင်ငံသားများ အကျိုးစသည့် ကိစ္စရပ်များစွာကို အမိနိုင်ငံတော်ကို ကိုယ်စားပြုပြီး အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ရာမှ အထူးအားဖြင့် သာသနာရေးဆိုင်ရာကိစ္စရပ်များကို အထူးအလေးထား ဆောင်ရွက်ခဲ့ပါသည်ဘုရား။

တပည့်တော်အနေဖြင့် အိန္ဒိယနိုင်ငံရောက် မြန်မာစာသင်သားရဟန်းတော်များရဲ့ မြန်မာနိုင်ငံကူး လက်မှတ်ဆိုင်ရာကိစ္စရပ်များ၊ ၎င်းတို့၏ ပညာသင်ကြားမှုနှင့် ဆက်စပ်၍ လိုအပ်သော ထောက်ခံချက် ထောက်ခံစာများအား မဆိုင်းမတွ ဆောင်ရွက်ပေးလျက်ရှိပါသည်ဘုရား။

အထူးအားဖြင့် ယခုကဲ့သို့ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ မိဂဒါဝုန်မြန်မာကျောင်း၊ နှစ်တစ်ရာပြည့်အထိမ်းအမှတ် အခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့လို့ ဆရာတော်ကြီး ဦးဝဏ္ဏဓဇရဲ့ကြိုးပမ်းအားထုတ်မှုကို အထူးပဲ ချီးကျူးမှတ်တမ်းတင်ဂုဏ်ပြုရမှာ ဖြစ်သကဲ့သို့ အခြားသော ဘုန်းတော်ကြီးကျောင်းများဖြစ်သော ဗုဒ္ဓဂယာမြန်မာကျောင်း၊ မဟာအောင်မြေ၊ မဟာဗောဓိ၊ ကုသိနာရုံ၊ လုမ္ဗိနီ၊ သာဝတ္ထိ၊ သိင်္ကဿနဂိုရ်၊ ပဋ္ဌာနား၊ ရာဇဂြိုဟ်အစရှိသည့် အစဉ်အလာကြီးသော ဘုန်းတော်ကြီးများသည့် ဆရာတော်များနှင့်တကွ သီတင်းသုံးလျက်ရှိသော ရဟန်းတော်များ၏ကျောင်းဆောင်များ တည်တံ့ခိုင်မြဲရေး ကြိုးပမ်း ဆောင်ရွက်ချက်များနှင့် သာသနာတော်တိုးတက်ထွန်းကားအောင် ဆောင်ရွက်ချက်များကို မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူလူထု၏ကိုယ်စား ချီးကျူးမှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း လျှောက်ထားလိုပါသည်ဘုရား။

ဆရာတော်များရဲ့ စေတနာ သဒ္ဓါတရား ထက်သန်စွာနဲ့ ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူအပေါင်း စိတ်အေးချမ်းသာစွာ မဇ္ဈိမဒေသသို့ ဘုရားဖူးနိုင်ရေး ပါရမီဖြည့်ကူညီနေသည်များကိုလည်း ဝမ်းမြောက်ဝမ်းသာ တွေ့မြင်နေရပါသည်ဘုရား။

တပည့်တော်အနေနဲ့ အိန္ဒိယနိုင်ငံမှာ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေစဉ်အတွင်း သာသနာရေးဆိုင်ရာကိစ္စများကို အစဉ်တစိုက်ဆက်လက်ပြီးအားထုတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆရာတော်ကြီးများအား ကတိပြုတင်ပြလျှောက်ထားသကဲ့သို့ သာသနာ့သမိုင်းဝင် ဤမိဂဒါဝုန်မြန်မာကျောင်းတော်ကြီး ကမ္ဘာတည်သရွေ့ မဇ္ဈိမဒေသမှာ ဆက်လက်တည်တံ့ခိုင်မြဲနိုင်ပါစေ။ အလားတူ ကျန်ဘုန်းတော်ကြီးကျောင်း များလည်း ဆက်လက်တည်တံ့ခိုင်မြဲနိုင်ကြပါစေကြောင်းနှင့် ဆရာတော်ကြီးများ အနေနဲ့လည်း အသက်ရာကျော်ရှည်၍ ဤဒေသ၊ ဤကျောင်းတော်ကြီးများမှာ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးနဲ့ သာသနာ့အကျိုးပြုလုပ်ငန်းများကို ဆထက်တံပိုး အရှိန်အဟုန်တိုး ဆောင်ရွက်သွားနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း တပည့်တော်၏သာသနာရေးဆိုင်ရာ လျှောက်ထားချက်အား နိဂုံးချုပ်အပ်ပါသည်ဘုရား။

# မိဂဒါဝုန်မြန်မာကျောင်းတိုက်၏ နှစ်(၁၀၀)ပြည့်မှတ်တမ်း

ဦးပညာစက္က



၂၀၀၈ ခု၊ ဖေဖော်ဝါရီလ (၂၆)ရက်နေ့ ညနေ (၆) နာရီအချိန်တွင် ဆရာတော် ဦးသုစိတ္တာဘိဝံသ ဦးဆောင်သော အောင်ချမ်းသာဘုရားဖူးအဖွဲ့ဝင် (၁၀၀) ခန့်သည် မိဂဒါဝုန် မြန်မာကျောင်းတိုက်သို့ ရောက်ရှိလာကြရာ မိဂဒါဝုန်

ဆရာတော်နှင့်နှစ်(၁၀၀) ပြည့်ပွဲတော် ကျင်းပရေးကော်မတီဝင်များက ပန်းကုန်း များစွပ်ကာ နွေးထွေးစွာ ကြိုဆိုခဲ့ကြပါသည်။ ၂၇ ရက်နေ့ ညနေတွင် ဆရာတော် ဦးသုစိတ္တာဘိဝံသက နှစ်(၁၀၀)ပြည့် ပွဲတော်သို့ ကြွရောက်တော်မူလာကြ ကုန်သော သံဃာတော်အရှင်သူမြတ်များနှင့် မိဂဒါဝုန်မြန်မာကျောင်းတိုက် အတွင်းရှိ ဘုရားကျောင်းဆောင်(၇)နေရာတို့၌ ဗုဒ္ဓဆင်းတုတော်များအား တစ်ပြိုင်နက်တည်းအနေကဇာတင်ပေးကြပါ သည်။

နံနက် ၆ နာရီအချိန်



တွင် သံဃာတော်များနှင့် လူပုဂ္ဂိုလ်များကို နံနက်စာဖြင့် ကျွေးမွေးဧည့်ခံပြီးနောက် (၇) နာရီအချိန်တွင် သံဃာတော်များနှင့် လူပုဂ္ဂိုလ်များကို ဗဟိုရ်မဏ္ဍပ်အတွင်းသို့ ပင့်ဖိတ်ကာ နံနက်ပိုင်း မြန်မာအခမ်းအနားအစီအစဉ်ကို စတင်ပါသည်။

နံနက်ပိုင်း မြန်မာ့အခမ်းအနားအစီအစဉ်တွင် ပဲခူးမြို့မင်းကျောင်း ဆရာတော် ဦးသူရိယက အခမ်းနားမှူးအဖြစ် ဆောင်ရွက်ပေးကာ ကြွရောက် တော်မူလာကြကုန်သော သံဃာတော်အရှင်သူမြတ်များနှင့် လူပုဂ္ဂိုလ်များက နမောတဿသုံးကြိမ် ရွတ်ဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်ပေးကြ ပါသည်။

စစ်တွေမြို့ ပုသိမ်ကျောင်းဆရာတော် ဦးပဏ္ဍိတထံမှ ငါးပါးသီလ ဆောက်တည်ကြပြီး၊ မိဂဒါဝုန်ဆရာတော် ဦးဝဏ္ဏဓဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ကြွရောက်တော်မူလာကြကုန်သော သံဃာတော်အရှင်သူမြတ်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက်တွင် အမေရိကနိုင်ငံမှ ဆရာတော် ဦးဉာဏဝရက နှစ်(၁၀၀)ပြည့် ပွဲတော် ဂုဏ်ပြုဂါထာများ ရွတ်ဖတ်ပူဇော်ပေးပြီး မင်းသားသိန်းဇော်နှင့် ပိုးအိစံတို့ကလည်း ရတုကဗျာများဖြင့် ရွတ်ဖတ်ပူဇော်ပေးကြ ပါသည်။

မြန်မာအခမ်းအနားအစီအစဉ်အပြီးတွင် ကြွရောက်တော်မူလာကြကုန်သော သံဃာတော်အရှင်သူမြတ်များနှင့် လူပုဂ္ဂိုလ်များက နှစ်ပါး

တစ်တွဲ နှစ်ယောက်တစ်တွဲစီ စီတန်းကာ လယ်တီဆရာတော်ဘုရား၏ ဘုရားဖြစ်ခါမိဂဒါ သို့ အစရှိသော လင်္ကာစာပိုဒ်ကို တညီတညွတ်တည်း ရွတ်ဖတ်ပူဇော်လျက် မိဂဒါဝုန်မြန်မာကျောင်းတိုက်၏ ဗဟိုရ်မဏ္ဍပ်ကနေ မိဂဒါဝုန်တောအတွင်းရှိ မြတ်စွာဘုရားဓမ္မစကြာတရားဦးဟောကြားတော်မူရာ ဓမ္မရာဇိက ကုန်းတော်သို့ ကြွချီတော်မူကြပါသည်။ ဓမ္မရာဇိက ကုန်းတော်သို့အရောက်တွင် ဂုဏ်တော်များ နှင့် ဓမ္မစက္ကပဝတ္တနသုတ်တော်ဖြင့် ရွတ်ဖတ်ပူဇော်ကြပြီး၊ ဝေနေယျာသတ္တဝါအပေါင်းတို့အား မေတ္တာများပို့ကာ အမျှအတန်းပေးဝေကြပါသည်။ ၎င်းနောက်တွင် ကြွရောက်တော်မူလာကြကုန်သော သံဃာတော် အရှင်သူမြတ်များနှင့် လူပုဂ္ဂိုလ်များကစုပေါင်း အမှတ်တရ ဓာတ်ပုံများရိုက်ကြပါသည်။ နေ့လည် ၁၀ နာရီ အချိန်တွင် ကျောင်းသို့ ပြန်ကြွလာကာ ဆရာတော်ကြီးများက ဓာတ်ပုံပြခန်း ရှိ ဓာတ်ပုံပြပွဲ အခမ်းအနားကို ဖွင့်လှစ်ပေးကြပါသည်။

နေ့လည် ၁၁ နာရီ အချိန်တွင် နေ့လည်စာဖြင့် ကျွေးမွေးဧည့်ခံပြီးနောက် (၁) နာရီအချိန်တွင် International Program အစီအစဉ်ကို စတင်ပါသည်။ International Program အစီအစဉ်တွင် Oxford University မှ ဒေါက်တာဦးဓမ္မသာမိက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပြီး ကြွရောက်တော်မူလာကြကုန်သော သံဃာတော် အရှင်သူမြတ်များနှင့် လူပုဂ္ဂိုလ်များက နမောတဿ သုံးကြိမ်ရွတ်ဆို၍အခမ်းအနားကိုစတင်ဖွင့်လှစ် ပေးကြပါသည်။ ယင်းနောက်တွင် ဆရာတော်ကြီး ဦးစန္ဒြမဏိရပ်ထုနှင့် မိဂဒါဝုန် မြန်မာကျောင်းတိုက်၏ သမိုင်းကြောင်း ကမ္ပည်းကျောက်စာကို ဗာရာဏသီမြို့တော်ဝန် ကောင်ဆဲလန်းဆင်းက ဖွင့်လှစ်ပေးပါသည်။

အဖွင့်အမှာစကားကို ထေရဝါဒ တက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသက ပြောကြားပြီး မြန်မာဗုဒ္ဓဘာသာဝင်အဖွဲ့ ဥက္ကဋ္ဌ ကုသိနာရုံ ဆရာတော် ဘဒ္ဒန္တဉာဏိဿရ၊ နာလန္ဒာတက္ကသိုလ်ကျောင်းဆရာတော် ဒေါက်တာ ဦးပညာလင်္ကာရ၊ အမေရိကန်နိုင်ငံ ဓမ္မသုခ ကျောင်းဆရာတော် ဦးသဇ္ဇန (ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ) ဗာရာဏသီမြို့တော်ဝန် ကောင်ဆဲလန်းဆင်း၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကြည်သိန်း၊ မြန်မာနိုင်ငံ၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးမြင့်တို့က မိဂဒါဝုန်မြန်မာကျောင်းတိုက်၏ နှစ်(၁၀၀)ပြည့်နှင့် ပတ်သက်ပြီး ဝမ်းမြောက်ဂုဏ်ယူကြောင်းကိုအသီးအသီးပြောသွားကြပါသည်။

ယင်းနောက် မိဂဒါဝုန်မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က ကြွရောက်တော်မူလာကြကုန်သော သံဃာတော်အရှင်သူမြတ်များနှင့် လူပုဂ္ဂိုလ်များအား မိဂဒါဝုန်မြန်မာကျောင်းတိုက်၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်မဂ္ဂဇင်းကိုလက်ဆောင်ပေးကာ ကြွရောက်တော်မူလာကြကုန်သော သံဃာတော်အရှင်သူမြတ်များနှင့် ဒကာ ဒကာမများအား ကျေးဇူးတင်စကား ပြောကြားပါသည်။ ညနေ ၄ နာရီ အချိန်တွင် အခမ်းအနားကို ဗုဒ္ဓသာသန်




စိရံတိဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းပေးကြ ပါသည်။

အခမ်းအနားအပြီးမှာ မြန်မာနိုင်ငံမှ မင်းသားသိန်းဇော် ပိုးအိစံနှင့် စောင်းဆရာမလေးစုဝေတို့က မြန်မာသံစဉ်တေးများဖြင့် ဖြေဖျော်ပေးကာ အားပေးကြည့်ရှုသူ ပရိသတ်များအားလုံး တပျော်တပါး ကခုန်ခဲ့ကြပါသည်။ မိဂဒါဝုန်မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ကျေးဇူးတင်စကား --- ဘုန်းကြီးတို့ရဲ့ မိဂဒါဝုန်မြန်မာကျောင်းတိုက်ကို တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း(၁၀၀)ပြည့်မြောက်ပြီးဖြစ်ရာ ယနေ့ဆိုလျှင် ရာပြည့်အထိမ်းအမှတ်ပွဲတော်ကြီးကိုပင် စည်ကားသိုက်မြိုက်စွာကျင်းပနေပြီဖြစ်ပါတယ်။ ဒီနှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကြီးကို စီမံဆောင်ရွက်ခွင့်ရသည့်အတွက် ဘုန်းကြီးအနေဖြင့် အထူးပင် ကံကောင်းလှပါတယ်။

ယခုလို ပွဲတော်ကြီးပြုလုပ်ကျင်းပခွင့်ရခြင်းမှာလည်း ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင်များဖြစ်တော်မူသော သာသနဒ္ဓဇာအာဇာနည် ကမ္ဘာ့သာသနာပြုဆရာတော်ကြီး ဘဒ္ဒန္တ စန္ဒြိမဏိနှင့်တကွ ဆရာတော်ဦးကိတ္တိမ၊ ဆရာတော် ဦးတိက္ခိန္ဒြိယတို့နှင့် ဤကျောင်းတိုက် ထာဝရ တည်တံ့နိုင်ရေးအတွက် ထောက်ပံ့လှူဒါန်းခဲ့ကြတဲ့ အလှူရှင်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ရဲ့ တန်ဖိုးမဖြတ်နိုင်သော ကျေးဇူးတရားတို့ကြောင့်ဖြစ်ပါတယ်။ အထူးသဖြင့် ကမ္ဘာကျော် ကမ္ဘာ့သာသနာပြု ဆရာ

တော်ကြီး ဦးစန္ဒိမဏိကိုယ်တိုင် တည်ထောင်ခဲ့တဲ့ မိဂဒါဝုန် မြန်မာကျောင်းတိုက်သို့ ဘုန်းကြီးအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ခွင့်ရတဲ့အတွက် ရော ယခုလို ရာပြည့်အထိမ်းအမှတ်ပွဲတော်ကြီးကိုဦးဆောင်ပြီး ကျင်းပခွင့်ရတဲ့အတွက်ပါ အတိုင်းအဆမသိ ဝမ်းသာဂုဏ်ယူ မဆုံးဖြစ်ရပါတယ်။


အခု ကျင်းပနေတဲ့ ဘုန်းကြီးတို့၏ မိဂဒါဝုန် မြန်မာကျောင်းတိုက်ရဲ့ နှစ်တစ်ရာပြည့် အောင်ပွဲအထိမ်းအမှတ်ပွဲတော်ကြီးဟာ ဘုန်းကြီးတို့အတွက် တစ်သာမဟုတ်ဘဲ မြန်မာတစ်မျိုးသားလုံးတို့ရဲ့ သမိုင်းဝင် အောင်ပွဲအထိမ်းအမှတ်ပင်ဖြစ်ပါတယ်။

အားလုံးသိကြတဲ့အတိုင်း ဒီနေရာဟာ ဗုဒ္ဓဘာသာဝင်တို့၏ အထွဋ်အမြတ်ထားရာဖြစ်တဲ့ သံဝေဇနီယလေးဌာနတွင် တစ်ဌာနဖြစ်ပါတယ်။ ထို့အပြင် ဗုဒ္ဓဘုရားရှင် တရားဦး ဓမ္မစကြာပဝတ္တနသုတ်တော်ကို ဟောကြားခဲ့တဲ့နေရာ၊ သံဃာရတနာတွေစတင်ပေါ်ထွန်းခဲ့တဲ့နေရာ၊ သစ္စာတရားကိုဖော်ထုတ် ဟောခဲ့တဲ့နေရာ၊ သာသနာ့ဖောင်ဒေးလ်ရှန်းကို ထူထောင်ခဲ့တဲ့နေရာ ဖြစ်ပါတယ်။

ဒီလို အမြတ်ပေါင်းဆုံတဲ့ မြေမြတ်မဟာ မိဂဒါဝုန်တောမှာ မိဂဒါဝုန် မြန်မာကျောင်းရယ်လို့ မြန်မာ့သမိုင်းမှတ်တိုင်ကို စိုက်ထူခဲ့သည်မှာ နှစ်ပေါင်း (၁၀၀)ခရီးကိုပင် ဖြတ်သန်းကျော်လွှန်လာခဲ့ပြီးဖြစ်ပါတယ်။ သံဝေဇနီယဌာနနှင့် အဝိဇဟိတနှစ်ဌာနပေါင်းဆုံတဲ့ မိဂဒါဝုန်အရပ်မှာ မြန်မာ့သမိုင်းစာမျက်နှာသစ်တစ်ခုကို ဖန်တီးဖော်ထုတ်နိုင်ဖို့အတွက် ဤနှစ် (၁၀၀)ပြည့် အောင်ပွဲအထိမ်းအမှတ်ပွဲတော်ကြီးကို ဘုန်းကြီးအနေဖြင့် ဦးဆောင်ကျင်းပရခြင်း ဖြစ်ပါတယ်။ မိမိကြံစည်ထားသည့်အတိုင်း တစ်နှစ်ကျော်ကြာကြိုးစားခဲ့တဲ့ ရာပြည့်အထိမ်း အမှတ်ပွဲတော်ကြီးကို အောင်မြင်စွာ ကျင်းပနေပြီဖြစ်ပါတယ်။ ဒါကြောင့် ဘုန်းကြီးအနေဖြင့် အလွန်ပင် ဝမ်းသာဂုဏ်ယူ မဆုံးဖြစ်ရပါတယ်။

ဤကျောင်းတိုက်ကို တည်ထောင်ရာတွင် အခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း ဆရာဒကာ ညီညွတ်စွာဖြင့် လက်တွဲပူးပေါင်းကာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည့်အတွက် ထိုအခက်အခဲများကို ကျော်လွှားနိုင်ခဲ့ပြီး နှစ်တစ်ရာခရီးကိုပင် ဖြတ်သန်းကျော်လွှန်လာခဲ့ပြီး ဖြစ်ပါတယ်။ ဤသည်မှာ ဘုန်းကြီးတို့ရဲ့ ဆရာသမားများနှင့် မိဘဘိုးဘွားတို့၏ တာဝန်ကျေပွန်မှုပင်ဖြစ်ပါသည်။ နောင်အနာဂါတ်ရေရှည်တည်တံ့နိုင်ရေးမှာ ဘုန်းကြီးတို့ ယနေ့ ဒါယကာ၊ ဒါယိကာမကြီးတို့နှင့် သားသမီးမြေးမြစ်တို့ရဲ့ တာဝန်များပင် ဖြစ်ပါတယ်။ တာဝန်အသိဖြင့် တာဝန်ရှိစွာ ထိန်းသိမ်း စောင့်ရှောက်သွားကြမည်ဆိုပါက ဤမိဂဒါဝုန် မြန်မာကျောင်းတိုက်ဟာ နောင်နှစ် ပေါင်းထောင်သောင်းမက တည်တံ့နိုင်မှာ ဖြစ်ပါတယ်။

အမျိုးဘာသာ သာသနာရေးအတွက် အပင်ပန်းခံကာ နိုင်ငံအရပ်ရပ်မှ ကြွရောက်တော်မူလာကြတဲ့ သံဃာတော်အရှင်သူမြတ်များနှင့် ရာပြည့်အထိမ်းအမှတ် အထူးထုတ်မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် လနှင့်ချီကာ အပင်ပန်းခံ ကူညီဆောင်ရွက်ပေးကြတဲ့ အမေရိကန်နိုင်ငံ၊ ဓမ္မသုခကျောင်း ဆရာတော်ဦးသဇ္ဇန (ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ ဓမ္မာစရိယ - ပါဠိပါရဂူ) အမေရိကန်



နိုင်ငံမှ ဦးတင်ထွန်း၊ ဦးဟန်နရီ ကောက်တို့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မြန်မာ့ဂီတအနုပညာ များဖြင့် လာရောက်ဖြေဖျော် ပေးကြတဲ့ မြန်မာ့ အနုပညာ ရှင်များဖြစ်ကြတဲ့ မင်းသားဦး သိန်းဇော်၊ အဆိုတော် ပိုးအိစံ စောင်းဆရာမလေး မစုစုလှိုင် တို့ကိုလည်း အထူးပင် ကျေးဇူး တင်ရှိပါသည်။ ဤရာပြည့်အ ထိမ်းအမှတ်ပွဲတော်ကြီး ဖြစ် မြောက်ရေးအတွက် တစ်ဖက် တစ်လမ်းမှ ကူညီဆောင်ရွက် ပေးကြတဲ့ အောင်ချမ်းသာ ဘုရားဖူးအဖွဲ့၊ ရန်ကုန်တိုင်း ဘုရားဖူးအဖွဲ့၊ ဒါနတိုးဘုရားဖူး အဖွဲ့များ တစ်ပတ်ကျော်ကပင် လာရောက်ပြီး ကူညီပေးကြတဲ့ ဒေါ်သီသီဝင်းနှင့် မလဲ့လဲ့အေး တို့ကိုလည်း ကျေးဇူးတင်ရှိ ပါတယ်။ ပွဲတော်ကြီးဖြစ်မြောက် ရေးအတွက် မနားမနေ အပင် ပန်းခံကာ ကြိုးစားဆောင်ရွက် ပေးကြတဲ့ ဘုန်းကြီးရဲ့တပည့် များဖြစ်ကြသော ဦးရာဇိန္ဒ၊ ဦးယသ၊ ဒေါက်တာရာဇိန္ဒ၊ ဦးပညာစက္က၊ ဦးဉာဏဗလ၊ ဦးဥတ္တရ၊ မောင်ရွှေသန်း၊ မောင်မြင့်ရွှေ၊ မောင်ပန်းဖြူ တို့ကိုလည်း အထူးပင် ကျေးဇူး တင်ရှိပါတယ်။ ဤရာပြည့် ပွဲတော်ကြီးသို့တက်ရောက်လာ ကြတဲ့ ဒါယကာ၊ ဒါယိကာမ အပေါင်း သူတော်ကောင်း တို့နှင့်တကွ ကျေးဇူးတင်ထိုက် သူအားလုံးတို့ကိုလည်းကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်း တင်အပ်ပါသည်ဟု ဆရာတော် က ကျေးဇူးတင်စကား ပြော ကြားခဲ့ပါသည်။

ဦးပညာစက္က
မိဂဒါဝုန်မြန်မာကျောင်း

# သစ္စာမြေမှ မြန်မာ့ဂုဏ်ဆောင်

ဦးရာဇိန္ဒ (ကျောက်မြို့)

ဗုဒ္ဓဘုရားရှင် တရားဦး ဟောတော်မူရာ နေရာဒေသကို မြန်မာတို့က မိဂဒါဝုန်တောဟု ခေါ်ဝေါ် ကြပေသည်။ ပါဠိလို မိဂဒါယဝနမှ ဆင်းသက်လာ သည့် ပါဠိပျက်ဝေါဟာရဖြစ်ပြီး သားသမင်တို့အား ဘေးမဲ့ပေး ရာတောဟု အဓိပ္ပါယ်ရပေ သည်။ ယခုအခါ အိန္ဒိယနိုင်ငံ သားတို့က ဤနေရာဤဒေသ ကို အိန္ဒိယဘာသာ (ဟိန္ဒူဘာ သာ) စကားဖြင့် ဆာ(ရ်)နာ(ထ်) (Sarnath) ဟုခေါ်ဝေါ်ကြပေ သည်။ ဤဆာ(ရ်) နာ(ထ်)ဝေါ ဟာရသည် ဆာရင်္ဂနာထ (သားသမင်တို့၏သခင်) (Saranganatha) မှ ဆင်း သက်လာခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေ သနဌာနမှ ဖော်ပြထားပေ သည်။

ဗုဒ္ဓဘုရားရှင်သည် လွန်ခဲ့သော နှစ်ပေါင်း(၂၅၀၀) ကျော် (ဘီစီ-၆ ရာစု)က ဆာ(ရ်)နာ(ထ်)ခေါ် ဤမိဂဒါဝုန် တော၌ လူသားစစ်စစ်အားဖြင့် ပဉ္စဝဂ္ဂီ (၅)ဦးနှင့် စကြာဝဠာ သောင်းတစ်တိုက်မှ နတ်ပြဟ္မာ အပေါင်းတို့အား တရားဦး ဓမ္မ စက္ကပဝတ္တနသုတ္တန်(ဓမ္မစကြာ) တရားတော်ကို ဟောကြား တော်မူခဲ့ပေသည်။ ထို့ကြောင့် ကမ္ဘာတစ်ဝှမ်းလုံးရှိ ဗုဒ္ဓဘာသာ ဝင် သူတော်စင်တို့က ဤနေရာ ဒေသကို ဘုရားရှင် တရားဦး ဟောတော်မူရာနေရာ အထွဋ်

အမြတ် သံဝေဇနိယ(၄)ဌာန အနက် တစ်ဌာနအဖြစ် အလေး ထားကြပေသည်။ ပွင့်တော်မူခဲ့ကြပြီးသော ဘုရားရှင်အဆူဆူ တို့သည်လည်း ဤမိဂဒါဝုန် တော၌ပင် တရားဦးဟောကြဦး မည်ဖြစ်ရာ ဗျာဒိတ်ရ မြေမြတ် မဟာ နေရာဌာနပင် ဖြစ်ပေ သည်။




အစွန်း(၂)ပါးကိုပယ်၍ မဇ္ဈိမပဋိပဒါခေါ် အလယ်အလတ်ကျင့်စဉ်(လမ်းစဉ်)ကို အဓိကမူအဖြစ် ချမှတ်ကာ သိရမည် ပယ်ရမည် ဆိုက်ရောက်ခြင်း ပွားများရမည်တည်း ဟူသော ဒုက္ခသစ္စာ. သမုဒယသစ္စာ. နိရောဓသစ္စာ. မဂ္ဂသစ္စာ. သစ္စာလေးပါး အမှန်တရားကို ဖော်ပြသည့် တရားတော်မှာ မြတ်ဗုဒ္ဓ၏ ဓမ္မစက္ကပဝတ္တန သုတ္တန်ပင်ဖြစ်ပေသည်။ သို့ဖြစ်ရာ ဤမိဂဒါဝုန်တောသည် သစ္စာတရားပေါ်ထွန်းရာ သစ္စာပန်းပွင့်ရာ သစ္စာဘူမိ သစ္စာနယ်မြေလည်း ဖြစ်ပေသည်။ ဗုဒ္ဓဘုရားရှင်၏ ဓမ္မစက္ကပဝတ္တနသုတ္တန် တရားထူး တရားမြတ်ကို နာယူမှတ်သားကြရသဖြင့် ရဟန်းအဖြစ်ကို တောင်းပန်လျှောက်ထားကြရာ ဘုရားရှင်သည် ကောဏ္ဍည အမှူးပြုသော ပဉ္စဝဂ္ဂီငါးဦးအား ဧဟိဘိက္ခုခေါ်ကာ ပထမဦးဆုံး ရဟန်းအဖြစ်သို့ သွတ်သွင်းပေး တော်မူလိုက်သောကြောင့် ဤမိဂဒါဝုန်တောသည် အမြတ်ဆုံး ရတနာ(၃)ပါးအနက် သံဃာရတနာပေါ်ထွန်းရာ နေရာလည်း ဖြစ်ပေသည်။ ၎င်း အပြင် ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီး၍ ပထမ ဦးဆုံးသောဝါကို မိဂဒါဝုန် တော၌ပင် ဝါဆိုဝါကပ်တော်မူ ပေသည်။ သီတင်းဝါလကျွတ် ပြီးသောအခါ "လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ အကျိုး စီးပွား အလို့ငှာ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ချမ်းသာ

သုခအလို့ငှာ လောကကို စောင့်ရှောက်ရန်အလို့ငှာ" ဘုရားရှင်သည် ဤမိဂဒါဝုန် တောမှပင်ခြောက်ကျိပ် (အပါး - ၆၀)သောရဟန္တာအရှင်မြတ်တို့ကို တစ်ပါးတစ်နေရာစီ နေရာဒေသအသီးသီးသို့ သာသနာပြု စေလွှတ်တော်မူခဲ့ပေသည်။ သို့ဖြစ်သောကြောင့် ဤမိဂဒါဝုန်တောသည် ဘုရားရှင်၏အဆုံးအမများ တရားစစ်တရားမှန်များ စည်ပင်ပြန့်ပွားရေးအတွက် သာသနာပြုရာ ဗဟိုဌာနလည်း ဖြစ်ပေသည်။ သို့မဟုတ် သာသနာ့စည်ကြီးတီးခတ်ရာနေရာလည်းဖြစ်ပေသည်။ သမိုင်းရှုထောင့်မှကြည့်မည်ဆိုပါကလည်း ဘုရားရှင်လက်ထက် (ဘီစီ - ၆ ရာစု) မှစ၍ အေဒီ (၁၂)ရာစု အစောပိုင်းအထိ နန္ဒိယသူဌေးဆောက်လုပ်လှူဒါန်းခဲ့သည့် နန္ဒိယသူဌေးကျောင်း၊ သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သည့် ဓမ္မရာဇိက စေတီ (ယခုနေရာသာရှိသည်)၊ ဓမ္မေခစေတီ၊ ကျောက်စာတိုင် (Stone Pillar)များနှင့် တစ်ခြားသော သနိက အဆောက်အအုံများ၊ ကနိ(ရှ)က(Kanishka)မင်းကြီး မွမ်းမံပြုပြင်ခဲ့သည့် လှပခန့်ငြားသော ကျောက်ဆစ် လက်ရာများ၊ ဤမိဂဒါဝုန်တော၏နောက်ဆုံး ကျောင်းဆောင်ဖြစ်သော အေဒီ (၁၂)ရာစု အစောပိုင်း၌ ကုမာရဒေဝီ (Kumāradevī) မိဖုရားကြီး ဆောက်လုပ်လှူဒါန်းခဲ့သည့် အလွန့်အလွန်ကြီးကျယ်ခမ်းနားသော ဓမ္မစက္ကဇိ နဝိဟာရ ကျောင်းတော်ကြီး အစရှိသည့် ခေတ်အဆက်ဆက်မင်းအဆက်ဆက် အသစ်တည်ဆောက် အဟောင်းပြုပြင်ကာ မြောက်များစွာသော သာသနိက အဆောက်အအုံများဖြင့် နှစ်ပေါင်း(၁၇၀၀)ကျော်တိုင် မြတ်ဗုဒ္ဓသာသနာ စည်ပင်ထွန်းကားခဲ့ရာ နေရာလည်း ဖြစ်ပေသည်။

ဤကဲ့သို့ ဂုဏ်ပုဒ်ကြွယ်သည့် ဗျာဒိတ်ရမြေမြတ်မဟာ ဤနေရာ ဤဒေသ၌ မြန်မာ့ဗုဒ္ဓဘာသာကျောင်းရယ်လို့ ဝိသေသဂုဏ်ပုဒ်တစ်ခုထာဝရ စိုက်ထူနိုင်ခဲ့ခြင်းသည် ကမ္ဘာကျော် ကမ္ဘာ့သာသနာပြုသာသနာ့အာဇာနည် ဘဒ္ဒန္တစန္ဒိမဏိ ဆရာတော်ကြီး၏ အနာဂါတ် အရေးအတွက် အမြော်အမြင် ကြီးမှုကြောင့်ပင် ဖြစ်ပေသည်။ အိန္ဒိယနှင့်နီပေါလ်နိုင်ငံတို့၌ နှစ်ပေါင်း (၅၀၀)ကျော် ကွယ်ပျောက်နေခဲ့ရသည့် မြတ်ဗုဒ္ဓသာသနာပြန်လည်ထွန်းကားလာ အောင် ပထမဦးဆုံး အသက်သွင်း သာသနာပြုခဲ့သည့် ပုဂ္ဂိုလ်မှာ ဘဒ္ဒန္တစန္ဒိမဏိ ဆရာတော်ကြီးပင်ဖြစ်ပေသည်။ ဆရာတော်ကြီးသည် တစ်စိတ်တစ်ဒေသအားဖြင့် ဤမိဂဒါဝုန်မြန်မာကျောင်းတိုက်ကို အမှီပြု၍ ထိုသာသနာပြုလုပ်ငန်းများကို လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ပေသည်။ ထို့အတူ ဆရာတော်ကြီးကိုဆက်ခံသည့် ဘဒ္ဒန္တကိတ္တိမ၊ ဘဒ္ဒန္တတိက္ခိန္ဒြိယနှင့် ယခုလက်ရှိ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ (မဟာသဒ္ဓမ္မဇောတိကဓဇ) တို့သည်လည်း ဤကျောင်းတိုက်ကို အမှီပြုကာ သာသနာပြုခဲ့ကြပြီး သာသနာပြု လုပ်ငန်းများကို ထမ်းဆောင်လျက်ရှိနေပေသည်။ စာရေးသူသည် မိဂဒါဝုန်မြန်မာကျောင်းတိုက်၌ သီတင်းသုံးနေ ထိုင်လျက်ရှိနေစဉ် ဟိန္ဒူဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းသည့် ဗုဒ္ဓဘာသာ သွင်းပွဲအခမ်းအနားများသို့ ဘဒ္ဒန္တဝဏ္ဏဓဇဦးဆောင်ကာ အကြိမ်ကြိမ် တက်ရောက် ခဲ့ရပေသည်။ ယင်းကြောင့် အိန္ဒိယနှင့် နီပေါလ်နိုင်ငံတို့၌ ဗုဒ္ဓသာသနာပြန်လည်၍ စည်ပင်ထွန်းကား



လာရေးမှာ ဤမိဂဒါဝုန်ကျောင်းတိုက်သည်လည်း တစ်ဖက် တစ်လမ်းမှအထောက်အကူပြုခဲ့သည်ဟုဆိုက မှန်သောသစ္စာ စကားပင်ဖြစ်ပေသည်။

မိဂဒါဝုန် မြန်မာကျောင်းတိုက်ကို (၁၉၀၈)ခုနှစ်တွင် စတင်တည် ထောင်ခဲ့ရာ ယခုဆိုရင် အနှစ်(၁၀၀) သို့မဟုတ် ရာစုနှစ်တစ်ခုကိုပင် ဖြတ်သန်းလာခဲ့ပြီး ဖြစ်ပေသည်။ ဤမိဂဒါဝုန်မြန်မာကျောင်းတိုက်သည် တစ်ချိန်က မိဂဒါဝုန်ကျောင်းတိုက်ကြီး၏ အနောက်ဖက်အရပ် တိမ်ကောနေပြီးဖြစ်သော မိဂသမ္ဘဒါမြစ်သည် လုံးဝနီးပါးတိမ်ကောနေပြီးဖြစ်ရာ မိဂဒါဝုန်ကျောင်းတိုက် ဟောင်းနေရာနှင့် မြန်မာကျောင်းတိုက်တို့မှာ ခြံစည်းရိုး အုတ်နံရံသာ ခြားပေသည်။ ဓမ္မစက္ကမုဒြပုံတော် ဗုဒ္ဓဆင်းတုတော်ကြီး၊ သိမ်၊ ဓမ္မာရုံ၊ ပိဋကတ်တော်တိုက်၊ သံဃာ့ကျောင်းဆောင်၊ ဘုရားဖူးဧည့်သည်များ တည်းခိုဆောင် အစရှိသည့် မြောက်များစွာသော သာသနိကအဆောက်အအုံ များဖြင့် မြန်မာ့ဂုဏ်ဆောင် မိဂဒါဝုန် မြန်မာကျောင်းတိုက်ကြီးသည် အတိတ်က မိဂဒါဝုန်ကျောင်းတိုက်ကြီးကို သရုပ်သဏ္ဌာန် ဖော်ပြနေသယောင် ခန့်ငြား ထည်ဝါလျက် ရှိနေပေသည်။ ကမ္ဘာ့တစ်ဝှမ်းလုံးမှ ဘုရားဖူး လာရောက်ကြသော ဗုဒ္ဓဘာသာ ဘုရားဖူးဧည့်သည်များ၊ ဗုဒ္ဓဘာသာကို လာရောက်လေ့လာကြသည့် ဗုဒ္ဓဘာသာ မဟုတ်သော ကမ္ဘာ့လှည့်ခရီးသည်များ၊ အိန္ဒိယလူမျိုး ဘုရားဖူးများ၊ လာရောက် လည်ပတ်ကြသူများဖြင့် စည်ကားနေသည့် မိဂဒါဝုန်ကျောင်းတိုက်ဟောင်း နေရာကဲ့သို့ပင် မြန်မာကျောင်းတိုက်သည်လည်း မြန်မာ့မှု၊ မြန်မာ့အနုပညာလက်ရာများကို လာရောက်ကြည့်ရှုကြသော နိုင်ငံခြားသားဧည့်သည်များ၊ အိန္ဒိယလူမျိုးများ၊ မြန်မာနိုင်ငံမှ ဘုရားဖူးရောက်လာကြသည့် မြန်မာ့ဘုရားဖူးများဖြင့် စည်ကားလျက်ရှိနေပေသည်။


နန္ဒိယသူဌေးသည် မိဂဒါဝုန်တော၌ ကျောင်းဆောက်လှူဒါန်းသည့် ကျောင်းဒါယကာကြီးဖြစ်ပေသည်။ ထို့အတူမိဂဒါဝုန်မြန်မာကျောင်းတိုက်အတွင်း ပထမဦးဆုံး ကျောင်းဆောက်လှူဒါန်းသည့် ကျောင်းဒါယကာမှာ ဦးမြထွန်းဖြစ်ပေသည်။ ဦးမြထွန်းသည် (၁၉၁၀)ခုနှစ်တွင်ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ရာ ကျောင်းတိုက်တည်ထောင်ပြီး (၂)နှစ်အကြာတွင် ဆောက်လုပ်ခြင်းဖြစ်ပေသည်။ ကျောင်းတိုက်သည် အနှစ်(၁၀၀)၊ ဦးမြထွန်းကျောင်းဆောင်သည် (၉၈)နှစ်ပြည့်မြောက်ပြီးဖြစ်ပေသည်။ နန္ဒိယသူဌေးသည် ဗာရာဏသီမြို့၏ ထင်ရှားသောသူဌေးသူကြွယ်တစ်ဦးဖြစ်ပေသည်။ ဦးမြထွန်းသည် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်မှ ဖြစ်ပြီး ထင်ရှားသည့်သူဌေးတစ်ဦးမဟုတ်ပေ။ သို့သော်လည်း မြတ်ဗုဒ္ဓသာသနာအပေါ် အထူးသက်ဝင်ယုံကြည်သည့်စေတနာ သဒ္ဓါတရားကြွယ်ဝသူတစ်ဦး ဖြစ်ကြောင်း သူလှူဒါန်းသည့်ကျောင်းက ဖော်ပြနေပေသည်။ အမြော်အမြင်ကြီးမားသော ဆရာတော်ကြီး အဆက်ဆက်တို့၏ထိန်းသိမ်းစောင့်ရှောက်မှုကြောင့်ကျောင်းတိုက်ကြီးသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့ရာ အထူးသဖြင့် လက်ရှိပဓာနနာယက ဆရာတော်ဘဒ္ဒန္တဝဏ္ဏဇေ လက်ထက်၌ တစ်ဟုန်ထိုး တိုးတက်စည်ပင်လာခဲ့ပေသည်။ ကျောင်းတိုက်ကြီးမှာ နှစ်ပေါင်း (၁၀၀)ပြည့်မြောက်ပြီးဖြစ်သော်လည်း ဘဒ္ဒန္တဝဏ္ဏဇေ၏ကျွမ်းကျင်ထက်မြက်သော စီမံအုပ်ချုပ်မှုကြောင့် ဖြစ်ပျက်ဓမ္မတာသင်္ခါရဖြစ်မည့်သဘော ကိုပင်ပျက်ရယ်ပြုနေသယောင်ဟောင်းနွမ်းသည်ဟု ပင်မထင်ရပဲ တစ်နှစ်ထက် တစ်နှစ်ဆန်းသစ်တောက်ပြောင်၍သာ လာခဲ့ပေသည်။

အိန္ဒိယနိုင်ငံ၏ ခေတ်သစ်ဗုဒ္ဓဘာသာဆိုင်ရာ သမိုင်းသစ်အခန်းကဏ္ဍကို သို့မဟုတ် ဗုဒ္ဓဘာသာပြန်လည်ထွန်းကားလာသည့် ခေတ်တစ်ခေတ်ကို ဖန်တီးခဲ့သည့်ပုဂ္ဂိုလ်မှာ ဘဒ္ဒန္တစန္ဒြမဏိပင်ဖြစ်ပေသည်။ ထို့အပြင် ဘဒ္ဒန္တစန္ဒြမဏိတည်ထောင်ခဲ့သော မြန်မာ့ဂုဏ်ဆောင် မိဂဒါဝုန်မြန်မာကျောင်းတိုက်သည်လည်း တရားဦးဟောတော်မူရာ၊ သံဃာရတနာပေါ်ထွန်းရာ ပထမဦးဆုံး သာသနာပြုစေလွှတ်ခဲ့ရာ အစရှိသည့် အမြတ်ဂုဏ်ပုဒ်များစွာစုဝေးရာဖြာဒိတ်ရ မြေမြတ်မဟာ မိဂဒါဝုန်တော၌ နှစ်ပေါင်း(၁၀၀)တည်းဟူသော ကာလအပိုင်းအခြားတစ်ခုအဖြစ် သမိုင်းမှတ်တိုင် စိုက်ထူးနိုင်ခဲ့ပြီးဖြစ်ပေသည်။ သို့မဟုတ် မိဂဒါဝုန်တော၏ နှစ်ပေါင်း(၆၀၀)ကျော် ပြတ်တောက်ခဲ့ရသော ဗုဒ္ဓဘာသာသမိုင်းကို ဤမိဂဒါဝုန်မြန်မာကျောင်းတိုက်က သမိုင်းဆက်လိုက်ခြင်းပင်ဖြစ်ပေသည်။ သာသနာပြု မြန်မာရဟန်းတော်များရှိနေသမျှကာလပတ်လုံး တိုင်းခြားပြည်ခြား တိုင်းတစ်ပါး၌ မြန်မာ့ဂုဏ်ဆောင် မြန်မာ့ကျောင်းတိုက် တို့သည်လည်း တည်ရှိနေမည်သာ ဖြစ်ပေသည်။ မိဂဒါဝုန်မြန်မာကျောင်းတိုက်သည်လည်း ရာစုနှစ်တစ်ခုမှ ရာစုနှစ်ပေါင်းများစွာ တည်တံ့နေဦး မည်သာဖြစ်ပေသည်။ (မိဂဒါဝုန်မြန်မာကျောင်းတိုက်၏ နှစ် (၁၀၀) ပြည့် ရာပြည့်အထိမ်းအမှတ်အခမ်းအနားကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုပါသည်)။

**ဦးရာဇိန္ဒ(ကျောက်ဖြူ)**

# မိဂဒါဝုန်မြန်မာကျောင်း ရာပြည့်ပူဇော်ပွဲမှသည်…

**သာကီသွေး**




"ဘုရားရှင်တော် ပွင့်
ထွန်းပေါ်၍ ဟောဖော်ညွှန်ကြား
မြွတ်တရားကြောင့် ဤကား
ကုသိုလ် အကုသိုလ်နှင့်ထိုထိုဘုံ
ဘဝ သိကြရ များလှ ကျေးဇူး
တွေ"

ဒါက အကုသိုလ်လုပ်
ငန်း. အပြစ်ရှိတယ်။ မကောင်း

ကျိုးတွေကိုဖြစ်စေတတ်တယ်။ ဒါကြောင့် မလုပ်ကြနဲ့။ ဒါကတော့ ကုသိုလ်လုပ်ငန်း. အပြစ်ကင်းတယ်။ မိမိတို့ အသီးသီး လိုလားတောင်းတတဲ့ ကောင်းကျိုးတွေကို ဖြစ်ထွန်းစေတယ်။ ဒါကြောင့် ကြိုးစားပြီး လုပ်ဆောင်ကြ။ ဒီစခန်း. ဒီလမ်း. ဒီနည်းစနစ်အတိုင်း ကျင့်ကြံအားထုတ်ကြမယ်ဆိုရင် သတ္တဝါအသီးသီး ထိတ်လန့်ကြောက်ရွံ့ကြတဲ့ အို. နာ. သေ ဝဋ်ဆင်းရဲက လွတ်ကင်းနိုင်တယ် ... အစရှိသဖြင့် လူနတ်ပြဟ္မာ သတ္တဝါတွေ ကာလများစွာ တောင့်တနေတဲ့ မြတ်ဗုဒ္ဓရဲ့ "ဓမ္မရတနာ" တွေ စတင်မြစ်ဖျားခံ ရှင်သန်စီးဆင်းခဲ့တဲ့ မိဂဒါဝုန်။

မြတ်ဗုဒ္ဓရဲ့ မြတ်ဓမ္မဒေသနာတော်အတိုင်း ကိုယ်. နှုတ်. စိတ်ကံသုံးပါးအမူအရာကို စောင့်ထိမ်းလိုက်နာပြီး ကိုယ်တိုင်လည်း ကျင့်ကြံအားထုတ်၊ အဖိုးအနဂ္ဃထိုက်တန်တဲ့ ဓမ္မ. တရားရတနာအစုတွေ မတိမ်ကော မပပျောက် သင်အံ. ပို့ချ. ကျက်မှတ် လေ့လာဆည်းပူးနေကြတဲ့ မြတ်ဗုဒ္ဓရဲ့ ရင်နှစ်သည်းချာ "သံဃာရတနာ" သန္ဓေတည်ရှင်သန်မွေးဖွားခဲ့တဲ့မိဂဒါဝုန် ....။

ဘုရားရှင်တိုင်း မစွန့်လွှတ်အပ်သောလေးဌာန (အဝိဇဟိတ)၊ ဘုရားရှင်ကိုကြည်ညိုကိုးကွယ်သူတိုင်း သွားရောက်ပူဇော်ကန်တော့ထိုက်သော လေးဌာန (သံဝေဇနိယ) ဤကဲ့သို့ အဝိဇဟိတ. သံဝေဇနိယ နှစ်ခုလုံးတွင် ပါဝင်နေသော မိဂဒါဝုန် ....။

ယင်းကဲ့သို့ မြတ်ဗုဒ္ဓ၏ဘဝဖြစ်တော်စဉ်အကြောင်းခြင်းရာများစွာတို့နှင့် ဆက်စပ်ပတ်သက်နေသော သားမျိုးစုံပေါသည့် မိဂဒါဝုန်တောအုပ်ကြီး ....။

ယခင်နှင့်ယခု၊ ယနေ့နှင့်မနက်ဖြန်၊ အဟောင်းနှင့်အသစ် အရာအားလုံးတို့သည် အချိန်နှင့်တပြေးညီ ပြောင်းလဲလို့နေပါတယ်။ ဒါကပဲမြတ်ဗုဒ္ဓ၏ "သင်္ခါရ" သဘောတရားကို လက်တွေ့သက်သေပြနေခြင်းလို့ပဲ ဆိုရမှာဖြစ်ပါတယ်။ ထို့အတူ ယခင်က ဗာရာဏသီနှင့် ယခုဗာရာဏသီ၊ ယခင်ကမိဂဒါဝုန်နှင့် ယခုမိဂဒါဝုန်တို့လည်း ထပ်တူညီမျှ မရှိတော့ပြီ။ ယခင်က သားမျိုးစုံပေါသည့် မိဂဒါဝုန်တောအုပ်ကြီးသည် ယခုအခါမှာတော့ တိုက်တာ အဆောက်အဦတွေ. ကွန်ကရိ. ကတ္တရာလမ်းတွေနှင့် ခေတ်တစ်ခေတ်၏ သရုပ်သကန်ကို ဖော်ကျူးပြသလို့နေပါတယ်။

မြတ်ဗုဒ္ဓလက်ထက်ကကဲ့သို့သော တိတ်ဆိတ်မှု. ငြိမ်းချမ်းမှု. အေးမြမှု. "သက်ငြိမ်ရသ" ကို မခံစားနိုင်တော့သည်ကားအမှန်။ သို့သော်ခေတ်တစ်ခေတ်. ကာလတစ်ခု၏ ပစ္စက္ခပြရုပ်အဖြစ်မှန်ကိုကားငြင်းဆန်လို့ ရနိုင်မည် မဟုတ်ပေ။

ဤမိဂဒါဝုန်ဒေသမှာပဲ မြတ်ဗုဒ္ဓ၏မြတ်ဓမ္မများပြန့်ပွားဖို့ (သို့မဟုတ်) ဗုဒ္ဓသာသနာတော်တိုင်း ဒေသအသီးသီးသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေဖို့ အရှင်ယသအမှူးပြုသော ရဟန္တာခြောက်ကျိပ်ကို မြို့. ရွာ. ဇနပုဒ်အသီးသီးသို့သာသနာပြုစေလွှတ်ခဲ့ပါတယ်။

ဗုဒ္ဓသာသနာတော်ပြန့်ပွားဖို့ သာသနာပြု စတင်အစပျိုး စေလွှတ်ခဲ့တဲ့ ဟောဒီမိဂဒါဝုန်မှာ သာသနာ့မျိုးဆက်ပျောက်ကွယ်ဆိတ်သုဉ်းသွားခဲ့ရတယ်ဆိုလျှင် ယုံကြည်လက်ခံရန် လွန်စွာခက်ခဲပါတယ်။ ခက်ခဲပင် ခက်ခဲသော်ငြား ရာဇဝင်. သမိုင်း မှတ်တမ်းတွေ. ပိဋကတ်စာပေ အထောက်အထားတွေ. မဇ္ဈိမဒေသ



ခရီးသွားမှတ်တမ်းတွေ အရ မိဂဒါဝုန်အပါအဝင် မဇ္ဈိမ ဒေသကြီးတစ်ခုလုံး ထေရဝါဒ ဗုဒ္ဓသာသနာတော် စုန်းစုန်းမြုပ် ကွယ်ပျောက်ခဲ့ရတာကတော့ အမှန်ပါပဲ။ မဇ္ဈိမဒေသကြီး တစ်ခုလုံးမှာ ထေရဝါဒရဟန်း တော်များ ဆိတ်သုဉ်းခဲ့ရတာ ကိုတော့ ငြင်းကွယ်လို့မရ။ ခဇ္ဈိမဒေသကြီးတစ်ခုလုံးမှာ ခထေရဝါဒရဟန်းတော်များ အရိပ်အယောင်သော်မျှ မတွေ့ ၡတော့တာကြောင့် ဗုဒ္ဓဘာသာ ၁င် လက်ကျန်အနည်းစုတို့မှာ သူတို့၏သာရေး. နာရေး. ဘာ သာရေးကိစ္စများအတွက် အခက်အခဲရှိလာခြင်း၊ အနီး အနားမှ ဘာသာခြားတို့၏ စည်း ရုံး သိမ်းသွင်းခံရခြင်းတို့ကြောင့် မြတ်ဗုဒ္ဓပွင့်တော်မူရာဒေသကြီး တစ်ခုလုံးတွင် သာသနာတော် ကွယ်ပျောက်ပြီး ရဟန်းသံဃာ တစ်ပါးမျှ မရှိသလောက် ဖြစ် သွား ခဲ့ရပါတယ်။

ထေရဝါဒသာသနာ့ မျိုးဆက်ပြတ်သွားတဲ့ မဇ္ဈိမ ဒေသကို ပြန်လည် စည်ပင်ပြန့် ပွားအောင် ပြုလုပ်စွမ်းဆောင် ခဲ့သူကတော့ ဆရာတော် ဦးစန္ဒိမဏိပဲ ဖြစ်ပါတယ်။ ဗုဒ္ဓ ဘာသာသက်ဝင် ယုံကြည်သူ တစ်ဦးတစ်ယောက်မျှ မရှိသော ဘာသာခြားတွေကြားထဲမှာ ဆရာတော် ဦးစန္ဒိမဏိဟာ အတိုက်အခိုက် အနှောင့်အ ယှက် အခက်အခဲ၊ စားဝတ်နေ ရေး အခက်အခဲ၊ ရာသီဥတု အခက်အခဲ၊ ဘာသာ စကားအ ခက်အခဲ ... အဲဒီလို အခက်အခဲ ပေါင်းစုံကြားထဲက ဆရာတော် ဟာ ဗုဒ္ဓသာသနာတော် ပြန် လည် အမြစ်တွယ် ရှင်သန်လာ အောင် မဆုတ်မနစ် ကြိုးစား ဆောင်ရွက်ခဲ့ပါတယ်။

မဇ္ဈိမဒေသရဲ့အရေး ပါတဲ့မိဂဒါဝုန်၊ ကုသိနာရုံအရပ် တွေမှာ ကျယ်ဝန်းတဲ့ ကိုယ်ပိုင် မြေတွေရအောင် ကြိုးစားပြီး

သာသနိကအဆောက်အဦတွေ ဆောက်လုပ်ခဲ့ပါတယ်။ မြန်မာပြည်က ရောက်လာတဲ့ရဟန်းရှင်လူတွေ တည်းခို နေထိုင်ဖို့အတွက် များစွာအဆင်ပြေသွားပါတယ်။ ဆရာတော်ဦးစန္ဒိမာဂရဲ့ ဦးဆောင်လမ်းပြ သာသနာပြုမှုကြောင့် ယခုဆိုလျှင် မဇ္ဈိမဒေသမှာမြန်မာဘုန်းကြီးကျောင်းတွေ များစွာပေါ်ထွန်းလာခဲ့ပါပြီ။ ဗုဒ္ဓဘာသာဝင်တွေအတွက်လည်း ဘာသာရေးဆိုင်ရာ ကိစ္စအဝဝကို အဆင်ပြေလွယ်ကူစွာ ပြုလုပ်နိုင်ကြပြီ ဖြစ်ပါတယ်။

ဆရာတော်ဦးစန္ဒိမာဂ ဦးဆောင်တည်ထောင်ခဲ့တဲ့ မဇ္ဈိမဒေသ သာသနာ့အဆောက်အဦတွေထဲက ဗာရာဏသီမြို့ မိဂဒါဝုန်မှာရှိတဲ့ "ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်း" တည်ထောင်ခဲ့တာဟာ အခုဆိုရင် နှစ်ပေါင်း (၁၀၀)ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။

"ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်း" အခုလို နှစ်ပေါင်း(၁၀၀) ပြည့်သည်ထိ သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်နိုင်အောင် ဆရာတော်ဦးစန္ဒိမာဂ၊ ဆရာတော်ဦးကိတ္တိမ၊ ဆရာတော်ဦးတိက္ခိန္ဒြိယတို့မှသည် ယခုလက်ရှိ "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဦးဝဏ္ဏဓဇ"တို့က သာသနာချစ်စိတ်အပြည့်အဝဖြင့် ကြိုးပမ်းစွမ်းဆောင်ခဲ့ကြခြင်းကြောင့် ဖြစ်ပါတယ်။

ယခင် ဆရာတော်များရဲ့ မိဂဒါဝုန်မြန်မာကျောင်းဆိုင်ရာ လုပ်ဆောင်ချက်များကို မသိမိလိုက်သော်လည်း ယခုလက်ရှိ မိဂဒါဝုန်မြန်မာကျောင်းဆရာ တော်ဦးဝဏ္ဏဓဇရဲ့ ခံယူချက်၊ လုပ်ဆောင်ချက်နဲ့ စိတ်ဓာတ်တွေကိုတော့ ဂုဏ်ယူအသိအမှတ်ပြုရမှာဖြစ်ပါတယ်။ သိသာတဲ့အချက်တစ်ခုကတော့ ဆရာတော် ဦးဝဏ္ဏဓဇဟာ အလွန်ဘုန်းကံကြီးမားသူဖြစ်တယ်ဆိုတာပါပဲ။ ရှေးဘုန်းရှေးကံ ကြီးမားသလို ရိုးသားမှု(ရိုးဂုဏ်) ဆိုတဲ့အချက်ဟာလည်း ဘုန်းကံကြီးမားခြင်းအကြောင်းခြင်းရာတွေထဲမှာ ပါဝင်ပါတယ်။

ဒါ့အပြင် ဆရာတော်ဦးဝဏ္ဏဓဇဟာ ဂါရဝ, နိဝါတတရားအပြည့်အဝ ရှိသလို ဆိုင်ရာဆိုင်ရာ ပညာရှင်တို့ အပေါ်မှာလည်း နိဝါတ, နိမာန အပြည့်နဲ့ ဆက်ဆံလေ့ရှိတာကို တွေ့ရတယ်။ ဒါကြောင့်လည်း သူလုပ်ကိုင်ဆောင်ရွက်လိုတဲ့အရာမှန်သမျှ အခက်အခဲမရှိ အလွယ်တကူ ပြီးစီးအောင်မြင်သွားတာကို တွေ့ရပါတယ်။ လက်တွေ့သာဓကအားဖြင့် အလွန်ကြီးကျယ်ခမ်းနားတဲ့ မိဂဒါဝုန်မြန်မာကျောင်းနှစ်တစ်ရာပြည့်ပူဇော်ပွဲကြီးက သက်သေခံနေပါတယ်။


နိုင်ငံအသီးသီးက ကြွရောက်လာကြသော ပင့်သံဃာ (၁၀၈)ပါးနှင့် နိုင်ငံအသီးသီးက ရောက်ရှိလာသော ဧည့်ပရိသတ်ပေါင်းများစွာတို့ကို တာဝန်ယူပြုစု စောင့်ရှောက်ထားရသည့်တာဝန်မှာ အမြင်လွယ်သလောက် လက်တွေ့လုပ်ရတာခက်ခဲလှပါတယ်။ ရန်ကုန်ကစာရေးသူနှင့် လှုရတနာဆရာတော်၊ ဒေါ်လှဲ့လှဲ့အေး (မန္တလာမေကားအသင်း)၊ ဒေါ်သီသီဝင်း အပါအဝင် အမေရိကန်က ကြွရောက်လာသော ဆရာတော်များအဖွဲ့ကို ဘုရားဖူးအဖွဲ့များမည်သူမျှ မရောက်နိုင်သေးသော သံသုမာဂီရိမြို့ဟောင်းနှင့် ယောသိတာရုံကျောင်းတော်ရာ၊ ကုက္ကုဋာရုံကျောင်းတော်ရာနေရာများကို တကူးတကပို့ဆောင်ပေးခဲ့ပါသေး တယ်။

ယခင်အခေါက်များကမရောက်ဖြစ်ခဲ့သော နေရာဌာနများကို ရောက်ရှိခဲ့ရသောကြောင့် မိဂဒါဝုန် ဆရာတော်အား ကျေးဇူးတင်မဆုံးဖြစ်ရပါတယ်။

မိဂဒါဝုန် မြန်မာကျောင်းနှစ်တစ်ရာပြည့် ပူဇော်ပွဲမှာ အခမ်းအနား ပြင်ဆင်စရိတ်၊ ကျွေးမွေးစရိတ်၊ ခရီးစရိတ်၊ ပင့်သံဃာတော်များအတွက် လှူဖွယ် ပစ္စည်းဝတ္ထု၊ ဟိုတယ်စရိတ် ... စသည်ဖြင့် ငွေကြေးများစွာ ကုန်ကြမှာကတော့ အသေအချာပါပဲ။ နှစ်တစ်ရာပြည့်ပူဇော်ပွဲအထိမ်းအမှတ် မဂ္ဂဇင်းအတွက် ကုန်ကျစရိတ်ကပဲ ကျပ်သိန်းတစ်ရာကျော်ကုန်ကျတယ်လို့ သိရပါတယ်။ သာမန် ဘုန်းကံကြီးမားယုံမျှလောက်နဲ့ ဒီလိုခမ်းနားကြီးကျယ်တဲ့ အခမ်းအနားမျိုး ပြုလုပ်နိုင်ဖို့ မလွယ်ကူပါ။

ရာပြည့် ပူဇော်ပွဲ အခမ်းအနားကို မြန်မာလိုနှင့် အင်တာနေရှင်နယ်လို ဆိုပြီး (၂)ရက် ကျင်းပပါတယ်။ ဖေဖော်ဝါရီလ (၂၇)ရက်နေ့မှာ နိုင်ငံအသီးသီးက ရောက်ရှိလာကြတဲ့ မြန်မာပရိသတ်များအတွက်ရည်ရွယ်ပြီးမြန်မာလိုပဲ သီးသီး သန့်သန့် မြန်မာ့ဟန်. မြန်မာ့ရနံ့.မြန်မာ့အငွေ့အသက် အပြည့်အဝနဲ့ ဂါထာ. ရတု. တေးထပ်များ မြိုင်မြိုင်ဆိုင်ဆိုင် ရွတ်ဖတ်သီဆို ပူဇော်မှုတွေနဲ့ အားပါးတရဆင်နွှဲခဲ့ကြပါတယ်။

ဖေဖော်ဝါရီ (၂၇)ရက် ညပိုင်းမှာတော့ မြန်မာ့ဟန်. မြန်မာ့အငွေ့အသက်. မြန်မာ့ဂီတကို တမ်းတမ်းတတ. မက်မက်မောမော နားဆင်လိုကြတဲ့ နိုင်ငံအသီးသီးက ရွှေမြန်မာပရိသတ်များအတွက် နိုင်ငံကျော်အဆိုတော်များဖြစ်ကြတဲ့ မန္တလေးသိန်းဇော်နဲ့ ပိုးအိစံတို့က မမောနိုင် မပန်းနိုင် အားပါးတရ သီဆိုဖျော်ဖြေပေးပါတယ်။ ညဥ့်သန်းခေါင်ထိ ရွှေမြန်မာပရိသတ်တွေ မပြန်နိုင်လို့ မနည်းကြီး အားနာပါးနာနဲ့တောင်းပန်ပြီး စိတ်မ



ကောင်းခြင်းကြီးစွာနဲ့ ရပ်နားခဲ့ရပါတယ်။

ဖေဖော်ဝါရီ(၂၈)ရက်နေ့မှာတော့အင်တာနေရှင်နယ်အခမ်းအနား ဖြစ်တာနဲ့အညီ အခမ်းအနားအစအဆုံး(ဘို)လို ပြောကြပါတယ်။ အခမ်းအနားအစအဆုံး(ဘို)လိုပြောကြတာ ဖြစ်လေတော့ အခမ်းအနားမှူးလုပ်မည့်သူကလည်း ပေါ့သေးသေးဖြစ်လို့မရပါဘူး။ ဒါကြောင့် အင်္ဂလန်တက္ကသိုလ်က ပါရဂူဘွဲ့ရယူထားတဲ့ဘဒ္ဒန္တဒေါက်တာဓမ္မသာမိက အခမ်းအနားမှူးအဖြစ် ဆောင်ရွက် ပါ တယ်။

အင်တာနေရှင်နယ် အခမ်းအနားအစီအစဉ်မှာ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာထေရဝါဒတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်ဘဒ္ဒန္တဒေါက်တာနန္ဒမာလာဘိဝံသ၊ ရာဇဂြိုဟ်.တရုတ်ကျောင်းဆရာတော်ဘဒ္ဒန္တဒေါက်တာပညာလင်္ကာရ၊ ကုသိနာရုံဆရာတော်ဘဒ္ဒန္တ ဒေါက်တာဉာဏိဿရ၊ အမေရိကန်နိုင်ငံမှ ဘဒ္ဒန္တသဒ္ဓန (ဒွိပိဋကဓရ)၊ ဘဒ္ဒန္တဉာဏဝရနှင့် မိဂဒါဝုန်မြန်မာကျောင်းဆရာတော်ဦးဝဏ္ဏဓဇ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီးဦးကြည်သိန်း၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးမြင့် အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ဗာရာဏသီမြို့တော်ဝန် ကောင်ဆဲလန်ဆင်း(လ်) အစရှိသူတို့က သမိုင်းမှတ်တမ်းတွေ ပိဋကတ်ပါဠိတော်မှာလာတဲ့ မိဂဒါဝုန်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ၊ ဝမ်းသာစရာတွေ.ဂုဏ်ယူစရာတွေ.ပီတိဖြာစရာတွေ.,ကြည်နူးစရာတွေကိုစိတ်ပါလက်ပါတက်တက်ကြွကြွ အားပါးတရ ပြောကြားသွားကြပါတယ်။

ဖေဖော်ဝါရီ(၂၈)ရက် ညနေ(၄)နာရီခန့်ကစပြီး ညဥ့်နက်သန်းခေါင် စာရေးသူအိပ်ပျော်သွားသည်ထိ မပြီးသေးသော (ဖိုးဆိုချင်အဖွဲ့) အဲလေ ယောင်လို့ ဗာရာဏသီမြို့ စင်တင်တေးဂီတနဲ့ အကအဖွဲ့က အိန္ဒိယတေးသံသာတွေနဲ့ ဆိုလိုက်.ကလိုက်၊ ကလိုက်.ဆိုလိုက်နဲ့ အမောမဖောက်နိုင်အောင် တောက်လျှောက် ဆိုသွားကြပါတယ်။ အိန္ဒိယ တေးဂီတတီးဝိုင်းကို အနီးကပ်ကြည့်ရရိက် အသေအချာ လေ့လာကြည့်တော့ တူရိယာပစ္စည်းဆိုလို့ဟုတ်ဟုတ်ပြောပြော၊ဗုံရှည်လေးနှစ်လုံးနဲ့ အော်ဂင် တစ်လုံးပဲ ပါပါတယ်။

ဒီတူရိယာပစ္စည်းလေးနှစ်မျိုးကို အမှာခံထားပြီး ညနေ(၄)နာရီ လောက်ကနေ ညဥ့်နက်သန်းခေါင်ထိ မအိပ်ချင်အောင် ဆွဲဆောင်သွားနိုင်တာကလည်း အံ့မခန်းပါပဲ။ အနုပညာဆိုတာ ဘယ်လို အနုပညာပဲဖြစ်ပါစေ ရသ.မြောက်ရင် ဆွဲဆောင်မှုရှိတယ်ဆိုတာ မျက်မြင်ကိုယ်တွေ့မို့ မယုံလို့မရတော့တဲ့ အနေအထားလို့ဆိုရမှာပါ။

မိဂဒါဝုန် မြန်မာကျောင်းတော်ကြီး ရာပြည့်ပူဇော်ပွဲမှာ ဆရာတော်ဦးဝဏ္ဏဓဇရဲ့ဘုန်းကံကြောင့် ဗာရာဏသီကို မဖြစ်မနေရောက်လာခဲ့ပြီး ထူးထူး ခြားခြား သတိထားမိလောက်အောင် အလုပ်ရှုပ်ကြရတဲ့သူတွေကတော့ ဦးဉာဏဗလနှင့် ကျောင်းရှိသံဃာတော်များ၊ ဒေါက်တာရာဇိန္ဒ (မင်္ဂလာကံယုံ)၊ ဒေါ်သဇင်မြင့်အောင်တို့သားအမိ (အောင်ချမ်းသာ)၊ နီပေါနိုင်ငံက သီလရှင် ဆရာလေးသုံးပါး(တကူးတကလာပြီး လုပ်အား အလှူလာလှူခြင်းဖြစ်)၊ ဒေါ်လဲ့လဲ့အေး (မန္တလာ

မေကားအသင်း) နှင့် ဒေါ်သီသီဝင်း(မန္တလေး) တို့နှစ်ဦးကလည်း ဘုရားဖူး မဟုတ်ဘဲ ရာပြည့်ပူဇော်ပွဲကိုပဲအာရုံပြုပြီး၊ သီးသီးသန့်သန့် ရောက်လာခြင်းဖြစ်တယ်လို့ သိရပါတယ်။ ကျောင်းဝင်းအတွင်း မနားတမ်း လှုပ်ရှားသွားလာ လုပ်ကိုင်နေကြတဲ့ သူတို့ရဲ့ ပုံရိပ်တွေက နေရာအနှံ့ မမြင် ချင်မှ အဆုံးပါ။ ဒါကြောင့်လည်း သူတို့တစ်တွေကို ထူးထူး ခြားခြား သတိထားမိခဲ့ခြင်းဖြစ် ပါတယ်။

အောင်မြင်ခြင်း၏အရင်းခံအကြောင်းဖြစ်သော ကောင်းတာကြံ့. ကောင်းတာပြော. ကောင်းတာလုပ် ဟူသော ကောင်းသောကံ အမှုအရာသုံးမျိုးကို ပြည့်စုံအောင် ဖြည့်တင်းထားကြရမှာဖြစ်ပါတယ်။ အဲဒီလို ကောင်းတဲ့ကံအမှုအရာအားလုံး ဖြည့်တင်းလာတာ အချိန်ကြာလာတာနဲ့ အမျှ ကောင်းတဲ့အရှိန်အဟုန်တွေ မိမိတို့ထံ အသီးသီး အသော့နှင် ရောက်ရှိလာကြမှာဖြစ်ပါတယ်။

**အောင်မြင်လိုလျှင် အောင်မြင်ခြင်း၏**
**အရင်းခံအကြောင်းဖြစ်သော ကောင်းတာကြံ့,**
**ကောင်းတာပြော, ကောင်းတာလုပ် ဟူသော ကောင်းသောကံ**
**အမှုအရာသုံးမျိုးကို ပြည့်စုံအောင်**
**ဖြည့်တင်းထားကြရမှာဖြစ်ပါတယ်။**


မည်သို့ဆိုစေ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ မိဂဒါဝုန်မြန်မာကျောင်း တိုက်ကြီး၏ နှစ်တစ်ရာပြည့် ပူဇော်ပွဲကား အောင်မြင်စွာ ပြီးဆုံးခဲ့ပါပြီ။ စာဖတ် သူတို့တစ်တွေလည်း မိမိတို့၏ဆိုင်ရာအမှုကိစ္စအားလုံးမှာ အောင်မြင်မှုတွေ လိုချင်. ရချင်. ကြမည်သာ။ အောင်မြင်လိုလျှင် ကောင်းတဲ့ပါရမီကုသိုလ်ကံရှိတဲ့သူထံကိုကောင်းတဲ့အရာ.ကောင်းတဲ့ပုဂ္ဂိုလ်တွေ ရောက်ရှိလာစမြဲပါ။ ဗုဒ္ဓဂယာ မဟာဗောဓိညောင်ပင်ရင်းမှာ သဗ္ဗညုတဉာဏ်တော်ကိုရပြီး ဂေါတမဗုဒ္ဓ အဖြစ်သို့ ရောက်ရှိခဲ့တဲ့ မြတ်စွာဘုရားဟာ သူ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ပြီးမှ ရရှိထားတဲ့ တရားဓမ္မတွေကို အဦးဆုံး ဘယ်သူ့ကိုဟောရမလဲ။ ငါဘုရားရဲ့တရားကို နာယူပြီးတာနဲ့ တရားထူး ရရှိနိုင်လောက်တဲ့ပါရမီ ပြည့်ပြီးသူ ဘယ်သူတွေရှိသလဲလို့လောကကြီးကို ဆင်ခြင်ကြည့်ရှုလိုက်တဲ့အခါမှာ ဗာရာဏသီ. မိဂဒါဝုန်တောမှာနေတဲ့ ကောဏ္ဍညအမှူးပြုတဲ့ ပဉ္စဝဂ္ဂီငါးဦးကို သွားတွေ့ပါတယ်။

ဒါကြောင့် ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်ကနေ ဗာရာဏသီ. မိဂဒါဝုန်ကို ခြေလျင်ခရီးကြွတော်မူပါတယ်။ ဆိုလိုတာက မိမိထံမှာ ကောင်းတဲ့ပါရမီတွေပြည့်နေမည်ဆိုပါက ဘုရားရှင်ကတောင်မှ လာရောက်တရားဟောပေးရပါတယ်။ စာရေးသူနှင့် စာဖတ်သူတို့အားလုံးသည်လည်းကောင်းတဲ့ပုဂ္ဂိုလ်နဲ့ တွေ့ဆုံခွင့်ရပြီးကောင်းတဲ့တရားဓမ္မတွေ ကြားနာခွင့်ရအောင် ကောင်းတဲ့ ကံသုံးပါး အမှုအရာ (ကောင်းကံ)တွေ ကြိုးစားပြုလုပ်သွားကြပါစို့ဟု တိုက်တွန်း ဆန္ဒပြုရင်း ....။

မေတ္တာဖြင့်
သာကီသွေး

# သင်္ကန်း၏အရှိန်အဝါ

အရှင်တိလောကာဘိဝံသ(အင်းစိန်)




သင်္ကန်း - ဟူသော ဝေါဟာရမှာ ရဟန်း, သာမဏေများ ဝတ်ရုံသည့်ဝတ်စုံကို ခေါ်ခြင်းဖြစ်သည်။ စီဝရ - ဟူသော ပါဠိဘာသာကို မြန်မာပြန်ထားခြင်းလည်းဖြစ်သည်။ လူတိုင်း မရှိ/မဖြစ် လိုအပ်သော စား, ဝတ်, နေရေး, ကျန်းမာရေး အတွက် မြတ်စွာဘုရား ခွင့်ပြုခဲ့သော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး - ပစ္စည်းလေးပါးတွင်ပါဝင်သော ပစ္စည်းတစ်မျိုးဖြစ်သည်။ ဖန်ရည်စွန်းသော အဝတ်ဟုလည်း ခေါ်သည်။

အဝတ်အစားသည် အသွင်အပြင် တစ်မျိုးဖြစ်သည်။ အရာဝတ္ထု တိုင်းမှာ ...

၁။ အဆင်း -
အဆင်းသဏ္ဌာန်၊
၂။ အချင်း -
အရည်အချင်း
ဟု နှစ်မျိုးရှိသည်။

ရှင်သာမဏေဝတ်ရာ၌ ...
၁။ ဆံရိပ်ခြင်း၊
၂။ သင်္ကန်းဝတ်ခြင်း၊
၃။ သရဏဂုံယူခြင်း
ဤ ၃-ချက် လိုအပ်သည်။

ဤ ၃-ချက်တွင် ရှေ့ ၂-ချက်သည် ရှင်သာမဏေ အဆင်းသဏ္ဌာန် ဖြစ်အောင် ပြုခြင်းဖြစ်သည်။ သရဏဂုံယူခြင်းသည် ရှင်သာမဏေ အရည်အချင်းပြည့် အောင် ပြုခြင်းဖြစ်သည်။

ဤနေရာ၌ စာရေးသူ တင်ပြလိုရင်းမှာ သင်္ကန်း၏ အရှိန်အဝါအကြောင်းကိုတင်ပြ လိုရင်းဖြစ်သည်။ ဆဒ္ဒန္တဇာတ်တော်၌ သောနုတ္တိုရ်မုဆိုး သည် မြေကြီးတွင်းထဲမှာနေ၍ ဆဒ္ဒန်ဆင်မင်းကို မြားဖြင့်ပစ်သည်။ ဆဒ္ဒန်ဆင်မင်းက အောက်မှ ပစ်ကြောင်း သိသဖြင့် မြားဖြင့် ပစ်သူကို သတ်ရန် မြေကြီးကို နှာဖြင့် တူးယပ်လိုက်သောအခါ သင်္ကန်းဝတ်ရုံထားသော သောနုတ္တိုရ်မုဆိုးကိုတွေ့သည်။ အရဟဒ္ဓဇခေါ် သင်္ကန်းဝတ် ရုံထားသူကို မသတ်ထိုက်ဟု ယူဆကာ သောနုတ္တိုရ်မုဆိုးကို အသက်ဘေးမှ ချမ်းသာပေး လိုက်သည်။ ဒုတိယ ပါရာဇိက သိက္ခာပုဒ်လာ အရှင်ဓနိယရာဇ ဝတ်ဘေးမှ လွတ်မြောက်ရခြင်း မှာလည်း အရိယာဖြစ်သူ ဗိမ္ဗိသာရမင်းကြီးသည် သင်္ကန်း အပေါ်မှာ ရိုသေ လေးစားခြင်း ဟူသော သင်္ကန်း၏အရှိန်အဝါ ကြောင့်ပင် ဖြစ်သည်။

## ရဟန်းသီလမရှိသူ ဖြစ်စေကာမူ သင်္ကန်းဝတ်ထားသူကို အရိယာ သူတော်ကောင်းအမှတ်ဖြင့်ရှိခိုးလျှင် (သို့မဟုတ်) လှူဒါန်းလျှင် အကျိုးများစွာရနိုင်သည်။

ရဟန်းသီလမရှိသူ ဖြစ်စေကာမူသင်္ကန်းဝတ်ထားသူ ကို အရိယာ သူတော်ကောင်း အမှတ်ဖြင့် ရှိခိုးလျှင် (သို့မဟုတ်) လှူဒါန်းလျှင် အကျိုးများစွာ ရနိုင်သည်။

လူနှင့်ရဟန်း သီလမရှိသော ဒုဿီလအဖြစ် တူစေကာမူ လူဒုဿီလ ထက် ရဟန်း ဒုဿီလက ဘုရား, တရား, သံဃာ, သီတင်းသုံးဖော်တို့၌ ရိုသေခြင်း၊ ပါဠိ, အဋ္ဌကထာ

သင်ယူအားထုတ်ခြင်း၊ ဘုရားစကားကို နာယူမှုများခြင်း၊ အရိယာအသွင်ကိုဆောင်ခြင်းစသော ဂုဏ်(၁၀)ပါးဖြင့် သာလွန်သည်။ ရေသည် နောက်ကျိစေကာမှု ညွန်ပျောင်း, ရွှံ့ကြမ်းစသည့် အညစ်အကြေးများကို ပယ်နိုင်သကဲ့သို့လည်းကောင်း၊ ရေသည် ကြိုက်ကြိုက်ဆူစေကာမူ မီးကို ငြိမ်းသက်နိုင်သကဲ့သို့လည်းကောင်း၊ ဘောဇဉ်သည် အရသာမရှိစေကာမူ ဆာလောင်မှုကို ပယ်ဖျောက်နိုင်သကဲ့သို့လည်းကောင်း သင်္ကန်း၏ အရှိန်အဝါကြောင့် (ဝါ)သင်္ကန်းဝတ်ထားသဖြင့် ဂုဏ် (၁၀)မျိုးဖြင့် အလှူကို ထမြောက် စေနိုင်၏။ (မိလိန္ဒ - ၂၄၉ - ၂၅၀)

လူ့ဘဝဖြင့် ရဟန္တာဖြစ်သူသည် ရဟန္တာဖြစ်သည့်နေ့မှာပင် သင်္ကန်းဝတ်၍ရဟန်းဘဝပြောင်းလိုက်လျှင် ဆက်လက်သက်တမ်းစေ့ နေနိုင်သည်။ သင်္ကန်းမဝတ်ဘဲနေလျှင် (သို့မဟုတ်) ရဟန်းဘဝမပြောင်းလျှင် ယင်းနေ့မှာပင် ပရိနိဗ္ဗာန်စံ (သေဆုံး) သွားမည်။ ရဟန္တာဖြစ်သွားသူသည် ရဟန်းအရည်အချင်း ပြည့်ဝပြီးသာဖြစ်နေသည်။ ရဟန်းအသွင်ရောက်အောင် သင်္ကန်းဝတ်ဖို့သာ လိုသည်။ လူဝတ်. လူစားကရဟန္တာဂုဏ်ကိုမထမ်းဆောင်နိုင်ခြင်းကြောင့် ရဟန္တာဖြစ်သူသည် ယင်းနေ့မှာ သင်္ကန်းမဝတ်လျှင် ပရိနိဗ္ဗာန်စံ (သေဆုံး) သွားရခြင်းဖြစ်သည်။

ဘုရားလက်ထက်က ဘုရားရှင်၏ တရားနာရ၍ ရဟန္တာဖြစ်သွားသူ များသည် ဘုရားထံမှာ ရဟန်းပြုခွင့်တောင်းကြသည်။ ဘုရားရှင်သည် အတိတ်သံသရာက သပိတ်.သင်္ကန်း လှူဒါန်းခဲ့ဖူးသည့် ပါရမီရှင်များကို ဧဟိဘိက္ခုဟု ခေါ်၍ ရဟန်းပြုပေးသည်။ ဘုရားရှင်က ဧဟိဘိက္ခုဟု မြွက်လိုက်သည်နှင့် တစပြိုင်နက် ချက်ချင်းလက်ငင်း ရဟန်းအသွင်ရောက် သွားသည်။ တစ်ချို့ကိုလည်းသပိတ်. သင်္ကန်းရှာခိုင်းပြီး ရဟန်းပြုပေးသည်။ တစ်ချို့မှာတော့ အချိန်မီ သပိတ်. သင်္ကန်း မရခြင်းကြောင့် နေ့မကူးမီ ရဟန်းဘဝမရဘဲ ပရိနိဗ္ဗာန်စံ သွားကြရသည်။ ဤသည်ကို ထောက်ရှုလျှင် သင်္ကန်းသည် ရဟန္တာဖြစ်သူ၏ အသက်ကိုပင် ထိန်းထားနိုင်ကြောင်း သိမှတ်ရမည်။ သင်္ကန်းကို အရဟဒ္ဓဇ (ကာသိဒ္ဓဇ) ရဟန္တာ(ရသေ့. ရဟန်း)၏ အလံတံခွန်ဟု ခေါ်ရာ၌ ဆိုခဲ့ပြီးသော အကြောင်းလည်း တစ်နည်းတစ်ဖုံ ပါဝင်ကောင်း ပါဝင် နိုင်သည်။

ဉပါလိထေရအပဒါန်၌ ဖန်ရည်စွန်းသော အဝတ်သင်္ကန်းကို လမ်း၌ စွန့်ပစ်ထားစေကာမူ. မစင်လိမ်ကျံနေစေကာမူ လက်အုပ်ချီမိုး ရှိခိုးထိုက်သည်ဟု မိန့်ဆိုထားသည်။ တတိယပါရာဇိက အဋ္ဌကထာ၌ သင်္ကန်းစသော ရဟန်းတို့၏ အသုံးအဆောင်ပစ္စည်းများသည် အိမ်နေသူလူတို့၏စေတီအရာ၌ တည်သည်ဟုမိန့်ဆိုထားသည်။

သမ္မုတိ သံဃာ - ဟူသည် မြတ်စွာဘုရား၏ ဝိနည်းပညတ်ချက်အရရဟန်းဖြစ်လာသူများတည်း။ ထိုသမ္မုတိသံဃာတော်များမှ ရဟန်းခံကမ္မဝါရွတ်ဖတ်ပြီးသည် နှင့်တစ်ပြိုင်နက် ...

၁။ အဆင်း -
သင်္ကန်းဝတ်ထားသည့်အတွက် ရဟန်း၏အဆင်းသဏ္ဍာန်နှင့်လည်း ပြည့်စုံနေသည်။

၂။ အချင်း -
အဓိသီလသိက္ခာဟူသော အရည်အချင်းများ

လည်းပြည့်စုံနေသည်။

ရှင်.ရဟန်း၏ အသွင်အပြင် အဆင်းသဏ္ဌာန်ကို ပါဠိဝေါဟာရဖြင့် လိင် ဟု ခေါ်သည်။ ထိုလိင်ခေါ်ရှင်.ရဟန်း၏ အသွင်အပြင် အဆင်းသဏ္ဌာန်ကို ဆရာဥပဇ္ဈာယ်၏ ခွင့်ပြုချက်ဖြင့်သာ ရယူနိုင်သည်။ ဆရာဥပဇ္ဈာယ်၏ ခွင့်ပြုချက် မရှိဘဲ မိမိဘာသာ ရယူသူကို လိင်ထေနက (ရှင်.ရဟန်း၏အသွင်အပြင် အဆင်းသဏ္ဌာန်ကိုခိုးယူသူ) ဟုခေါ်သည်။ ရှင်.ရဟန်း၏အသွင်အပြင်အဆင်းသဏ္ဌာန်ကို ခိုးယူသူသည် နောင်အခါ ရှင်. ရဟန်းအဖြစ် ရယူခွင့်မရှိတော့။ ဝိနည်းကံအရ ရှင်.ရဟန်း၏အသွင်အပြင် အဆင်းသဏ္ဌာန်နှင့် အဓိသီလ သိက္ခာတရားဝင် ရရှိပြီးသောသူသည် ...

၁။ ပါရာဇိကပြစ်မှုကိုလည်း မလွန်ကျူးလျှင်သော်လည်းကောင်း၊


၂။ သိက္ခာလည်း မချလျှင်သော်လည်းကောင်း ...

သင်္ကန်းကို အတင်းဆွဲချွတ်ခံရစေကာမူ (သို့မဟုတ်) လူဝတ်.လူစားဝတ်နေစေကာမူ ထိုသူသည် ရဟန်းဖြစ်နေမည်သာ ဖြစ်သည်။ သိက္ခာလည်း မကျ၊ ရဟန်းဘဝလည်း မဆုံးရှုံးပါ။

### သင်္ကန်းလှူရကျိုးများ

၁။ အဆင်းလှပစေသော အလှူမျိုးဖြစ်၍ ဥမ္မာဒန္တီ. ပပဝတီတို့ကဲ့သို့ အဆင်းလှပခြင်း အကျိုးရစေသည်။ (သံ-၁-၂၉)

၂။ ဘေးရန်ကာကွယ်ရန်. ကိုယ်အင်္ဂါကို ဖုံးလွှမ်းရန် အလှူမျိုးဖြစ်၍ ဘေးရန်ကင်းခြင်း လှပခြင်း အကျိုးများ ရစေသည်။ (မ-၁-၁၃)



**ရဟန်းသီလမရှိသူ ဖြစ်စေကာမူ သင်္ကန်းဝတ်ထားသူကို အရိယာ သူတော်ကောင်းအမှတ်ဖြင့်ရှိခိုးလျှင် (သို့မဟုတ်) လှူဒါန်းလျှင် အကျိုးများစွာရနိုင်သည်။**

၃။ အမျိုးသားများမှာ ဗောဓိဘိက္ခု ရဟန်းဖြစ်ရခြင်း၊ အမျိုးသမီးများမှာ ဝိသာခါ. မလ္လိကာတို့ကဲ့သို့ မဟာလတာတန်ဆာ (ထူးခြားသော ရတနာတန်ဆာ) ရခြင်း အကျိုးများ ရရှိနိုင်သည်။

ဤဖော်ပြခဲ့ပြီးသော သင်္ကန်းလှူခြင်း၏ အကျိုးများ


မှာ အနည်းငယ်မျှ ဖော်ပြခြင်းဖြစ်သည်။ အခြားသော မြောက်မြားစွာသော အကျိုးများလည်း မဖော်ပြနိုင်အောင် ရှိပေမည်။

### သင်္ကန်းမရအောင် ပြစ်မှားမိသောအပြစ်

အလှူခံအတွက် အဝတ် သင်္ကန်းလှူရခြင်းအကျိုး ကြီးမြတ်သလို အဝတ်သင်္ကန်း မရအောင်၊ မဝတ်ရအောင် ပြစ်မှားသော အပြစ်လည်း ကြီးလှပေသည်။

### စိတ္တဟတ္ထိသာရိပုတ္တ၏ ဝငှ်ကြွေး

ယခု ဂေါတမမြတ်စွာဘုရား သာသနာတော်၌ ဆင်ဆရာ၏သားဖြစ်သူ စိတ္တ ဟတ္ထိသာရိပုတ္တမည်သော မထေရ်တစ်ပါးရှိသည်။ ထိုမထေရ်သည် နက်နဲသော ပညာရှင်လည်းဖြစ်သည်။ အဘိဓမ္မာအရာ၌ ကျွမ်းကျင်လိမ္မာသူ ပဋိသမ္ဘိဒါပတ္တရဟန္တာ မထေရ်ကြီးတစ်ပါးလည်းဖြစ်သည်။ သူသည် ဝငှ်ကြွေးတစ်ခုကြောင့် ၇-ကြိမ် လူထွက်ပြီးမှ သာသနာ့ဘောင်မှာမြဲသွားသူမထေရ်တစ်ပါးဖြစ်သည်။ သူ၏ ၇-ကြိမ် လူထွက်ရသော ဝငှ်ကြွေးမှာ ...



ကဿပမြတ်စွာဘုရားလက်ထက်တော်အခါက သူငယ်ချင်း ရဟန်းနှစ်ပါးအတူနေကြသည်။ တစ်ပါးကလူထွက်ချင်၍ သူ့ကိုတိုင်ပင်သောအခါ သူကလူ့ဘဝမကောင်းကြောင်းများ ဟောပြော. ပြသ သဖြင့် လူထွက်လိုသော ရဟန်း လူမထွက်ဖြစ်တော့။ နောက်အတန်ကြာသောအခါ လူထွက်လိုကြောင်း နောက်ထပ် တိုင်ပင်ပြန်သည်။ ငါလူထွက်ဖြစ်လျှင် ငါ၏သပိတ်. သင်္ကန်းကို သင့်အား လှူခဲ့မည်ဟု ပြောပြ၍ တိုင်ပင်သည်။ အတိုင်ပင်ခံရဟန်းသည် သပိတ်. သင်္ကန်းရလိုဇောဖြင့် လူထွက်ရန် တိုက်တွန်းမိသည်။ သို့သော် ထိုရဟန်း လူမထွက်ဖြစ်၊ ထိုလူထွက်အောင် တိုက်တွန်းမိခဲ့သော ဝငှ်ကြွေးလေးသည် မပြောပလောက်ဟု ထင်ရသော်လည်း ယခုစိတ္တဟတ္ထိသာရိပုတ္တအမည်ဖြင့် ရဟန္တာဖြစ်မည့်ဘဝ၌ ၇-ကြိမ်လူထွက်လျှက်ဝငှ်ကြွေးပေးဆပ်ရသည်။

လူထွက်ဖြစ်အောင် တိုက်တွန်းမိသော မပြောပလောက်သည့် ဝစီကံ ဝငှ်ကြွေးလေးသည်ပင် ရဟန္တာဖြစ်ခါနီးတိုင်အောင် ဝငှ်ကြွေးဆပ်နေရသော ဖြစ်ရပ်ကို ထောက်ဆလျှင် အနိုင်အထက် အာဏာသုံး၍ သင်္ကန်းချွတ်ခိုင်းမည်ဆိုလျှင် မတွေးရဲ စရာပင်။

ဤဆောင်းပါးဖြင့် စာရေးသူသည် ...

၁။ သင်္ကန်း၏အရှိန်အဝါ၊

၂။ သင်္ကန်းရအောင် လှူရကျိုး၊

၃။ သင်္ကန်းနှင့် ကင်းကွာအောင် ပြုမိသော အပြစ်များကို

နားလည်သိရှိလိုက်နာကျင့်သုံးတတ်ရန် ရည်သန်အပ်ပါသတည်း။

အရှင်တိလောကာဘိဝံသ
(အင်းစိန်)
အဂ္ဂမဟာပဏ္ဍိတ၊
တွဲဖက်အကျိုးတော်ဆောင်၊
နိုင်ငံတော်သံဃမဟာနာယက၊

# မိဂဒါဝုန်အားအင် တိုးတက်ရှင်သန်ပါစေ

ဦးလှသိန်းထွင့်. ဓမ္မာစရိယ,ဘီအေ

ဗုဒ္ဓဘာသာမှန်သမျှ မိဂဒါဝုန်ကို မသိသူ မရှိပေ။ မိဂဒါဝုန်နှင့် ဗုဒ္ဓဘာသာသည် ခွဲခြား၍မရလောက်အောင် ဆက်စပ်နေသည်။ ရှင်တော်ဗုဒ္ဓကို ကြည်ညိုသဒ္ဓါပွားတော့မည်ဆိုလျှင် မပါမပြီး အရေးအကြီးဆုံးနေရာတို့တွင် မိဂဒါဝုန်သည် ရှောင်လွှဲမရ ဗဟိုချက်မဌာနတစ်ခုအဖြစ် ထိပ်ဆုံးက တည်ရှိနေပါသည်။ မိဂဒါဝုန်၏ အခန်းကဏ္ဍကား အရေးပါလှပါသည်။

## ရှေးခေတ်မိဂဒါဝုန်

ဗုဒ္ဓရှင်တော်ပွင့်တော်မမူခင် ရှေးနှစ်ပေါင်းများစွာကပင် မဇ္ဈိမဒေသသားတို့သည်




ယဉ်ကျေးသောလူ့ဘောင်ကို တည်ထောင်ခဲ့ကြသည်။ လူနှင့်လူချင်းသနားညှာတာ ထောက်ထားကြသကဲ့သို့ပင် တိရစ္ဆာန်သတ္တဝါများကိုလည်း သနားစိတ် ဝင်လာကြသည်။ မဇ္ဈိမဒေသသားတို့၏နှလုံးသားဝယ်

သတ္တဝါများအပေါ် သနားစိတ်ကို အခြေပြု၍ သတ္တဝါများကို ဘေးမဲ့ပေးလိုစိတ်များ ထင်ရှားဖြစ်ပေါ်လာကြသည်။ စိတ်ထားမြင့်မြတ်သောသူတို့သည်

**ချာန်ပျံချာန်ရ ရသေ့သူတော်စင်တို့သည် ကောင်းကင်သို့ ပျံတက်ကာ အာကာသခရီးနှင်လိုသောအခါ ဤနေရာမှပင် ပျံတက်ကြသည်။ ကိစ္စပြီး၍ ပြန်ရောက်လာကြသောအခါ ဤနေရာမှာပင် ဆင်းသက်ကြသည်။ ဗာရာဏသီသည်ကား ချာန်အဘိညာဉ် ရှင်ရသေ့ ရဟန်း သူတော်စင်တို့၏ တက်ရာသက်ရာ မြေမြတ် နေရာမြတ်ဖြစ်လာသည်။**

လောကီလူ့ဘောင်ကို စွန့်ခွာ၍ တောထွက်ကာ တရားဓမ္မကျင့်သုံးကြသည်။ တချို့သောပုဂ္ဂိုလ်ထူးတို့မှာ လောကီချာန်သမာပတ်များ အဘိညာဏ်များကိုပင် ရရှိကြသည်။ သူတော်စင်တို့ဖြစ်လာကြသည်။

သူတော်စင်တို့၏ ဟောပြောပြသမှုကြောင့် အဝိဟိံသာခေါ် မညှင်းဆဲ မနှိပ်စက် မသတ်ဖြတ်လိုသော စိတ်ကောင်းတို့ တိုးပွားလာကြသည်။ တိုင်းပြည်အုပ်ချုပ်သော မင်းဧကရာဇ်တို့ပါ ပါဝင်လာကြသဖြင့် ဘေးမဲ့ပေးရေးဝါဒ ထွန်းကားလာခဲ့သည်။ ရှင်ဘုရင်တို့သည် မိမိပိုင်ဆိုင်သော မြို့ရွာ နယ်ပယ် နိုင်ငံဒေသတို့တွင် ဘေးမဲ့တောများကို တည်ထောင်လာကြသည်။ ရာဇဂြိုဟ်မြို့တော်တွင် ကလန္ဒကနိဝါပခေါ် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးမြူရာ ဘေးမဲ့ဝါဒတောကြီးကို ထူထောင်လာကြသည်။ ဝေသာလီတွင် ကေသကလာခေါ် သားကောင်တို့ကို ဘေးမဲ့ပေးသည့်တောကြီးတစ်တော ထူထောင်ခဲ့ပြန်သည်။

ဗာရာဏသီသည် ဗြဟ္မဏဘာသာဝင်တို့ အထွတ်အမြတ်ထားရာ မြို့တစ်မြို့ဖြစ်သည်။ အကုသိုလ်အဖြစ်အညစ်အကြေးတို့ကို ရေမျှောသန့်စင်ရာ သန့်ရှင်းရေးမြို့တစ်မြို့ဖြစ်သည်။ ဗာရာဏသီ၏ရေခံမြေခံကား အခြေခံ ကောင်းလှသည်။ မိမိတို့ တတ်သိသလောက် စင်ကြယ်ရေး အကျင့်ကျင့်သုံးရာ ဘူမိနက်သန်မှန်သည့် မြို့တော်ကြီးဖြစ်သည်။ မဇ္ဈိမဒေသကို တိုင်းကြီးသောဠသခေါ်နယ်မြေတစ်ဆယ့်ခြောက်နယ် ခွဲဝေသောအခါ ဗာရာဏသီတည်ရှိရာ နယ်မြေသည် ကာသိတိုင်းကြီး ဖြစ်လာသည်။ ကာသိတိုင်း ဗာရာဏသီနေပြည်တော်သည်ကား ဘာသာရေးသမားတို့



စုဝေးကျက်စား တရားအား ထုတ်ရာ အေးရိပ်သာ ဓမ္မရိပ်သာငြိမ်းချမ်းရေး နယ်မြေကြီး ဖြစ်သည်။

**သူတော်ကောင်းတို့ စံပျော်ရာနေရာ**


ကာသိတိုင်းသည် မဇ္ဈိမဒေသ၏အချက်အခြာ နိုင်ငံနယ်မြေဖြစ်သည်။ မြစ်ကြီးနှစ်မြစ်ဖြတ်သန်းစီးဆင်းပြီး မြစ်ငယ်ချောင်းငယ်တို့ ပေါများသဖြင့် တောတောင်ရေမြေ စိမ်းလန်းစိုပြေသာယာအေးမြသည်။ ဆန်ရေစပါး ကောက်ပဲသီးနှံတို့ ကောင်းမွန်စွာ ဖြစ်ထွန်းသဖြင့် လူတို့စားရေးရိက္ခာ ကောင်းမွန်ကြသည်။ တောတောင်ရေမြေ ဥတုရာသီမျှတသဖြင့် သားမျိုးစုံ ကျက်စားရာဒေသကြီးလည်းဖြစ်သည်။ လူဦးရေများပြားပြီး မြို့ပြပြည်ရွာ စည်ကားသည်။

ရသေ့ရဟန်း, တက္ကဒွန်း, ပရိဗိုဇ်, နိဂဏ္ဍ, တိတ္ထိယ, မျိုးစုံတို့သည် ထိုသို့ အဆင်ပြေလှသည့် ကာသိတိုင်း ဗာရာဏသီမြို့တော်သို့ စုပြုံရောက်ရှိလာကြသည်။ တရားဓမ္မကသိုဏ်း, ဘာဝနာပွားကြသဖြင့် မြေလျှိုးမိုးပျံဈာန် အဘိညာဉ်များကို ရရှိလာကြသည်။ ဈာန်ပျံဈာန်ရ ရသေ့သူတော်စင်တို့သည်ကောင်းကင်သို့ပျံတက်ကာ အာကာသခရီးနှင်လိုသောအခါ ဤနေရာမှပင် ပျံတက်ကြသည်။ ကိစ္စပြီး၍ပြန်ရောက်လာကြသောအခါ ဤနေရာမှာပင် ဆင်းသက်ကြသည်။ ဗာရာဏသီသည်ကား ဈာန်အဘိညာဉ်ရှင်ရသေ့ရဟန်း သူတော်စင်တို့၏ တက်ရာသက်ရာ မြေမြတ် နေရာမြတ်ဖြစ်လာသည်။ သို့ဖြစ်၍ မဇ္ဈိမဒေသ သားတို့က ဗာရာဏသီကို "ဣသိပတန" ဟုဂုဏ်ပြုကြလေသည်။

**ဗုဒ္ဓလက်ထက်မိဂဒါဝုန်**

မဇ္ဈိမဒေသသားတို့သည် သမင်၊ ဒရယ်၊ ချေငယ်၊

စိုင်၊ ဆတ်၊ တောကျွဲ၊ တောနွား၊ တောဝက်၊ ကျား၊ ကျားသစ်စသော သားကောင်တို့ကို ဘေးမဲ့ပေးလိုကြသည်။ အားလုံးသောစိတ်ရင်းကောင်းသူတို့ စုပေါင်းတိုင်ပင်ကာ ဘုရင်မင်းမြတ်ကို လျှောက်ထားကြပြီး ဘေးမဲ့ တောအုပ်တစ်ခုကို ထူထောင်လိုက်ကြသည်။ ဗာရာဏသီမြို့နှင့် မနီးမဝေး သစ်ပင်တောတောင် စိမ်းလန်းစိုပြေ အရိပ်အာဝါသကောင်းမွန်လှသည့် ထိုဘေးမဲ့တောကို မိဂဒါယ - ဟု အမည်သမုတ်လိုက်ကြသည်။ သမင်ဒရယ် တောကောင်အမျိုးမျိုးတို့သည် ဘေးကင်းလုံခြုံမှန်းသိသဖြင့် တဖြည်းဖြည်းနှင့်စုဝေးရောက်ရှိလာကြသည်။ စားရေးရိက္ခာ ရေမြေ ကောင်းမွန်ပြီး မြက်တို့ပေါများရာ အရိပ်အာဝါသကောင်းလှသည့် မိဂဒါဝုန်တောသို့ သမင်မျိုးစုံသားမျိုးစုံတို့ ခိုလှုံစုဝေးကျက်စား နေထိုင်လာကြသည်။ မိဂဒါဝုန်တောကြီးကား ကြည်နူးဖွယ်ကောင်းလှသည်။ ညနေချမ်းအခါ အစာရှာရာမှ အိပ်တန်းသို့ ဝင်ရောက်လာကြသော သတ္တဝါမျိုးစုံတို့၏ တွန်ကျူးပျော်မြူးအော်ဟစ်သံတို့ဖြင့် သာယာနေသည်။ သမင်



ကတောက်၊ ချေက ဟောက်၊ မျောက်ကကြိုးခွေ၊ ဒေါင်းအိုးဝေသံတို့ဖြင့် စည်ကားနေသည်။

တောရိပ်တောင်ရိပ် သစ်ရိပ်ဝါးရိပ် တိတ်ဆိတ်မှုကို လိုလားသော ရသေ့ရဟန်းတို့ကလည်း မိဂဒါဝုန်တွင် အပန်းဖြေရင်း တရားနှလုံးသွင်း နေထိုင်ကြပြန်သဖြင့် မိဂဒါဝုန်၏ ဘေးမဲ့တော အဓိပ္ပါယ်သည် ပို၍လေးနက်သွားသည်။ သားကောင်တို့အတွက် အသက်ဘေးကင်းဝေးပြီး ငြိမ်းအေးချမ်းသာ သည့်တောဖြစ်သလို သူတော်စင်တို့အတွက် သံသရာဘေးဆိုးကြီးမှ ကင်းဝေးအောင် တရားဓမ္မရှာမှီးရာ တောမြတ်ဝနာအသွင်ဆောင်နေပြန်သည်။

မိဂဒါယေ - ဟူသော ပါဠိစကားရပ်ကို ရှေးမြန်မာပြန် ဆရာတော်ဘုရားကြီးများက "သားမျိုးပေါင်းစုံ ရန်ဘေးလုံသည့် ရဂုံသာမော ဘေးမဲ့တော" ဟု ဘာသာပြန်ဆိုတော်မူခဲ့သဖြင့် မိဂဒါဝုန်၏အဓိပ္ပါယ်သည် ဘေးမဲ့တောဖြစ်ရုံသာမက အရိပ်အာဝါသအပင်မျိုးစုံ သီးပွင့်ဝေဆာနေသည့် ပန်းဥယျာဉ်ကြီးဟု ပေါ်လွင်နေပါသည်။

## သာသနာအစ မိဂဒါဝုန်တောမှ

ရှင်တော်ဗုဒ္ဓသည် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူသောအခါ တရားဦး နာထိုက်သောပုဂ္ဂိုလ်တို့ကို ရှုကြည့်တော်မူသည်။ ထိုအခါ အလောင်းတော်သိဒ္ဓတ္ထမင်းသားလေး၏ လက္ခဏာတော်ကို စစ်ဆေးခဲ့ကြသော ဗေဒင် ပဏ္ဍိတ်တို့က ဤမင်းသားသည် ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်ဟု ဟောဆိုကြကာ ဘုရားလောင်း တောထွက်လာလျှင် ပြုစုလုပ်ကျွေးရန်အတွက် ကြိုတင်၍ တောသို့ဝင်ပြီး ရသေ့ပြုနှင့်နေကြလေသည်။ ကောဏ္ဍည.ဝပ္ပ.ဘဒ္ဒိယ. မဟာနာမ်. အဿဇိ ရသေ့ငါးဦးဖြစ်၍ ပဉ္စဝဂ္ဂီဟု လူတို့က ခေါ်ဝေါ်

နေကြသည်။ ပဉ္စဝဂ္ဂီတို့သည် သိဒ္ဓတ္ထမင်းသားလေး တောထွက်၍ ဥရုဝေလတောဌ် ဒုက္ကရစရိယာကျင့်တော်မူသောအခါ ရေပူရေချမ်းကမ်းလှမ်းပြုစုခဲ့ကြသည်။

ဘုရားလောင်းသည် အရိုးကြေကြေ အရေခမ်းခမ်း ကြောက်ခမန်းလိလိ အစာရေစာဖြတ်၍ ကျင့်သော်လည်း တရားထူးမရသဖြင့် မဇ္ဈိမပဋိပဒါလမ်းစဉ်အရ ဆွမ်းအာဟာရမျှတသုံးဆောင်ပြီး တရားကျင့်ရန် လုပ်ဆောင်တော်မူသောအခါ မဇ္ဈိမဒေသ၏တပကျင့်စဉ်ကိုသာ အမှန်ဟုထင်နေကြသော ပဉ္စဝဂ္ဂီတို့သည် ဘုရားလောင်းကို စွန့်ခွာ၍ မိဂဒါဝုန်သို့ ပြောင်းရွှေ့လာကြသည်။ မိဂဒါဝုန်တောအရပ်သည် ဥတုရာသီမျှတ သစ်ရိပ်ဝါးရိပ်အပင်ရိပ်တို့ဖြင့် ဆိတ်ငြိမ်အေးချမ်းလှသဖြင့် ပဉ္စဝဂ္ဂီ ရသေ့တို့အတွက် စံရိပ်ငြိမ်ဖြစ်ခဲ့သည်။ ထိုအချိန်မှာပင် ဘုရားအလောင်းတော်သည် မဇ္ဈိမပဋိပဒါကျင့်စဉ်အရ လမ်းမှန်ရသဖြင့် သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူသည်။ မိမိအပေါ် ကျေးဇူးရှိခဲ့ဘူးသည့်ပဉ္စဝဂ္ဂီတို့ကို မြင်တော်မူပြီး ထိုသူတို့၏ အတိတ်ဆုတောင်းကလည်း တရားဦးနာရန် ဆုပန်ခဲ့ကြကြောင်း သိမြင်တော်မူ၍ ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့်စနေနေ့ဝယ် ဗာရာဏသီပြည် ဣသိပတနအမည်

**မိဂဒါဝုန်၏အစိပ္ပါယ်သည် ဘေးမဲ့တောဖြစ်ရုံသာမက အရိပ်အာဝါသအပင်မျိုးစုံ သီးပွင့်ဝေဆာနေသည့် ပန်းဥယျာဉ်ကြီးဟု ပေါ်လွင်နေပါသည်။**

ရသည့်မိဂဒါဝုန်သားမျိုးစုံသည် ရဂုံသာမော ဘေးမဲ့တောသို့ ကြွတော်မူလာလေသည်။

ဂေါယာကျွန်းသို့ နေမင်းကြီးကလည်း ဝင်လုဆဲဆဲ လုပနေချိန် လမင်းကြီးကလည်း အရှေ့အရပ်မှ လင်းရောင်ဖြာ၍ အေးမြစပြုနေချိန်၊ သမင်ဒရယ်ချေငယ်စိုင်ဆတ်ဖွတ် ပဒပ်နှင့်ခြသေ့ သစ်ကျားသားကောင်များစွာတို့ကလည်း အိပ်တန်းဝင်ရန်အလာ၊ သာယာအေးမြငြိမ်းချမ်းလှသည့် ညချမ်းချိန်ခါ၏အရသာကို ခံစားရန် စုဝေးရောက်လာနေကြချိန်၊ ဩကာသ လောက သတ္တလောကတို့ သာယာမြူးကြွလှပနေချိန်ဝယ် သုံးလောကထွတ်ထား ရှင်တော်ဘုရား

သည် မိဂဒါဝုန်တောသို့ ဝင်ကြွတော်မူလာသည်။ တစ်သောင်းသောစကြဝဠာလောကဓါတ်မှ နတ်ပြဟ္မာပေါင်းကုဋေကုဋာတို့သည် တရားတော်ကို နာယူရန် စုဝေးပေါင်းစုလာကြသည်။ နတ်ပြဟ္မာတို့၏ကိုယ်ရောင်ကိုယ်ဝါ၊ ဘုရားရှင်၏ ရောင်ခြည်တော်ခြောက်ဖြာတို့ကြောင့် အလွန်သာယာဖွယ်ကောင်းလှသည့် ညချမ်းချိန်ခါဝယ် ပဥ္စဝဂ္ဂီငါးဦးတို့သည် တရားနာရန် ရောက်လာကြသည်။ ဘုရားရှင်သည် ထိုအချိန် ထိုအခါမှာပင် "ဒွေမေဘိက္ခဝေအန္တာ..." အစလာသည့် တရားဦးဒေသနာတော်ကို နှုတ်တော်မှထုတ်ဖော်၍ ဟောပြတော်မူလေသည်။

အယုတ်တရားလက်ဝဲလက်ျာလမ်းများတို့သို့ မလိုက်ဘဲ မဇ္ဈိမပဋိပဒါလမ်းမှန်အတိုင်း


**မိဂဒါဝုန်ကား ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ရတနာတို့ စတင်ပေါက်ဖွားရာ နေရာမွန်ကြီးဖြစ်ပါပေသည်။ ဤကမ္ဘာဝယ် ဘုရား တရား သံဃာတို့ထက် မြင့်မြတ်သောအရာမရှိပြီ။ ထိုအရာတို့ စတင်ပေါ်ပေါက်ရာ မိဂဒါဝုန်သည်လည်း အမြင့်မြတ်ဆုံးမြေထူးကြီးဖြစ်ကြောင်း အားလုံးက အသိအမှတ်ပြု ဦးညွှတ်ကြရလေသည်။**

လျှောက်မှသာ နိဗ္ဗာန်ပန်းတိုင်သို့ရောက်မည်ဖြစ်ကြောင်း၊ သစ္စာလေးပါးမြတ်တရားကို ဤကမ္ဘာဝယ် အဦးဆုံးဟောပြတော်မူသဖြင့် တရားဦး တရားထူးလည်း မည်ပါသည်။ တရားစကြာရတနာယာဉ်ကြီးကို စတင်နှိုး၍ နိဗ္ဗာန်ခရီးသို့ပို့ဆောင် ပေးမည့်တရားတော်ဖြစ်၍ ဓမ္မစက္ကပဝတ္တနလည်း မည်ပါပေ၏။ ဓမ္မစက်ကြီး ရိုက်ဆော်တီးရာဖြစ်၍ ဓမ္မစကြာသုတ်တော်လည်း မည်ပါပေ၏။ လောကဓာတ်တခွင် အမှောင်ခွင်း၍ လင်းရောင်ခြည်ကြီးပေါ်ထွန်းလာစေသည့်အတွက် ဗုဒ္ဓ၏ဓမ္မရကနာကြီးလည်း ဖြစ်ပါပေ၏။ အတ္တကိလမထာနယောဂခေါ် ခန္ဓာကိုယ်ကြီးကို ညှင်းပန်းနှိပ်စက်ခြိုးခြံဆင်းရဲစွာကျင့်ကြံမှ ကိလေသာအစိုဓာတ်ခမ်းခြောက်ကာ သံသရာမှ လွတ်နိုင်သည်ဟူသော အမှားစွန်းကြီးနှင့် ကာမသုခလ္လိကာနယောဂခေါ် ခန္ဓာအစဉ်ဝယ် ကိလေသာထကြွလာလျှင် ထိုကိလေသာ တဏှာလိုလားမှုကို ပြေပျောက်သွားအောင် ကာမဂုဏ်တို့ကို ဝအီအောင် ခံစားလိုက်ပါမှ ကိလေသာကင်းပျောက်နိုင်သည်ဟူသောအမှား

စွန်းကြီးနှစ်မျိုးကို အထူးသက်ဝင်နေကြသည့် လူသားတို့အတွက် ဗုဒ္ဓ၏ မဇ္ဈိမပဋိပဒါကျင့်စဉ်နှင့် သစ္စာလေးပါး ဓမ္မစကြာ မြတ်တရားသည် အထူးလေးနက်ခက်ခဲလှသောကြောင့် အရှင်ကောဏ္ဍညတစ်ပါးသာ သောတာပန်အရိယာဘဝသို့ ရောက်ခဲ့ရသည်။ လူသားတွေထက်ပို၍ အသိဉာဏ်ထက်သော နတ်ဗြဟ္မာတို့မှာမူ (၁၈)ကုဋေ အထိ အရိယာဘဝသို့ရောက်ခဲ့ ရလေသည်။

မည် သို့ ပင် ဖြစ် စေ ရှင်တော်ဗုဒ္ဓ၏ဓမ္မရတနာသည် ဤကမ္ဘာဝယ်စတင်အခြေတည်ခဲ့လေပြီ။ ဤအချိန်မှစ၍ တရားတော်များကို အဆက်မပြတ် ၄၅-ဝါပတ်လုံး ဟောတော်မူခဲ့ရာ အရိယာဘဝသို့ရောက်သူ ပေါင်းသင်္ချေသင်္ချာ ရေတွက်မရကျွတ်တမ်းဝင်လာကြသည်။ မိဂဒါဝုန်ကား ဓမ္မရတနာ ပထမဆုံး ဖြန့်ဖြူးရာ ဘူမိနက်သန်မြေမြတ်မှန်လှပေသည်။ ဤဒေသနာ တော်ပြီးဆုံးချိန် ဝယ်အရှင်ကောဏ္ဍညသည် သောတာပန်အရိယာဘဝသို့ ရောက်ကာ အရိယာသံဃာအဖြစ် ပေါ်ထွက်လာသဖြင့် ကမ္ဘာတွင် ပထမဆုံး သံဃရတနာ ပေါ်ထွန်းရာ မြေမြတ်မဟာဖြစ်လာလေသည်။ မိဂဒါဝုန်ကား ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ရတနာတို့ စတင်ပေါက်ဖွားရာ နေရာမွန်ကြီးဖြစ်ပါပေသည်။ ဤကမ္ဘာဝယ်ဘုရား တရား သံဃာတို့ထက် မြင့်မြတ်သောအရာ မရှိပြီ။ ထိုအရာတို့ စတင်ပေါ်ပေါက်ရာ မိဂဒါဝုန်သည်လည်း အမြင့်မြတ်ဆုံးမြေထူးကြီးဖြစ်ကြောင်း အားလုံးက အသိအမှတ်ပြု ဦးညွှတ်ကြရလေသည်။

အ န တ္တ လ က္ခ ဏာ သုတ်တော်ကိုလည်း ဤမိဂဒါဝုန်မှာပင် ဟောတော်မူပြန်



သဖြင့် ပဥ္စဝဂ္ဂီတို့ ရဟန္တာဘဝရောက်ကြရလေသည်။ မိဂဒါဝုန်ကား ရဟန္တာအရှင်မြတ်တို့စတင်ပေါ်ထွက်ရာ မြေမဟာဖြစ်ပြန်ပေပြီ၊ အရှင်ယသနှင့် အရှင်ယသ၏ ငယ်သူငယ်ချင်း ၅၅-ဦးတို့ အပါအဝင် ဘုရားရှင်၏ ပထမဆုံး ဝါကပ်ရာနေရာဖြစ်သဖြင့် မိဂဒါဝုန်၏အတိတ်ကဖြစ်စဉ်မှာ မြင့်မြတ်လှပါသည်။ ဘုရားရဟန္တာ ၆၁-ပါးတို့ ပထမဆုံးဝါကပ်ကိန်းအောင်ရာ မြင့်မြတ်သောနေရာ ဖြစ်လေသည်။

မိဂဒါဝုန်သည် နှစ်ပေါင်း ၂၅၀၀-ကျော် လာသည်အထိ သာသနာ့သမိုင်းတွင် ဂုဏ်ရောင်ထိန်လင်းခဲ့သည်။ ယနေ့ခေတ်သည် ဗုဒ္ဓသာသနာ၏ အရသာကို နားလည်ခံစားသူတို့ ပေါ်များလာသည်။ ဗုဒ္ဓ၏သစ္စာလေးပါး တရားတော်သည် လူသားတို့အတွက်ငြိမ်းအေးချမ်းမှုအပြည့်အဝပေးနိုင်သည်ကို လူတိုင်းလက်ခံလာကြသည်။ မိဂဒါဝုန်၏ခေတ်သည် တကြော့ ပြန်ဦးမော့လာသည်။ အတိတ်၏ဂုဏ်ရှိန်ကို အစဉ်ဦးထိပ်ပန်ဆင်လျက် ကြိုးစားကြမည်ဆိုလျှင် အနာဂတ် မိဂဒါဝုန် သည် တိုးတက်လာမည်သာဖြစ်ပါသည်။ မိဂဒါဝုန်ကို အခြေပြု၍ မဇ္ဈိမဒေသ၏အနာဂတ် ဗုဒ္ဓသာသနာရောင်ဝါ လင်းထိန်ပါစေဟု ဆန္ဒပြုပါသည်။

ဦးလှသိန်းထွန်း
ဓမ္မာစရိယ.ဘီအေ



# ချစ်ဦးညို

# သက်သေ

"အဆိပ်ပြင်းတဲ့ မြွေဆိုးကို
မြင်သလား ... မြင်ပါတယ်။
အဆိပ်ပြင်းတဲ့ မြွေဆိုးကို
မြင်သလား ... မြင်ပါတယ်။
အဆိပ်ပြင်းတဲ့မြွေဆိုးကို
မြင်သ လား ... မြင်ပါတယ်။
အဆိပ်ပြင်းတဲ့မြွေဆိုးကို ..."

ထိုစကားလုံးများကို သာ
အထပ်ထပ်အခါခါ ရေရွတ်
နေသူမှာ ရာဇဝတ်သားတစ်
ယောက်ဖြစ်၏။ သူ့ကို နှောင်



ကြိုးအထပ်ထပ် တုပ်ချည်ထားပြီး၊ လက်မရှံ့ပါးကွက်သားများ က ရှေ့ဆီမှ ကြိုးစကို ဆောင့်ဆွဲ လျက်၊ နောက်ဖက်မှ ရိုက်နက် ထိုးကြိတ်ကန်ကျောက်လျက် ခေါ်လာကြသည်။ ရာဇဝတ်သား မှာ လက်မရှံ့တို့၏ နှိပ်စက်မှု ကြောင့် မကြာခဏ ပြိုလဲကျခဲ့ သဖြင့် တစ်ကိုယ်လုံး မြေမှုန် အလူးလူး ဖြစ်နေသည်။ သွေးစ သွေးနများလည်း မြင်မကောင်း အောင် စွန်းပေနေပါသည်။

ရာဇဝတ်သားကို ခေါ် ဆောင်သွားကြသည့်နေရာမှာ သာဝတ္ထိ၏မြောက်ပြင် နိဂုံး အစွန်အဖျား ဒေသဖြစ်၏။ ထို အရပ်တွင် "သူသတ်ကုန်း" ရှိလေသည်။ ထိုအရပ်သည်

**လက်မရှိ့ အာဏာပါးကွက်သားတို့၏ အလုပ်ဆိုသည်မှာလည်း သုတ်သင်ကွပ်မျက်ဖို့ပင်ဖြစ်၏။ သူတို့ကွပ်မျက်ရမည့် ရာဇဝတ်သား၏ နောက်ကြောင်းကိုသိခွင့်မရှိ။ သူတို့ ဘယ်သို့ အပြစ်ကျူးလွန်ခဲ့မည်ကိုလည်း သိခွင့်မရှိ။**

ရာဇဝတ်သားကို ခေါ်ဆောင်သွားကြသည့်နေရာမှာ သာဝတ္ထိ၏မြောက်ပြင် နိဂုံးအစွန်အဖျားဒေသဖြစ်၏။ ထိုအရပ်တွင် "သူသတ်ကုန်း" ရှိလေသည်။ ထိုအရပ်သည် ရာဇဝတ်သားတို့ကို နောင်ကြိုးတည်းလျက်ခေါ်ထုတ်ရာ ပြစ်ဒဏ်စီရင်ရာအရပ်လည်း ဖြစ်သည်။ ထိုအရပ်ဆိုးရောက်သွားသော ရာဇဝတ်သားတို့သည် အသက်ရှင်လျက် ပြန်လာရရိုးထုံးစံမရှိ။ သူသတ်ကုန်းတွင် ဓားဖြင့်လည်းကောင်း၊ လှံဖြင့်လည်းကောင်း၊ ဝါးရင်းတုန်ဖြင့်လည်းကောင်း စီရင်ခြင်းကို ခံရပြီးနောက် သူတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် သူတို့၏သွေးနှင့်တကွသောအသက်ဇီဝိန်ကို ပေးခဲ့ရသည်ချည်း ဖြစ်လေသည်။

ယခုလည်း ရာဇဝတ်သားတစ်ယောက်ကို ပါးကွက်သားတို့ ဆွဲခေါ်လာကြပြီဖြစ်၏။

လက်မရှိ့ပါးကွက်သားအုပ်စုထဲမှ နောက်လိုက်တစ်ယောက်က ပါးကွက်သားအကြီးအမှူးကိုပြောလိုက်သည်။

"ရာဇဝတ်သားသာ ဆိုတယ်။ သင့်ကြည့်ရတာ အားမရလိုက်တာ"

"ဘာဖြစ်လို့လဲဟ ... ရာဇဝတ်သားဟာ ရာဇဝတ်သားပဲပေါ့"

"မဟုတ်ဘူးလေ ... ခါတိုင်း ကျုပ်တို့ သုတ်သင်ဖို့ ခေါ်ထုတ်လာခဲ့တဲ့ အကောင်တွေဆိုရင် တကယ့်လူဆိုးလူမိုက် တွေချည်းပဲ မဟုတ်လား"

"အခုနင့် အဘက ကော ဘာဖြစ်နေလို့လဲဟ"

"သူ့ကြည့်ရတာ လူဆိုးလူမိုက်နဲ့ မတူဘူး"

"ဟကောင်ရ လူဆိုးလူမိုက်ဆိုတာ ခေါင်းမှာချိုပေါက်နေတာမှ မဟုတ်ဘဲ"

"မဟုတ်ဘူး။ ကျုပ်ပြောတာက သူ့ပုံကြည့်ရတာ ခိုးသားနဲ့မတူဘူး။ သာမန် လယ်ထဲ ချောင်းထဲ ဇနပုဒ်ထဲမှာ တွေ့နေကျပုံမျိုး"

"တွေ့နေကျပုံမျိုးဖြစ်မှာပေါ့ ... သင်းက လယ်သမားကိုး"

"ဟင် ... လယ်သမားလား။ သူပုန်သူကန် ခိုးသားဓားမြ မဟုတ်ဘူးပေါ့"

"အေး ... သူပုန်သူကန်တော့ မဟုတ်ဘူး။ ဓားမြလည်း မဟုတ်ဘူး။ လူသတ်ကောင်လည်း မဟုတ်ဘူး။ ဒါပေမဲ့ ခိုးသူဟ ... ခိုးသူ။ အသပြာထောင်

ထုပ်ကို ခိုးတဲ့ခိုးသား။ ခိုးလာတဲ့ပစ္စည်းနဲ့ လက်ပူးလက်ကြပ်မိတာတဲ့"

"ဟုတ်လား။ လယ်သမားက လယ်အလုပ်မလုပ်ဘဲ အသပြာထောင်ထုပ် ခိုးသတဲ့လား"

"ဟကောင်ရ ... စကားကြောရှည်ပါဘိ။ လယ်သမား လယ်အလုပ်မလုပ်တာ သူ့ကိစ္စ။ ငါတို့က ငါတို့ကိစ္စလုပ်ရမှာဘဲ။ သင်းကို ဒီညနေ အနောက်တောင်စွယ် နေလုံးကွယ်ကာနီးမှာ အပြီးစီရင်ရမှာပဲ။ ဒါ နန်းတော်က အမိန့်"

ပါးကွက်သားနောက်လိုက်သည် စကားဆက်မပြောတော့။ လက်မရှံ့ အာဏာပါးကွက်သားတို့၏အလုပ်ဆိုသည်မှာလည်း သုတ်သင်ကွပ်မျက်ဖို့ပင်ဖြစ်၏။ သူတို့ကွပ်မျက်ရမည့် ရာဇဝတ်သား၏ နောက်ကြောင်းကို သိခွင့်မရှိ။ သူတို့ ဘယ်သို့ အပြစ်ကျူးလွန်ခဲ့မည်ကိုလည်း သိခွင့်မရှိ။

လူသတ်ကုန်းသို့ ရောက်ကာနီးတွင် ပါးကွက်သားက ပြောလာပြန် သည်။

"ထူးခြားတာတော့ အမှန်ပဲ။ သူ့ပါးစပ်က တစ်ချိန်လုံး တတွတ်တွတ် ရွတ်နေတယ်။ မြွေဆိုးကို မြင်သလား မြင်ပါတယ်တဲ့။ ဒါကိုပဲ တစ်ချိန်လုံးလုံးရွတ်နေတယ်"

"ဟ ... အကွပ်မျက်ခံရတော့မယ့်ရာဇဝတ်သားဆိုတာ ဒီလိုပဲ သွေးပျက်ပြီး ကယောင်ကတမ်းပြောနေကျပဲလေ။ တချို့ဆို အသံနက်ကြီးနဲ့အော်၊ တချို့ဆို ခြေထောက်တွေ နုံးခွေညွတ်ခွေကျသွားလို့ဒရွတ်တိုက်ဆွဲလာ ရတာကော၊ အခုလည်း သင်းအကြောက်လွန်ပြီးရူးသွားလို့နေမှာပေါ့"

"ကျုပ်တော့ စိတ်ထဲ ထူးခြားနေတာ အလွန်ပဲ"

သူသတ်ကုန်းထိပ်သို့ ရောက်လာကြ၏။ နေလုံးက အနောက်တောင်စွယ်ဆီသို့ ဆင်းသက်နေပြီဖြစ်သည်။ ကွယ်အံ့ဆဲဆဲ နေလုံးဝန်းရဲရဲဆီမှ နီကြန်သောအလင်း လက်ခံများက သူသတ်ကုန်းတဝိုက်သို့ စူးစူးဖြန့်ကျက်ထားသည်။ ရှည်လျားသော အရိပ်မည်းမည်းတို့ဖြင့် သူသတ်ကုန်းသည် သွေးပျက်ချောက် ချားဖွယ်ဖြစ်နေ၏။ ကားစင်ထက်မှ စီရင်ပြီး အလောင်းကောင်များ၊ ကုန်းမြင့်ချိုင့်ဝှမ်းတလျှောက် ပြန့်ကျဲနေသော အရိုးများ သွေးညှီနံ့များ ပျံ့ဝဲနေသော လင်းတများ။

"ကိုင်း ... နေအကွယ် စောင့်ကြစို့ ဓားအဆင်သင့်ပဲလား"

"အဆင်သင့်ပါပဲ"

"စဥ့်တီးတုံး"



> **ပါးကွက်သား အကြီးအမှူးသည် တွေခနဲဖြစ်သွား၏။ အသတ်ခံရကာနီး ရာဇဝတ်သား၏နှုတ်မှ 'ဘုရားရှင်' 'အရှင်အာနန္ဒာ' 'ဘုရင်မင်းမြတ်' ဆိုသော စကားလုံးများ ပေါ်လာနေသည်။ အဘယ်သို့လေနည်း။**

"အဆင်သင့်"

"ပြတ်သွားတဲ့လည်က ငေါက်တောက်ပန်းမယ့်သွေးကို ခံဖို့အင်တုံ"

"အဆင်သင့်"

"အေး ... အင်တုံနဲ့ သွေးခံပြီးရင် သူသတ်ကုန်း မြေကို ပက်ဖို့ မမေ့နဲ့ဦး"

"စိတ်ချပါ"

နေလုံးသည် တစတစ တအိအိကျနေ၏။ စပ်စုသော ပါးကွက်သားက အမြီးအရှူးကို ပြောပြန်သည်။

"ကြားလား ... ကြားလား ... သူ ဟိုစကားကို ရွတ်နေတုန်း"

အားလုံး နားစွင့်လိုက်ကြသည်။ တတွတ်တွတ်ရွတ်နေသော အသံကား ...

"မြွေဆိုးကို မြင်သလား ... မြင်ပါတယ်။ မြွေဆိုးကို မြင်သလား ... မြင်ပါတယ်"

အကြီးအမှူးက ...

"အေးလဟ ... ဒီပြင် ဟာ မအော်ဘူး။ ဒါပဲ ထပ်တလဲလဲ ရွတ်နေတယ်။ သင်းမသေခင် ဘာကြောင့် ဒီစကား ရွတ်သလဲ။ သိရအောင် မေးကြည့်စို့"

ဟုဆိုကာ ဒူးထောက်ဇက်စင်းနေသော ရာဇဝတ်သား၏ဆံပင်ကို ဆွဲကိုင်မော့လှန်စေကာ မေးလိုက်၏။

"ဟေ့ ... ရာဇဝတ်သား ဘာတွေရွတ်နေတာလဲ"

"အဆိပ်ပြင်းတဲ့ မြွေဆိုးကို မြင်သလား ... မြင်ပါတယ်။ အဆိပ်ပြင်းတဲ့ မြွေဆိုးကို မြင်သလား ... မြင်ပါတယ်"

"ဟဲ့ အကောင် ... မေးနေတယ်။ နင့်ဇက်မပြတ်ခင် ပြောသွားစမ်း အဲဒါ ဘာတုန်း"

ရာဇဝတ်သားသည် တောင်တန်းပေါ်သို့ ထိကပ်တော့မည့် ဝင်လုဆဲ နေလုံးဝန်းကို လှမ်းကြည့်ရင်း ပြော၏။

"ဘုရားရှင်က မေးတော်မူတယ်။ အဆိပ်ပြင်းတဲ့ မြွေဆိုးကိုမြင်သလားတဲ့ အရှင်အာနန္ဒာက ဖြေတယ်။ မြင်ပါတယ်ဘုရားတဲ့"

ပါးကွက်သားများ တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်မိကြ၏။

"ဘာ ... ဘာပြောတယ်။ ဘုရားရှင်က မေးတယ်။ ရှင်အာနန္ဒာက ဖြေတယ်ဟုတ်စ အဲဒီ အမေးအဖြေကို သင်က ဘာဖြစ်လို့ တတွတ်တွတ် ရွတ်နေ တာတုန်း"

"ဘုရင်မင်းမြတ်ကို

ဖူးမြင်ခွင့်ရရင် ပြောပါမယ်"

ပါးကွက်သားအကြီးအမှူးသည် တွေခနဲဖြစ်သွား၏။ အသတ်ခံရကာနီး ရာဇဝတ်သား၏ နှုတ်မှ၊ "ဘုရားရှင်" "အရှင်အာနန္ဒာ" "ဘုရင်မင်းမြတ်" ဆိုသော စကားလုံးများ ပေါ်လာနေသည်။ အဘယ်သို့လေနည်း။ ပါးကွက်သားအကြီးအမှူးဆုံးဖြတ်လိုက်၏။

"ဟေ့ ... နေကြဦး ... မသတ်နဲ့ဦး။ ဘုရင်မင်းမြတ်ထံ သံတော်ဦးတင်ကြစမ်း"

တောင်စွယ်တွင် မေးတင်နေသော နေလုံးကြီးပြုတ်ကျသွားသည်။ သို့သော် ဓားသွားက ရာဇဝတ်သား၏လည်ကုတ်ပေါ်သို့ ကျမလာခဲ့။ ဓားသွားအစား ရောက်ရှိလာသည်မှာ "ရာဇဝတ်သားအား ဘုရင့်ရှေ့တော်မှောက် အရောက်သွင်းရန်" ဟူသော ဘုရင့်အမိန့်စာချွန်ဖြစ်လေသည်။

ကောသမင်းကြီးက မေး၏။

"ရာဇဝတ်သင့် လယ်သမား ... သင့်နှုတ်က တဖွဖွရွတ်နေတဲ့ မြွေဆိုးကို မြင်သလား။ မြင်ပါတယ်ဆိုတဲ့ စကားနဲ့စပ်လျဉ်းပြီး ဘုရင်မင်းမြတ်ကို ဖူးမြင်ခွင့်ရရင် ပြောပါမယ်လို့ သင်ဆိုတယ်။ ယခုလျှောက်တင်စမ်း"

"အဖြစ်သနစ်ကသည်သို့ပါ အရှင်မင်းကြီး"

စလယ်ဆုံးဖြစ်ကြောင်း ကုန်စင်ပေါ်ပေါက်ခဲ့လေသည်။

ခိုးသားတစ်စုသည် သာဝတ္ထိမြို့တော်တွင်းသို့ ရှေပြွန်ပေါက်မှ ဝင်ရောက်ကာ သူဌေးတစ်ဦး၏ အိမ်ကို ဥမင်လိုက်ခေါင်းတူးဖောက်ကာ ရွှေငွေ ပစ္စည်းများ ယူခဲ့ကြ၏။ များ မသိအောင် ကဲ့ယူလာခဲ့သော အသပြာထောင်ထုပ်ကို ခါးတောင်းကျိုက်အတွင်း တိတ်တဆိတ်ထည့်လာရာမှ လယ်ကွက်ထဲမှာပင် သို့ဝှက်ထားလိုက်၏။ ဝေစုခွဲကြရင်းထုံးစံအတိုင်း အချင်းများကြ အဝေမတည့်ကြဖြင့် နောက်ဆုံး ခိုးသားသည် သူ့ဝေစုကိုသာ ယူပြီးထွက်သွားသည်။ လယ်ကွက်ထဲမှာ ဝှက်ထားသော အသပြာထုပ်ကို မေ့သွားသည်။



ထို့နောက် လာလမ်းအတိုင်း ပြန်ထွက်ခဲ့ကြပြီး မနီးမဝေး လယ်ကွက်တစ်ခုတွင် ဝေစုခွဲကြသည်။ ဤတွင် ခိုးသားအစုဝင်တစ်ယောက်သည် အခြားသူ ဤကား လယ်ကွက်ထဲမှာ အသပြာထောင်ထုပ် ရောက်ရှိနေပုံဖြစ်သည်။ ဤအဖြစ်ကို နောင်သောအခါ ခိုးသားအဖွဲ့ကို ဖမ်းမိချိန်တွင် သိခဲ့ရသည်။

**အတုမဲ့ အနှိုင်းမဲ့ သက်သေကိုပြဆိုနိုင်ခဲ့သဖြင့် လည်ကုပ်ပေါ်ရောက်အံ့ဆဲဆဲ သေမင်းထံမှသီသီလွတ်ခဲ့သော လယ်သမားကား မိမိကြုံရသောအဖြစ်ကို ကျော်လွန်လျက် ဘုရားရှင်၏ဒေသနာတော်ကို နှလုံးဖြင့် ထိုးဖောက်နားလည်သွား၏။**

ဆက်လက်ဖြစ်ပေါ်ခဲ့သည်ကား လယ်သမားသည် လယ်ထွန်ရန် လယ်ကွက်ထဲသို့ ဆင်းခဲ့၏။ မိမိလယ်ကွက်ထဲတွင် အသပြာထုပ်ရှိနေမှန်း လယ်သမားမသိ။

ရာဇဝတ်သားက ဆက်လက်သံတော်ဦးတင်သည်။

"ကျွန်တော်မျိုး လယ်ကွက်ထဲဆင်းလာချိန်မှာ ဘုရားရှင်နှင့် အာနန္ဒာတို့ လယ်ကွက်ထဲ ရောက်ရှိတော်မူနေကြပါတယ်။ (ဤနေရာတွင် နောင်ဖြစ်ပေါ်လာမည့် အရေးကို အကြောင်းပြုလျက် ဘုရားရှင်သည် လယ်သမားကို ကယ်တင်ရန် ကြွလာတော်မူခြင်းဖြစ်ကြောင်း လယ်သမားမသိပေ။) ဒီအချိန်မှာပဲ ကျွန်တော်မျိုး ကြားလိုက်ရ ခြင်းဖြစ်ပါတယ်။ ဘုရားရှင်က "အာနန္ဒာ ကြည့်လော့။ အဆိပ်ပြင်းသည့်မြွေဆိုးကို ကြည့်လော့။ မြွေဆိုးကို မြင်သလား" လို့ မေးတော်မူပါတယ်။ အရှင်အာနန္ဒာက "မြင်ပါတယ်ဘုရား" လို့ လျှောက်ပါတယ်။ သည်နောက် ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့ ကြွသွားတော်မူကြပါတယ်။ ကျွန်တော်မျိုးလည်း အဆိပ်ပြင်းသည့် မြွေဆိုးကို သတ်ဖို့နင်တံကိုင်ပြီး ရှာရာမှာ မြွေဆိုးကိုမတွေ့၊ အသပြာထုပ်ကို တွေ့ပါတယ်။ ဒီအခါမှာ ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့ ခေါ်တော်မူတဲ့မြွေဆိုးဆိုတာ ဒီအသပြာထုပ်ကို ရည်ညွှန်းဟန်တူတယ်လို့ သဘောပိုက်ပြီး ငွေထုပ်ကို ယူလာခဲ့ပါတယ်။ ယူလာပြီး ဘယ်နေရာမှာ ထားရမှန်း မသိလို့ တစ်နေရာမှာပဲ ဖုန်မှုန့်များနဲ့ဖုံးပြီး လယ်ထွန်နေခဲ့ပါတယ်"

ခိုးသားများနောက်သို့ ခြေရာခံလိုက်ကြသောလူများသည် လယ်သမား၏လယ်ကွက်တွင် ခြေရာအဆုံးမိပြီးနောက် ဝှက်ထားသောအသပြာထုပ်ကို တွေ့သွားကြခြင်းဖြစ်၏။ ဤတွင် သူဌေး၏လူများက လယ်သမားကိုပင် ခိုးသူဟူ၍ ဖမ်းဆီးကာ နန်းတော်သို့ ပို့ဆောင်ခဲ့ကြသည်။ ခိုးထုပ်ခိုးထည်နှင့်တကွ မိသောကြောင့် ကောသလမင်းကြီးကလည်း သတ်စေအမိန့်ချခဲ့ခြင်းဖြစ်လေသည်။

လယ်သမားက မိမိ၏ သံတော်ဦးတင်ချက်ကို အဆုံးသပ်သည်။

"အသပြာထုပ်ဟာ အဆိပ်ပြင်းတဲ့မြွေဆိုးဖြစ်ကြောင်း ဒီမြွေဆိုးကြောင့် မိမိသည်ပင် ပျက်စီးရမှာဖြစ်ကြောင်း

ကျွန်တော်မျိုး နောင်အခါမှာ သဘောပေါက်ခဲ့ပါတယ်။ ဒါကြောင့် ဘုရားရှင်နဲ့ အရှင်အာနန္ဒာတို့ မိန့်ကြားတော်မူခဲ့တဲ့ အမေးအဖြေစကားကို ထပ်တလဲလဲ ရွတ်ဆိုခဲ့ခြင်းဖြစ်ပါတယ်။ ငါ မသိခဲ့လေခြင်း၊ ငါမသိခဲ့လေခြင်း ဆိုတဲ့ ကြီးစွာသော နောင်တနဲ့ပါ”


ကောသလမင်းကြီး၏ အသွင်မှာ လေးနက်တည်ငြိမ်သွား၏။ ထို့နောက်...

“လယ်သမားကိုအပြစ်မပေးကြနဲ့ဦး။ သူ့ထွက်ဆိုချက်အရသူပြထားတဲ့သက်သေဟာ လောကမှာ အတုမဲ့တဲ့ သက်သေ ဖြစ်နေတယ်။ အမြင့်မြတ်ဆုံးဘုရားရှင်ကို သက်သေပြထားတယ်။ ဒီအမှုကို ငါကိုယ်တော်တိုင် စုံစမ်း ဦးမယ်”

ဟုဆိုလိုက်၏။

ထိုညနေမှာပင် ကောသလမင်းကြီးသည်ဇေတဝန်ကျောင်းတော်သို့ သွားရောက်ကာ ဘုရားရှင်အား မေးလျှောက်သည်။ ဘုရားရှင်ကလည်း လယ်သမား ပြောသည့်အတိုင်းဟုတ်မှန်ကြောင်းသက်သေခံတော်မူ၏။

ကောသလမင်းကြီး ကျူးရင့်သည်။



“အရှင်ဘုရား ... လယ်သမားသည်အရှင်ဘုရားကိုသာ သက်သေမပြနိုင်ခဲ့ပါကအသက်မရှင်နိုင်တော့ပါဘုရား။ ကျွန်တော်မျိုးသည်လည်း ခိုးသားမဟုတ်သူကို စီရင်မှားမိတော့မှာဖြစ်ပါတယ်။ ယခုတော့ ထင်ရှားပါပြီဘုရား။ လယ်သ မားဟာ အတုမဲ့အနိူင်းမဲ့ သက်သေကို ပြနိုင်တဲ့အတွက်အသက်ဘေးမှ လွတ်ခဲ့ပါပြီဘုရား”

ဘုရားရှင် အနုသန္ဓေ ဆက်စပ်ကာ ဒေသနာတော်ကို ဟောကြားမိန့် တော်မူ၏။

“အကြင်ကံအမှုတစ်ခုကိုပြုလုပ်သည့်အတွက်နောင်တတစ်ဖန် ပူပန်ရ၏။ မျက်ရည်စက်လက် ငိုကြွေးလျက် ဆင်းရဲခံရတတ်၏။ ထိုကံအမှုကို မပြုရာ”

အတုမဲ့ အနိူင်းမဲ့ သက်သေကို ပြဆိုနိုင်ခဲ့သဖြင့် လည်ကုပ်ပေါ်ရောက်အံ့ ဆဲဆဲ သေမင်းထံမှ သီသီလွတ်ခဲ့သော လယ်သမားကားမိမိကြုံရသော အဖြစ်ကို ကျော်လွန်လျက် ဘုရားရှင်၏ ဒေသနာတော်ကို နှလုံးဖြင့် ထိုးဖောက်နားလည်သွား၏။ နောင်တမှသည် သံဝေဂ... သံဝေဂမှသည် အသိဉာဏ်...။

ဒေသနာတော်အဆုံး၌ လယ်သမားသည် သောတာပန်ဖြစ်လေ၏။

ချစ်ဦးညို

ဓမ္မပဒ ဒေသနာတော် - ၆၈

# ရနံ့မပြေသေးတဲ့ပန်းတစ်ပွင့်

နဂါးမောက်-စောသာရ (သက္ကတတက္ကသိုလ်)



မှတ်မှတ်ရရ အဝေးတစ်နေရာမှ ဇန်နဝါရီလ သုံးဆယ်ရက်နေ့ မိမိနေတဲ့ အခန်းရှိရာ ဗာရာဏသီမြို့ သက္ကတတက္ကသိုလ်ရဲ့ International အဆောင်ကို ပြန်လာခဲ့တဲ့အချိန်ပေါ့။ အဆောင်ရဲ့မျက်စောင်းထိုးနေရာလေးမှာ ပင်လုံးကျွတ်ပွင့်နေတဲ့ ခရေပင်ကြီးကတော့ ပန်းရနံ့တွေနဲ့ စာရေးသူကို လက်ကမ်းကြိုဆိုနေသလို၊ ခရေပန်းရဲ့ရနံ့တွေက သင်းပျံ့မွှေးကြိုင်နေတာမို့ ပင်ပန်းနွမ်းနယ်နေတဲ့ စိတ်အစဉ်ကို ကြည်လင်အေးမြလန်းဆန်းစေခဲ့ပါတယ်။

ခရေပင်ကြီးကတော့ သူ့အချိန်နဲ့သူ ပွင့်ချိန်တန်ပွင့်၊ သီးချိန်တန်သီး၊ ကြွေချိန်တန်ကြွေ၊ နေဒဏ်၊ လေဒဏ်၊ မိုးဒဏ်တွေကြား ဖြတ်သန်းရင်း ဆောင်းရာသီရဲ့သဘာဝတရားကိုတာဝန်ကျေပွန်စွာအလှဆင်ပေးနေသလိုပါ။ ခရေပင်ကြီးအောက် တထောက်နားရင်း ပန်းရနံ့တွေကို နှစ်ခြိုက်စွာ ရှူရှိုက်နေခိုက် တိုးဝှေ့ဖြတ်သန်းတိုက်ခတ် လာတဲ့ လေပြေလေညင်းတွေကြောင့် တဖြုတ်ဖြုတ် ကြွေကျမြေခနေကြတဲ့ ခရေပန်းလေးတွေကို ကြည့်ပြီး အတွေးတစ်ခု ဝင်ရောက်လာခဲ့တယ်။ "သဘာဝတရားရဲ့အောက်မှာ ထာဝရတရားဆိုတာ မရှိပါလား" အချိန်ရာသီတွေကလည်း တမိုးကုန်လို့ တဆောင်းကူးခဲ့လေပြီ။ အုံ့ဆိုင်းမှိုင်းဝေနေတဲ့ နှင်းမှုန်နှင်းပေါက်တွေကြား ထိုးပေါက်ကျဆင်းလာတဲ့ လောကကြီးရဲ့အလင်းစွမ်းအားရှင် နေမင်းကြီးရဲ့အလင်းရောင် အောက်မှာ ပွင့်ချိန်တန်ပွင့်၊ သီးချိန်တန်သီး၊ ကြွေချိန်တန်ကြွေတဲ့ ပန်းပင်များ။ ရှန်းကန်လှုပ်ရှား သွားလာနေကြတဲ့လောကလူသားများ၊ ဤကမ္ဘာလောကကြီး မကွယ်ပျောက်၊ မပျက်စီး၊ မချုပ်ငြိမ်း၊ မရုပ်သိမ်းသမျှ ဖြစ်မှုပျက်မှု ဆိုတဲ့ သင်္ခါရသဘာဝ ဓမ္မကို ရင်ဆိုင်တွေ့ကြုံနေရဆဲ မဟုတ်ပါလား။ ဘာပဲဖြစ်နေဖြစ်နေ လောကရဲ့ကျေးဇူးရှင် သူရိန်နေမင်းကြီးကတော့ သူ့အချိန်နဲ့ သူ့အလင်းရောင်ကို ပေးမြဲ ပေးနေဆဲပါပဲလေ။

မိမိရဲ့ရှေ့နားလေးမှာ ကြွေကျမြေခနေတဲ့ ခရေပန်းလေးတစ်ပွင့်ကို အမြတ်တနိုး ဖွဖွလေး ကောက်ယူရင်း အခန်းဆီသို့ ဦးတည်လျှောက်လှမ်းလာခဲ့ပါတယ်။ ရောက်လျှင်ရောက်ချင်းမှာပဲ သူငယ်ချင်းတွေထံမှ အမှတ်မထင် ကြားလိုက်ရတဲ့ သတင်းတစ်ခုက ဗာရာဏသီမြို့ မိဂဒါဝုန်မြန်မာကျောင်း အနှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပတော့မယ်ဆိုတဲ့ သတင်းကောင်းတစ်ခုပါပဲ။ ကုလားထိုင်ပေါ်မှာ အသာလေးထိုင်၊ လက်မှာ ဆုပ်ကိုင်လာတဲ့ ခရေပန်းရဲ့ရနံ့ကို ရှူရှိုက်ရင်း မိဂဒါဝုန်မြန်မာကျောင်းအကြောင်းက ဦးနှောက်ထဲသို့ ထိုးဖောက် ဝင်ရောက်လာခဲ့တယ်။ "အို ... မိဂဒါဝုန် ကျောင်းတိုက်ကြီးတောင် နှစ်(၁၀၀) ပြည့် သွားပြီဆိုပါလား။ ဒါပေမဲ့

**ကျေးဇူးတော်ရှင်ဆရာတော်**
**ဦးစန္ဒိမာ ဟာ**
**ယခုအချိန်မှာမရှိတော့ပါလား။**
**ဒါပေမဲ့**
**ဆရာတော်ဘုရားကြီးရဲ့**
**သီလ၊ သမာဓိ၊**
**ပညာဂုဏ်ရနံ့တွေက**
**ရနံ့မပြေသေးတဲ့**
**ပန်းတစ်ပွင့်လို အမြဲတမ်း**
**မွှေးကြိုင်နေဆဲ...**

ကျောင်းတိုက်ကြီးကို တည်ထောင်တော်မူသွားကြတဲ့ကျေးဇူးတော် အရှင်ဆရာတော် ဦးစန္ဒမဏိ၊ ဆရာတော် ဦးကိတ္တိမာ၊ ဆရာတော် ဦးတိက္ခိန္ဒြိယဆရာတော်ဘုရားကြီးတွေဟာ ယခုအချိန်မှာ မရှိကြတော့ပါဘူး။ သူတို့တွေသာ ယခုအချိန်ထိ ရှိနေခဲ့ကြမယ်ဆိုရင် ကျောင်းတိုက်ကြီးရဲ့ လူပတိုးတက်ဖွံ့ ဖြိုးမှုတွေကို ကြည့်ပြီး ဝမ်းသာပီတိ ဖြစ်နေကြမှာတော့ အမှန်ပါပဲလေ" စာရေးသူရဲ့စိတ်အစဉ်မှာ ဆရာတော်ဘုရားကြီးများရဲ့ ဂုဏ်တော်တွေကို အာရုံပြုရင်း လွမ်းတသသဖြစ်နေမိပါတော့တယ်။ ဆရာတော် ဘုရားကြီးများရဲ့ ကြိုးစားခဲ့တဲ့စွမ်းအား၊ ယခုလက်ရှိ ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝဏ္ဏဓဇဆရာတော်ဘုရားရဲ့ကြိုးစားနေတဲ့ စွမ်းအားတွေကြောင့် ကျောင်းတိုက်ကြီးဟာတိုးတက်ဖွံ့ဖြိုးပြီး ကောင်းရန့်တွေနဲ့ မွှေးကြိုင်လှတဲ့ ပန်းခရေတစ်ပွင့်လို ယနေ့ထိ မွှေးကြိုင်သင်းပျံ့နေဆဲပါ။

ကျေးဇူးရှင်ဆရာတော်ကြီးတွေဟာ ဟိန္ဒူဘာသာဝင်များ အလွန်ထူထပ်တဲ့ ပညာရှိပုဏ္ဏားများကိန်းအောင်းနေထိုင်ရာ ဗာရာဏသီမြို့ရဲ့ မလှမ်းမကမ်းက မြတ်ဗုဒ္ဓမွေစကြာတရားဦး ဟောကြားတော်မူခဲ့တဲ့ ဣသိပတနမိဂဒါဝုန်တောရဲ့အနီးမှာ သူတို့ရဲ့ အမြော်အမြင်ကြီးမားမှု၊ ကြိုးစားခဲ့မှု စွမ်းပကားတွေကြောင့် အခက်အခဲအမျိုးမျိုးတွေကို ဖြတ်သန်းကျော်လွှားပြီး မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းအနေနဲ့ ၁၉၀၈ ခုနှစ်တွင် ခန့်နားထည်ဝါစွာ သာသနာ့သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူခဲ့ပါတယ်။ ဆရာတော်ဘုရားကြီးများရဲ့ လုံ့လဝီရိယစွမ်းအားတွေဟာ တန်ဖိုးအနန္တကြီးမားလှပါတယ်။ ယခုဆိုလျှင် ကျောင်းတိုက်ကြီးရဲ့ သက်တမ်းက နှစ်(၁၀၀) တောင် ပြည့်ခဲ့လေပြီ။

"သစ်တစ်ပင်ကောင်းလို့ ငှက်တစ်သောင်းနားနိုင်တယ်" ဆိုတဲ့စကားပမာအနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကြွရောက်လာကြတဲ့ ဓမ္မမိတ်ဆွေသူတော်စင်များ စိတ်အေးချမ်းစွာ ဒီကျောင်းကြီးမှာ တည်းခိုနိုင်ခွင့် ရရှိကြလေပြီ။ "အသီးတစ်ရာ အညှာတစ်ခု" ဆိုတဲ့အတိုင်း လူမျိုးဘာသာမရွေးကျောင်းတိုက်ကြီးရဲ့အေးမြတဲ့ အရိပ်အာဝါသကို တစ်ထောက်တစ်ည ခိုလှုံခွင့်ရခဲ့ကြသူ မှန်သမျှကျောင်းတိုက်ကြီးကိုတော့ မေ့နိုင်ကြမယ် မထင်ပါ။ "ကျေးဇူးတင်ပါတယ်" ကျောင်းတိုက်ကြီးရယ်လို့ ပြောမြဲပြောနေကြဆဲ ဖြစ်ပါလိမ့်မယ်။ ကျောင်းတိုက်ကြီးကတော့ ရောက်ရှိလာသူတိုင်းကို အပြုံးလေးနဲ့ အမြဲတမ်း လက်ကမ်းကြိုဆိုနေဆဲပါပဲလေ။ ကျောင်းတိုက်ကြီးရဲ့အဝင်မှာ စိုက်ထူထားတဲ့ ကျေးဇူးတော်ရှင် ဆရာတော်ကြီးဦးစန္ဒမဏိရဲ့ခန့်နားထည်ဝါလှတဲ့ရုပ်ထုကြီးကတော့ ကျောင်း တိုက်ကြီးရဲ့ကျက်သရေကို ဆောင်ပေးနေသလို ခန့်ညားထည်ဝါလှပါတယ်။

လောကမှာ အတိတ်က ကောင်းခဲ့လို့ ယခုကောင်းတယ်။ ယခုကောင်းမှ နောင်ကောင်းမယ်ဆိုတဲ့ Theory စာသားလေးဟာ နှလုံးအိမ်မှာ ပျံ့နှံ့စေခဲ့တယ်။ အတိတ်နှင့်ပစ္စုပ္ပန်မှာအမျိုးဘာသာ၊ သာသနာရဲ့ကောင်းကျိုး၊ အတ္တ၊ ပရနှစ်ဌာနရဲ့ကောင်းကျိုးစတဲ့ကောင်းကျိုးတရားတွေကို ကောင်းအောင်လုပ်ဆောင်ခဲ့ကြသူတွေ

အတွက် နောင်အနာဂတ်မှာ ရွှေစာလုံးနဲ့ ကဗ္ဗည်းတင်ခံရတတ်ပါတယ်။ လူ့လောကနယ်ပယ်မှာ မိမိကောင်းကျိုး၊ အများကောင်းကျိုး ဒီနှစ်ခုမှာ တစ်ခုခုကို စွမ်းဆောင်နိုင်ခဲ့တယ်ဆိုရင် လူ့သမိုင်းမှာ "လူသေသော်လည်း နာမည်မသေ"ဘဲ သမိုင်းမှတ်တိုင်အဖြစ် ကြွင်းကျန်ရစ်ပါတယ်။ သီရိလင်္ကာနိုင်ငံမှ ကမ္ဘာကျော်စာရေးဆရာ ဆရာတော်တစ်ပါး မပျံလွန်ခင်မှာ ပြောခဲ့တဲ့စကား တစ်ခွန်းကို အမှတ်မထင် သတိရလာမိတယ်။ ဆရာတော်ကြီးက "မင်းတို့ ငါသေရင် မငိုကြပါနဲ့။ လောကမှာ လူရယ်လို့ ဖြစ်လာရင် လောကကောင်းကျိုး၊ မိမိကောင်းကျိုးအတွက် ဘာတစ်ခုမှ မစွမ်းဆောင်ခဲ့တဲ့ သူတွေအတွက် ငိုစရာကောင်းတယ်။ ငိုကြပါ"တဲ့။ အဲဒီစကားလေးက မှတ်သားစရာ ကောင်းလိုက်တာ။

ဘဝမှာ လောကကောင်းကျိုးဖြစ်စေ၊ မိမိကောင်းကျိုးဖြစ်စေ ကြိုးစားနေတဲ့ သူတွေအဖို့ ခက်ခဲတဲ့ပြဿနာတွေကို တစ်ခါတစ်ရံမှာ အနည်းနဲ့အများ တွေ့ကြုံရင်ဆိုင်ရစမြဲဖြစ်မှာပါ။ ဤလောကမှာ အခက်အခဲတွေနဲ့ မတွေ့ကြုံ မဆုံခဲ့ရဘူးဆိုတဲ့သူရယ်လို့တော့ ရှိမယ်မထင်ပါဘူး။ ကြာပန်းလေးတစ်ပွင့်ဟာ ရေပေါ်သို့ ရောက်ရှိရန် အခက်အခဲမျိုးစုံနဲ့ ရွှံ့ညွှန်တွေကို တိုးဖောက်ရေထုကြီးကို ဖြတ်သန်းပြီး ရေပေါ်မှာ ရွှေကြာရယ်လို့ လှပဝင့်ထည်ခဲ့တာဟာ သူ့ရဲ့ ကြိုးစားချက်ပဲပေါ့။ ဒါပေမဲ့ ကြာပန်းလေးရဲ့ ရေပေါ်သို့ ရောက်နိုင်ရေးအတွက် ခက်ခက်ခဲခဲ ကြိုးစားခဲ့တာတွေကိုတော့ မည်သူမျှ စဉ်းစားနိုင်ခဲ့မှာ မဟုတ်ပါဘူး။ ကြာပန်းလေးရဲ့ ရေပေါ်သို့ ရောက်လာတဲ့အချိန် လှပတင့်တယ်မှုအပေါ်မှာ အမြတ်တနိုး စွဲမက် နှစ်သက်ကြပြီး ဘုရားမှာ ကပ်လှူချင်တဲ့သူရယ်၊ ခေါင်းပေါ်မှာ ပန်ချင်တဲ့သူရယ်လို့ အလှအယက် ဈေးပြိုင်ပေးပြီး တန်ဖိုးတက်စေခဲ့ပါတယ်။ ဒါပေမယ့် ခွန်အားကုန်ခန်း၍ ရေပေါ်သို့ မရောက်ရှိနိုင်ခဲ့ဘဲ အငုံဘဝနဲ့ လမ်းတစ်ဝက်မှာ ပုပ်သွားကြတဲ့ကြာပန်းတွေလည်း ရှိတတ်ပါတယ်။ လူသားတွေရဲ့ ဘဝဆိုတာလည်း ကြာပန်းလေးတွေလိုပဲပေါ့။ သက်မဲ့အရာဝတ္ထုလေးတွေတောင် အခက်အခဲတွေနဲ့ ရင်ဆိုင်ကြရတယ်ဆိုရင် သက်ရှိလူသားတွေအဖို့ကတော့ ဒီထက်ပို များပေလိမ့်မယ်။

ကမ္ဘာကျော် စာရေးဆရာ ဒေါက်တာကေသရီဓမ္မာနန္ဒပြောတဲ့ စကား တစ်ခွန်းကို အမှတ်ရစေခဲ့ပါတယ်။ "Life is a continuous journey best with problems. As long as we line in this world, problems and troubles will always be a part and parcel of human experience." "ဘဝဆိုတာဟာ ခက်ခဲတဲ့ပြဿနာ



တွေနဲ့ အကောင်းဆုံးဖြစ်ဖို့ လျှောက်လှမ်းနေရတဲ့ ခရီးတစ်ခုပါ။ ဤလောကမှာ ငါတို့ နေထိုင်နေစဉ် ခက်ခဲတဲ့ပြဿနာဒုက္ခတွေဟာ လူ့လောကအတွေ့အကြုံရဲ့ အစိတ်အပိုင်းတစ်ခုပဲ ဖြစ်ပါတယ်" တဲ့။

လောကမှာ ခက်ခဲမှုနဲ့ လွယ်ကူမှုဆိုတဲ့ အရာနှစ်ခုမှာ

လွယ်ကူမှုကိုတော့ လူသားတိုင်းလိုလားနှစ်သက်ကြပါတယ်။ ခက်ခဲမှုကိုတော့ ဘုရားရဟန္တာမှအပ အချို့သော ပုဂ္ဂိုလ်တွေဟာ ထိတ်လန့်ကြောက်ရွံ့တတ်ကြပါတယ်။ ဒါပေမယ့် တစ်ခါတစ်ရံမှာ ခက်ခဲမှုတွေနဲ့ တွေ့ကြုံရင်ဆိုင်ရစမြဲပါ။ အဲဒီလို အခက်အခဲတွေနဲ့ တွေ့ကြုံရတဲ့အခါ ဘယ်လိုရင်ဆိုင်မလဲဆိုတာကိုတော့ သိထားသင့်တဲ့အချက် တစ်ခုပါပဲ။ အိန္ဒိယနိုင်ငံရဲ့ဝန်ကြီးချုပ်ဟောင်း ပညာရှင်နေရူးကြီးရဲ့စကားတစ်ခွန်းကတော့ "We have to face problems and try to solve them. We should understand that there is a way out of the suffer-ing and problems we face in this lilfe." "ငါတို့ဟာ ပြဿနာတွေကို ရင်ဆိုင်ကြရမယ်။ ပြီးတော့ အဲဒီပြဿနာတွေကို ဖယ်ရှားနိုင်ဖို့ ကြိုးစားကြရမယ်။ ဒီဘဝမှာရင်ဆိုင်တွေ့ကြုံနေရတဲ့ပြဿနာ ဒုက္ခတွေကို ဖြေရှင်းနိုင်တဲ့နည်းလမ်းတွေရှိတယ်ဆိုတာကိုတော့ ငါတို့နားလည်သင့်တယ်" ဆိုတဲ့အချက်ပါပဲ။ ပညာရှင်ကြီးတွေပြောကြားခဲ့တဲ့စကား၊ ဘဝအတွက်နည်းလမ်းကောင်းတွေဖြစ်စေခဲ့တယ်။

ခက်ခဲမှုတွေရဲ့နောက်ကွယ်မှာ လွယ်ကူမှုတွေရှိသလို လွယ်ကူမှုတွေရဲ့နောက်ကွယ်မှာ ခက်ခဲမှုဆိုတာဟာလည်း ရှိကြစမြဲပါ။ အာဇာနည်သူရဲကောင်းတွေရဲ့စိတ်ဓာတ်တွေကတော့ ခက်ခဲမှုတွေ တွေ့တိုင်း နောက်ပြန်မဆုတ်ဘဲ မိမိရည်မှန်းချက်ပန်းတိုင်ဆီသို့ မတုန်မလှုပ် မမှိတ်မသုန်ချီတက်ကြပါတယ်။ "ဓားတောင်ကိုဖြတ်ပြီး မီးပင်လယ်ကို ကျော်ဖြတ်မယ်" ဆိုတဲ့ စိတ်ဓာတ်မျိုးတွေပေါ့။ အိန္ဒိယနိုင်ငံတွင် အေဒီ ၉ ရာစုမှ အေဒီ ၁၈ ရာစုတိုင်အောင် ရာစုနှစ်ပေါင်းများစွာ ကွယ်ပျောက်တိမ်မြုပ်နေခဲ့တဲ့ သာသနာတော်ကို ပြန်လည်ထွန်းကားစေရမယ်ဆိုတဲ့ ခိုင်မာသော စိတ်ဓာတ်နဲ့ လူမျိုးဘာသာခြားတွေ ကြားမှာ ခက်ခဲမှုတွေကို ရင်ဆိုင်ပြီးသာသနာပြုလုပ်ငန်းတွေနဲ့ စွမ်းဆောင်နိုင်ခဲ့တဲ့ ဆရာတော် ကြီးဦးစန္ဒိမဏိဟာလည်း သာသနာ့အာဇာနည်သူရဲကောင်းတစ်ပါးဖြစ်စေခဲ့ပါတယ်။

အိန္ဒိယနိုင်ငံတွင် ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက် သာသနာသက္ကရာဇ် (၂၃၀) ကျော်အတွင်း သီရိဓမ္မာသောကမင်းကြီး သာသနာပြုခဲ့စဉ်မှ စတင်၍(၂၁)ရာစုအထိ အိန္ဒိယသာသနာ့သမိုင်းကို မှတ်တမ်းတင်ရမည်ဆိုလျှင် ကျေးဇူးတော်ရှင်ဆရာတော်ဦးစန္ဒိမဏိကို ချန်လှပ်ထားခဲ့၍ မရနိုင်ပါ။ သူ့ရဲ့သာသနာ ပြုစွမ်းဆောင်ချက်တွေဟာ ယခုလက်ရှိအချိန်အထိ အိန္ဒိယနိုင်ငံတွင် မျက်ဝါးထင်ထင် တွေ့မြင်နေရသော ကုသိနာရုံ၊ မိဂဒါဝုန်မြန်မာဘုန်းတော်ကြီးကျောင်းများက သက်သေထူနေပါတယ်။ ဆရာတော်ဘုရားကြီးနှင့်ဆရာတော် ဦးကိတ္တိမာ၊ ဆရာတော်ဦးတိက္ခိန္ဒြိယတို့ တည်ထောင်ခဲ့သော မိဂဒါဝုန်မြန်မာကျောင်းတိုက်ကြီးဟာနှစ်(၁၀၀)တောင်ပြည့်သွားခဲ့လေပြီ။ ကျေးဇူးတော်ရှင်ဆရာတော်ဦးစန္ဒိမဏိဟာ ယခုအချိန်မှာ မရှိတော့ပါလား။ ဒါပေမဲ့ ဆရာတော်ဘုရားကြီးရဲ့ သီလ၊ သမာဓိ၊ ပညာဂုဏ်ရနံ့တွေက ရနံ့မပြေသေးတဲ့ ပန်းတစ်ပွင့်လို အမြဲတမ်း မွှေးကြိုင်နေဆဲဖြစ်ပါတော့တယ်။ ။

နဂါးမောက် စောသာရ

(သက္ကတတက္ကသိုလ်)

# အနာဂါရိကဓမ္မပါလ-ဗုဒ္ဓဂယာ-ဗုဒ္ဓဘာသာဝင်တို့ ပိုင်ဆိုင်ခွင့်ရမှု

ဓမ္မဝီရ



သာသနာရေးဝန်ကြီး ဌာနမှ ဗုဒ္ဓဂယာဘုရားဖူး ခရီးစဉ် များ စနစ်တကျ စီစဉ်ဆောင်ရွက်ပေးပြီး ဘုရားရှင်၏ သံဝေ ဇနိယလေးဌာနသို့ ဘုရားဖူး များ စေလွှတ်ပေးနေပါသည်။

ထိုသံဝေဇနီယလေး ဌာနတွင် တစ်ပါးအပါအဝင် ဖြစ်သော ဘုရားဖြစ်တော်မူရာ နေရာဌာန(ဝါ)ဗောဓိပင်နှင့် ရွှေပလ္လင်အောင်ရာဌာနဖြစ် သောဗုဒ္ဓဂယာသည်အထူးထင် ရှားပြီး ဗုဒ္ဓဘာသာဝင်တို့ အထူး ကြည်ညိုလေးစားပြီးအထူးအား ထား ဖူးမြော်ပူဇော်ရာဌာန တစ်ခု ဖြစ်ပါသည်။

ထိုဗုဒ္ဓဂယာနှင့်ပတ် သက်၍ မူလက ထိုစေတီကို အာသောကမင်းမြတ်က တည် ထားခဲ့သည်ကို သိရှိမှုများကြ သော်လည်း နောက်ပိုင်း ဂယာ မြို့ကိုမွတ်စလင်တို့သိမ်းပိုက်ပြီး နောက် ဗုဒ္ဓဘာသာဝင်တို့ စွန့် လွှတ်သွားခဲ့ရပြီးထိုနေရာတော အထိဖြစ်သွားပုံ၊ ထို့နောက်ဟိန္ဒူ ကုလားဘုန်းကြီးတစ်ပါးက ထိုနေရာကို ခုတ်ထွင်ရှင်းလင်း ပြီး မဟန့်ဘုန်းကြီး အဆက် ဆက်က ဆက်ခံပြီး မဟန့်တို့၏ ဘုရားအဖြစ်ဆက်လက်ဆောင် ရွက်ပုံ၊ ထို့နောက် သီဟိုဠ်ကျွန်းမှ အနာဂါရိက ဓမ္မပါလက အိန္ဒိယ သို့ ရောက်ရှိလာပြီး ဗုဒ္ဓဘာသာ ဝင်တို့ လက်ထဲ ရောက်အောင် ဆောင်ရွက်ပုံတို့ကား နောင်လူ ဖြစ်သော ယနေ့ ဘုရားဖူးတို့ သိနိုင်ခဲ့ပြီး ဖြစ်ပါသည်။

ထိုဗုဒ္ဓဂယာဘုရားကြီး ကို ဗုဒ္ဓဘာသာဝင်တို့ လက်ထဲ ပြန်အပ်မှုကို ၁၉၅၁-ခု၊ မေလ (၂၈)ရက် (ဗုဒ္ဓပုဏ္ဏမာအခါ တော်နေ့)တွင် အိန္ဒိယအစိုးရက ဗုဒ္ဓဘာသာဝင်များလက်သို့ ပြန်လည်ပေးအပ်ခဲ့ပါသည်။ ထိုပေးအပ်မှုသည် လည်းလွန်ခဲ့ သော (၃၁)နှစ်၊ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးမရမီက အိန္ဒိယ နေရှင် နယ်ကွန်ကရက်ပါတီ သည် ဂယာမြို့ ညီလာခံကျင်းပ စဉ်က ကတိထားခဲ့သော ကတိ အတိုင်းပြန်လည်ပေးအပ်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုပေးအပ်ပွဲတွင် ထိုစဉ်က အိန္ဒိယနိုင်ငံ သမ္မတ ကြီးဖြစ်သော ဒေါက်တာ ရာဂျ န္ဒြာပရာဘဒ်က ဗုဒ္ဓဂယာ စေတီ တော်၏ရာဇဝင်ကြောင်းတစ်ခု လုံးနှင့် တစ်ကမ္ဘာလုံးရှိ ဗုဒ္ဓ ဘာသာများအပေါ်တွင် ထားရှိ ခဲ့သောကတိကိုလုံးဝပြည့်စုံစေ ရန် အနှစ်(၃၀)ကျော်က အိန္ဒိယ ခေါင်းဆောင်ကြီးများ အား ထုတ်လာခဲ့သောရာဇဝင်ကြောင်း ကိုစိစစ်ပြီး သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့ပါသည်။

ထိုသဝဏ်လွှာသည် ဗုဒ္ဓဂယာဖြစ်ပေါ်ပြောင်းလဲမှုကို အနှစ်ချုပ်ပြောပြထားသော

**ဗုဒ္ဓဂယာနှင့်ပတ်သက်၍ မူလက ထိုစေတီကို အာသောကမင်းမြတ်က တည်ထားခဲ့သည်ကို သိရှိမှုများကြသော်လည်း နောက်ပိုင်း ဂယာမြို့ကို မွတ်စလင်တို့သိမ်းပိုက်ပြီးနောက် ဗုဒ္ဓဘာသာဝင်တို့ စွန့်လွှတ်သွားခဲ့ရပြီး ထိုနေရာ တောအထိဖြစ်သွားပုံ...**

သဝဏ်လွှာဖြစ်၍မှတ်သားဖွယ်၊ သိမှတ်ဖွယ်ရာကောင်း၍ မူရင်းအတိုင်း ဖော်ပြအပ်ပါသည်။

၁၉၅၃-ခု၊ မေလ(၂၉) ရက်၊ ဤနေ့သည် လွန်ခဲ့သော အနှစ်(၆၀)လောက်ကျွန်ုပ်တို့၏ ကြိုးစားမှုအောင်မြင်ခြင်းကို ပြသောနေ့ဖြစ်သောကြောင့် ကျွန်ုပ်တို့အတွက် ဝမ်းမြောက်နိုင်ရန် ဖန်တီးပေးသောနေ့ ဖြစ်ပါသည်။

ဂေါတမဘုရားရှင်သည် ဤထူးမြတ်သောနေရာ၌ ဘုရားရှင်ဖြစ်တော် မူကြောင်းကို တစ်ကမ္ဘာလုံးက အသိအမှတ်ပြုပြီးဖြစ်ပါသည်။ ဘုရားဖြစ်တော်မူသောထိုနေ့မှအစပြု၍ဗုဒ္ဓဂယာသည်ဗုဒ္ဓဘာသာဝင်များအတွက်သာလျှင်မဟုတ်ဘဲ လူအားလုံးတို့၏ ဘုရားဖူးရာဌာနတစ်ခုဖြစ်ပါသည်။

ဘုရားရှင်၏ရာဇဝင်နှင့်နီးကပ်စွာ ဆက်သွယ်သော ဌာနကြီး(၄)ဌာန ရှိပါသည်။ အစီအစဉ်တိုင်း ဖော်ပြရလျှင် ...

၁။ ဘုရားရှင်ဖွားမြင်တော်မူရာလုမ္ဗိနီဥယျာဉ်သည်ပထမဖြစ်ပါသည်။

၂။ ထို့နောက် ရှင်တော်ဘုရားသဗ္ဗညုတဉာဏ်တော်ရရာ ဗုဒ္ဓဂယာသည် ဒုတိယဖြစ်ပါသည်။

၃။ ဘုရားရှင် (ဘာသာသစ်ဖြစ်သော) ဓမ္မစကြာကို ဟောတော်မူရာ ဣသိပတန ခေါ် မိဂဒါဝုန်တောသည် တတိယမြောက်ဖြစ်ပါသည်။

၄။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူရာ ကုသိနာရုံသည်စတုတ္ထမြောက် ဌာန ဖြစ်ပါသည်။

ဤလေးဌာနတို့တွင် ဗုဒ္ဓဂယာကို အမြတ်ဆုံးနေရာဟု ယူဆပါသည်။ ထို့ကြောင့် ဘုရင်အာသောကသည် လွန်ခဲ့သောနှစ်ပေါင်း(၂၂၀၀)လောက်က ထိုနေရာဌာန၌ ယခုလက်ရှိစေတီတော်ကြီးကို တည်ဆောက်တော်မူခဲ့ပါသည်။

ထို့နောက်အနှစ်(၅၀၀)လောက်အကြာမှာ ၎င်းစေတီတော်ကြီးကို တစ်ဖန်တည်ဆောက်ခဲ့ပါသည်။ ဗုဒ္ဓဂယာ၌ ယနေ့ကျွန်ုပ်တို့ ဖူးမြင်ရသော စေတီတော်မြတ်ကြီးကို နှစ်ပေါင်း(၁၇၀၀)လောက်က တည်ဆောက်ခဲ့သည်ဟု ရာဇဝင်ဆရာများနှင့်ပညာရှိများက ထင်မြင်ယူဆကြပါသည်။ ဤကဲ့သို့ ထင်မြင်ယူဆချက်ကို ယခုစေတီတော်ကြီး၏ အသွင်သဏ္ဌာန်က ထောက်ခံထားပါသည်။

ထိုစဉ်အခါမှစ၍ တိုင်းတစ်ပါးမှ ဗုဒ္ဓဘာသာဝင်များသည် ဤမဟာ ဗောဓိစေတီတော်ကြီးသို့ ဘုရားဖူးများ လာရောက်လျက်ရှိနေခဲ့ကြပါသည်။ ၎င်း ဘုရားဖူးများသည် တိုင်းပြည် ဆူပူလှုပ်ရှားသောအခါတစ်ခါဖြစ်သည့်(ဂယာ မြို့)ကို မွတ်စလင် ဘာသာဝင် များသိမ်းယူသည့်ကာလတိုင်အောင် ဗုဒ္ဓဂယာ မှာပင် ဆက်လက်၍ နေထိုင်ခဲ့ကြပါသည်။ ထိုအခါသမယတွင် ဗုဒ္ဓဘာသာဝင်များသည် စေတီတော်ကြီးကို စွန့်လွှတ်၍ ထွက်ခွာခဲ့ရပါသည်။ ကျွန်ုပ်တို့ သိရသမျှမှာ စွန့်ပစ်ထားခံရသော စေတီတော်ကြီးမှာ အနှစ်(၃၀၀)(၄၀၀)လောက် ချုံပုတ်များ၊ တောရိုင်းသစ်ပင်များဖြင့်သာ ဖုံးလွှမ်းနေခဲ့ပါသည်။

လွန်ခဲ့သော အနှစ်(၄၀၀)လောက်ကဟိန္ဒူကုလားဘုန်းကြီးတစ်ပါးသည် ထိုနေရာကို ရှင်းလင်း ခုတ်ထွင်းပြီးနောက် စတင်နေထိုင်ကာ ဗုဒ္ဓဂယာ မသ်(Buddha Ga

Ya Math)ကို စတင်တည်ထောင်ခဲ့ပါသည်။ ထိုအချိန်အတောအတွင်းမှာ မသ်ကို တည်ထောင်သူများသည် စေတီကြီးပတ်ဝန်းကျင်ရှိ ပစ္စည်းအမြောက်အမြားကို ရရှိခဲ့ကြပြီး စေတီကြီးကိုပါ သိမ်းယူခဲ့ကြပါသည်။

ဒေလီမြို့ မိုဟာမက်ရာဟက်ဘုရင်သည် အကြီးအမှူးဖြစ်သော မဟန့် (Math)ကို ရှာနစ်ရှာ လှူဒါန်းခဲ့ပါသည်။ ထိုလှူဒါန်းထားသော ပစ္စည်းအကူ အထောက်အပံ့များဖြင့် နောက်ဆက်ခံမည့် နာယကဖြစ်သော မဟန့်ဘုန်းကြီး များသည်လည်း ဘုရားဖူးများကို ကူညီထောက်ပံ့၍ အမျိုးမျိုး ကူညီဆောင်ရွက်ခဲ့ကြပါသည်။

ထိုစဉ်အခါက မြန်မာပြည်နှင့် သီဟိုဠ် ဘုရင်များတို့သည် မိမိတို့၏စရိတ်ဖြင့် စေတီတော်ကြီးကို ခဏခဏ ပြင်ဆင်ခဲ့ကြပါသည်။ ဟိန္ဒူဘာသာဝင်များက ဘုရားရှင်ကို ဗိဿနိုး နတ်ဝင်စားသော ဘုရားအနေဖြင့် မှတ်ယူကြပါသည်။ သို့ရာတွင် ဗုဒ္ဓဘာသာများသည် ဗုဒ္ဓဂယာကို အရေးတကြီးထားကာ ကြည်ညိုလေးစားယူဆသလို ဟိန္ဒူဘာသာဝင်များမယူဆကြောင်း ဝန်ခံရပေမည်။ သို့ရာတွင် ထိုအတောအတွင်းမှာ ဟိန္ဒူဘာသာဝင်များက ဗုဒ္ဓဘာသာဝင်များ၏ ထိုနေရာတွင် တရားအားထုတ်မှုနှင့် အခြားသော ဆောင်ရွက်မှုများကို မည်သည့်အခါမှ နှောင့်ယှက်ခြင်း မရှိခဲ့ပါကြောင်း။

**ဗုဒ္ဓဘာသာများသည် ဗုဒ္ဓဂယာကို အရေးတကြီးထားကာ ကြည်ညိုလေးစားယူဆသလို ဟိန္ဒူဘာသာဝင်များ မယူဆကြောင်း ဝန်ခံရပေမည်။**

အနာဂါရိကဓမ္မပါလသည် သီဟိုဠ်ကျွန်းမှ အိန္ဒိယပြည်သို့ ရောက်လာသောအခါ ဗုဒ္ဓဂယာစေတီတော်ကြီးကို စီမံအုပ်ချုပ်ပုံသည် ကောင်းသင့်သလောက် မကောင်းသေးကြောင်း၊ မဟန့်ဘုန်းကြီးသည်လည်းကောင်း သည်ထက်ကောင်းအောင် မစီမံ မအုပ်ချုပ်နိုင်ကြောင်းကို သိရှိလေသည်။ ထို့ကြောင့် ဓမ္မပါလသည် မဟာဗောဓိအသင်းတိုက်ကို တည်ထောင်ပြီးလျှင် စေတီတော်ကြီး၏စီမံအုပ်ချုပ်ရေးကို အသင်း၏လက်သို့ လွှဲပြောင်းအပ်နှံသင့်သည်ဟု တောင်းဆိုလေသည်။

ဤထင်မြင်ချက်ကို ရရှိစေရန် ဗုဒ္ဓဘာသာများနှင့် ဟိန္ဒူဘာသာဝင်များ၏ စိတ်ကို လှုပ်ရှားစေရန်နှင့် အများ၏ ထင်မြင်ချက်များကို ရရှိစေရန် ဓမ္မပါလသည် ဖန်တီးခဲ့လေသည်။ ဓမ္မပါလကို ထောက်ခံ

သူများထဲတွင် အာရှတိုက်အလင်းရောင် (Light of Asia) ခေါ်စာအုပ်ကို ရေးသားစီစဉ်သူ ဆာ.အက်ဒ် ဝင်အာနိုး (Sir Edwin Arnold) လည်းပါဝင်ပါသည်။ ၎င်းသည် (Sir Edwin Arnold) ဗုဒ္ဓဂယာစေတီတော်ကြီး စီမံအုပ်ချုပ်ရေးကို အကောင်းဆုံးသည် စီမံအုပ်ချုပ်နိုင်သော သူများ၏လက်ထဲမှာ ရှိထိုက်သည်ဟု ဘီလပ်အစိုးရနှင့် အိန္ဒိယအစိုးရသို့ မေတ္တာရပ်ခံရုံတွင်မက ပြည်သူပြည်သားများကိုလည်း မေတ္တာရပ်ခံခဲ့ပါသည်။ ထိုအရေးသည် အနာဂါရိကဓမ္မပါလနှင့် မဟန့်ဘုန်းကြီးများ တရားဖြစ်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့လေသည်။ ထိုတရားဖြစ်ရာ၌ မဟန့်ဘုန်းကြီးက အနိုင်ရလေသည်။ သို့ရာတွင် ဓမ္မပါလသည် မိမိကြိုးစား အားထုတ်မှုကို လက်မလျှော့ခဲ့ချေ။

၁၉၂၂-ခုနှစ်တွင် ဂယာမြို့၌ ကွန်ကရက် အစည်းအဝေးကျင်းပသည့် အခါတွင် ဗုဒ္ဓဂယာစီမံအုပ်ချုပ်ရေး ပြဿနာတို့ကို ကွန်ကရက်အဖွဲ့ကြီး တင်ပြရန် ဆရာတော်ဦးဥတ္တမ ခေါင်းဆောင်သည့် မြန်မာပြည်မှ ဗုဒ္ဓဘာသာပေါင်း (၁၀၀)မျှ ထိုအစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။ ကွန်ကရက်ကော်မတီ အဖွဲ့က ထိုအရေးကို စုံစမ်း၍ အစီရင်ခံရန် ကျွန်ုပ်ကို လွှဲအပ်ခဲ့ပါသည်။ ထိုစဉ်အခါက အကြောင်းအမျိုးမျိုးကြောင့် တစ်စုံတစ်ရာ ထူးထူးခြားခြား မရှိခဲ့ပါ။ အခြားဗုဒ္ဓဘာသာများ၏ ကိုယ်စားလှယ်အဖွဲ့သည် ကာကင်နာဒါ(Kakinader) မြို့ ကွန်ဂရက်အစည်းအဝေးချိန်တွင် ရောက်လာကြပြီးလျှင် မဟာတ္တမဂန္ဓီဥက္ကဋ္ဌ အဖြစ်ဖြင့် ဆောင်ရွက်သော ဘယ်လဂွန်



**ရှိသေလေးမြတ်ခြင်း၊ ပူဇော်သက္ကာရပြုခြင်းကို အစဉ်အမြဲဆွဲဆောင်နိုင်သည့် မြင့်မြတ်သောဤနေရာသည် ဘုရားဖူးရာ နေရာဌာနတစ်ခုအဖြစ်ဖြင့် ပိုမိုဆွဲဆောင်နိုင်အားရှိစေရန်နှင့် ထိုနေရာကို ကောင်းသည်ထက်ကောင်းရန် ကြည့်ရှုစောင့်ရှောက်မည် ဖြစ်ပါသည်။**

(Belgaum) ကွန်ကရက်အစည်း အဝေးသို့လည်း တက်ရောက်ခဲ့ပါသည်။ ဂန္ဒီကြီး၏ ညွှန်ကြားချက်အရ ဗုဒ္ဓဂယာစေတီတော်ကြီး၏အရေးကို တစ်ဖန်ပြန်၍ အရေးယူဆောင်ရွက်ခဲ့ရပါသည်။ ထိုအရေးကို စုံစမ်းမေးမြန်းပြီးနောက် ဗုဒ္ဓဘာသာဝင်များ၏ တောင်းဆိုချက်သည် တရားသည်ဟု အတည်ပြုခဲ့ပါသည်။ သို့ရာတွင် ဟိန္ဒူဘာသာဝင်များသည် ဗုဒ္ဓဘုရားရှင်ကို (၉)ကြိမ်မြောက် ဗိသနိုးနတ်ဝင်စားသည်ဟု အယူရှိကြပြီးလျှင် စေတီတော်ကြီး၏ ပရဝုဏ်အတွင်းမှာပင် ဘာသာရေးအခမ်းအနားများ ပြုလုပ်ကျင်းပသည်ကိုထောက်ထား၍ဗုဒ္ဓဂယာစီမံအုပ်ချုပ်ရေးကို အရာရှိများသာမက ဗုဒ္ဓဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်ကိုယ်စားလှယ်များ ပါဝင်သော ကော်မတီအဖွဲ့တစ်ဖွဲ့သို့လွှဲအပ်သင့်သည်ဟုထင်မြင်ယူဆခဲ့ပါသည်။ ဤအကြံကို သဘောတူညီရေး မဟာန့်ဘုန်းကြီးကို ကြိုးစား၍ တိုက်တွန်းခဲ့ပါသည်။ သို့ရာတွင် မအောင်မြင်ခဲ့ချေ။ အကြောင်းမူကား ကွန်ကရက်အဖွဲ့ကဲ့သို့သော (အစိုးရအဖွဲ့မဟုတ်သော) အစည်းအရုံးတစ်ခုသည်အလိုရှိသောရည်ရွယ်ချက်ကို ပြီးမြောက်ပေါက်ရောက်စေရန် အစိုးရကိုယ်စားဥပဒေပြုလုပ်ခြင်းကို ထောက်ခံ၍ မဖြစ်နိုင်သောကြောင့်ဖြစ်ပါသည်။ ထိုသို့ဖြစ်ရကား ဤအရေးကိစ္စကို တစ်ဖန် ရပ်ဆိုင်းထားခဲ့ရပါသည်။

ဟိန္ဒူမဟာဆဘ အဖွဲ့ကြီးကလည်းစေတီတော်ကြီး၏ စီမံအုပ်ချုပ်ရေးကို တွဲဖက်ကော်မတီတစ်ခုသို့ လွှဲအပ်ရန် ကွန်ကရက်အဖွဲ့၏ ဆောင်ရွက်ချက် (အဆို)ကို ထောက်ခံခဲ့ပါသည်။ သို့ရာတွင် ထိုစဉ်အခါက ကွန်ကရက်အဖွဲ့မှာ ခွင့်ပြုနိုင်သောအမိန့်အာဏာမရှိသောကြောင့် ဤအရေးကိစ္စကိုတစ်စုံတစ်ရာ မဆောင်ရွက်နိုင်ဘဲဖြစ်ရပါသည်။ ၁၉၃၇-ခုနှစ်တွင်ပြည်သူ့ကိုယ်စားလှယ်များ ပထမဦးစွာ အာဏာရရှိလာသောအခါ ကွန်ကရက်အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ သင့်လျော်သော ဥပဒေပြုလုပ်၍ စေတီတော်ကြီး၏ စီမံအုပ်ချုပ်ရေးကို ကော်မတီအဖွဲ့တစ်ဖွဲ့သို့ လွှဲအပ်ရန် ဗုဒ္ဓဘာသာဝင်များကရင်းတို့၏လိုလားချက်များကို တဖန်တင်ပြခဲ့ကြပါသည်။ သို့

ရာတွင်ကွန်ကရက်အစိုးရသည်
ခေတ္တမျှသာတည်တံ့၍ထိုအလို
ရှိသောဥပဒေကို မပြုလုပ်နိုင်မီ
အခြားသော အကြောင်းများ
ကြောင့် ရာထူးမှ နုတ်ထွက်ခဲ့ရ
ပြန်ပါသည်။ သို့ဖြစ်၍ ၁၉၃၉-
ခုနှစ်မှ ၁၉၄၆-ခုနှစ်အထိ
တစ်စုံတစ်ရာတိုးတက်ခြင်း မရှိ
ခဲ့ပါ။ ၁၉၄၇-ခုနှစ်တွင် အိန္ဒိယ
ပြည်သူပြည်သားတို့သည် ၎င်း
နောက် လုံးဝလွတ်လပ်ရေးရ
သောအခါ ဥပဒေပြုလုပ်ရေး
တာဝန်ကို တဖန်ယူ၍ ဆောင်
ရွက်ရသောကြောင့် (Buddha
Gaya Temple Act) ခေါ် ဗုဒ္ဓ
ဂယာစေတီတော်အုပ်ချုပ်ရေး
အက်ဥပဒေကို ၁၉၄၉-ခုနှစ်
တွင် ပြုလုပ်ခဲ့ပါသည်။ တရားရုံး
တော်၌ တရားစွဲလျက် ရှိသော
ကြောင့် အက်ဥပဒေသစ်၏
စည်းကမ်းအရ ဗုဒ္ဓဂယာစေတီ
တော်ကြီး စီမံအုပ်ချုပ်ရေးကို
ဤမျှလောက်ကြာအောင် ရည်
ရွယ်ထားသော ကော်မတီအဖွဲ့
သို့ ယခုတိုင် မလွှဲအပ်နိုင်ဘဲ
ဖြစ်ခဲ့ရပါသည်။

ရှိသမျှ အနှောင့်အ
ယှက်များ ရှင်းလင်း၍ သွားပြီး
နောက် အထက်အဆိုပါ ဥပဒေ
အရ မဟန့်ဘုန်းကြီး နာယက
ဖြစ်သော မဟန့်ဟာရိဟာဂိရိ
ဘုန်းကြီးက စေတီတော်ကြီး
စီမံအုပ်ချုပ်ရေးကို ခန့်အပ်ပြီး
သော ကော်မတီအဖွဲ့သို့ လွှဲအပ်
ခြင်းသည် ဝမ်းမြောက်ဖွယ်ရာ
အချက်ကြီးတစ်ရပ်ဖြစ်ပါသည်။
ကျွန်ုပ်သည် ထိုအရေးကိစ္စကို
အရေးကြီးသော ကိစ္စတစ်ခု
အနေဖြင့် မှတ်ယူကာ အားလုံး
သော ပုဂ္ဂိုလ်များ၏ ကောင်းရာ
ကောင်းကြောင်းဖြစ်လိမ့်မည်ဟု
လည်း စိတ်အားထက်သန်စွာ
မျှော်လင့်ပါသည်။ ယနေ့ ကျွန်ုပ်
တို့ အောင်မြင်ချက်သည် ကား
အနှစ်ခြောက်ဆယ်ကျော်
လောက်က အနာဂါရိကဓမ္မပါလ
ကြိုးစားလာခဲ့ခြင်း၏ အကျိုးပင်
ဖြစ်ပါသည်။ ဤကဲ့သို့ ပြီးစီးထ
မြောက်မှုအတွက် ကျွန်ုပ်သည်
ဗုဒ္ဓဘာသာဝင်များကို ကောင်း
ချီးသြဘာမင်္ဂလာပြုပါသည်။
ထို့အတူ ဟိန္ဒူဘာသာဝင်
များနှင့် မဟန့်ဘုန်းကြီး ဟာရိ
ဟာဂိရိကိုပါ ကောင်းချီး သြဘာ
မင်္ဂလာပြုပါသည်။

ရှိသေလေးမြတ်ခြင်း၊
ပူဇော်သက္ကာရပြုခြင်းကို အစဉ်
အမြဲ ဆွဲဆောင်နိုင်သည့် မြင့်
မြတ်သော ဤနေရာသည်
ဘုရားဖူးရာနေရာဌာန တစ်ခု
အဖြစ်ဖြင့် ပိုမိုဆွဲဆောင်နိုင်
အားရှိစေရန်နှင့် ထိုနေရာကို
ကောင်းသည်ထက်ကောင်းရန်
ကြည့်ရှုစောင့်ရှောက်မည်ဖြစ်
ပါသည်။ ထိုနေရာမှအဝေးအနီး
ဘုရားဖူးများအား ကြိုဆိုခြင်း
ပြုပါမည်။ (ကြိုဆိုရန်လက်ကမ်း
ပါမည်)

ဗုဒ္ဓဘာသာနှင့်ဟိန္ဒူ
ဘာသာသည် တစ်စုံတစ်ရာ
ခိုက်ရန်ဖြစ်ပွားဖို့ အကြောင်း
မရှိပါ။ ဤဘာသာကြီးနှစ်ရပ်
လုံးသည် အိန္ဒိယပြည်တွင်
နှစ်ပေါင်းများစွာ ယှဉ်တွဲ၍
ထွန်းလင်းလာခဲ့ပြီးလျှင် သန်း
ပေါင်းများစွာသော လူတို့အား
ရှေ့ဆောင်လမ်းပြခြင်းနှင့်
သုခချမ်းသာကို ပေးခဲ့ကြောင်း၊
ရာဇဝင်က သက်သေ ခံပြီးဖြစ်
ပါသည်။ ဗုဒ္ဓဘာသာတရား
တော်သည် ယခုအခါ အနည်း
နှင့်အများဆိုသလို အိန္ဒိယ
ပြည်မှ ကွယ်ပျောက်ခဲ့ပါသည်။
ထိုဘာသာကို ဟိန္ဒူဘာသာ
ဝင်များက အတင်းအဓမ္မ နှင်
ထုတ်ပစ်သည်ဟု မဆိုလိုပါ။

အကြောင်းရင်းအစစ်
မှာမူကား ဟိန္ဒူဘာသာဝင်
များသည် ဤဗုဒ္ဓဘာသာ
တရား၏များစွာသော တရား
တော် အစိတ်အပိုင်းများကို
လက်ခံ၍ ၎င်းတို့၏ဘာသာ
တရားထဲသို့ပူးပေါင်းထည့်သွင်း

ခဲ့ကြပါသည်။ ထို့ကြောင့် ဤစေတီတော်ကြီး စီမံအုပ်ချုပ်ရေးကို မိမိတို့ကိုယ်ပိုင် ဗုဒ္ဓဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်များနှစ်ဦးစလုံး ပူးပေါင်းတွဲဘက်၍ အုပ်ချုပ်ခြင်းသည် လျှော် တန်သင့်မြတ်သည်သာတည်း။

များမကြာမီက အိန္ဒိယပြည် သူပြည် သားများသည် ဗုဒ္ဓဘာသာနှင့် ၎င်း၏တရားတော်များကို စိတ်ဝင်စားလာကြပါသည်။ ဗုဒ္ဓဘာသာကို လေ့လာရန်အတွက် လွယ်ကူအောင် စီမံဆောင်ရွက် ကြရုံမက၊ ဗုဒ္ဓဘာသာစာပေများသည်လည်း တိုးတက်များပြားလျက်လာပါသည်။ အိန္ဒိယပြည်သမ္မတအစိုးရသည် ဘုရားရှင်၏ သာသနာ့ဒါယကာဖြစ်သော အသောကမင်းကြီး၏စကြာနှင့် ခြင်္သေ့ရုပ်ကို နိုင်ငံတော်၏တံဆိပ်တော်အဖြစ်ဖြင့် ဆက်ခံခဲ့ပါသည်။ ဗုဒ္ဓ ဘာသာ "ဝိဟာရ" (Vihara) ဟူသော ပုဒ်မှ ဖြစ်ပေါ်လာသော ဗီဟာပြည်၌ နာလန္ဒတက္ကသိုလ်ကြီးသည် နှစ်ပေါင်းများစွာ ဗုဒ္ဓဘာသာစာပေများကို လေ့လာရေး၊ စုဆောင်းရေးနှင့် ဖြန့်ချိရေးအတွက်လွယ်ကူအောင်ဆောင်ရွက်ပေးခဲ့လေသည်။ နာလန္ဒသည် တစ်ကမ္ဘာလုံးအတွက် ပညာသင်ရန် ဗဟိုရ်ဌာနကြီးတစ်ခုဖြစ်ခဲ့ပါသည်။ များစွာသော ဗုဒ္ဓဘာသာ ကျမ်းဂန်များကို ပြုစုရေးသားခဲ့သော ဤနေရာ၌ပါဠိဘာသာအတွက် သုတေသနဌာနတစ်ခုကို မကြာမီက ဖွင့်လှစ်ခဲ့ပါသည်။

ဗုဒ္ဓဂယာသည် ဘုရားဖူးဗဟိုရ်ဌာနအဖြစ်ဖြင့် တိုးတက်သည်ထက် တိုးတက်လာ တိုင်းတစ်ပါးမှ ယောက်ျား၊ မိန်းမတို့သည် ကြည်ညိုဖွယ်ရာ ရောင်စုံဖြာလျက်ရှိသော ဤနေရာသို့ ဆက်လက်၍ လာရောက်ဖူးမြော်ကြလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့် ယုံ ကြည် ပါသည်။ ဤနေရာမှ ဖြာထွက်လျက်ရှိသော ဘာသာတရားနှင့် အလင်းရောင်ခြည်သည် အဝေးအနီး နိုင်ငံရပ်ခြားတိုင်း တစ်ပါးများသို့ ပျံ့နှံ့ကာ နာလန္ဒသည် ရှေးအခါတုန်းက ပညာသင်ရာ ဗဟိုရ်ဌာနကြီးအဖြစ် တဖန်ဖြစ်လိမ့်ဦးမည်ဟု ကျွန်ုပ်မျှော်လင့်ယုံကြည်ပါသည်။ ဟိန္ဒူဘာသာဝင်များ ဗုဒ္ဓဘာသာဝင်များနှင့် ပြည်ပိုင်အစိုးရသည် ဤဌာနနှစ်ခု တိုးတက်ရေးအတွက်အစွမ်းကုန်ဆောင်ရွက်လိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါကြောင်း။

အိန္ဒိယသမ္မတကြီး၏ သဝဏ်လွှာသည် ဗုဒ္ဓဂယာမြေနှင့်ပတ်သက် သောသမိုင်းကြောင်းကို တစ်စိတ်တစ်ဒေသ ဖော်ပြထား၍ မှတ်သားဖွယ်ကောင်းလှပါသည်။

ထို မြေပေးအပ်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံမှ ဗုဒ္ဓသာသနာအဖွဲ့မှ တရားဌာနအတွင်းဝန်ဟောင်း (နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ဖြန့်ချိရေးအဖွဲ့ငယ်ဥက္ကဋ္ဌ) စည်သူဦးစံညွန့်နှင့် နိုင်ငံတော်ဗုဒ္ဓဘာသာအဖွဲ့၏ ဘဏ္ဍာရေး အဖွဲ့ငယ်ငွေထိန်းလူကြီးမင်းချုပ်သင်းဦးဘတင်တို့အား ကိုယ်စားလှယ်အဖြစ်စေလွှတ်ခဲ့ပါသည်။

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှ ပေးပို့အပ်သော သဝဏ်လွှာပေးပို့ခဲ့ပြီး အိန္ဒိယပြည် မြန်မာသံအမတ်ကြီး ဦးကြည်ကလည်းလျှောက်ထားခဲ့ပါသည်။


ဗုဒ္ဓဘာသာဝင်တို့၏ ဗုဒ္ဓဂယာပိုင်ဆိုင်မှု မှတ်တမ်းသည် သမိုင်းတစ်ရပ် အနေဖြင့် ဗုဒ္ဓဘာသာဝင်တို့ သိအပ်လှ၍ တင်ပြရခြင်းဖြစ်ပါသည်။

ဓမ္မဝီရ

# မိဂဒါဝုန်အလွမ်း

နွယ်ဦးလှိုင်

ဘဝတွင် မေ့ပျောက်ပစ်ခြင်းငှာ မစွမ်းနိုင်သော အရာများစွာထဲက အထင်ကရ တစ်ခုကို ပြောပါဆိုလျှင် သည်ခရီးစဉ်ကိုပင် ညွှန်းဆိုရပါလိမ့်မည်။ မိမိအတွက်တော့ဖြင့်သည်ခရီးသည် ပထမဆုံးသောပြည်ပခရီးစဉ်၊ ပထမဆုံးသော ရက်အရှည်ဆုံး သွားဖြစ်သည့် ခရီးစဉ်၊ ပထမဆုံးသော လေယာဉ်စီးဖူးသည့် အတွေ့အကြုံခရီးစဉ်လည်းဖြစ်သည်။ မိမိရောက်ရှိခဲ့သော နယ်မြေသစ်သည် မိမိအား မြင်ကွင်းသစ်၊ ခံစားမှုအသစ်နှင့်တကွ ကုသိုလ်တရားသစ်တို့ကိုလည်း ပွားစည်ပေးစွမ်းခဲ့လေသည်။ ထိုခရီးစဉ်သည် ကားဗုဒ္ဓဘာသာဝင်လူမျိုးတိုင်း၏ အိပ်မက်ထဲက ရွှေပြည်နန်းတော်တစ်ခုဖြစ်ခဲ့ဖူးသော မြတ်ဗုဒ္ဓ၏ သံဝေဇနီယလေးဌာနဖြင့် ဖွဲ့စည်းအပ်သော အရှေ့မဇ္ဈိမ



တိုင်းပင် ဖြစ်တော့သည်။

အမျိုးမျိုး အဖုံဖုံပြောင်းလဲ ရွေ့လျားနေသော စိတ်ကလေး၏ နောက်သို့ တကောက်ကောက် ခြေရာခံလိုက်ကြည့်ကာ စိတ်ကို စိတ်ကလေးအတိုင်းပဲထားရမည့် သတိပဋ္ဌာန်အကျင့်မြတ်ကို စွမ်းစွမ်းတမံ မကျင့်ကြံနိုင်သေးသည့် ပုထုဇဉ်သကောင့်သား မိမိအဖို့မှာတော့ စိတ်၏ပဲ့ကိုင်ရာ နောက်သို့သာ မျောပါချင်တိုင်း ပါနေဖြစ်သည်။ ဘယ်သောင် ဘယ်ကမ်းဆိုက်ပါမှ ရပ်မည် မသိ။ အခုလည်း မဇ္ဈိမဟု ဆိုလိုက်ရုံသာ ရှိသေးသည်။ ရင်ထဲက ငုပ်လျှိုးကိုင်းကျနေသောအလွမ်းမြက်ပင်ရိုင်းတို့က အပြိုင်းအရိုင်းကုန်းထလာကြသည်။ အပျော်များကို ပွေ့ပိုက်၍ သွားရောက်ခဲ့သော မဇ္ဈိမခရီးစဉ်သည် အပြန်မှာတော့ဖြင့် အလွမ်းတွေကို တနင့်တပိုး ထမ်းပိုး၍သာပြန်လာခဲ့ရသည်။ မိမိအတွက်တော့ဖြင့် မဇ္ဈိမ တစ်တောလုံးက လွမ်းမောစရာ အပြည့်ချည်းသာ။ ဒါကြောင့်လည်း နေလဂျာနယ်တွင် "အနောက်တွင် ကျန်ရစ်ခဲ့သော အရှေ့မဇ္ဈိမဆီသို့ သမင်လည်ပြန်" အခန်းဆက် ခရီးသွားဆောင်းပါးရှည်က တစ်နှစ်ကျော်ကြာမှ ရေး၍ပြီးသည်။ စိတ်လက်ရှည်ရှည် စောင့်ဖတ်ပေးကြသော စာဖတ်ပရိသတ်များကိုလည်း အားတုံ့အားနာ ကျေးဇူးတင်ရပါသည်။ မိမိရေးသော ခရီးသွားဆောင်းပါးကို ဖတ်၍ ဗုဒ္ဓဂယာဘုရားဖူး ထသွားဖြစ်ခဲ့ကြသူများ ရှိသည်ဟု ကြားသိရသည့်အတွက်လည်း ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ရသည်။ မိမိဆောင်းပါးရှည်အပေါ် ဝေဖန်၊ အကြံပေး၊ အားပေးခဲ့ကြသူများလည်း ရှိပါသည်။ စာရေးဆရာတစ်ဦးကမူ ရာဇဂြိုဟ်အခန်း၌ ဗိမ္ဗိသာရမင်း အကျဉ်းစခန်း နေရာအရောက် မိမိရေးတို့လိုက်သော ဖခင်နှင့် ပတ်သက်သည့် ခံစားမှုများကို ဖတ်ပြီး "အေးဗျာ ... ခင်ဗျားမှာ အဲဒီလို အဖေနဲ့ ပတ်သက်တဲ့ ခံစားချက်ရှိမှန်း မသိဘူး။ ခင်ဗျားရေးခဲ့တဲ့ အဲဒီ အကွက်လေးကို သပ်သပ်ဖွဲ့ ထုတ်ပြီး ဝတ္ထုပြန်ရေးပါလား" ဟုတိုက်တွန်းခဲ့ဖူးသည်။ တစ်ဦးကတော့ "ခင်ဗျားဆောင်းပါးထဲမှာ တစ်ကမ္ဘာလုံးမှာ အဖေတွေကိုလွမ်းလို့ အကောင်းဆုံး နေရာဟာဟောဒီရာဇဂြိုဟ်က ဗိမ္ဗိသာရမင်း အကျဉ်းထောင်

**မဇ္ဈိမဟု ဆိုလိုက်ရုံသာရှိသေးသည်။ ရင်ထဲက ငုပ်လျှိုးကိုင်းကျနေသော အလွမ်းမြက်ပင်ရိုင်းတို့က အပြိုင်းအရိုင်း ကုန်းထလာကြသည်။ အပျော်များကိုပွေ့ပိုက်၍ သွားရောက်ခဲ့သော မဇ္ဈိမခရီးစဉ်သည် အပြန်မှာတော့ဖြင့်. . .**

နေရာပဲလို့ ရေးခဲ့တယ်နော်။ အမေတွေကို လွမ်းလို့ ကောင်းတဲ့နေရာမျိုးကော မတွေ့ခဲ့ဖူးလား" ဟု ဆစ်ဆစ်ကုတ်ကုတ် မေးခွန်းထုတ်ခဲ့ဖူးပါသည်။ (ထိုဆရာဟာ စာရေးဆရာ ဝေမိုး (ကျွန်းလှ)တို့လို အမေကို ကိုးကွယ်ညွတ်နူးပုံရသည်။ ဆရာဝေမိုး (ကျွန်းလှ)က သူ၏ အသက်(၄၀)ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် စာရေးဆရာကြီးငယ်များ ရေးသားထားသော အမေဘွဲ့ဝတ္ထုတိုများကို စုစည်းထုတ်ဝေခဲ့သဖြင့် သာဓု ခေါ်ခဲ့ရသေးသည်)

တကယ်တမ်းမှာတော့ ဖြင့် သံဝေဇနိယလေးဋ္ဌာနတွင် အမေကို လွမ်းမည်ဆိုက ဗုဒ္ဓကို ဖွားမြင်ခဲ့သော လုမ္ဗနီသာမော အင်ကြင်းတောသာလျှင် လွမ်းသင့်သည့်နေရာဖြစ်သည်။ သို့သော် လုမ္ဗနီသို့ ရောက်ခဲ့စဉ်အခါက ထိုသို့ သော ခံစားမှုမျိုး မိမိတွင် မဖြစ်ထွန်းခဲ့။ ခံစားမှုဟူသည် လုပ်ယူ၍မရ။ လုပ်ယူ၍ ရသော ခံစားမှုဆိုပါကလည်း ခံစားမှုအတုသာလျှင် ဖြစ်ပေလိမ့်မည်။ မိဘသို့မဟုတ် အမေအား ခံစားမှုအတုဖြင့် ချစ်ဖို့ တစ်ခါတစ်ရံမျှ မိမိ မကြိုးစားခဲ့ဖူးခဲ့။ ဘယ်နေရာရောက်လျှင် တော့ (သို့တည်းမဟုတ်) ဒီနေရာမှာတော့ ငါ အမေ့ကို လွမ်းကြည့်လိုက်ဦးမယ်ဟုလည်း ယောင်၍မျှမကြံစည်ခဲ့။ လုပ်ကြံဖန်တီးယူ၍မရသော အလွမ်းက မိမိရင်တံခါးကို မခေါက်ဘဲ ပြုန်းစားကြီးရောက်လာခဲ့သည်က မိဂဒါဝုန်မှာဖြစ်သည်။

မိဂဒါဝုန်သည် မြတ်စွာဘုရား ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဟောရာ နေရာဖြစ်သည်။ ထို့ကြောင့် မိဂဒါဝုန်၏ အထိမ်းအမှတ်သည် ဓမ္မစကြာအဝိုင်း ပုံပါသည့် ခြသေ့်လေးကောင်ကျောက်စာတိုင်သင်္ကေတ ဖြစ်သည်။ ထိုအရာများနှင့် အမေက မည်သို့ ပတ်သက်နေပါသနည်းဟုဆိုပါမူ မည်သို့မျှ မပတ်သက်ပါဟု ပြောရပါမည်။ သို့သော် ဆက်စပ်နေသည်မှာတော့ အမှန်ပင်ဖြစ်ချေသည်။ မိဂဒါဝုန်ဟု အမည်ရသော ဤနေရာ၊ ဤအရပ်သည် မိခင်ဟူသော အရာကို မြစ်ဖျားခံ၍သာ ဖြစ်တည်လာခဲ့ရသော နေရာပင်ဖြစ်သည် မဟုတ်ပါလား။

တကယ်တော့မြတ်စွာဘုရား ပဉ္စဝဂ္ဂီငါးဦးအား တရားဦးဟောရာ ထိုတောသည် သုံးမည်ရတောဖြစ်သည်။ ပထမအမည်က "ဣသိပတန" ဖြစ်သည်။ အဓိပ္ပာယ်မှာ ...

ဣသိ = ရသေ့ရဟန်းများ၊
ပတန = တရားအားထုတ်သော၊
ဣသိပတန = ရသေ့ရဟန်းများ တရားအားထုတ်ရာအရပ်။

ဟု အဓိပ္ပာယ်ရသည်။ ရှေးအခါက ဟိမဝန္တာအရပ်တွင် နေထိုင်သော ရသေ့ရဟန်းများသည် ၎င်းတို့ရထားသော ဈာန်တန်ခိုးဖြင့် ကောင်းကင်မှ ပျံကြွကာ ဤတောအရပ်၌ တရားဖြင့် လာရောက်မွေ့လျော်ကြသည်ဟု မှတ်သားဖူးသည်။ နောက် ဒုတိယအမည်တစ်ခုက "မိဂဒါယ" ဖြစ်သည်။ အဓိပ္ပာယ်မှာ ...

မိဂ = သားကောင်၊ တိရစ္ဆာန်
ဒါယ = ဘေးမဲ့ပေးရာ
ဝန = တော

ဖြစ်၍ မိဂဒါယဝနမည်သော မိဂဒါဝုန်သည် သားကောင်တို့ကို ဘေးမဲ့ပေးရာတောဟုဆိုရပါမည်။ နောက်ဆုံးကျန်သော တတိယအမည်က "သာရနာထ" ဖြစ်ပြီး အိန္ဒိယအခေါ် ဆာရ်နာထ်ဖြစ်သည်။ သာရနာထဟူသောအမည်ဖြစ်ပေါ်လာပုံရာဇဝင်ကစိတ်ဝင်စားစရာကောင်းသည်။ မိမိပြောလိုသည်မှာလည်း သည်ရာဇဝင်

ဇာတ်ကြောင်းကိုပဲ ဖြစ်သည်။

တရံရောအခါက ဘုရားလောင်းသမင်မင်းသည် ဗာရာဏသီမြို့နှင့် မလှမ်းမကမ်းတွင်ရှိသော ထိုတောအရပ်၌ ကျင်လည်ကျက်စားခဲ့သည်။ သမင်ပေါင်း တစ်ထောင်ထဲမှ ငါးရာကို ဘုရားအလောင်းသမင်မင်းက အုပ်ချုပ်၍ ကျန်သမင်ငါးရာကိုမူ ဒေဝဒတ်လောင်းလျာ သမင်က အုပ်ချုပ်လေသည်။ တစ်နေ့တွင်တော့ ဗာရာဏသီဗြဟ္မဒတ်မင်းသည် တောထွက်ကစားထွက်ရန်အတွက် ဘုရားအလောင်းသမင်ရှိရာတောအုပ်ကို ရောက်လာခဲ့သည်။ မင်းကြီးသည် သာယာကြည်နူးဖွယ်ကောင်းသောတောအရပ်အတွင်း၌စိတ်ကြိုက် တောကစားခဲ့ရာ တောများသာမက သားကောင်များစွာတို့သည်လည်း သေကြေပျက်စီးကုန်လေသည်။ ဤအခြင်းအရာကို မြင်တွေ့သော ဘုရားလောင်းသမင်မင်းသည် ဘုရင်ကြီးအား "အရှင်မင်းကြီး၊ အရှင်မင်းကြီးကြောင့် တောလည်း မပျက်စီး၊ သမင်ပေါင်းများစွာလည်း သေကြေပျက်စီးခြင်းမှ ကင်းရန် တောကစားခြင်းအား ရပ်တော်မူပါ။ ထိုအတွက် ညနေမှစ၍ အရှင်မင်းကြီး သုံးဆောင်ရန်အလို့ငှါ တစ်နေ့လျှင် သမင်တစ်ကောင်ကျ ဆက်သပါမည်ဟု လျှောက်ထားကာ တောကစားခြင်းအား ရပ်တန့်ရန် တောင်းပန်လေသည်။ ထိုလျှောက်ထားချက်ကို ဗြဟ္မဒတ်မင်းကြီး သဘောတွေ့တော်မူသဖြင့် ဗာရာဏသီသို့ ပြန်ကြွသွားလေတော့သည်။ ထိုနေ့မှစ၍ တစ်နေ့လျှင် သမင်တစ်ကောင်ကျ သတ်ဖြတ်ကာ မင်းကြီးအား ဆက်သခဲ့ရသည်။

**မင်းကြီးသည် သာယာကြည်နူးဖွယ်ကောင်းသော တောအရပ်အတွင်း၌ စိတ်ကြိုက် တောကစားခဲ့ရာ တောများသာမက သားကောင်များစွာတို့သည်လည်း သေကြေပျက်စီးကုန်လေသည်။**

ဤသို့ဖြင့် ကိုယ်ဝန်အရင့်အမာလွယ်ထားရသော သမင်မတစ်ကောင်၏ အလှည့်ကျသောနေ့သို့ ရောက်ခဲ့လေသည်။ သမင်မသည် ပူဆွေးခြင်းကြီးစွာဖြင့် ငိုယိုကာ သမင်ခေါင်းဆောင် ဒေဝဒတ်အား ...

"အရှင် ဒီကနေ့ဟာ ကျွန်မသေရမည့်အလှည့် ဖြစ်တာ မှန်ပါတယ်။ ဒါပေမယ့် ကျွန်ဝမ်းဗိုက်က ကျွန်မရင်သွေးလေးအလှည့်ကို မကျရောက်သေးပါဘူး။ သူဟာ လောကရဲ့လေကိုလည်း ရှူရှိုက်ခွင့် မရရှာသေးပါဘူး။ ကျွန်မ သူ့ကို တောတောင်ရေမြေဆိုတဲ့ သဘာဝတရားတွေနဲ့ တွေ့ဆုံပေးစေချင်ပါ သေးတယ်။ ဒါကြောင့်

ဒီနေ့ ကျွန်မအစားတခြားသမင်တစ်ကောင်ကိုဆက်သစေလိုပါတယ်။ ကျွန်မ ရင်သွေးလေးကို ကောင်းမွန်စွာ မွေးဖွားပြီးတဲ့အခါမှသာကျွန်မရဲ့ခန္ဓာကိုယ်ကို သေမင်းရဲ့တမန်တော်ထံ အပ်နှင်းပါရစေ။ မိခင်တစ်ဦးရဲ့ မေတ္တာတရားကို ငဲ့ညှာထောက်ထားသောအားဖြင့် ခွင့်ပြုတော်မူပါ"ဟု တောင်းပန်ခဲ့လေသည်။ ထိုအချိန်၌ မိခင်လောင်းသမင်မ၏ လှပဝန်းစက်သော မျက်နက်ဝန်းထဲတွင် မျက်ရည်များ အိုင်ထွန်းစွတ်စိုနေပေလိမ့်မည်။ တွေတွေ ကျဆင်းနေသော သမင်မမျက်ရည်များသည် သူ့၏ရင်ထဲက သားဇောကြောင့် လောင်ကျွမ်းတောက်ပနေမည့် အပူမီးကို ငြိမ်းသတ်ခြင်းငှာ စွမ်းနိုင်မည်မဟုတ်။ အကြင်နာတရားကင်းမဲ့သော သမင်ဒေဝဒတ်သည် မိခင်ကောင်းသမင်မ၏ တောင်းပန်တိုးလျှိုးနေသောစကားတို့ကို ငြင်းဆန်မျက်ကွယ်ပြုလေသည်။ မိမိသေမှာကို မကြောက်သော်လည်းမိမိ၏ဝမ်းဗိုက်ထဲမှမကြာခင် လောကထဲသို့ ခြေချရတော့မည့်အပြစ်မဲ့သမင်လေးကိုကား မသေစေချင်။ ဒေဝဒတ်သမင်အား တောင်းပန်၍မရသော အခါ ဘုရားလောင်းသမင်မင်းအား အသနားခံရှာ ပြန်လေသည်။ သနားကရုဏာစိတ်ကြီးမားလှသော ဘုရားလောင်းသမင်မင်းသည် မိခင်တစ်ယောက်၏မေတ္တာနှင့်ခံစားမှုကို စာနာစွာဖြင့် "အို ... သမင်မ၊ သားအပေါ် ချစ်ခင်တွယ်တာသော သင်၏စကားတို့သည် အထူးပင်ဝမ်းနည်းဖွယ်ကောင်းလှပေ၏။ ထို့ကြောင့် သင့်အစားငါသည်သာ သည်ယနေ့ သေပွဲဝင်တော့အံ့" ဟု ဆိုကာ ဗာရာဏသီမြို့သို့ သွားကာ အသင့်စောင့်နေသော သားသတ်သမားတို့ထံ လည်စင်းပေးလေတော့သည်။ ထိုအကြောင်းကို တစ်ဆင့်စကားဖြင့် သိသောမင်းကြီးသည် ဘုရားအလောင်းတော်သမင်အား ချမ်းသာခွင့်ပေးလိုက်လေတော့သည်။ ထိုမျှပင်မကသေးဘဲ မိခင်သမင်မ၏ မေတ္တာတရားကို အကြောင်းပြု၍ ကျန်သော သမင်အပေါင်းကိုလည်း ဘေးမဲ့ပေးလိုက်လေတော့သည်။ ထိုဘုရားအလောင်းသမင်၏ သရက် = သမင်ကို၊ နာက = ကယ်တင်သူ ဟူသော၊ သရက်နာကအမည်ကို အစွဲပြု၍ သမင်များ ပျော်စံရာ ထိုတောကိုလည်း "သာရင်နာက"၊ ထိုမှတစ်ဖန် "ဘာရနာထ" ဟုခေါ်ဆိုခဲ့ခြင်းဖြစ်လေသည်။

ဘုရားအလောင်းသမင်၏ ကရုဏာတရားနှင့် မိခင်ကောင်းသမင်မတို့၏ မေတ္တာတရားတို့၏ အရှိန်အဟုန်သည် အတိုင်းအဆမရှိကြီးမားလေ၍လားမသိ။ နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်သုံးထောင်နီးပါးကြာသည်အထိ မပျောက်ပျက်နိုင်သေး။ ကျွန်တော်တို့ ရောက်ခဲ့ရာ မိဂဒါဝုန်ဘေးမဲ့တောတွင် ယခုတိုင် ဘေးမဲ့စွာ နေထိုင်နေသော သမင်မျိုးဆက်များကို အံ့သြဖွယ်တွေ့ရှိခဲ့ရပါသည်။

သစ်ပင်ပန်းမန်တို့ဖြင့် အုံ့အုံ့ဆိုင်းဆိုင်းရှိသော မိဂဒါဝုန်တောသည် မိခင်မေတ္တာတို့ဖြင့် ပို၍အေးမြနေပေသည်။ ထိုအေးမြမှုက ရင်ထဲအထိ စိမ့်ဝင်စွတ်စိုလာသောအခါ ကျွန်တော်သည် အမေ့ကို စွတ်စွတ်ကျင်ကျင် သတိရမိသည်ဆိုခြင်းက ပိုမှန်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် အမေ့ကို ထိုသို့သတိရမိသည့်အခါတိုင်း အမေ့ပုံရိပ်သည် ကျွန်တော့်အတွေး မြင်လွှာတွင် တန်းကနဲပေါ်၍မလာ။ ကျွန်

တော် မည်သို့ပင် ကြိုးစား ပမ်းစားပုံဖော်သော်ငြား အမေ့ပုံရိပ်က ရေးရေးကလေးမျှ ထင်မလာ။ အမေ့ပုံရိပ်သည် ကျွန်တော့် မြင်လွှာတွင် မည်သို့ထင်လာစရာရှိအံ့နည်း။ အမေသည် ကျွန်တော် လေးနှစ်သားအရွယ်မှာတင်ပင် ဆုံးပါးကာ ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားခဲ့သည်ပဲလေ။ လေးနှစ်သား မရှိတတ် ရှိတတ် ကလေးတစ်ယောက်၏ မှတ်ဉာဏ်ထဲတွင် သူ၏မိခင်နှင့်ပတ်သက်သော အချက်အလက်များကို သိမ်းထားနိုင်စွမ်းမရှိခြင်းသည် ကျွန်တော့်အတွက် တစ်ဘဝစာ ဝမ်းနည်းကြေကွဲမှုကြီးပင် ဖြစ်တော့သည်။ ကျွန်တော် တစ်ခါဘူးမျှ မမြင်ဖူးခဲ့သော လှုပ်ရှားသက်ဝင် နေသည့် အမေ့ပုံရိပ်တို့ကိုကျွန်တော့်အတွေးထဲတွင် အမျိုးမျိုး ပုံဖော်ကြည့်မိနေသော အလွမ်းတစ်သက်ချစ်မှုတွေသည် ကျွန်တော့်အတွက်တော့ဖြင့်အခန်းဆက်ဝတ္ထုရှည်တစ်ပုဒ်လား မဝေခွဲတတ်နိုင်။ လူ့ဘဝသည် ပြဇာတ်ရှည်ကြီးတစ်ပုဒ်ဖြစ်သည်ဆိုလျှင် သားနှင့်အမေ ချစ်နေကြသည့် ပြကွက်များကို မြင်တိုင်း ကျွန်တော့်ရင်တွင် စွတ်ကျင်ခံစား

**လူ့ဘဝသည် ပြဇာတ်ရှည်ကြီးတစ်ပုဒ် ဖြစ်သည်ဆိုလျှင် သားနှင့်အမေ ချစ်နေကြသည် ပြကွက်များကိုမြင်တိုင်း ကျွန်တော့်ရင်တွင် စွတ်ကျင်ခံစားရမြဲဖြစ်သည်။**

ရမြဲဖြစ်သည်။ အမေသည် ကျွန်တော့်ကို ကြာကြာချစ်ခွင့်မရခဲ့သော်လည်း ကျွန်တော်ကတော့ အမေ့ကို ဒီအသက်အရွယ်အထိရောက်အောင် ချစ်နေခွင့်ရနေဆဲဖြစ်သည့်အတွက်တော့ အမေ့ကို ကျေးဇူးတင်ပါသည်ဟုဆိုလျှင် မတရားသလိုများ ဖြစ်နေမည်လားမသိ။ လူမမယ်အရွယ်ဖြစ်သော ကျွန်တော့်ကို အမေ မည်ရွေ့မည်မျှ ချစ်ခဲ့သည် ဆိုသည်ကို အဘွားနှင့်အဒေါ်တို့က ကျွန်တော် နားရည်ဝအောင် ပြောပြခဲ့ကြသည်။

"ငါ့မြေးရဲ့အမေက နလုံးရောဂါသည်။ ဆရာဝန်က ကလေးမယူရဘူးလို့ တားနေတဲ့ကြားထဲက အတင်းငါ့မြေးကို ရအောင် မွေးတာ။ ငါ့မြေးကို မွေးနိုင်အောင် သူ့ကျန်းမာရေးကို အတော်ဂရုစိုက်တယ်။ ငါ့မြေးကို မွေးပြီး ဘာမှမဖြစ်မှ အဘွားတို့ ဟင်းချနိုင်တယ်။ မြေးကို မွေးပြီး ဘာကြာမလဲ။ သူ့သားတစ်ယောက်တည်းဆို အဖော်မရှိဘဲ နေလိမ့်မယ်။ သားနဲ့ကစားဖော် ကစားဖက်ရအောင် နောက်တစ်ယောက် မွေးဦးမယ်ဆိုပြီး ကလေးထပ်ယူပြန်တယ်လေ။ အဘွားတို့

လည်း ဘယ်လိုမှ တားလို့မရတဲ့ အဆုံး သည်လိုပဲ ရင်တမမနဲ့ လက်ပိုက်ကြည့်နေ ခဲ့ရတယ်။ မြေးရဲ့ညီလေးကို မွေးပြီး ဘာမှ မကြာလိုက်ပါဘူး။ သူ့ အဘွား တို့ကို မျက်ကွယ်ပြုသွားတော့ တာပဲကွယ်"

တိုးတိတ်၍ဝင်သွား သော အဘွား၏အသံက ကြေကွဲမှုတို့ ရောစွက်လို့နေပေသည်။ အဘွားက သူ့စကား အဆုံးတွင် သူ၏ပဒုမ္မာ ရှန် အင်္ကျီလက်ဖျားကို ကျန်လက် တစ်ဖက်ဖြင့် ဆွဲယူကာ သူ့မျက် ဝန်းအိမ်ကို တို့ကာတို့ကာ သုတ်နေပြန်သည်။ ထိုအချိန် များတွင် ဘေးတွင် ရှိနေသော အဒေါ်က ...

"အောင်မယ်လေး ... နင့်အမေက နင့်ကို သိပ်ချစ်တာ။ နင်မို့ အိပ်ရာက နိုးပြီး အဲ့ကနဲ့ အသံကြားတာနဲ့ ငါ့ကို နို့ဗူး ဖျော်ခိုင်းတော့တာပဲ။ နို့ဖျော် တာကြာလို့ကတော့ အခေါက် ခံရပြီသာမှတ်။ မြန်မြန်ရင် လည်း နို့ဗူးကိုကိုင်ကြည့်ပြီး ဗူးကို ရေနွေးနဲ့ သေသေချာချာ ဆေးမလာဘူး မဟုတ်လား ဆိုပြီးပြောလည်းပြော၊ သူ့လက် ကလည်း ငါ့ခေါင်းပေါ် ဒေါက်ကနဲ့ခေါက်ပြီးသားပဲ"

"နင့်အမေက ဝင်းဦးပါတဲ့ရုပ်ရှင်ကို မလွတ်တမ်းကြည့်တယ်။ စာလည်း အရမ်းဖတ်တယ်။ နင့်နာမည် ထွန်းထွန်း ဆိုတာ ဝင်းဦးရဲ့ ကလောင် အမည်ကို ယူပြီးပေးတာ။ သား ဦးမို့နောက်ကနေ ဦးတပ်ခဲ့တာ။ ဒါကြောင့်လည်း နင်လည်း စာ ရေးတာ။ စာဖတ်တာ ဝါသနာပါ တာဖြစ်မယ်"

ဟုမှတ်ချက်ပေးလျက် ပြောပြသည်။ ထိုအချိန်အခါမျိုး တွင် အမေက ငါ့ရင်ထဲသို့ အနုပညာအမွေတချို့ကို သိုဝှက်ပေး ဖွက်ထားခဲ့သည်ပဲလေဟု ကျေနပ်ရပါသည်။

ကျွန်တော့်အတွက် တော့ဖြင့် အမေသည် တစ်ထောင့်တစ်ည အိပ်ရာဝင် ပုံပြင်ထဲက မဟာလူသား သူရဲကောင်းတစ်ဦးဖြစ်ခဲ့ပေသည်။ အမေ့ အကြောင်းကြားရလျှင် ကျွန်တော့် ခန္ဓာကိုယ်ထဲသို့ ဘယ်ကဘယ်လို အင်အားတွေ ရောက်ရောက်လာသည်မသိ။ ထိုအင်အားများသည်ပင်လျှင် ကျွန်တော့်အတွက် အနာဂတ် ဘဝကို ဖြစ်စေခဲ့ရုံသာမက လူဟူ၍လည်း ပီသကြည်မြစေ ခဲ့သည် မဟုတ်ပါလား။

အခုလည်းပဲ အမေ ခဲရာခဲဆစ် ပေးခဲ့ရသည့် ကျွန်တော့်အသက်နှင့်ခန္ဓာတည်မြဲမှုကြောင့် နိုင်ငံရပ်ခြားတိုင်း တစ်ပါးက ရှင်တော်ဗုဒ္ဓတရား ဦးဟောရာ မြေမြတ်မဟာ ဖြစ်သည့် မိဂဒါဝုန်ကို ခြေချဖြစ်ခဲ့လေပြီ။ ထိုမျှမက တရားဦး ဟောရာနေရာ၌ "ဒွေ မေ ဘိက္ခဝေ ..." အစရှိသော မွေစကြာသုတ်ကို ရွတ်ဖတ် ညွတ်နူးကာ ကုသိုလ်ထူးကို လည်း ရရှိခဲ့လေပြီ။ ထိုရရှိသော ကုသိုလ်တရားသည် အမေ့ ကျေးဇူးဆိုသောအရာမှ မြစ်ဖျားခံကာ စီးဆင်းခဲ့လေသည် ဟု ကျွန်တော့်နှလုံးသားမှ ရဲရဲယုံကြည်ဖြစ်တည်ပါသည်။ မိဂဒါဝုန်ဥယျာဉ်ဝင်းအတွင်း လိုက်လံ၍လှည့်လည်ပြသ ခဲ့သော မိဂဒါဝုန်ဦးဇင်းလေးက နေရာတစ်ခုဆီသို့ လက်ညှိုးညွှန်ပြကာ "ဒီနေရာမှာ ယသ သတို့သားနဲ့ အပေါင်းပါ သံဃာ တို့ကို မြတ်စွာဘုရား ညွှန်ကြား ခဲ့တာပေါ့" ဟု ဆိုသောအခါ ရင်ထဲကရှိပြီးသား အလွမ်းမိုး ရိပ်တို့က ညှို့တက်လာကာ မျက်ရည် စို့မိပြန်ပါသည်။

သာသနာပြုရဟန်း လောင်းဖြစ်မည့်ယသသတို့သား ကို မွေးဖွားဖို့အတွက် အမေ

ယဏ္ဍာသည် သေနာနိဂုံးရွာ ထိပ်က ညောင်ပင် စောင့်နတ်ကြီးထံ မကြာခဏသွား၍ သားဆုပန်ခဲ့ရလေသည်။ ထိုညောင်ပင်စောင့်နတ်ကို အကြောင်းပြု၍ ဘုရားအလောင်းတော် ရဟန်းဂေါတမနှင့် ကြုံခဲ့ရခြင်းဖြစ်သည်။ သားအပေါ် မမြင်ခင်ကတည်းက ရှိနှင့်နေပြီးသော မိခင်မေတ္တာစိတ်ကို ဦးညွတ်မိသည်နှင့်အမျှ ကျွန်တော့် အိပ်ရာဝင်ပုံပြင်များထဲမှ သူရဲကောင်းအမေ့ကိုလည်း အကြိမ်ကြိမ် ရှိခိုးနေမိသည်။ ယသသတို့သားရဟန်းကတော့ အမေယဏ္ဍာ၏ ကျေးဇူးကို ရဟန်းဘဝဖြင့် သာသနာပြုကာ ရဲရဲတောက်ပေးဆပ်ခဲ့ရချေပြီ။ ကျွန်တော်ကကော အမေ့ကျေးဇူးတွေကို မည်သို့ မည်ပုံ ဆပ်ပါမည်တဲ့လဲ။ ဘဝသက်တမ်းခေါက်ရိုးကျိုးချိန်အထိ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိတော့သော ထိုမေးခွန်းကိုသာ ဘာသာပြန်မေးမိပြန်သည်။ ထိုအတွက် သည်တစ်ခါ ကျွန်တော် လက်အုပ်ချီမိသည်က ယသသတို့သား ရဟန်းလောင်းအား ရည်မှတ်၍ပဲ ဖြစ်မည်ထင်ပါသည်။

ဓမ္မဓစေတီကြီးဆီသို့

ရောက်ကြတော့ ပါလာတဲ့ဆီမီး၊ အမွှေးနံ့သာ များ ထွန်းညှိကာ အနတ္တလက္ခဏာသုတ်တော်ကို ထုံ့မွမ်းရွတ်ဆိုခဲ့ကြပြန်ပါသည်။ သားကို သည်လောက်လေးတော့ ကျေးဇူးဆပ်ခွင့်ပြုပါ အမေဟု စိတ်မှ ညွတ်နူးကာ မိဂဒါဝုန်၌ ပြုပြုခဲ့သမျှသော ကုသိုလ်ဒါနအစုစုတို့ကို အမေ့အား ရည်စူးကာ အမျှပေးဝေခဲ့ခြင်း အမှုကို ပြုခဲ့ပါလေသည်။

မိဂဒါဝုန်နှင့်ပတ်သက်၍ ယခုပြန်တွေးလျှင် ယခုထိ လွမ်းလို့ရနေဆဲ ဖြစ်သည်။ မိဂဒါဝုန် နောက်ခံကားချပ်ထဲက မိခင်သမင်မ၊ ယသမွေးသော ယဏ္ဍာတို့၏ ရုပ်လုံးများနှင့်အတူ ကျွန်တော့်အမေဒေါ်မြလှိုင်၏မေတ္တာတရားများက ကြွနေ၊ လှုနေဆဲ။ မြက်ခင်းစိမ်းများ၊ စေတီပုထိုးများ၊ အထိမ်းအမှတ်နေရာများ၊ သစ်ရိပ်ဝါးရိပ်များ၊ ခုံတန်းလျားများ၊ ဘေးမဲ့သမင်များဖြင့် ခမ်းနားနေဆဲဖြစ်သည့် မိဂဒါဝုန်တွင် အခုလောက်ဆို ကျွန်တော် ပျိုးခဲ့သော အလွမ်းပန်းတို့သည် ပွင့်ချင်တိုင်းပွင့်၊ ဝေချင်တိုင်းဝေနေပေရော့မည်။

နွယ်ဦးလှိုင်

**မိဂဒါဝုန်နှင့်ပတ်သက်၍ ယခုပြန်တွေးလျှင် ယခုထိ လွမ်းလို့ရနေဆဲဖြစ်သည်။ မိဂဒါဝုန် နောက်ခံကားချပ်ထဲက မိခင်သမင်မ၊ ယသမွေးသော ယဏ္ဍာတို့၏ ရုပ်လုံးများနှင့်အတူ ကျွန်တော့်အမေ ဒေါ်မြလှိုင်၏ မေတ္တာတရားများက ကြွနေ၊ လှုနေဆဲ။**

# ကောင်းခြင်းပြည့်စုံ မိဂဒါဝုန်

အရှင်နာရဒါဘိဝံသ(လှရတနာ)



**သစ္စာသိမြင် ဘုရားရှင်**

ဘုရားလောင်း ရဟန်းတော်သည် အိန္ဒိယနိုင်ငံ မဂဓတိုင်း (ယခု ဗီဟာရ်ပြည်နယ်) ဂယာမြို့အနီးရှိ ဗုဒ္ဓဂယာအရပ်ဒေသ မဟာဗောဓိညောင်ပင်ရင်းတွင် မဟာသက္ကရာဇ် - (၁၀၃)ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ သစ္စာလေးပါးကို သိမြင်ပြီး သဗ္ဗညုတဉာဏ်ကို ရရှိလျက် ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ မြတ်စွာဘုရားရှင်သည်ဗုဒ္ဓဂယာအရပ်ဒေသ၌သတ္တဋ္ဌာန (၇)ဌာနတွင်

**ဓမ္မစကြာတရားကို 'တရားဦးဒေသနာ' ဟူ၍ အသိအမှတ်ပြုရသည်။ လောကဥပမာအားဖြင့် နောက်မှမွေးသော်လည်း မိဦးဟူ၍ မှည့်ခေါ်သကဲ့သို့ဖြစ်သည်။**

လှည့်လည်သီတင်းသုံး စံပယ်နေစဉ် ဟုံဟုက်ပုဏ္ဏား. မုစလိန္ဒနဂါး. မာရ်နတ်၏သမီးများ စသော ပုဂ္ဂိုလ်တို့အား တရားဒေသနာအနည်းအကျဉ်း ဟောကြားခဲ့သည်။ သို့သော်ထိုတရားဒေသနာကို နာကြားရသူတို့မှာ မဂ်. ဖိုလ်. နိဗ္ဗာန် မရရှိခဲ့ကြပေ။ ဝါသနာဘာဂိယမျှသာ ဖြစ်ပေသည်။

**တရားဦးဒေသနာ ဓမ္မစကြာ**

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့ ညနေချမ်း နေဝင်လထွက် အချိန်၌မှ ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဗာရာဏသီမြို့အနီးရှိ မိဂဒါဝုန်သားမျိုးစုံသည့် ရဂုံတောဝယ် ပဉ္စဝဂ္ဂီငါးဦး အမှူးထား၍ နတ်. ဗြဟ္မာတို့အား ဓမ္မစကြာ တရားဦးဒေသနာကိုဟောကြားတော်မူလေသည်။ မြတ်စွာဘုရားရှင်သည် ဓမ္မစကြာတရားကို မဟောကြားခင် တခြားတရားဒေသနာတို့ ကိုလည်း ဟောကြားခဲ့ သည် သာ။ သို့သော် ထိုတရား ဒေသနာတို့ဖြင့် မဂ်. ဖိုလ်. နိဗ္ဗာန်ကို မရခဲ့ကြပေ။ ဓမ္မစကြာတရားကို ဟောကြား လိုက်သောအခါမှ ပထမဦးစွာ မဂ်. ဖိုလ်. နိဗ္ဗာန်ကို ရရှိသွားကြ၏။ သို့ဖြစ်၍ ဓမ္မစကြာတရားကို "တရားဦးဒေသနာ" ဟူ၍ အသိအမှတ်ပြုရသည်။ လောကဥပမာအားဖြင့် နောက်မှ မွေးသော်လည်း မိဦး ဟူ၍မှည့်ခေါ်သကဲ့သို့ဖြစ်သည်။

**ကောင်းခြင်းလေးဖြာ ဓမ္မစကြာ**

ဓမ္မစကြာ တရားဦးဒေသနာသည်ကား ကောင်းမွန်ထူးခြားချက်(၄) ချက်တို့နှင့် ပြည့်စုံလျက်ရှိ၏။ လေးချက်တို့ကား -

၁။ တရားတော်၏ ကောင်းမွန်ထူးခြားချက်၊
၂။ တရားနာပရိသတ်၏ ကောင်းမွန်ထူးခြားချက်၊
၃။ တရားဟောကြားရာ ဒေသ နေရာဌာန၏ ကောင်းမွန်ထူးခြားချက်၊
၄။ တရားဟောကြားရာ နေ့၏ ကောင်းမွန်ထူးခြား ချက်တို့ဖြစ်သည်။

**တရားတော်၏ကောင်းမွန်ထူးခြားချက်**

မြတ်စွာဘုရားရှင်သည် ဓမ္မစကြာတရားကို ဟောကြားရာ၌ မိမိဖြတ်သန်းတွေ့ကြုံလာခဲ့သော ကျင့်စဉ်တို့ကို စိစစ်သုံးသပ်ပြီးမှ မိမိရဲ့မူဝါဒ

လမ်းစဉ် ကျင့်စဉ်ကို နတ်. လူ. ပြဟ္မာ.သတ္တဝါတို့အား ဟောပြ ချပြလိုက်ခြင်းဖြစ်သည်။ ဥပမာ အားဖြင့် နိုင်ငံတစ်နိုင်ငံတွင် အစိုးရသစ်အဖွဲ့တက်လာလျှင် ထိုအဖွဲ့သစ် အစိုးရမှ သမ္မတ (သို့မဟုတ်) ဝန်ကြီးချုပ်သည် မိမိရဲ့မူဝါဒလမ်းစဉ်ကိုတိုင်းပြည် သို့ တင်ပြခြင်းကဲ့သို့ပင် ဖြစ် သည်။

ဘုရားရှင် တင်ပြလိုက်သော မူဝါဒလမ်းစဉ်ကို တစ်စုံ တစ်ယောက်သော ရဟန်း ပုဏ္ဏားစသော ပညာရှိပုဂ္ဂိုလ် တို့သာမက နတ်. မာရ်နတ်. ပြဟ္မာတို့ကပင် ချေဖျက်အစား ထိုး၍ မရပါချေ။ သို့ဖြစ်၍ ဘုရားရှင်တင်ပြသော မူဝါဒ လမ်းစဉ်ကို နတ်. ပြဟ္မာတို့က "အနုတ္တရဓမ္မစက္ကအပ္ပဋိဝတ္တိယ လမ်းစဉ်" ဟူ၍ နာမည်တပ်ကြ သည်။

ဘုရားရှင်ကမူ "မဇ္ဈိမ ပဋိပဒါ မူဝါဒလမ်းစဉ်" ဟု အမည်ပေးသည်။ ပထမဆုံး ချပြတင်ပြသော မူဝါဒလမ်းစဉ် သည် အရေးကြီးလှပေသည်။ တိကျမှန်ကန်ဖို့ လိုသလို လူ တိုင်းလည်း လက်ခံနိုင်ဖို့ လိုက် နာပြုကျင့်နိုင်ဖို့ လိုပေသည်။ ဘုရားရှင် တင်ပြချပြလိုက်သော မဇ္ဈိမပဋိပဒါမူဝါဒလမ်းစဉ် သည်ကား တိကျမှန်ကန်ပြီး လူတိုင်းလည်းလက်ခံနိုင်သဖြင့် ပြုကျင့်နိုင်ပေသည်။ ထိုသို့ လိုက်နာ ပြုကျင့်နိုင်ကြောင်းကို မူဝါဒလမ်းစဉ် ကြေငြာအပြီး တွင် မဂ်. ဖိုလ်. နိဗ္ဗာန် အကျွတ် တရားရရှိသွားသော အရှင် ကောဏ္ဍညမထေရ်နှင့် (၁၈) ကုဋေသော နတ်. ပြဟ္မာတို့က သက်သေထူ သာဓကပြလျက် ရှိသည်။ ဘုရားရှင်ကလည်း မိမိရဲ့မူဝါဒလမ်းစဉ် အောင်မြင် အထမြောက်ကြောင်း ပရိသတ် လက်ခံကြောင်းတို့ကို ကိုယ် တွေ့မျက်မြင် သိလိုက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ "အညာသိ ဝတဘော ကောဏ္ဍ ညော" စသည်ဖြင့် ဥဒါန်းကျူး ရင့်ခြင်း ဖြစ်ပေ သည်။

**ဓမ္မစကြာလာ မူဝါဒလမ်းစဉ်**

တလောကလုံးက လက်ခံကျင့်သုံးမှု ပြုကြရသော မူဝါဒလမ်းစဉ်ကို ဖော်ပြသည့် တရားဦးဓမ္မစကြာ ဒေသနာကို လေ့လာသုံးသပ်ကြည့်သောအခါ ဤအချက်တို့ကိုတွေ့ရသည်။

၁။ ကာမဂုဏ်တို့ကို ခံစား ခြင်း.ကာမသုခလ္လိကာ နုယောဂ = လက်ျာ လမ်းစဉ်၊ ခန္ဓာကိုယ်ကို ပင်ပန်းဆင်းရဲစေခြင်း၊ အတ္တကိလမထာနု ယောဂ = လက်ဝဲလမ်း စဉ်အားဖြင့် ဤအ ယုတ်တရား အစွန်း နှစ်ပါး လမ်းစဉ်တို့ကို ရှောင်ကြဉ်စေခြင်း၊

၂။ အမြင်မှန်. အတွေး အခေါ်မှန်. အပြောမှန်. အလုပ်မှန်. အသက် မွေးမှန်. ကြိုးစားမှုမှန်. သတိရမှုမှန်. တည် ကြည်မှုမှန် ဟုဆိုအပ် သော မဂ္ဂင်(၈)ပါး မဇ္ဈိမ ပဋိပဒါ = အလယ် အလတ် လမ်းစဉ်ကို ကျင့်သုံးစေခြင်း၊

၃။ ဒုက္ခ.သမုဒယ.နိရောဓ. မဂ္ဂ ဟုဆိုအပ်သော အမှန်ကန်ဆုံးတရား သစ္စာလေးပါး၏ သဘောသဘာဝကို ထုတ်ပြခြင်း၊

၄။ ယင်းအမှန်တရား သစ္စာလေးပါးတို့၌ သစ္စဉာဏ်.ကိစ္စဉာဏ်. ကတဉာဏ် တို့ဖြင့် သိမြင်ရှုမြင်ပုံတို့ကို ပိုင်းခြားပြခြင်း၊

၅။ ယင်းသစ္စာလေးပါး

**သစ္စာလေးပါးတို့၌ အချင်းအရာ(၁၂)မျိုးတို့ဖြင့် သိမြင်မှု မစင်ကြယ်သေးခင်က ဘုရားအဖြစ်ဝန်မခံခဲ့ဘဲ စင်ကြယ်မှ ဝန်ခံခဲ့ပုံ၊ စဉ်းစားဆင်ခြင်မှု ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပုံတို့ကို တင်ပြထားခြင်းတို့ကို တွေ့ရသည်။**

တို့၌အချင်းအရာ(၁၂)မျိုးတို့ဖြင့် သိမြင်မှု မစင်ကြယ်သေးခင်က ဘုရားအဖြစ်ဝန်မခံခဲ့ဘဲစင်ကြယ်မှဝန်ခံခဲ့ပုံ၊စဉ်းစား ဆင်ခြင်မှု ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံတို့ကို တင်ပြထားခြင်းတို့ကို တွေ့ရသည်။ ဤအချက်ကြီးငါးချက်တို့တွင် လောကသားတို့အဖို့ ရှေ့ပိုင်းလေးချက်တို့ကို လိုက်နာပြုကျင့်ရပေမည်။ နောက်ဆုံး ပဉ္စမအချက်မှာမူ ဘုရားရှင်အတွက် အကျုံးတရားအနေနဲ့ တင်ပြထားခြင်းသာ ဖြစ်သည်။

**တရားဦး၏ ထူးခြားအကျိုးများ**

ဤအချက်ကြီးငါးချက် မူဝါဒလမ်းစဉ်ကို တင်ပြချပြ ဟောပြလိုက်သောအခါတွင် မူဝါဒလမ်းစဉ်၏ ထူးခြားသော ကောင်းကျိုး အမျိုးမျိုးတို့ကိုလည်း ဓမ္မစက္ကပဝတ္တနသုတ်၌ ဖော်ပြပါအတိုင်း တွေ့ရသည်။

၁။ အရှင်ကောဏ္ဍညမထေရ်နှင့် တကွ (၁၈)ကုဋေသောနတ်. ဗြဟ္မာတို့ မဂ်. ဖိုလ်. နိဗ္ဗာန် ရရှိကြခြင်း၊

၂။ နတ်.ဗြဟ္မာတို့ကောင်းချီးသြဘာပေးကြခြင်း၊

၃။ မဟာပထဝီမြေကြီးပြင်းစွာတုန်လှုပ်ခြင်း၊

၄။ အချိန်အခါမဲ့ ပန်းများပွင့်ခြင်းစသော (၃၂)ပါးသော နိမိတ်ကြီးတို့ကြာရှည်စွာဖြစ်ခြင်း၊

၅။ အတုမဲ့အရောင်အလင်းကြီးပေါ်ထွက်လာခြင်း၊

၆။ ဘုရားရှင်ကိုယ်တိုင်ဥဒါန်းကျူးရင့်ခြင်း၊

၇။ အရှင်ကောဏ္ဍညမထေရ်အား "အညာသိကောဏ္ဍညမထေရ်" ဟူသော ဒုတိယနာမည် ရရှိခြင်း၊

၈။ အရှင်အညာသိကောဏ္ဍညမထေရ် ဧဟိဘိက္ခု ရဟန်းအဖြစ်ကိုရရှိခြင်းတို့ကား ထူးခြားသော ကောင်းကျိုးတို့ ဖြစ်ကြသည်။ ဤကား တရားတော်၏ ကောင်းမွန်ထူးခြားချက်တည်း။

**စတုသစ္စကမ္မဋ္ဌာန်းလင်္ကာ**

ဤတရားဦး ဓမ္မစကြာ

ဒေသနာတွင် သစ္စာ(၄)ပါး၏ မှန်ကန်ပုံ သဘောသဘာဝကို ဆင်ခြင်နလုံးသွင်းနိုင်ရန် မင်းကွန်းတိပိဋကဓရဆရာတော်၏စတုသစ္စကမ္မဋ္ဌာန်းလက်ာနှင့် မဟာဂန္ဓာရုံ ဆရာတော်၏ တိုက်တွန်းချက်လင်္ကာ တို့ကို ဖော်ပြလိုက်ပါသည်။

၁။ ပဋိသန္ဓေအိုနာသေဟု လေးထွေရင်းမြစ် ဒုက္ခဖြစ်၏ မချစ်ယှဉ်တွဲ ချစ်သူကွဲနှင့် လိုလည်းမရ အကျဉ်းပြသော် ပဉ္စုပါဒါငါးခန္ဓာ သစ္စာဒုက္ခ မှန်မောလှ။

၂။ ဒုက္ခဖြစ်ကြောင်း မကောင်းတဏှာ လောဘမှာ သစ္စာသမုဒယ မှန်မောလှ။

၃။ တဏှာချုပ်ရာ နိဗ္ဗာန်မှာ သစ္စာနိရောဓ မှန်မောလှ။

၄။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအသိ ကောင်းဘိအကြံ ကောင်း သံဆိုပြော ကောင်းသောအပြု ကောင်းမှုသက်မွေး ကောင်းရေးလုံ့လ ကောင်းထသတိ ကောင်းဘိတည်ကြည် ဤရှစ်မည်တွင်ညီ မဂ္ဂ မှန်မောလှ။

၅။ အနန္တစုံ တန်ခိုးဟုန်နှင့် ကိုးဂုဏ်ရောင်ဆိုင် ဘဝဂ်တိုင်အောင် ပြန့်လှိုင် ကျော်ကြား မြတ်ဘုရား၏ တရားလေးတန် သစ္စာမှန်ကို နာခံပြီးလစ် ဆင်းရဲဖြစ်ဖို့ အသစ်တဏှာ မဖြစ်သာအောင်ရှစ်ဖြာမဂ္ဂင် သဘော်ာယာဉ်ဖြင့် ပြည်ခွင်နိဗ္ဗာန် ရောက်အောင်ဆန်မှ ဧကန် ဒုက္ခ ကင်းကြရမည် မှုချငါတို့ ကျင့်ဖွယ်ကို။

**တရားနာပရိသတ်၏ထူးခြားချက်**

ဘုရားရှင်သည် ဤမျှကောင်းမွန်ထူးခြားသောတရား



ဦးဓမ္မစကြာကို ဟောကြားရန် တရားနာပရိသတ်ကို အထူး ရွေးချယ်ခဲ့ရ၏။ မူလက အာဠာရ ဂိုဏ်းဆရာကြီး၊ ဥဒကဂိုဏ်း ဆရာကြီးတို့ကို ရွေးချယ်ခဲ့ သော်လည်း ထိုဂိုဏ်းဆရာကြီး တို့ကွယ်လွန်မှု စောသွားသဖြင့် မဟောလိုက်ရချေ။ မိမိဒုက္ကရ စရိယာအကျင့်ကို ကျင့်နေစဉ် က ရေပူရေချမ်းကမ်းလှမ်းပြီး ဝေယျာဝစ္စပြုပေးခဲ့ကြသော ပဥ္စဝဂ္ဂီငါးဦးတို့၏ ကျေးဇူးကို သတိရမိခဲ့၏။

ပဥ္စဝဂ္ဂီငါးဦးတို့အား ကျေးဇူးဆပ်သည့်အနေဖြင့် တရားဟောပြမည်ဟု နှလုံး သွင်းကာ တရားနာကြရန် ပြော သော်လည်း ပဥ္စဝဂ္ဂီငါးဦးတို့က ဘုရားဖြစ်သည်ဟု မယုံကြည် ကြပေ။ မယုံကြည်ကြသဖြင့် ယုံကြည်လက်ခံအောင် အကြိမ် ကြိမ် ပြောပြနားချရသေး၏။ ရောဂါပျောက်ကင်းမည့် ဆေးခါးကြီး တိုက်ကျွေးမည်ကို ငြင်းဆန်နေသည့် လူနာအား ဆေးခါးကြီးသောက်ရန် ချော့ မော့ပြောဆိုနေရသလို ဖြစ်နေ သည်။ ယခုလည်း တသံသရာ လုံး စွဲကပ်ပါလာသော ကိလေ သာ အနာရောဂါဆိုးကြီးကို ပယ်သတ်မည့် အမြိုက်ဆေးကို သောက်သည့်အနေဖြင့် တရား နာယူကြရန် တိုက်တွန်းပြောဆို ရသည်။ ပဥ္စဝဂ္ဂီငါးဦးတို့ယုံကြည် လက်ခံလာကြသောအခါတွင်မှ ဓမ္မစကြာတရားကို ဟောပြ ရခြင်းဖြစ်သည်။ ဤဓမ္မစကြာ ဒေသနာဖြင့် ဘုရားရှင်သည် ကျေးဇူးကိုသိတတ်သူ ကတညူ ပုဂ္ဂိုလ်. သိသည့်အတိုင်းကျေးဇူး ဆပ်သည့် ကတဝေဒီပုဂ္ဂိုလ် ဖြစ်ကြောင်းကိုလည်း သိရ ကြည်ညိုရပြန်ပါသည်။

**ဟာရာဏသီမြို့ကြီးကား ဆန်ရေစပါး အစာအာဟာရပေါ်များသလို အသိဉာဏ်ကြီးမားသူတွေလည်း များပြားလှ၏။ အယူဝါဒရေးရာ ပညာရှင် ပုဂ္ဂိုလ်တို့နေထိုင်ရာ မြို့ကြီးလည်းဖြစ်၏။ ဤသို့သော အကြောင်းတို့ကြောင့် ဟာရာဏသီမြို့အနီးက မိဂဒါဝုန်တောအရပ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်၏။**

**တရားဟောရာဒေသ၏ ကောင်းမွန်ထူးခြားချက်**

မြတ်စွာဘုရားရှင်သည် တရားနာပရိသတ်ကို ရွေးချယ်ပြီး သည့်နောက် တရားဟောရမည့် နေရာဒေသကိုလည်း ရွေးချယ်ခဲ့ ရ၏။ မိမိ၏မူဝါဒလမ်းစဉ် ကြေငြာ ရမည့် နေရာဒေသ ဘူမိနက် သန်မှုရှိဖို့လည်းလိုပေသေးသည်။ နေရာဒေသကို ရွေးချယ်သော အခါ ဟာရာဏသီမြို့အနီးက မိဂဒါ ဝုန်နေရာဒေသကို ရွေးချယ် ခဲ့၏။ မြတ်စွာဘုရားရှင်သည်ဗုဒ္ဓဂယာမှ (၁၈)ယူဇနာ(၁၅၇) မိုင်ဝေးသော မိဂဒါဝုန်တောသို့ ခြေလျင်ကြွ တော်မူခဲ့ရ၏။ မိဂဒါဝုန်ဒေသ အရပ်သည်ကားနော်တော်ဘုရား ရှင်တို့လည်း တရားဦးဟောကြား

ခဲ့ရာ အဝိဇဟိတ နေရာဌာန ဖြစ်ပေသည်။ သာသနာပကာလတွင်မူ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ နေကြရာဌာနလည်း ဖြစ်ခဲ့၏။ ပင်ကိုယ်မြေနှင့် ရာသီဥတု ကောင်းမွန်သဖြင့် ပတ်ဝန်းကျင်မှာ သာယာလှသလို သားသမင်တို့အားလည်း ဘေးမဲ့ပေးထားရာ ဘေးမဲ့တောကြီးဖြစ်သည်။

ဗာရာဏသီမြို့ကြီးကား ဆန်ရေစပါး အစာအာဟာရပေါများသလို အသိဉာဏ်ကြီးမားသူတွေလည်း များပြားလှ၏။ အယူဝါဒရေးရာပညာရှင်ပုဂ္ဂိုလ်တို့ နေထိုင်ရာမြို့ကြီးလည်း ဖြစ်၏။ ဤသို့သော အကြောင်းတို့ကြောင့် ဗာရာဏသီမြို့အနီးက မိဂဒါဝုန်တောအရပ်ကို ရွေးချယ်ခဲ့ခြင်း ဖြစ်၏။ ရွေးချယ်လိုက်သော အရပ်ဒေသက မှန်ကန်မှုကြောင့် ဤမိဂဒါဝုန်တောမှာပင် သစ္စာလေးဖြာ ဓမ္မရတနာနှင့် ရဟန္တာ သံဃာရတနာတို့ စတင်ပေါ်ထွန်းခဲ့ရာ နေရာထူးနေရာမြတ်ကြီး ဖြစ်လာရပါသည်။

စာရေးသူသည် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်ကို မိမိကျောင်းမှာဖြစ်စေ၊ တခြားဘုရားစေတီတို့မှာဖြစ်စေ၊ ကြိမ်ဖန်များစွာ ရွတ်ဆိုဖူးပါ၏။ သို့သော် မိဂဒါဝုန်ဒေသရှိ ဓမ္မရာဇိကစေတီနေရာတွင် ဓမ္မစကြာ၊ ဓမ္မေခစေတီတွင်အနတ္တလက္ခဏသုတ်ကို ရွတ်ဆိုရသည်က ပို၍ သမာဓိရမိသလို ပို၍လည်း ကြည်နူးအားရမှု ဖြစ်ရသည်။ ဓမ္မစကြာကို ဤမိဂဒါဝုန်၌ပင် ဘုရားရှင်တိုင်း ဟောကြားခဲ့သည့် အဝိဇဟိတဌာနဖြစ်မှု သံဝေဂရဖွယ် သံဝေဇနီယဌာနဖြစ်မှု အနေဖြင့် မိဂဒါဝုန်အရပ်ဒေသကပင် ဆွဲငင်မှု ဓာတ်သဘာဝကြောင့်လော ဟူ၍ စဉ်းစားမိပါသည်။

**တရားဟောရာနေ့၏**
**ကောင်းမွန်ထူးခြားချက်**

နေရာဒေသကို ရွေးချယ်ပြီးနောက် နေ့ရက်ကိုလည်း ရွေးချယ်ရသေး၏။ ရွေးချယ်လိုက်သောနေ့ရက်ကား ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဝါဆိုလပြည့်နေ့ကား ဘုရားလောင်းအနေဖြင့် မဟာသက္ကရာဇ်(၆၇)ခုနှစ်တွင် မယ်တော်မာယာ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေယူခဲ့သောနေ့ဖြစ်၏။ မဟာသက္ကရာဇ် (၉၇) ခုနှစ်တွင်မူ ဝါဆိုလပြည့်နေ့၌ပင် ကပိလဝတ္ထုနေပြည်တော်မှ တောထွက်တော်မူခဲ့၏။ ယခုလည်း ဝါဆိုလပြည့်နေ့၌ပင် နေဝင်ခါနီး လထွက်ပြီးစအချိန်၌ ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်ခိုက် "ဒွေမေ ဘိက္ခဝေ အန္တာ" အစရှိသော တရားဦး ဓမ္မစကြာကို ဟောတော်မူသည်။ "အမတဒုန္ဒုဘိ" အမည်ရသော နိဗ္ဗာန်ရကြောင်း တရားစည်ကြီးကို ရိုက်ကျူးတီးခတ်လိုက်ခြင်းဖြစ်သည်။ ဤသို့သော အကြောင်းတို့ကြောင့် "ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့" ဟု တွင်သည်။

(၇)ဝါမြောက် ရောက်သောအခါ၌မူ သာဝတ္ထိပြည်အနီး ကဏ္ဍမ္ဗမည်သော သရက်ဖြူပင်ရင်းတွင် ဝါဆိုလပြည့်နေ့၌ပင် ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ သို့ဖြစ်၍ ဝါဆိုလပြည့်နေ့ကို "သန္ဓေ.တောထွက်.ဓမ္မစက်.တချက်ပြာဋိဟာ" ဟူ၍ မှတ်တမ်းပြုကြသည်။ ဤသို့သော ကောင်းမွန်ထူးခြားချက်(၄)မျိုးနှင့် ပြည့်စုံသည်ကို ရည်ရွယ်၍ လယ်တီဆရာတော်ဘုရားကြီးက ဖော်ပြပါလင်္ကာဖြင့် ပူဇော်ထားခြင်း ဖြစ်သည်။

ဘုရားဖြစ်ခါ မိဂဒါသို့ စကြာရွှေဖွား ဖြန့်ချီသွား၍ ငါးပါးဝဂ္ဂီ စုံအညီနှင့် မဟီတစ်သောင်း

တိုက်အပေါင်းမှ ခညောင်း ကပ်လာ နတ် ဗြဟ္မာအား ဝါဆို လပြည့် စနေနေ့ဝယ် ကြွေ့ကြွေ့ လျှံတက် ဓမ္မစက်ကို မိန့်မြွက် ထွေပြား ဟောဖော်ကြားသည် တရားနတ်စည် ရှမ်းတယ်ကို။

**မိဂဒါဝုန် တိုးတက်ကြီးပွားကြောင်း**

ဤသို့သော ကောင်းခြင်းဂုဏ်အဖုံဖုံနှင့် ပြည့်စုံသော မိဂဒါဝုန်အရပ်ဒေသ၌ ဆရာတော်ကြီး ဦးကိတ္တိမာ တည်ထောင်ခဲ့သောမိဂဒါဝုန်ကျောင်းသည် ယခုနှစ်တွင် နှစ်(၁၀၀)သို့ ရောက်ရှိလာပါပြီ။ အဖွဲ့အစည်းပင်ဖြစ်စေ၊ ကျောင်းပင်ဖြစ်စေ တိုးတက်စည်ပင်လျက် နှစ်(၁၀၀)သို့ ရောက်ဖို့ကား အလွန်ခဲယဉ်းလှပါသည်။ ခဲယဉ်းသောကိစ္စကို မိဂဒါဝုန်ဆရာတော်အဆက်ဆက်သည် ဆောင်ရွက်ခဲ့ကြ၏။ ယခုမိဂဒါဝုန်ဆရာတော်ဦးဝဏ္ဏဓဇလက်ထက်တွင်မူ အထွဋ်အထိပ်သို့ ရောက်အောင် တိုးတက်စည်ပင်နေပေသည်။ ယင်းသို့ တိုးတက်စည် ပင်ရခြင်းမှာလည်း မြေနေရာဒေသ၏ ဘူမိနက်သန်မှန်ခြင်း၊ ဘုရားဖူးပရိသတ်တို့အပေါ် မေတ္တာ စေတနာထား ကူညီစောင့်ရှောက်ခြင်းတို့ကြောင့် ဖြစ်ပေသည်။ စာရေးသူသည် မိဂဒါဝုန်ကျောင်း အဆောက်အဦးသစ်တွင် တိုင်တစ်တိုင် လှူခဲ့သည်။ ရောက်တိုင်းရောက်တိုင်း အဆောက်အဦးသစ်တွေ တိုးတက်လာသည်ကို တွေ့ရ၏။

> **ကောင်းခြင်းဂုဏ်အဖုံဖုံနှင့် ပြည့်စုံသော မိဂဒါဝုန်အရပ်ဒေသ၌ ဆရာတော်ကြီး ဦးကိတ္တိမာ တည်ထောင်ခဲ့သော မိဂဒါဝုန်ကျောင်းသည် ယခုနှစ်တွင် နှစ်(၁၀၀)သို့ ရောက်ရှိလာပါပြီ။**

မိဂဒါဝုန်ဆရာတော်သည် ဘုရားဖူးအဖွဲ့ထဲမှ သက်တော်ကြီး၊ ဝါတော်ကြီး၊ ထေရ်ကြီး၊ ဆရာတော်ကြီးတွေကို သီးသန့်အထူးခန်း ကျောင်းဆောင်တို့မှာနေရာချပေးလျက် ဂရုစိုက်လေ့ရှိ၏။ ဆရာတော်ကြီးတွေထံမှ အဆုံးအမဩဝါဒကိုလည်း ခံယူလေ့ရှိ၏။ ဤသည်ပင်လျှင် မဟာပရိနိဗ္ဗာနသုတ်လာ ကြီးပွားကြောင်း အပရိဟာနိယတရား(၇)ပါးထဲမှ စတုတ္ထမြောက်ကြီးပွားကြောင်းတရားကို လိုက်နာပြုကျင့်ခြင်း ဖြစ်သည်။ ယင်းသို့ ကြီးပွားကြောင်းတရားကို ပြုကျင့်နေသောကြောင့်လည်း မိဂဒါဝုန်ကျောင်းသည် ဆက်လက်ပြီး တိုးတက် စည်ပင် ထွန်းကားနေမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

အရှင်နာရဒါဘိဝံသ

(လှရတနာ)

(၁၅၊ ၁၀၊ ၂၀၀၇)

# လမ်းဖောက်သူမှသည် လမ်းသစ်ထွင်သူများအကြောင်း

အံ့ညြအောင်

မြတ်ဗုဒ္ဓ၏သာသနာတော်မြတ်ကြီးကို တပည့်သာဝက အဆက်ဆက်တို့က လက်ဆင့်ကမ်းသယ်ပိုး ထမ်းရွက်စောင့်ရှောက်လာသည်မှာ နှစ်ပေါင်း ၂၅၅၂ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ဤနှစ်ပေါင်း ၂၅၅၂ နှစ်ကာလအတွင်းဗုဒ္ဓသာသနာတော်မြတ်ကြီးကို ပြင်ပမှ နှောင့်ယှက်ဖျက်ဆီးဟန့်တားသူများနှင့်လည်းကောင်း၊ အတွင်းမှ ပူးသတ်နှောင့်ယှက်ဖျက်ဆီးသူ များနှင့် လည်းကောင်း ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။



အတွင်းအပြင် အန္တရာယ်ပေါင်းစုံနှင့် ရင်ဆိုင်ကြုံတွေ့ရစေကာမူ ဓမ္မနှင့် အဓမ္မ အားပြိုင်ပွဲတွင် ဓမ္မ,ကသာ အနိုင်ယူကျော်ဖြတ် နိုင်ခဲ့စမြဲဖြစ်သည်။

မည်သို့သော အတွင်းအပြင် အန္တရာယ်ပေါင်းစုံနှင့်ရင်ဆိုင်ကြုံတွေ့ရစေကာမူဓမ္မနှင့် အဓမ္မ အားပြိုင်ပွဲတွင်ဓမ္မ,ကသာ အနိုင်ယူ ကျော်ဖြတ်နိုင်ခဲ့စမြဲဖြစ်သည်။ ဘုရားရှင်သက်တော်ထင်ရှား ရှိစဉ်အခါတွင်လည်းကောင်း၊ သီရိဓမ္မာသောကမင်းကြီးလက်ထက်တွင်လည်းကောင်း၊ ဒုဋ္ဌဂါမဏိမင်းလက်ထက်တွင် လည်းကောင်း၊ အနော်ရထာ, ကျန်စစ်သားမင်းလက်ထက်တွင်လည်းကောင်း၊ ဓမ္မနှင့် အဓမ္မအားပြိုင်မှုများရှိခဲ့ကြသည်။ ၎င်းအားပြိုင်မှုများတွင် ဓမ္မဘက်တော်သားများကသာ အောင်ပွဲခံ အနိုင်ရယူခဲ့ကြသည်။ ဤသည်မှာ သမိုင်းသာဓက အခိုင်အမာရှိခဲ့သော အထောက်အထားများဖြစ်သည်။

## လမ်းဖောက်သူ

သိဒ္ဓတ္ထမင်းသားဘဝမှ ဂေါတမဗုဒ္ဓအဖြစ်သို့ ရောက်ရှိလာသောလူနတ်ပြဟ္မာသတ္တဝါအားလုံး၊ လောကသားအားလုံးတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော ဘုရားရှင်သည် လောကသားအားလုံးတို့ ဘေးမသီရန်မခ ဒုက္ခအလုံးစုံတို့မှ လွတ်မြောက်စေနိုင်သော လမ်းမကြီးတစ်ခုကို ဖောက်လုပ်ခဲ့သည်။ ထိုလမ်းမကြီးကား မဇ္ဈိမပဋိပဒါကို အခြေခံကာ မဂ္ဂင်ရှစ်ပါး အခက်အလက်များနှင့်ပြည့်စုံသည့် ထေရဝါဒ ဗုဒ္ဓသာသနာတော် လမ်းမကြီးဖြစ်သည်။

ယခုခေတ်ကာလ လမ်းများဖောက်လုပ်ရာတွင် ကျောက်ခဲ, သဲ, ဘိလပ်မြေ, ကတ္တရာ စသော အခြေခံကုန်ကြမ်းပစ္စည်းများ အချိုးညီညီထည့်သွင်းအသုံးပြုကြရသလို ဂေါတမမြတ်ဗုဒ္ဓသည်လည်း ထေရဝါဒဗုဒ္ဓ သာသနာတော်လမ်းမကြီး ဖောက်လုပ်ရာတွင် နန်းစည်းစိမ်အပါအဝင် စည်းစိမ်ဥစ္စာရတနာ များစွာကိုလည်းကောင်း၊ မိမိအသက်နှင့်ထပ်တူချစ်မြတ်နိုးရသော ဇနီးမယား သမီးသားပေါင်းများစွာ၊ အသက်သွေးသားပေါင်းများစွာတို့ကို ရင်းနှီးပေးဆပ်ပြီး ဖောက်လုပ်ခဲ့သော ထေရဝါဒ ဗုဒ္ဓသာသနာတော်လမ်းမကြီး အခွန့်ရှည်တည်တံ့ရေးအတွက် စောင့်ထိန်းလိုက်နာကျင့်သုံးရမည့်နည်းလမ်း သုံးသွယ်ကိုလည်းချမှတ်ပေးခဲ့သည်။

ထေရဝါဒဗုဒ္ဓသာသ

နာတော်လမ်းမကြီး မပျက်စီး မတိမ်ကောစေရန် ဒီလိုနေ. ဒီလိုပြော. ဒီလိုသွား. ဒီလိုစား. ဒီလို မလုပ်နဲ့ အဲဒီလို လုပ်ရင် လမ်းမကြီး ပျက်စီးတိမ်ကောသွားလိမ့်မယ် စသည်ဖြင့် လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်များကို ပြဋ္ဌာန်းလမ်းညွှန်ခဲ့သောဝိနည်း. နည်းလမ်းတစ်သွယ်။

ထေရဝါဒဗုဒ္ဓ သာသနာတော် လမ်းမကြီးပေါ် လျှောက်လှမ်းတဲ့အခါ ဒီလိုအပြစ်တွေ ကျူးလွန်လျှင် ဒီလိုဆိုးပြစ်ဒဏ်တွေ ခံရလိမ့်မယ်။ ဒီလိုကောင်းကျိုးတွေ ပြုလျှင် ဒီလိုကောင်းကျိုးဆက်တွေကို စံစားရလိမ့်မယ် စသည်ဖြင့် ကောင်းကံ မကောင်းကံ အခြေခံပြီး အကျိုးဆက်အဖြစ်ခံရ. စံရပုံများကို ဥပမာ ဥပမေယျသာဓကများ ထုတ်ဆောင်ပြီး ဟောပြောလမ်းညွှန်ခြင်းဟူသော သုတ္တန်နည်းလမ်းတစ်သွယ်။

ထေရဝါဒ ဗုဒ္ဓသာသနာတော် လမ်းမကြီးပေါ် လျှောက်လှမ်းကြတဲ့အခါ ပျောက်သောလမ်းမှာ စမ်းတဝါးဝါး မဖြစ်ဖို့၊ လမ်းပေါ်မှာ လမ်း မပျောက်စေဖို့၊ လမ်းဆုံးရောက်အောင် သွားနိုင်မည့်နည်းလမ်းအသွယ်သွယ်နှင့် လမ်းဆုံး ရောက်လျှင် ရရှိခံစားနိုင်မည့် အကျိုးရလဒ်များကို ဟောကြားလမ်းညွှန်ထားသော အဘိဓမ္မာနည်းလမ်းတစ်သွယ်။

ဤနည်းလမ်းသုံးသွယ်ကို ဘုရားရှင်၏တပည့်သာဝကအဆက်ဆက်တို့ကျင့်သုံးလိုက်နာပြီး လျှောက်လှမ်းခဲ့ခြင်းကြောင့်လည်း ထေရဝါဒဗုဒ္ဓသာသနာတော် လမ်းမကြီး နှစ်ပေါင်း ၂၅၅၂ နှစ်ကာလကြာ အောင်ဖြောင့်ဖြူးသာယာတည်တံ့နေခြင်းဖြစ်သည်။

လမ်းဖောက်ခဲ့သူက ရည်ရွယ်ချက်. ဦးတည်ချက် ကြီးကြီးမားမားနှင့် ဖောက်လုပ်ခဲ့ခြင်း ဖြစ်သော်လည်း လမ်းလျှောက်သူများက ရည်ရွယ်ချက်. ဦးတည်ချက် မမှန် စည်းကမ်းနည်းလမ်းတကျ မလျှောက်လှမ်းပါက လမ်းမကြီး ပျက်စီးပြီး မိမိတို့သွားလိုရာ ပန်းတိုင်ကိုလည်း ရောက်မည် မဟုတ်ပါ။ လမ်းဖောက်သူ၏ ရည်ရွယ်ချက်နှင့်လှမ်းလျှောက်သူ၏ဦးတည်ချက်တို့ ထပ်တူကျဖို့လိုပါသည်။

**လမ်းလျှောက်သူ**

လမ်းဖောက်သူက တော့ အကျိုးလိုလားသော စိတ်ဆန္ဒနှင့် စေတနာ မှန်မှန် ဖောက်လုပ်ပေးခဲ့သည်။ လမ်းလျှောက်သူတို့ကလည်း ဖြောင့်မတ်မှန်ကန် ကောင်းကျိုးလိုလားသော စိတ်ထားတို့ဖြင့် လျှောက်လှမ်းကြဖို့ လိုပါမည်။

လမ်းလျှောက်သူ မိမိကြောင့် လမ်းဖောက်သူ၏ နာမည်ဂုဏ်သိက္ခာ မထိခိုက်မနစ်နာစေရေး၊ လမ်းလျှောက်သူ မိမိကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာတော် လမ်းမကြီး မပျက်စီး မတိမ်ကောစေရေး အထူးဂရုပြုကြရပါမည်။ လမ်းလျှောက်သူမိမိ၏ကြောင့် လမ်းဖောက်သူ မထိခိုက် မနစ်နာစေသင့်။

လမ်း - ဟူသည်မှာ မိမိသွားလိုက သွားနိုင်ပြီး၊ မသွားလို မလျှောက်လှမ်းလိုပါကလည်း မိမိသဘောဆန္ဒအတိုင်း လွတ်လပ်စွာ နေလို့ရပါသည်။ သို့သော် ဖောက်ထားသောလမ်းပေါ်တွင် လျှောက်လှမ်းမည်ဆိုပါက ထိုလမ်းနှင့် စပ်ပြီး ချမှတ်ထားသော စည်းကမ်းဥပဒေများကို လိုက်နာကြဖို့လိုပါသည်။ လူအများစုတို့ သွားလာနေကြသော လောက၏ လမ်းမကြီးများပေါ်တွင် သွား

**ကောက်ရိုးမီး ထတောက်သလို ခေတ္တခဏ အဆင်ပြေကြီးပွား ချမ်းသာနေတာကို သာယာယစ်မူးမနေသင့်ပေ။ ဆိုးကျိုးတွေရောက်မလာခင် အကောင်းတွေက ဖြားယောင်းလှည့်စားနေခြင်း ဖြစ်သည်ကို သတိပြုသင့်သည်။**

လာနေကြသော လူနှင့်ယာဉ်အမျိုးမျိုးတို့သည် ဖြတ်သန်းသွားလာလို့ရသည့်နေရာ. တန်ချိန်သတ်မှတ်ချက်. လမ်းဖြတ်သန်းသွားလာစသော စည်းကမ်းသတ်မှတ်ချက်တို့ကို လိုက်နာကြရသည်။

ထို့အတူ ထေရဝါဒဗုဒ္ဓသာသနာတော်လမ်းမကြီးပေါ် လျှောက်လှမ်းကြသူတို့သည်လည်း လမ်းဖောက်သူ မြတ်ဗုဒ္ဓကိုယ်တော်တိုင်ချမှတ်ခဲ့သည့် စည်းကမ်း သတ်မှတ်ချက်များ ဖြစ်သော သုတ်. ဝိနည်း. အဘိဓမ္မာဟူသော စည်းကမ်းဥပဒေများကို မတိမ်းမစောင်းလိုက်နာကြဖို့ လိုပါသည်။ ယင်းကဲ့သို့ လိုက်နာပါမှလည်း မိမိတို့ သွားလိုရာခရီးကို အခက်အခဲမရှိ ရောက်ရှိနိုင်ပေလိမ့်မည်။လမ်းဖောက်သူ မြတ်ဗုဒ္ဓ ချမှတ်ခဲ့သောလမ်းစည်းကမ်းများကို လိုက်နာခြင်းမရှိပါက အရှင်ဒေဝဒတ်ကဲ့သို့အရိပ်နေနေ အခက်ချိုးချိုး လမ်းဖျက်သမား အဖြစ်သို့ရောက်ရှိသွားနိုင်ပါသည်။

**လမ်းဖျက်သူ**

မြတ်ဗုဒ္ဓဖော်ထုတ်ဖောက်လုပ်ခဲ့သော ထေရဝါဒဗုဒ္ဓသာသနာတော်လမ်းမကြီးကို အသုံးချ လျှောက်လှမ်းပြီး လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာသုခများ ခံစားခဲ့ကြသူများ မရေမတွက်နိုင်အောင်ပင် ရှိခဲ့ပါသည်။

ထို့အတူ လမ်းဥပဒေများဖြစ်သော ဝိနည်းစည်းကမ်းကိုမလိုက်နာ၊ သုတ္တန်စည်းကမ်းကို အသိအမှတ်မပြု၊ အဘိဓမ္မာစည်းကမ်းကို မယုံကြည်သော လမ်းဖျက်သူများလည်း ရှိခဲ့ဖူး. ရှိနေဆဲဖြစ်ပါသည်။ ထေရဝါဒဗုဒ္ဓသာသနာတော် လမ်းစည်းကမ်းကို မလိုက်နာ မယုံကြည်သော ရှင်ဒေဝဒတ်နှင့် သုပ္ပဗုဒ္ဓမင်း စသူတို့သည် လမ်းစည်းကမ်း ဖောက်ဖျက်မှုကြောင့် အဝီစိငရဲတွင် ပြစ်ဒဏ်ကျခံနေရသည်ကို သတိပြုဆင်ခြင်သင့်ပေသည်။

မျက်မှောက်ဘဝတွင်လည်းသက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက ဖောက်လုပ်ထားသော လမ်းများပေါ်တွင် သွားလာသူတို့အနေဖြင့် လမ်းစည်းကမ်းချိုးဖောက်မိပါက ပစ္စက္ခအခြေအနေတွင်ပင် ပြစ်ဒဏ်ကျခံရသည်ကို နှိုင်းချိန်စဉ်းစားကြစေလိုပါသည်။

ဝိနည်းစည်းကမ်းကို




ချိုးဖောက်၊ သုတ္တန်စည်းကမ်းကို မယုံကြည်၊ အဘိဓမ္မာစည်းကမ်းကို မလိုက်နာသူတို့သည် မျက်မှောက်သံသရာနှစ်ဖြာသော ဘ၀တွင် ထိုက်သင့်သော ပြစ်ဒဏ်များ ကျခံကြရမည်သာ ဖြစ်သည်။ ကောက်ရိုးမီး ထတောက်သလို ခေတ္တခဏ အဆင်ပြေကြီးပွားချမ်းသာနေတာကို သာယာယစ်မူး မနေသင့်ပေ။ ဆိုးကျိုးတွေ ရောက်မလာခင်အကောင်းတွေကဖြားယောင်း လှည့်စားနေခြင်းဖြစ်သည်ကို သတိပြုသင့်သည်။ ကုသိုလ်ကံကုန်ဆုံး၍ကောက်ရိုးမီးငြိမ်းသွားပါက အကုသိုလ်အထုပ်အပိုးများ မိမိအပေါ် ဖိစီးကျရောက်လာမည်ကို ကြိုတင်ပြင်ဆင် စဉ်းစားထားသင့်သည်။

ဓမ္မလမ်းကြောင်းကို မျက်ကွယ်ပြုငြင်းဆန်ပြီး အဓမ္မလမ်းကြောင်းကို အကောင်းမှတ်အမှန်ထင်ပြီး ဖက်တွယ်လျှောက်လှမ်းမိပါက လမ်းစည်းကမ်း ချိုးဖောက်သူ၊ လမ်းဖျက်သူ ရှင်ဒေဝဒတ်၏ အဖော်အပေါင်းအသင်းအဖြစ် သံသရာဘ၀မလှမပဖြစ်သွားနိုင်ကြောင်း သတိပြုကြရမည်ဖြစ်သည်။

**လမ်းပြင်သူ**

ပထမသင်္ဂါယနာတင်မှ ဆဋ္ဌသင်္ဂါယနာတင်ထိ သံဃာတော်များ အကြိမ်ကြိမ် အထပ်ထပ် သင်္ဂါယနာတင်ပွဲ ဆင်နွှဲပြုလုပ်ခြင်းသည် အလုပ်မရှိ အလုပ်ရှာ အားလို့ထလုပ်ခဲ့ကြခြင်း မဟုတ်ပါ။ ထေရဝါဒဗုဒ္ဓသာသနာတော် လမ်းမကြီး ပျက်စီးချို့ယွင်းကာ သွားလာမကောင်းဖြစ်နေသည်ကိုအချိန်ကုန်ခံ အပင်ပန်းခံပြီး ပြင်ဆင်ဖာထေးပေးခြင်းသာ ဖြစ်သည်။

ထေရဝါဒဗုဒ္ဓသာသနာတော်လမ်းမကြီးတွင်

သုတ်. ဝိနည်း. အဘိဓမ္မာနှင့် မညီညွတ်သော လွဲမှားသော အယူဝါဒဆိုးများဖြစ်သည့် ချိုင့်(ဂျိုင့်)၊ ကျင်း၊ ခလုတ်၊ ကန်သင်း၊ အညစ်အကြေးများ ဖြစ်ပေါ်ကျရောက်လာခြင်းကြောင့် သင်္ဂါယနာအထပ် ထပ်တင်ပြီး သန့်ရှင်းကောင်းမွန်အောင် ပြင်ဆင်မွမ်းမံ ခဲ့ကြရသည်။

ယနေ့မျက်မှောက် ခေတ် ပရိယတ္တိစာသင်တိုက်ကြီးများကလည်း ထေရဝါဒဗုဒ္ဓ သာသနာတော်လမ်းပေါ်မှာမတိမ်း မစောင်း ဖြောင့်ဖြောင့်မတ်မတ် လျှောက်လှမ်းနည်းများ၊ မတိမ်ကော မပျောက်အောင် ထိန်းသိမ်းစောင့်ရှောက် နည်းများကို သွန်သင်ဆုံးမ ပို့ချပေးနေကြသည်။

**လမ်းဖောက်လုပ်စဉ်အခါက မည်မျှကောင်းမွန်နေသည် ဖြစ်စေ၊ ထိုလမ်းမကြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက် ပြုပြင်မွမ်းမံသူမရှိပါက လမ်းဖောက်ရကျိုး နပ်မည်မဟုတ်ပါ. . .**

ပဋိပတ္တိတရားရိပ်သာများကလည်း ထေရဝါဒဗုဒ္ဓ သာသနာတော် လမ်းမကြီးပေါ် လျှောက်လှမ်းရင်း၊ လမ်းလျှောက်ရင်း လမ်းမပျောက် ရလေအောင်၊ လမ်းဆုံးပန်းတိုင် အရောက်လျှောက်လှမ်းနိုင်အောင် မာလိန်မှူးကြီး များကဲ့သို့ လမ်းညွှန်ပြသပေး နေကြသည်။

မြန်မာနိုင်ငံအပါအဝင် ထေရဝါဒနိုင်ငံအရပ်ရပ်ရှိ ပရိယတ္တိ. ပဋိပတ္တိ ဌာနများသည် လမ်းပြုပြင်ထိန်းသိမ်းနည်း၊ အရှည်ခံ့တည်တံ့အောင် ပြုစုစောင့်ရှောက်နည်း၊ လမ်းဆုံးပန်းတိုင်ရောက်အောင် လျှောက်လှမ်းနည်းတို့ကို သင်ကြားပို့ချ လမ်းညွှန်သော ထေရဝါဒ ဗုဒ္ဓသာသနာတော် လမ်းပြုပြင်ရေး လုပ်သား(ဝန်ထမ်း)များဖြစ်ကြသည်။ လမ်းဖောက်လုပ်စဉ် အခါက မည်မျှ ကောင်းမွန်နေသည်ဖြစ်စေ၊ ထိုလမ်းမကြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက် ပြုပြင်မွမ်းမံ သူမရှိပါက လမ်းဖောက်ရကျိုး နပ်မည်မဟုတ်ပါ။ ထို့အတူ ထိုလမ်းမပေါ် လျှောက်လှမ်းသွားလာသူတို့အား လမ်းဆုံးရောက်အောင် မည်သို့ သွားရမည်ကို ညွှန်ကြားပြသပေးမည့်သူ မရှိလျှင်လည်း လမ်းဖောက်သူ၏ ရည်ရွယ်ချက်. ဦးတည်ချက် ဆန္ဒများ ပြည့်ဝမည်မဟုတ်ပါ။ သို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော်လမ်းမကြီးမပျက်စီး မတိမ်ကောဘဲ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လမ်းပြုပြင်မွမ်းမံခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း ပြုလုပ်ပေးမည့် ပရိယတ္တိလုပ်သား(ဝန်ထမ်း)များ၊ လမ်းဆုံးပန်းတိုင်ရောက်အောင် မည်သို့မည်ပုံ သွားရမည်ကို

ညွှန်ကြားပြသပေးမည့် ပဋိပတ္တိ လမ်းညွှန်လုပ်သား (ဝန်ထမ်း) များ မဖြစ်မနေလိုအပ်ပါသည်။

အရာဝတ္ထုတစ်ခု (သို့မဟုတ်) အကြောင်းအရာတစ်ခုကို အစဦးဆုံး တီထွင်ဖန်တီးပြုလုပ်ခဲ့သူ (သို့မဟုတ်) စွန့်ဦးတီထွင် လမ်းဖောက်သူသည်အချိန်ကာလတစ်ခုရောက်လျှင် လောကကို ကျောခိုင်းစွန့်ခွာ သွားရမည်ဖြစ်သည်။ ထိုအခါ စွန့်ဦးတီထွင် လမ်းဖောက်ခဲ့သူတို့၏ ဖြောင့်ဖြူးသာယာသော လမ်းမကြီးကို စိတ်ကောင်းရှိ၍ အရည်အချင်းပြည့်မီသော လမ်းပြင် လုပ်သား (ဝန်ထမ်း)များ မဖြစ်မနေ လိုအပ်ပါသည်။ ပရိယတ္တိ စာသင်တိုက်ကြီးများမှ စာချစာသင် အရှင်မြတ်များသည် ကိုယ်တိုင် လမ်းပြင်လုပ်သား(ဝန်ထမ်း)များ ဖြစ်သလို၊ အရည်အချင်း ပြည့်မီသော ထေရဝါဒဗုဒ္ဓသာသနာတော် လမ်းပြင်လုပ်သား (ဝန်ထမ်း)များ မွေးထုတ်ပေးရာ သာသနာပြု ဗဟိုဌာနကြီးများ ဖြစ်ကြသည်။


**လမ်းထွင်သူ**

အရာဝတ္ထုတစ်ခုကို ကောင်းသည်ထက်ကောင်းအောင် အရည်အသွေးမြင့်သထက်မြင့်အောင် ပြုလုပ်ကြသူများ (သို့မဟုတ်) မိမိတို့ ထုတ်လုပ်သော အရာဝတ္ထုတစ်ခုကို ပျံ့နှံ့ကျယ်ပြန့်ရေး၊ တိုင်းနိုင်ငံနေရာဒေသအနှံ့အပြားသို့ ဈေးကွက် ရှာဖွေရေး ပြုလုပ်နေကြသူများမှာ လမ်းသစ်ထွင်သူများ ဖြစ်ကြသည်။

ထေရဝါဒမြတ်ဗုဒ္ဓသာသနာတော်လမ်းမကြီး တိုင်းနိုင်ငံနေရာ ဒေသအနှံ့အပြားသို့ ရောက်ရှိရေးအတွက် လမ်းလျှောက်သူ. လမ်းပြင်သူများ လိုအပ်သလို လမ်းသစ်ထွင်သူများလည်း လိုအပ်ပါသည်။ ယခုအချိန် မြန်မာပြည် တွင်မက ကမ္ဘာအရပ်ရပ်သို့ ထေရဝါဒ ဗုဒ္ဓသာသနာတော် လမ်းမကြီး ဖြောင့်ဖြူးသာယာစွာ ပေါက်ရောက်နေခြင်းမှာ လမ်းသစ်ထွင်သူများ၏ကျေးဇူးကြောင့်ဟု ပြောလျှင် မှားအံ့မထင်ပါ။

ဦးစန္ဒိမာဘိ၊ ဦးသူရိယ၊ ဦးကိတ္တိမာ၊ ဦးတိက္ခိန္ဒြိယ တို့မှသည် လက်ရှိ မိဂဒါဝုန် မြန်မာ ကျောင်းဆရာတော် (အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ) ဦးဝဏ္ဏဓဇ တို့သည် ဗုဒ္ဓသာသနာတော် ချစ်စိတ်ကို အရင်းခံပြီး အစားဆင်းရဲ၊ အနေဆင်းရဲ၊ အတိုက်အခိုက်၊ အနှောင့်အယှက်ဒဏ် များစွာ ခံပြီး မဆုတ်မနစ် ကြံ့ကြံ့ခံပြီး စွန့်စွန့်စားစား လမ်းသစ်ထွင်ခဲ့ကြသည်။ ထေရဝါဒဗုဒ္ဓသာသနာတော် လမ်းမကြီးပေါ်တွင် ထည်ဝါခန့်ငြားစွာ တည်ဆောက်ထားသောအိန္ဒိယနိုင်ငံ ဗာရာဏသီရှိ မိဂဒါဝုန် မြန်မာ ကျောင်းတော်၏သက်တမ်းသည် နှစ်ပေါင်း(၁၀၀)ပြည့်ခဲ့ပြီ ဖြစ်သည်။ နိုင်ငံအရပ်ရပ်သို့ ထေရဝါဒဗုဒ္ဓသာသနာတော် လမ်းမကြီးပေါက် ရောက်ရေးအတွက် လမ်းသစ်ထွင် ဖောက်လုပ်ခဲ့ကြရာတွင် အိန္ဒိယနိုင်ငံ ဗာရာဏသီရှိ မိဂဒါဝုန်မြန်မာ ကျောင်းတော်ကြီးသည် သက်တမ်းအရှည်ဆုံး. ရှေးဦးအကျဆုံးဟု ဆိုရပါမည်။

မြတ်ဗုဒ္ဓ၏ သားကောင်းရတနာများ ပီသစွာ မဆုတ်မနစ်ကြိုးစားခြင်းဝီရိယ၊ ဆင်းရဲမှုအမျိုးမျိုး. အတိုက်အခိုက် အနှောင့်အယှက် အမျိုးမျိုးကို သည်းခံရင်ဆိုင်နိုင်စွမ်းရှိခြင်း ခန္တီ၊ ရှေ့နောက်တွေးခေါ် မြော်မြင်စဉ်းစားနိုင်းချိန်နိုင်စွမ်းရှိသော ပညာ၊ ဝေနေယျသတ္တဝါအပေါ် သနားကြင်နာ




**နိုင်ငံအရပ်ရပ်သို့ ထေရဝါဒ ဗုဒ္ဓသာသနာတော် လမ်းမကြီး ပေါက်ရောက်ရေးအတွက် လမ်းသစ်ထွင် ဖောက်လုပ်ခဲ့ကြရာတွင် အိန္ဒိယနိုင်ငံ ဟရာဏာသီရှိ မိဂဒါဝုန် မြန်မာ ကျောင်းတော်ကြီးသည် သက်တမ်းအရှည်ဆုံး, ရှေးဦးအကျဆုံးဟု ဆိုရပါမည်။**

စိတ်ကြီးမားစွာ ထားရှိခြင်း မေတ္တာ,တရားတို့ကို လက်ကိုင် ထားပြီး သာသနာ့တာဝန်များ ကို စွမ်းစွမ်းတမံ ထမ်းဆောင် ခဲ့ကြသော ကျောင်းတိုက်တည် အာဒိကမ္မိကဆရာ တော်ကြီး များနှင့်တကွ မိဂဒါဝုန် မြန်မာ ကျောင်းတိုက်ကြီးကို နှစ်ပေါင်း တစ်ရာပြည့် သည့် အချိန်ထိ လက်ရှိတာဝန်ယူ ထိန်းသိမ်း စောင့်ရှောက်အုပ်ချုပ်နေသော မိဂဒါဝုန်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဦးဝဏ္ဏဓဇ စသော လမ်းသစ်ထွင်သူ သာ သနာပြု, သာသနာ့သူရဲကောင်း အရှင်မြတ်တို့အား ဤဆောင်း ပါးဖြင့် လေးမြတ်ကော်ရော် ပူဇော်ကန်တော့လိုက်ရပါသည်။

"ဗုဒ္ဓမြတ်စွာ သာသနာ
ကမ္ဘာနေသို့ လင်းပါစေ"


အံ့ညြအောင်

# တည်ဆောက်သူနှင့် စောင့်ရှောက်သူ

သင်းအောင်(မဟာဓမ္မာစရိယ)

၁။ ဘုရားရှင်ဖွားတော်မူရာလုမ္ဗိနီဒေသ၊
၂။ ဘုရားရှင်သစ္စာလေးပါးသိတော်မူရာ မဟာဗောဓိဒေသ၊
၃။ တရားဦးဓမ္မစကြာဟောတော်မူရာ မိဂဒါဝုန်ဒေသနှင့်
၄။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူရာ မလ္လာမင်းတို့အင်ကြင်းဥယျာဉ်ဒေသ၊

ဆိုသည့်နေရာဒေသလေးမျိုးမှာ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ အလေးအမြတ်ထားရာ ဒေသများဖြစ်ကြသည်။



ယင်းဒေသလေးမျိုးမှာ ဗုဒ္ဓသာသနာတော်သမိုင်းတွင် အဓိကမှတ်တိုင်ကြီးများ ဖြစ်သကဲ့သို့ ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာခြင်းနှင့်ပတ်သက်၍ နိုင်မာသည့် သမိုင်းကြောင်းကိုပါ ထောက်ထားလျက်ရှိကြ၏။

ဖြစ်စဉ်တစ်ခု ပျောက်ပျက်မသွားအောင် မှတ်တမ်းတင်ခြင်းကို သမိုင်းဟု ဖွင့်ဆိုလျှင် သင့်တော်မည်ထင်၏။ ယင်းဖြစ်စဉ်သည် သတ္တဝါတို့အတွက် အကျိုးပြုမှုတန်ဖိုးရှိ၏။ သတ္တဝါတို့အား အနာတရဖြစ်စေ၊ ညှင်းဆဲသတ်ဖြတ်စေ၊ ကိုယ်စိတ်နှလုံး ယူကြုံးမရဖြစ်စေသည့် ဖြစ်စဉ်များသည် သမိုင်းအတွက်အကျိုးမရှိသည့် ဖြစ်စဉ်များဖြစ်၏။ အကြောင်းမှာ ထိုသမိုင်းသည် နောင်လာနောင်သားတို့အတွက် အတုယူကျင့်ဖွယ်ရာမဖြစ်ကောင်းသောကြောင့်တည်း။

> **ဖြစ်စဉ်တစ်ခု ပျောက်ပျက်မသွားအောင် မှတ်တမ်းတင်ခြင်းကို သမိုင်းဟု ဖွင့်ဆိုလျှင် သင့်တော်မည်ထင်၏။ ယင်းဖြစ်စဉ်သည် သတ္တဝါတို့အတွက် အကျိုးပြုမှုတန်ဖိုးရှိ၏။ သတ္တဝါတို့အား အနာတရဖြစ်စေ၊ ညှင်းဆဲသတ်ဖြတ်စေ၊ ကိုယ်စိတ်နှလုံးယူကြုံးမရ ဖြစ်စေသည့်ဖြစ်စဉ်များသည် သမိုင်းအတွက်အကျိုးမရှိသည့် ဖြစ်စဉ်များဖြစ်၏။**

သမိုင်းသည် ဖြစ်ခဲ့စဉ်ကလည်း သတ္တဝါများအတွက် အကျိုးပြုသင့်သည်။ သမိုင်းကို ဆက်လက်ထိန်းသိမ်းစဉ်ကာလမှာလည်း သတ္တဝါများအတွက် အကျိုးပြုသင့်သည်။ ထိုသမိုင်းသည်သာ ဤကမ္ဘာမြေပြင်ပေါ်မှ မည်သည့်အခါမျှ ပျောက်ကွယ်မသွားသင့်၊ မသွားကောင်းသော သမိုင်းမြတ်ဖြစ်ပေသည်။

တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးအပိုင်းတွင် ထိန်းသိမ်းရေးမှာ တည်ဆောက်ရေးထက် ပို၍အရေးပါသည်။ တည်ဆောက်သူက ငွေအား၊ စေတနာအားဖြင့် တည်ဆောက်လျှင် အဆောက်အဦးတစ်ခုသည် လပိုင်းအတွင်းမှာ ပြီးဆုံးနိုင်သည်။ သို့သော် ပြီးဆုံးသွားသော ထိုအဆောက်အဦးသည် သူချည်းသက်သက် နှစ်ပေါင်းများစွာ အရှည်ခံ့ တည်တံ့နိုင်မည် မဟုတ်ချေ။ ပြုပြင်ထိန်းသိမ်းသူ မရှိပါက ပိုးရွ ခြပုန်းများ နှိပ်စက်ဖျက်ဆီးခြင်း၊ မြစ်သစ်ပင် နွယ်များ တွယ်ကပ်ပေါက်ရောက် ဖျက်ဆီးခြင်း၊ ရေဒဏ် မိုးဒဏ်ဝင်ရောက် နှိပ်စက်ခြင်းစသည့်အန္တရာယ်များ ဝင်ရောက်လာမည်ဖြစ်၏။ ထိုအခါ တည်ဆောက်ထားသည့် အဆောက်အဦသည် မျှော်မှန်းထားသလောက် တည်တံ့ခြင်းမရှိဘဲ အချိန်ကာလတိုအတွင်း ပျက်စီးကွယ်ပျောက်နိုင်ပေသည်။

ထိန်းသိမ်းစောင့်ရှောက်သူသည် ဆောက်လုပ်

သူထက်ပင်ပန်းရ၏။ ထိန်းသိမ်းသူသည် နေပူမိုးရွာ မရှောင်ဆောင်ရွက်ရသည်။ ပိုးရွ ခြပုန်းများကိုလည်း ရင်ဆိုင်ရ၏၊ သစ်မြစ်သစ်ကိုင်းများကိုလည်း ဖွဲလုံ့လဖြင့် ခုတ်ထွင်ရှင်းလင်းရ၏၊ အဆောက်အဦး တစ်ခု ရေရှည်တည်တံ့ခိုင်မြဲစေရန် အမြဲမပြတ် လေ့လာကြည့်ရှုရ၏၊ စေတနာ၊ မေတ္တာ အနစ်နာခံရ၏၊ စွန့်လွှတ်စွန့်စားလိုစိတ်ရှိရ၏။ အဆောက်အဦး၏ တန်ဖိုးနှင့်အဖိုးမဖြတ်နိုင်သည့် အရင်းအနှီးများကို နားလည်ရ၏၊ ဤအဆောက်အဦးတည်ရှိနေသရွေ့အဆောက်အဦးအတွင်း ဝင်ရောက်ခိုလှုံ အနားယူခြင်းဖြင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခွင့်ရမည့်အရေးကိုတွေး၍ဝမ်းမြောက်ရ၏၊ ယင်းအသိ၊ ယင်းအရှိ၊ ယင်းမြင့်မြတ်သည့် စိတ်ဓါတ်ရှိသူတို့သာ တန်ဖိုးရှိသည့် အဆောက်အဦးကို ထိန်းသိမ်းသွားနိုင်ပေ သည်။

ဗုဒ္ဓရှင်တော်မြတ်သည် သာသနာတော်ဆိုသည့် အဆောက်အဦးကြီးကို တည်ဆောက်သွားတော်မူခြင်း ဖြစ်၏။ ဗုဒ္ဓသည် တို့သာသနာ အဆောက်အဦးကြီး တည်ဆောက်နိုင်ရန် ဘဝအသင်္ချေ များစွာ ပါရမီဆိုသည့်ပစ္စည်းဝတ္ထုတို့ကို စုဆောင်းခဲ့ရသည်။ သာသနာအဆောက်အဦးကြီး ပေါ်ထွန်းလာသည့် အခါတွင်လည်း လေးငါးနှစ်တိုင်တိုင် အဆောက်အဦးကြီး ခိုင်မြဲရေးအတွက် နည်းစနစ်(ဓမ္မ)တို့ကို ရေးဆွဲဟောကြားဆုံးမတော်မူခဲ့သည်။ သက်တော် ၈၀-အရောက်တွင်မူ သာသနာ



တော်ကိုစောင့်ရှောက်သူအဖြစ် ဘိက္ခု. ဘိက္ခုနီ. ဥပါသကာ. ဥပါသိကာဆိုသည့် ပရိသတ် လေးပါးတို့ထံ လွှဲအပ်ခဲ့ကာ ပရိနိဗ္ဗာန် စံတော်မူပေသည်။

မိဂဒါဝုန်ဒေသသည် သာသနာ့အဆောက်အဦးကြီး၏ အရေးကြီး သည့်အပိုင်းကဏ္ဍ တစ်ခုပင်ဖြစ်၏။ စောင့်ရှောက်ခွင့်တာဝန်ရှိသူ တပည့်သာဝကတို့သည် မိမိတို့ကျရာ အခန်းကဏ္ဍမှ သာသနာအဆောက်အဦးကြီးမပြိုမကွဲတည်တံ့ခိုင်မြဲရေးအတွက် စောင့်ရှောက်ကြရမည်သာဖြစ်၏။ သာသန ပါလခေါ်သာသနာတော်ကို အစဉ်အဆက်စောင့်ရှောက်သူတို့သည် မှေးမှိန် ကွယ်ပျောက်လု ဖြစ်နေသည်။ အဆောက်အဦး အရေးကြီးအစိတ်အပိုင်းများကို ကိုယ်စိတ်ပင်ပန်းခံကာ ဖော်ထုတ်စောင့်ရှောက်နေရသည်။ အချို့ဆိုလျှင် သူတစ်ပါး လက်မပါနိုင်ရေးအတွက် ကြိုတင်စီမံချက်များ သတ်မှတ်ကာ ကာကွယ်နေရ၏။ ယင်းကြောင့် ဗုဒ္ဓသာသနာအဆောက်အဦးကြီး၏အရေးကြီး အစိတ်အပိုင်းများ တည်တံ့ခိုင်မြဲနေခြင်း ဖြစ်ပေသည်။

ခက်သည်က အရေးကြီးသာသနာ့အဆောက်အဦးများရှိရာဒေသတွင် ယင်းအဆောက်အဦးတို့ကို အနီးကပ်စောင့်ရှောက်သူ ကင်းမဲ့နေခြင်းပင်။ ထိုအရပ်ဒေသတွင် ဗုဒ္ဓဘာသာဝင်များ တိုးပွား၍ ၎င်းတို့ကပင် စောင့်ရှောက် သူများအဖြစ်တာဝန်ယူကြလျှင် မည်မျှနေရာကျမည်နည်း။ ယခုသော် မြန်မာနိုင်ငံဆိုသည့်ရပ်ဝေးမှ သာသနာချစ်သူ ရဟန်းတော်အရှင်မြတ်ကြီးတို့က မနေသာဘဲ သွားရောက် စောင့်ရှောက်နေရသည်။ ကျွန်ုပ်တို့သည် မိဝေး၊ ဖဝေး၊ တိုင်းပြည်ဝေးတွင်

**သာသနာနောင်ရေး မျှော်တွေးကြောင့်ကြသည့် အရှင်မြတ်တို့သည် အရေးကြီး မိဂဒါဝုန်ဒေသဆိုတာ ဗုဒ္ဓဘာသာဝင်တွေအတွက်ပဲဟု မပြောသော်လည်း ပြောသည်သို့ မိဂဒါဝုန်ကျောင်းတိုက်ကြီး တည်ထောင်ခဲ့သည်။**

ဆင်းရဲဒုက္ခမျိုးစုံခံကာ သာသနာတော်အတွက်ဘဝကို စတေးကြသည့် ပုဂ္ဂိုလ်မြတ်ကြီးတို့ကို ရှိခိုးဖူးမြင် ကျေးဇူးတင်ကြရမည် ဖြစ်ပေသည်။

သာသနာနောင်ရေး မျှော်တွေးကြောင့်ကြသည့် အရှင်မြတ်တို့သည် အရေးကြီး မိဂဒါဝုန်ဒေသဆိုတာ ဗုဒ္ဓဘာသာဝင်တွေအတွက်ပဲဟု မပြောသော်လည်း ပြောသည်သို့ မိဂဒါဝုန်ကျောင်းတိုက်ကြီး တည်ထောင်ခဲ့သည်။ ထိုကျောင်းတိုက်ကြီးနှင့် ဗုဒ္ဓ၏ သားတော်ရဟန်းတော်တို့သည် ဗုဒ္ဓ တည်ဆောက်တော်မူသည့် သာသနာအဆောက်အဦး၏ အရေးကြီးအစိတ် အပိုင်းတစ်ခုကို စောင့်ရှောက် ကာကွယ်နိုင်ခဲ့ကြသည်။ ထို့ပြင် ဗုဒ္ဓဘာသာဝင်အပေါင်း သံဝေဇနိယ ဌာနသို့ လာရောက်ဖူးမြော်သည့်အခါ ချမ်းသာလွယ် ကူစွာ တည်းခိုနိုင်ရေးအတွက် ကျောင်းအဆောက်အဦးတို့ကို တိုးချဲ့ဆောက် လုပ်နိုင်ခဲ့ကြပြီ ဖြစ်၏။ ကျောင်းတိုက်ကြီး၏ သက်တမ်းမှာ နှစ်တစ်ရာသို့ပင် ချဉ်းနင်းဝင်ရောက်ခဲ့ပြီးဖြစ်၏။

ဗုဒ္ဓသာဝက ထေရထေရာအဆက်ဆက်သည် မိဂဒါဝုန်ဒေသကို စောင့်ရှောက်ခဲ့ကြ၏။ ယခုလည်း စောင့်ရှောက်နေဆဲဖြစ်၏။ ဆရာတော်ဦးဝဏ္ဏဇေကား သာသနာအဆောက်အဦးကို စောင့်ရှောက်ယုံသာ မဟုတ်၊ ထပ်မံတိုးတက်ပြန့်ပွားရန်ပင် ဆောင်ရွက်နိုင်သည့် အရှင်မြတ်ကြီးတစ်ပါးဖြစ်တော်မူသည်။ အရှင်မြတ်သည် ဗုဒ္ဓသာဝကဘိက္ခုတစ်ပါးဖြစ်၏။ စွန့်လွှတ်စွန့်စား အတ္တသမား မဟုတ်ဘဲ၊ ပရသမားဖြစ်တော်မူ၏။ ဗုဒ္ဓတည်ဆောက်တော်မူခဲ့သည့် အဆောက်အဦးကြီးကို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးစား ဆောင်ရွက်နေသည့် အရှင်မြတ်ကြီးလည်း ဖြစ်၏။ သာသနာတော်ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် စောင့်ရှောက်သူသည် အရေးကြီး၏။ ကျွန်ုပ်တို့ အိန္ဒိယနိုင်ငံ မိဂဒါဝုန်၏သာသနာတော်ကို ယနေ့တိုင် ကျွန်ုပ်တို့တွေ့ဆုံကြုံ နေရခြင်းမှာ ဆရာတော် အရှင်ဝဏ္ဏဇေကဲ့သို့သော သာသနာပြု ပုဂ္ဂိုလ်မြတ်ကြီးတို့၏ ကျေးဇူးတော်များကြောင့်သာ ဖြစ်ပေသည်။

ဂါရဝနိဝါတဖြင့်
သင်းအောင်
(မဟာဓမ္မာစရိယ)

# အမှန်တရားတို့ရဲ့အုတ်မြစ်

ဝဏ္ဏမိုး(ရွှေကျင်)

ဗာရာဏသီမြို့ မိဂဒါဝုန်တော၊ မြတ်ဗုဒ္ဓ၊ ပဉ္စဝဂ္ဂီငါးဦး၊ ဓမ္မစကြာ၊ ဗုဒ္ဓ, ဓမ္မ, သံဃာ ရတနာသုံး စတင်ပေါက်ဖွားဖြစ်ပေါ်လာတဲ့ နေရာ၊ အမှန်တရားတွေကို စတင်ကြွေးကြော်ချပြခဲ့တဲ့ သစ္စာအောင်မြေ မိဂဒါဝုန်၊ လောကသုံးပါးမှာ အမြင့်မြတ်ဆုံးဖြစ်တဲ့ဗုဒ္ဓက အမှန်ကန်ဆုံးဖြစ်တဲ့ ဓမ္မစည်တော်ကြီး ဘဝင်လျှံအောင် ရိုက်တီးခဲ့တဲ့ ဘူမိနက်သန်နေရာမှန်ဖြစ်တဲ့ ဟောဒီ မိဂဒါဝုန်အရပ်ဒေသ ---။



မြန်မာတို့ရဲ့ ၁၂-လ ရာသီပွဲတော်တွေထဲက ဝါဆိုလမှာ ကျင်းပတဲ့ ပွဲတော်ကတော့ ပဉ္စင်းခံပွဲတော်ဖြစ်ပါတယ်။ မဟာလူသား မြတ်ဗုဒ္ဓရဲ့ သာသနာ့ တာဝန်များကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ကြမယ့် ရဟန်းလောင်းများဟာ ဝါဆိုလမှာ ရဟန်းပဉ္စင်း အဖြစ်ကို ခံယူပြီး ဝါတွင်းသုံးလကာလ ပတ်လုံး သာသနာနဲ့ဆိုင်တဲ့ ဂန္ထဓူရ၊ ဝိပဿနာဓူရ အလုပ်တွေကို စွမ်းစွမ်းတမံ ကြိုးစားအားထုတ်ကြတယ်။ အဲဒီလို ဝါတွင်းကာမှာ ရဟန်းပဉ္စင်း အဖြစ် ခံယူပြီး သာသနာအလုပ်တွေ ကြိုးပမ်းစွမ်းဆောင်ကြတာကို ကြည့်ပြီး ဝါဆိုလ "ပဉ္စင်းခံပွဲ" ဆိုပြီး ခေါ်ဝေါ်သတ်မှတ်ခဲ့ကြတာပါ။ လောကမှာ အမှန်တရားလို့ခေါ်တဲ့ သစ္စာတရားဆိုတာဟာ ဝါဆိုလပြည့်နေ့မှာ စတင်အုတ်မြစ်ချ သနွေတည်ခဲ့တာမို့ ဝါဆိုလကို အလွန်ထူးမြတ်တဲ့လအဖြစ် အသိအမှတ်ပြုခဲ့ကြပါတယ်။ မောဟအမှောင်တိုက် ဖုံးလွှမ်း ခြင်းခံရလို့ အသိဉာဏ်ကင်းမဲ့နေကြတဲ့ လောကလူသားတွေ ခများမှာ အစားမှား၊ အသွားမှား၊ အပြောဆိုမှား၊ အလုပ်အကိုင်မှား၊ အကြံအစည်မှားနဲ့ အမှားသံသရာထဲက ရုန်းမထွက်နိုင်ဘဲ ဖြစ်နေခဲ့ကြပါတယ်။ ဒီလိုအမှား သံသရာထဲ နစ်မြုပ်နေကြတဲ့ လောကလူသားတွေအတွက် အမှန်တရားနဲ့ စတင်မိတ်ဆက်ပေးတဲ့နေ့၊ သစ္စာတရားတွေ ချပြတဲ့နေ့ဟာ ဝါဆိုလပြည့်နေ့ပါပဲ။ ဓမ္မစကြာ အခါတော်နေ့လို့လည်း ခေါ်ပါတယ်။

ဝါဆိုလဟာ ကရကဋ်ရာသီ၊ အာသဠ်နက္ခတ်နှင့် စန်းပြည့်ယှဉ်ကာ ဖျိုင်းတာရာဖြစ်ပြီး ရာသီရုပ်ကတော့ ပုဇွန်လုံးကောင်ရုပ်ဖြစ်ပါတယ်။ ပစ္စည်းဥစ္စာတွေ၊ ရာထူးဂုဏ်သိမ်တွေ၊ တန်ခိုးအာဏာတွေဟာ လူသားတွေရဲ့ဘဝတန်ဖိုး၊ ဘဝအနှစ်သာရများ မဟုတ်ကြပါဘူး။ ယနေ့ကမ္ဘာမှာ ရုပ်ဝတ္ထုပစ္စည်း၏ စွမ်းဆောင်မှုများကိုသာ ဦးစားပေးတီထွင် ဆန်းသစ်လုပ်ဆောင်နေကြတာကို တွေ့ရပါတယ်။ ရုပ်ဝတ္ထု ပစ္စည်းဆန်းသစ်မြင့်မားရေး နောက်ကိုသာ အချိန်ပြည့် လိုက်နေကြမည်ဆိုပါက အနာဂတ်ရဲ့လူငယ်များဟာ ပြိုင်ဆိုင်မှု၊ ရန်လိုမှု၊ ကိုယ်ကျိုးရှာမှုများဆီသို့သာ ဦးတည်နေကြပြီး စာရိတ္တမဏ္ဍိုင် ယိမ်း

**လောကမှာ အမှန်တရားလို့ခေါ်တဲ့ သစ္စာတရားဆိုတာဟာ ဟောဒီ ဝါဆိုလပြည့်နေ့မှာ စတင်အုတ်မြစ်ချ သနွေတည်ခဲ့တာမို့ ဝါဆိုလကို အလွန်ထူးမြတ်တဲ့လအဖြစ် အသိအမှတ်ပြုခဲ့ကြပါတယ်။**

ယှိုင်ချစားသွားနိုင်ပါတယ်။ ရုပ်ဝတ္ထုပစ္စည်းများ တိုးတက်မြင့်မားအောင်တီထွင်ဆန်းသစ်နိုင်ရုံနဲ့ ကမ္ဘာကြီးကို တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါ။ ယနေ့မျက်မှောက်ခေတ်ကာလမှာ အမှန်တကယ်လိုအပ်နေတာက စာရိတ္တမဏ္ဍိုင်ကို အခြေခံသော သာတူညီမျှ ဆက်ဆံရေးနဲ့ ကိုယ်ချင်းစာတရား ဖြစ်ပါတယ်။ ချမ်းသာသော နိုင်ငံနှင့် ဆင်းရဲသောနိုင်ငံ၊ အင်အားကြီးသောနိုင်ငံနှင့် အင်အားသေးသော နိုင်ငံများအကြားတွင် သာတူညီမျှဆက်ဆံမှု၊ ကိုယ်ချင်းစာမှုများ မထားနိုင်သရွေ့ ကမ္ဘာကြီးတွင် စစ်မှန်သော ချမ်းသာမှု၊ စစ်မှန်သောငြိမ်းချမ်းမှုဆိုတာ ဖြစ်လာနိုင်စရာ အကြောင်းမရှိပါ။ ရုပ်ဝတ္ထုပစ္စည်း ခေတ်မီသာလွန်အောင် တီထွင်ဆန်းသစ်နိုင်မှုများဟာ တစ်ဦးတစ်ယောက် (သို့မဟုတ်) နိုင်ငံတစ်နိုင်ငံတည်းအတွက်အသာစီးရမှုကိုသာဖြစ်စေပြီး၊ စာရိတ္တမဏ္ဍိုင်မြင့်မားရေးနဲ့ ကိုယ်ချင်းစာတရားထားရှိရေးဆိုတဲ့ လူ့ဘဝရဲ့အခြေခံ ကိုယ်ကျင့်တရားများကတော့ တစ်ကမ္ဘာလုံး ငြိမ်းအေးချမ်းသာရေးကို ရှေးရှုတဲ့ အမှန်တရားများဖြစ်ကြပါတယ်။ စာသင်ကျောင်းများ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ တွင် ရုပ်ဝတ္ထုပစ္စည်းတိုးတက်မြင့်မားရေးအတွက် ရက်ရှည် ရက်တို သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေသလို စိတ်ယဉ်ကျေးမှု၊ စိတ်အေးချမ်းမှုကို အမှန်တကယ်ပေးစွမ်းနိုင်သည့် ဘာသာရေးဆိုင်ရာ ရက်ရှည်ရက် တိုသင်တန်းများကိုလည်း အလေးအနက်ထားပြီး စီစဉ်ဖွင့်လှစ်သင်ကြားပေးသင့်သည်ဟု ယူဆပါတယ်။

သာတူညီမျှ ဆက်ဆံရေးတို့၊ ကိုယ်ချင်းစာတရားထားတတ်ရေးတို့ ဆိုတာကလည်း လောကရဲ့ဖြစ်စဉ်အပေါ်နဲ့ မိမိတို့တစ်ဦးချင်း စီရဲ့ခန္ဓာရဲ့အပြစ်၊ ဘဝရဲ့အပြစ်တွေကို အမှန်တရားနဲ့ အနီးစပ်ဆုံးဖြစ်အောင် ချဉ်းကပ်လေ့လာတတ်ဖို့လိုအပ်ပါတယ်။မြတ်ဗုဒ္ဓဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၄၆-နှစ်ကျော်ကတည်းကလောကရဲ့ မမြဲတဲ့ဖြစ်စဉ်နဲ့ ဘဝရဲ့အပြစ်၊ ခန္ဓာရဲ့အပြစ်တွေကို ကြည့်တတ်မြင်တတ်အောင် အမှန်တရားကို ထိုးထွင်းသိမြင်နိုင်သူများဖြစ်အောင်လမ်းညွှန်ပေးခဲ့ပါတယ်။

ယနေ့ခေတ်ပညာရှိလို့ သတ်မှတ်ပြောဆိုခြင်းခံနေရတဲ့ သိပ္ပံပညာရှင်ကြီးများကတော့ သက်ရှိလူအစရှိသော သတ္တဝါတွေကို သတ်ဖြတ်ညှင်းပန်း နှိပ်စက်ဖို့ အနုမြူတွေ၊ နျူးကလီးယားတွေ အဆင့်မြင့်သထက်မြင့်အောင် တီထွင်ကြ အပြိုင်အဆိုင် ဆန်းသစ် ထုတ်လုပ်နေကြပါတယ်။ စာရေးသူတို့ရဲ့မဟာကရုဏာရှင်မြတ်ဗုဒ္ဓကတော့ လူသားတွေ ငြိမ်းငြိမ်းချမ်းချမ်းရှိအောင်၊ စိတ်အစဉ်ယဉ်ကျေး သိမ်မွေ့အောင်ဆိုပြီး လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်ကတည်းက စိတ်အလုပ်ပေးစက်ရုံကြီးကို တည်ထောင်ဖွင့်လှစ်ခဲ့ပါတယ်။ ပထမဦးဆုံးတည်ထောင်ဖွင့်လှစ်တဲ့ စိတ်အလုပ်ပေးစက်ရုံကြီးကို မဟာသက္ကရာဇ်(၁၀၃)ခု၊ ဝါဆိုလပြည့်နေ့မှာ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့အနီးက မိဂဒါဝုန်တောမှာဖြစ်ပါတယ်။ စက်ရုံမှူးကြီးကတော့ မြတ်ဗုဒ္ဓဖြစ်ပြီး စတင်ဖွင့်ချိန်က စက်ရုံလုပ်သားငါးဦးသာ ရှိပါတယ်။ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ သဿဇိလို့ခေါ်တဲ့ ပဥ္စဝဂ္ဂီငါးဦးတို့ပါပဲ။


လောကရဲ့ စက်ရုံကြီးများက စက်မှုဆိုင်ရာ ပစ္စည်းအမျိုးမျိုး တီထွင် ထုတ်လုပ်နေကြသလို မြတ်ဗုဒ္ဓကလည်း သူရဲ့ စိတ်အလုပ်ပေး စက်ရုံကြီးကနေပြီး "ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ" ဆိုတဲ့ ပစ္စည်းလေးမျိုးကို စမ်းသပ်ထုတ်လုပ်ခဲ့ပါတယ်။ လူတစ်ဦးနဲ့တစ်ဦး ချစ်ခင်တွယ်တာသံယောဇဉ် ထားရတယ်ဆိုတာက သဘောထားခြင်းကွဲလွဲမှုတွေ၊ စိတ်အလိုမကျမှုတွေကြောင့် ဆင်းရဲပင်ပန်းလွန်းလှပါတယ်။ ချစ်ခင်သူနဲ့ ခွဲခွာနေရတာ၊ မချစ်မနှစ်သက်သူနဲ့ ပေါင်းသင်း ဆက်ဆံနေရတာလည်း ဆင်းရဲကြောင်း အမှန်တရားပါပဲ။ ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းရတာ၊ ရရှိလာတဲ့ပစ္စည်းဥစ္စာတွေကို မပျောက်ပျက် မကုန်ဆုံးရအောင် ထိန်းသိမ်း စောင့်ရှောက်ရတာကလည်း ဆင်းရဲမှု တစ်မျိုးဖြစ်ပါတယ်။ အိုမင်းရင့်ရော်ရတာ၊ အိပ်ယာထဲလဲပြီး ရောဂါနှိပ်စက်ညှင်းပန်းခြင်း ခံရတာကတော့ သိသာထင်ရှားတဲ့ ဆင်းရဲမှုပါ။ ဆင်းရဲတကာ့ ဆင်းရဲထဲမှာ သေချင်းဆိုတဲ့ ဆင်းရဲကတော့ ကြောက်စရာအကောင်းဆုံးပါပဲ။

အဲဒီလို မလိုချင်၊ မရချင်၊ လက်မခံချင်တဲ့ဆင်းရဲလို့ ခေါ်တဲ့ (ဒုက္ခ)တွေ ဘာကြောင့် ဖြစ်နေရတာလည်းလို့ ဆန်းစစ်ကြည့်လိုက်တော့ လိုချင်တပ်မက်စွဲလန်းမှုလို့ ခေါ်တဲ့ (သမုဒယ)ကြောင့်လို့ အဖြေပေါ်လာပါတယ်။ လူလူချင်းဖြစ်စေ၊ အရာဝတ္ထုတစ်ခုကို ဖြစ်စေ လိုချင်တပ်မက်စွဲလန်းလာရင် စိတ်ဆင်းရဲမှု(ဒုက္ခ)ကို စတင်ရင်ဆိုင် ခံစားကြရပါတယ်။ လိုချင်တာကိုရအောင်လုပ်မယ်ဆိုပြီး ခန္ဓာကိုယ်ကို ရင်းပြီး ကြိုးပမ်းအားထုတ်မယ်ဆိုရင် ကိုယ်ဆင်းရဲချင်း(ဒုက္ခ)ပါ ထပ်ဆင့် ဖြစ်ပွားလာပါတယ်။ သံသရာပြတ်ကြောင်းကို အားမထုတ်ဘဲ သံသရာလည်ကြောင်းတွေကိုစွမ်းဆောင်ကြိုးပမ်း အားထုတ်မယ်ဆိုရင် သံသရာမှာ ခန္ဓာတွေ ထပ်ရပြီး အို၊ နာ၊ သေ ဆင်းရဲကြမ်း(ဒုက္ခ)တွေကိုထပ်မံလက်ခံကြရဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြတ်ဗုဒ္ဓက ဒီခန္ဓာကိုယ်ကြီးကို ရရှိထားတာဟာ (ဒုက္ခ) ဆင်းရဲတယ်တဲ့။ ဒီလို ဘာဖြစ်လို့ ဆင်းရဲ(ဒုက္ခ)တွေကို ရင်ဆိုင်နေရတာလည်းဆိုရင် လိုချင်တပ်မက်စွဲလမ်းမှု (သမုဒယ)ကြောင့် ပါပဲတဲ့။ အဲဒီလိုချင်တပ်မက် စွဲလန်းမှု

**အိုမင်းရင့်ရော်ရတာ၊ အိပ်ယာထဲလဲပြီး ရောဂါနှိပ်စက်ညှင်းပန်းခြင်း ခံရတာကတော့ သိသာထင်ရှားတဲ့ဆင်းရဲမှုပါ။ ဆင်းရဲတကာ့ဆင်းရဲထဲမှာ သေချင်းဆိုတဲ့ဆင်းရဲကတော့ ကြောက်စရာအကောင်းဆုံးပါပဲ။**

တွေချုပ်ငြိမ်းပြတ်စဲသွားအောင် လုပ်လို့မရဘူးလားဆိုတော့ ရပါတယ်တဲ့။ ဆင်းရဲမှုအပေါင်းမှ လွတ်မြောက်ရာလမ်းကြောင်းဖြစ်သော (မဂ္ဂ)လို့ခေါ်တဲ့ မဂ္ဂင်ရှစ်ပါးကို ပွားများရမယ်လို့ဆိုပါတယ်။

အဲဒီလို သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်လို့ခေါ်တဲ့မဂ္ဂင်တရားရှစ်ပါး ကို ပွားများရှုမှတ် နလုံးသွင်းနိုင်ခဲ့ရင် စွဲလန်းမှု၊ လိုချင်တပ်မက်မှုတွေ အို၊ နာ၊ သေမှုတွေက အပြီးတိုင် လွတ်မြောက်ရာဖြစ်တဲ့ (နိရောဓ)လို့ ခေါ်တဲ့နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်တဲ့။ ပစ္စည်းဥစ္စာပေါများမှု၊ ဂုဏ်သတင်းထင်ပေါ် ကျော်ကြားမှု၊ တန်ခိုးအာဏာကြီးမားမှု၊ ချစ်သူခင်သူများမှု၊ အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်ရမှု(သို့မဟုတ်) အောင်မြင်တဲ့ တီထွင်ဆန်းသစ်သော သိပ္ပံပညာရှင်ကြီး၊ တွေးခေါ်ပညာရှင်ကြီး ဖြစ်ရမှု စတာတွေဟာ လူသားတွေ ဘယ်လိုမှ မလိုချင်ဆုံးဖြစ်တဲ့ အို၊ နာ၊ သေဆင်းရဲ (ဒုက္ခ)က မလွတ်ကင်းနိုင်တာမို့ အဲဒီအရာတွေဟာ စစ်မှန်သော ချမ်းသာမှု(သို့မဟုတ်) အမှန်တရားများ မဟုတ်ကြပါဘူးတဲ့။



အထက်မှာ တင်ပြခဲ့တဲ့ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂသစ္စာလေးပါးအမှန်တရားများကသာ တကယ့် ချမ်းသာစစ် ချမ်းသာမှန်များ ဖြစ်ကြပါတယ်တဲ့။

မှန်ပါတယ်။ မိမိရဲ့ချစ်သူခင်သူတစ်ဦးကြောင့်ဖြစ်စေ၊ မိသားစုကြောင့်ဖြစ်စေ၊ မိတ်ဆွေ အပေါင်းအသင်းကြောင့်ဖြစ်စေ၊ မိမိပိုင်ဆိုင်ထားတဲ့ ရုပ်ဝတ္ထု ပစ္စည်းတစ်ခုခုကြောင့်ဖြစ်စေ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ (ဒုက္ခ) တစ်စုံတစ်ရာဖြစ်ရတယ်ဆိုရင် အဲဒီလူကို မီလျံနာကြီးဖြစ်စေ၊ ဘီလျံနာကြီးဖြစ်စေ ချမ်းသာသူလို့ ခေါ်လို့မရနိုင်ပါဘူး။ ဘာကြောင့်လဲလို့အမေးရှိခဲ့ရင် ဆင်းရဲမှု(ဒုက္ခ)နဲ့ မလွတ်ကင်းနိုင်သေးလို့ ဖြစ်ပါတယ်။ စိတ်ပင်ပန်းမှု၊ ကိုယ်ပင်ပန်းမှု၊ စိတ်ဆင်းရဲမှု၊ ကိုယ်ဆင်းရဲမှု

တွေကနေအကြွင်းမဲ့လုံးဝလွတ်မြောက်သူကိုသာ စစ်မှန်သော ချမ်းသာကို ခံစားရသူလို့ ခေါ်ရမှာပါ။ အဲဒီလို စစ်မှန်တဲ့ချမ်းသာကို ရရှိခံစားနိုင်ဖို့ မြတ်ဗုဒ္ဓရဲ့ စိတ်အလုပ်ပေးစက်ရုံကြီးကနေပြီး ပစ္စည်းလေးမျိုးစမ်း သပ်ထုတ်လုပ်ပေးလိုက်တာ ယနေ့ချိန်ထိ အသုံးဝင်တွင်ကျယ်လျက်ရှိပါတယ်။ လက်တွေ့အသုံးပြုပြီးလို့ မအို၊ မနာ၊ မသေရာကိုရောက်ရှိသွားခဲ့ကြသူတွေရှိသလို အခုမှ စမ်းသပ်အသုံးပြုနေကြသူများလည်း ရှိပါတယ်။

စိတ်အလုပ်ပေးစက်ရုံကြီးကို စတင်လည်ပတ်ခဲ့သော မဟာ သက္ကရာဇ် (၁၀၃)ခု၊ ဝါဆိုလပြည့်နေ့ကစပြီး ပစ္စည်းလေးမျိုးကို စမ်းသပ်ထုတ်လုပ်ခဲ့ရာမှ ဝါဆိုလပြည့်ကျော်(၅) ရက်နေ့မှာတော့ ပစ္စည်းအသစ်

**နောက်ဆုံးတော့ လောကရဲ့ ဖြစ်စဉ် အားလုံးလိုလိုဟာ မြတ်ဗုဒ္ဓရဲ့ 'မမြဲခြင်းသဘောတရားအမှန်' နဲ့ တိုက်ဆိုင်ဖြစ်ပေါ်နေကြတာကို သိရှိသွားကြပြီး အိန္ဒိယတစ်နိုင်ငံလုံးနီးပါး လိုက်နာကျင့်သုံးသွားကြတယ်။**

တစ်မျိုးကို ထပ်မံ ထုတ်လုပ်ခဲ့ပြန်ပါတယ်။ အဲဒီပစ္စည်းကတော့ "အနတ္တလက္ခဏ"လို့ခေါ်တဲ့ "မမြဲခြင်း သဘောတရားအမှန်" ဖြစ်ပါတယ်။ လောကကြီးမှာ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါကအစ သက်ရှိ သက်မဲ့ ဘယ်အရာမှမမြဲဘူး။ အချိန်နာရီနဲ့အမျှ အမြဲတမ်းပြောင်းလဲနေကြတယ်။ အဲဒီလို မမြဲခြင်းအမှန်တရားကို ထုတ်လုပ်ဖြန့်ဖြူးလိုက်တဲ့အခါမှာ ထာဝရတည်ရှိတယ်။ အတ္တ-မြဲတယ်လို့ အယူရှိနေကြ တဲ့အိန္ဒိယနိုင်ငံတစ်ဝှမ်းလုံးက တွေးခေါ်ပညာရှင်ကြီးတွေ တုန်လှုပ်ခြောက်ခြားပြီး လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြတယ်။ နောက်ဆုံးတော့ လောကရဲ့ဖြစ်စဉ် အားလုံးလိုလိုဟာ မြတ်ဗုဒ္ဓရဲ့ "မမြဲခြင်းသဘောတရားအမှန်" နဲ့တိုက်ဆိုင်ဖြစ်ပေါ်နေကြတာကို သိရှိသွားကြပြီးအိန္ဒိယတစ်နိုင်ငံလုံးနီးပါး လိုက်နာကျင့်သုံးသွားကြတယ်။

အနတ္တလက္ခဏလို့ခေါ်တဲ့ မမြဲခြင်းသဘောတရားအမှန်နဲ့အတူ ပဋိစ္စသမုပ္ပါဒ်လို့ခေါ်တဲ့ ကြောင်းကျိုးဆက် ဖြစ်စဉ် မွေ့ရသ ပစ္စည်းတစ်ခုကိုပါ ပူးတွဲထုတ်လုပ်ပေးလိုက်ပါတယ်။ ပဋိစ္စသမုပ္ပါဒ်ခေါ် ကြောင်းကျိုးဆက်ဖြစ်စဉ်ရဲ့အနက် အဓိပ္ပါယ်ကတော့ ဇာတိခေါ် ပဋိသန္ဓေနေရခြင်းဆိုတဲ့ (အကြောင်း) ရှိခဲ့ရင် မရဏလို့ခေါ်တဲ့ သေရခြင်း (အကျိုး)ကို မုချခံစားရမယ်။ မကောင်းတဲ့(အကြောင်း)တရားကို ပြုလုပ်ခဲ့မယ်ဆိုရင် မလိုချင် မရချင်တဲ့မကောင်းတဲ့ ဆိုးပြစ် (အကျိုး)တရားကိုလည်း လက်ခံရလိမ့်မယ်။ အဲဒီလို ကြောင်းကျိုးဆက် ဖြစ်စဉ်သဘောတရားတွေကို ဖြန့်ဖြူးထုတ်ဝေလိုက်တဲ့အခါ ပဥ္စဝဂ္ဂီငါးဦးလုံးသေချင်းဆင်းရဲ(ဒုက္ခ)က ကင်းဝေးရာဖြစ်တဲ့နိဗ္ဗာန်ကို မျက်မှောက်ပြုသွားကြတယ်။

နောက်ဆုံးမြတ်ဗုဒ္ဓပရိနိဗ္ဗာန်ဝင်စံချိန်အထိ သူ့ရဲ့စိတ်အလုပ်ပေး စက်ရုံကြီးက ထုတ်လုပ်လိုက်တဲ့ပစ္စည်း အမျိုးအမည်ပေါင်းဟာ (၈၄,၀၀၀) တောင်ရှိပါတယ်။ နှစ်ပေါင်း ၂၅၅၂ ဆိုတဲ့အချိန်ကာလတွေ ရင့်ရော်ပြောင်းလဲခဲ့သော်လည်း ယနေ့ချိန်ထိ ဆန်းသစ်တောက်ပြောင်ပြီး လူသုံးများနေဆဲပဲ ဖြစ်ပါတယ်။ လုပ်သား ငါးဦးနဲ့ စတင်တည်ထောင် လည်ပတ်ခဲ့တဲ့ မြတ်ဗုဒ္ဓရဲ့စိတ် အလုပ်ပေး စက်ရုံကြီးဟာ ယနေ့ချိန်မှာတော့ လုပ်သားဦးရေ

သန်းပေါင်းများစွာနဲ့ ဆက်လက်လည်ပတ်လျက်ရှိပါတယ်။ စိတ်အလုပ်ပေး ပစ္စည်းကိရိယာတွေလည်း ထပ်မံထုတ်လုပ်ပေးနေဆဲ ဖြစ်ပါတယ်။


လူတွေအသုံးပြုနေကြတဲ့ စက်မှုဆိုင်ရာပစ္စည်းတစ်ခုကို ထုတ်လုပ် ဖြန့်ဖြူးလိုက်တဲ့အခါမှာ ပစ္စည်းကို အသုံးပြုပုံ၊ အသုံးပြုနည်း အညွှန်းများ ပါရှိသလို မြတ်ဗုဒ္ဓကလည်း သူ့ရဲ့ စိတ်အလုပ်ပေး စက်ရုံကြီးက ထုတ်လုပ် လိုက်တဲ့ပစ္စည်းများကို အသုံးပြုကြမယ်ဆိုရင် မျက်စိလည် လမ်းမှားမဖြစ်ကြရအောင် "မဇ္ဈိမပဋိပဒါ" လို့ ခေါ်တဲ့ အညွှန်းကို ရေးပေးထားခဲ့ပါတယ်။ မဇ္ဈိမပဋိပဒါ ဆိုတာကတော့ စိတ်အလုပ်ပေး သဘောတရားတွေကို ကောင်းကောင်းနားလည်ရမယ်တဲ့။ အို၊ နာ၊ သေ ဆင်းရဲ(ဒုက္ခ)တွေက ကင်းဝေး လွတ်မြောက်ချင်ပါတယ်ဆိုရင် "ကာမသုခလ္လိက" ခေါ် ကိုယ်ခန္ဓာချမ်းသာရာ ချမ်းသာကြောင်း သက်တောင့်သက်သာနဲ့ ဇိမ်ခံပြီးတော့လည်း မနေရဘူးတဲ့။ "အတ္တကိလမထ" ခေါ် ခန္ဓာကိုယ် ပင်ပန်းဆင်းရဲအောင် နှိပ်စက်ညှင်းပန်းသော အကျင့်တွေဖြစ်တဲ့ (ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဖယ်ခပ်) ဆိုတာမျိုးတွေကိုလည်း မလုပ်ပါနဲ့တဲ့။ အဲဒီနှစ်ခုရဲ့ကြားဖြစ်တဲ့ အလယ်အလတ်ကျင့်စဉ်ကို ကျင့်ရမယ်တဲ့။ အဲဒီလို မဂ္ဂင်ရှစ်ပါးကိုအခြေခံပြီး (မဇ္ဈိမပဋိပဒါ) နည်းကျကျ စိတ်အလုပ်ပေး တရားတွေကို ကျင့်ကြံအားထုတ်သွားမယ်ဆိုရင် ဆင်းရဲ (ဒုက္ခ)ပေါင်းစုံကနေ လွတ်မြောက်နိုင်ပါတယ်လို့ မြတ်ဗုဒ္ဓက လမ်းညွှန်မိန့်ကြားခဲ့ပါတယ်။

ဝါဆိုလပြည့်နေ့ ဗာရာဏသီမြို့ မိဂဒါဝုန် တောအုပ်အတွင်းမှာ မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် အောင်မြင်စွာအသုံးပြုခဲ့ပြီး လမ်းညွှန်ဖော်ထုတ် အတည်ပြုချခဲ့တဲ့ "မမြဲခြင်း အမှန်တရား"၊ "ဆင်းရဲခြင်း အမှန်တရား" အဲဒီလိုအမှန်တရားတွေကို သိရှိနားလည် သဘောပေါက်ပြီး အမှန်တရားကို လက်ခံသူ၊ အမှန်တရားကို လိုက်နာသူ၊ အမှန်တရားကို ကျင့်ကြံအားထုတ်လေ့ကျက်သူများဖြစ်ခဲ့ အမှန်တရားရဲ့အကျိုးဆက်ဖြစ်တဲ့ ချမ်းသာစစ် ချမ်းသာမှန် ဓမ္မရသကို အပြည့်အဝခံစားရလျက် ကမ္ဘာလောကကြီးကို အမှန်တရားနဲ့ အလှဆင်နိုင်သူများဖြစ်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။

"နေရာတိုင်းမှာ
အမှန်တရားထွန်းကားပါစေ"

ဝဏ္ဏမိုး(ရွှေကျွန်း)

*မှတ်ချက် ။ မိဂဒါဝုန်ကို အမှီပြုဟောကြားခဲ့သော ဓမ္မစကြာသုတ်ကို တန်ဆာဆင်ရေးဖွဲ့ပါသည်။*



# အနာဂါရိကဓမ္မပါလ-ဗုဒ္ဓဂယာ-မိဂဒါဝုန်

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီအေ)




သီဟိုဠ်နိုင်ငံသည် နှစ်ပေါင်းသုံးရာကျော် ကျွန်ဘဝ သက်ရောက်ခဲ့ရပြီး နယ်ချဲ့ ဦးခေါင်း သုံးကြိမ်ပြောင်းအုပ်ချုပ်ခံခဲ့ရသည်။ ပထမ ပေါ်တူဂီ၊ ဒုတိယ ဒတ်(ချ်)၊ တတိယ အင်္ဂလိပ်တို့ဖြစ်သည်။

နယ်ချဲ့သုံးဦးစလုံး သည် သီဟိုဠ်နိုင်ငံ၏ ဗုဒ္ဓဘာသာကို နှိပ်ကွပ်ပြီး လုံးပါးစေသည်။ ယဉ်ကျေးမှုကို မှေးမှိန်စေခဲ့သည်။ အမျိုးသားစီးပွားရေးနှင့် ဇာတိမာန်စိတ်ကို ကျစေခဲ့ရပါသည်။

နယ်ချဲ့သုံးဦးတို့၏ ဆက်တိုက်ဖိနှိပ်မှုကြောင့် နိမ့်ကျနေသောနိုင်ငံ၏ ဘာသာရေးနှင့်ယဉ်ကျေးမှုတစ်ဖန် နလံထူနိုင်ရန် ဦးဆောင်နိုင်သော ခေါင်းဆောင်ကောင်းတစ်ယောက်လိုနေသောအချိန်ကာလဖြစ်သော ၁၈၆၄-ခု၊ စက်တင်ဘာလ၌ သီဟိုဠ်နိုင်ငံ၊ ကိုလံဘိုမြို့နှင့် မလှမ်းမကမ်းရှိ (Hewavitanme) ဟီဝါဝီတာမီရွာမှ မြေပိုင်ရှင်မိသားစုသားကောင်းတစ်ယောက် မွေးဖွားလာခဲ့သည်။

ထိုစဉ်က ခရစ်ယာန်ဘာသာကြီးစိုးနေသော ခေတ်အခါကာလဖြစ်နေ၍ ဗုဒ္ဓဘာသာကို ကြံ့ကြံ့ခိုင်၍ စောင့်ရှောက်နေကြသော အနာဂါရိက ဓမ္မပါလ ၏မိဘများသည် သူတို့၏သားများကို -

- Edmond Hewavitanme
- Charles Hewavitanme
- Simon Hewavitanme

ဟူ၍သား(၃)ဦးကိုခရစ်ယာန်နာမည်များ ရှေ့ကထား၍ မှည့်ထားရသည်။

အနာဂါရိကဓမ္မပါလ၏မိဘများသည် သီဟိုဠ်၌ ထင်ရှားသော အရှင် သိရိသုမင်္ဂလ မထေရ်ကို ကိုးကွယ်ကြသည်။ ထိုမထေရ်အတွက် ဝိဒ္ဓောဒယ ပရိဝေဏဟူသော ကျောင်းကြီးကိုလည်း ဆောက်လုပ်လှူဒါန်းထားကြသောကျောင်းဒါယကာများဖြစ်ကြသည်။

အနာဂါရိက၏မိခင် မလ္လိကာသည် အိမ်ထောင်ကျစဉ်ကတည်းက သားဆုတောင်းခဲ့သည်။ ငါးပါးသီလကို ငယ်စဉ်ကပင် စောင့်ထိန်းမြဲခဲ့သည်။ သားမဖွားမီ လပြည့်နေ့တိုင်း ဓမ္မစကြာနှင့် ပဌာန်းဒေသနာကို ဝတ်မပျက်ရွတ်ခဲ့သည်။ မွေးဖွားလာသော သားသည် သီဟိုဠ်သာသနာကို ပြုပြင်နိုင်သူဖြစ်ပါစေဟု ဆုတောင်းခဲ့သည်။ သားလေးအနာဂါရိက မွေးလာသောအခါ ခရစ်ယာန်ဘာသာအရ ဒေးဗစ်ဟူ၍ အမည်ပေးခဲ့ရသည်။

ဒေးဗစ်၏မိဘများက ဗုဒ္ဓဘာသာကို အထူးကိုင်းရှိုင်းသူများဖြစ်၍ ဒေးဗစ်မှာ ငယ်စဉ်ကတည်းကပင် ငါးပါးသီလကို ဆောက်တည်ခဲ့သည်။

သို့သော် ကျောင်းနေချိန်ရောက်သောအခါ ခရစ်ယာန်တို့ သာသနာပြုကျောင်းသို့ သွားရောက်ပညာသင်ကြားရ၍ ထိုခေတ်အခြေအနေအရ မလွန်ဆန်နိုင်၍ ခရစ်ယာန်

**အနာဂါရိက၏မိခင် မလ္လိကာသည် အိမ်ထောင်ကျစဉ်ကတည်းက သားဆုတောင်းခဲ့သည်။ ငါးပါးသီလကို ငယ်စဉ်ကပင် စောင့်ထိန်းမြဲခဲ့သည်။ သားမဖွားမီ လပြည့်နေ့တိုင်း ဓမ္မစကြာနှင့် ပဌာန်းဒေသနာကို ဝတ်မပျက်ရွတ်ခဲ့သည်။ မွေးဖွားလာသောသားသည် သီဟိုဠ်သာသနာကို ပြုပြင်နိုင်သူဖြစ်ပါစေဟု ဆုတောင်းခဲ့သည်။**

ဘုရားရှိခိုးရခြင်း၊ ခရစ်ယာန် သမ္မာကျမ်းစာကို သင်ရခြင်း များ ပြုရသည်။

ဒေးဗစ်သည် အလွန် ဉာဏ်ကောင်းသဖြင့် အသက် (၁၄)နှစ်အရွယ်တွင် ခရစ်ယာန် သမ္မာကျမ်းစာကို အလွတ်ရ သည်။ အင်္ဂလိပ်ဘာသာလည်း အလွန် ကျွမ်းကျင်စွာ တတ် မြောက်သဖြင့် ခရစ်ယာန် ဆရာ ကြီးများ ခရစ်ယာန် သာသနာ ပြန့်ပွားအောင် ဒေးဗစ်စွမ်း ဆောင်နိုင်လိမ့်မည်ဟု ထင်မြင် ယုံကြည်အားထားကြသည်။

ခရစ်ယာန်တို့၏ သာသနာပြုကျောင်းတွင် နေစဉ် အတွင်း ဒေးဗစ်သည် နံနက် (၆)နာရီတွင် ဘုရားရှိခိုးရ သည်။ အခန်းထဲတွင် သမ္မာ ကျမ်းစာကိုဖတ်ရသည်။ ဒေးဗစ် သည် ထိုအလုပ်များကို မနှစ် သက်ရွံ့ရှာစွာဖြင့် ပြုလုပ်ခဲ့ ရသည်။

**ဒေးဗစ်သည် ခရစ်ယာန်ကျောင်းတွင် နေစဉ် သူများမသိအောင် သစ္စာလေးပါးတရားကို အများမသိအောင်ဖတ်ခဲ့သည်။ ဤစာအုပ်မျိုးကို ဆရာက တွေ့လျှင် ချက်ချင်းယူ လွှင့်ပစ်သည်။ ဤမျှ ဘာသာရေးကို ဖိနှိပ်သည်။**

ဒေးဗစ်သည် ခရစ် ယာန်ကျောင်းတွင် နေစဉ် သူ များမသိအောင် သစ္စာ လေးပါး တရားကို အများမသိအောင် ဖတ်ခဲ့သည်။ ဤစာအုပ်မျိုးကို ဆရာက တွေ့လျှင် ချက်ချင်းယူ လွှင့်ပစ်သည်။ ဤမျှ ဘာသာ ရေးကို ဖိနှိပ်သည်။

ဒေးဗစ်က ဥပုသ်နေ့ ကျောင်းမတက်၊ ဥပုသ်စောင့် သည်။ ခရစ်ယာန် ဆရာများက ကျောင်းမတက်၍ ကျောင်းမှ ထုတ်ပစ်မည်ဟု ပြောသော် လည်း ဂရုမစိုက်ချေ။

ကဆုန်လပြည့်နေ့ တစ်နေ့တွင် ကျောင်းမတက် နိုင်ကြောင်း ခွင့်တောင်းရာတွင် ခွင့်မပေးချေ။ ဒေးဗစ်သည် ခွင့်မရသော်လည်းထိုနေ့၌လုံးဝ ကျောင်းမတက်ဘဲ ကျောင်းမှ တိတ်တဆိတ်ပြန်ခဲ့သည်။ ကျောင်းသို့ ပြန်ရောက်သော အခါအရိုက်ခံရသည်။ ဤကဲ့သို့ အရိုက်ခံရသည်မှာ တစ်နှစ်ထဲ မဟုတ်၊ နှစ်စဉ်လိုပင်ဖြစ်သည်။ ထိုအကြောင်းကို ဒေးဗစ်သည် စိတ်ထဲတွင် စွဲမှတ်ကျန်ရစ်နေခဲ့ သည်။

ထိုအချိန်တွင် သီဟိုဠ် သို့ ရောက်ရှိနေသော ကာနယ် အောလကော့က ကဆုန်လ ပြည့် ဗုဒ္ဓဟူးနေ့ကဲ့သို့သော နေ့ထူးနေ့မြတ်တွင် ကျောင်း မတက်ဘဲ ဥပုသ်စောင့်သော ဒေးဗစ်ကို ကျောင်းအုပ်က ရိုက်နှက်ခြင်းကိစ္စနှင့်ပတ်သက်၍ သီဟိုဠ်ဘုရင်ခံထံ တင်ပြခဲ့ရာ ဘုရင်ခံက အရေးမစိုက်ဘဲထား ၍ ကာနယ်အော် လကော့က

အင်္ဂလန်ရှိ ဝိတိုရီးယားဘုရင်မကြီးထံ ဆက်လက်တင်ပြသည်။ ဝိတိုရီးယားဘုရင်မကြီးက လက်ခံသဖြင့် သီဟိုဠ်တွင် ကဆုန်လပြည့်ဗုဒ္ဓဟူးနေ့ တစ်တိုင်းပြည်လုံး ကျောင်းပိတ်ခွင့်ရခဲ့သည်။

ကာနယ်အောလကော့ သီဟိုဠ်ရောက်ပြီး ပိယရတနာကျောင်းတိုက်၌ ကြိုဆိုပွဲပြုလုပ်စဉ် ကာနယ်အော့လကော့က မိမိဗုဒ္ဓဘာသာကို စိတ်ဝင်စားလာပုံနှင့် အမေရိကန်၌ သီအိုဆိုဖီအသင်း ထူထောင်ခဲ့ပုံတို့ကို ရှင်းလင်းဟောပြောပြရာ ထိုကြိုဆိုပွဲတွင် (၁၄)နှစ်မျှသာ ရှိသေးသော ဒေးဗစ်လေးသည် သူ၏ဖခင်၊ ဦးလေးတို့နှင့်အတူ တက်ရောက်နားထောင်ခဲ့သည်။ ကာနယ်အော့လကော့၏ဆွဲငင်အားရှိသော မိန့်ခွန်းပြောဟန်ကိုဒေးဗစ်သည်အလွန်သဘောကျခဲ့သည်။ စိတ်ဝင်စားခဲ့သည်။

သီဟိုဠ်သည် အရှင်ဂုဏာနန္ဒနှင့် ကာနယ်အော့ကကော့တို့၏ဆောင်ရွက်မှုကြောင့် ခရစ်ယာန်ဘာသာသည် ဦးကျိုး၍ ဗုဒ္ဓဘာသာဦးမော့လာခဲ့သည်။ ၁၈၇၃ - ခုတွင် အရှင်ဂုဏာနန္ဒဦးစီး၍ ဗုဒ္ဓဘာသာပွဲကျင်းပခဲ့သည်။ ထိုပွဲတော်တွင် ခရစ်ယာန်တို့က ယင်းတို့၏ကျောင်းရှေ့က ဖြတ်မသွားရဟု တားမြစ်သောကြောင့် ဘာသာရေး အဓိကရုဏ်းဖြစ်ပွားခဲ့ရသည်။ ဗုဒ္ဓဘာသာဘက်မှ လူအများအပြားဒဏ်ရာရခဲ့သည်။

ဒေးဗစ်၏ဖခင်သည် စိတ်နာပြီး ဒေးဗစ်ကို ခရစ်ယာန်ကျောင်းမှထုတ်ပစ်လိုက်သည်။ ထိုအချိန်က ဒေးဗစ်သည် (၁၀) တန်းပင် မအောင်မြင်သေးချေ။

၁၈၈၄ - ခုနှစ်၊ အသက်(၂၀)ပြည့်ချိန်တွင် ဒေးဗစ်သည် ကာနယ်အော့လကော့တို့ တည်ထောင်သော သီအိုဆိုဖီအသင်း၌ အချိန်ပြည့် တာဝန်ထမ်းဆောင်ရန် မိဘတို့ထံ ခွင့်ပန်ခဲ့သည်။ ဖခင်က လွယ်ကူစွာခွင့်ပြုခဲ့သော်လည်း မိခင်ကမူ ငါးပါးသီလနှင့် အဖြုဟ္မစရိယသိက္ခာပုဒ်ကို စောင့်ထိန်းနိုင်လျှင် ခွင့်ပြုမည်ဟု ပြောခဲ့သည်။

ဒေးဗစ်ကလည်း စောင့်ထိန်းမည်ဟု ဝန်ခံကတိပြုခဲ့သည်။ ထို့နောက် အသင်းတိုက်၌ ဓမ္မဝန်ထမ်းအနေဖြင့် နေထိုင်လုပ်ကိုင်ခဲ့သည်။

စားသောက်ရေးတွင် မိဘထံမှ အထောက်အပံ့ မယူလိုသဖြင့် အစိုးရ ပညာရေးဌာနတွင် တစ်ဘက်က အောက်တန်းစာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ထို့နောက် ဒေးဗစ်သည် ကာနယ်အော့လကော့နှင့်လက်တွဲ၍ ဗုဒ္ဓဘာသာ ပြန့်ပွားရေးကို ဆောင်ရွက်သည်။ ကာနယ်အော့လကော့၏တရားပွဲတိုင်း စကားပြန်အဖြစ် ဆောင်ရွက်ခဲ့သည်။

သူ၏ဘဝအတွက် သာသနာပြုလုပ်ငန်းအတွေ့အကြုံနှင့် သင်ခန်းစာများကို ကာနယ်အော့လကော့ထံမှ အများအပြားရရှိခဲ့သည်။

၁၈၈၆ - ခုတွင် ကာနယ်အော့လကော့တို့ နယ်စွန်နယ်ဖျားသို့ စည်းရုံး ရေးတရားဟောကြားရန်အတွက် သွားရောက်ရာတွင် ဒေးဗစ်သည် စကားပြန် နှင့်လှည်းမောင်းအဖြစ် လိုက်ပါခဲ့သည်။ ဒေးဗစ်သည် အထက်အရာရှိ စာမေးပွဲဖြေဆိုပြီး(၃)လခွင့်ယူ၍လိုက်ပါခြင်းဖြစ်သည်။

ယင်းအချိန်တွင် မော်တော်ကားမရှိသေးသဖြင့် သွားလာရေးမှာ မလွယ်ကူချေ။ လှည်းကိုပင် အသုံးပြုနေရသော ခေတ်ဖြစ်ရာ ဒေးဗစ်တို့

သည် လှည်းကို နစ်ဆင့်ပြုလုပ်ပြီး အပေါ်ထပ်တွင် အိပ်ရန်နှင့် အောက်ထပ်တွင် စားနပ်ရိက္ခာတင်ဆောင်ရန် စီမံထားသည်။

ထိုခရီးတွင် ကာနယ်အော့လကော့နှင့် အတူ အင်္ဂလန်နိုင်ငံသားတစ်ဦးပါလာခဲ့သည်။ ကာနယ်အော့လကော့သည် သီဟိုဠ်သားများအား ဇာတိသွေး ဇာတိမာန် ဘာသာသွေးတက်ကြွရန်အထူးအလေးအနက်ထား၍ဟောကြားခဲ့သည်။

**တစ်ချိန်က ဗုဒ္ဓဘာသာဝင်တို့ ပိုင်ဆိုင်ခဲ့သော ဗုဒ္ဓဂါယာဒေသသည် သူရောက်ရှိနေသောအချိန်၌ ဗုဒ္ဓဘာသာ မဟုတ်သော ဟိန္ဒူဘုန်းကြီးများ၏ ပိုင်ဆိုင်အုပ်ချုပ်နေကြသဖြင့် အလွန်စိတ်မကောင်းစွာ ခံစားခဲ့ရကြောင်း. . .**

ဤခရီးသည် ကာနယ်အော့လကော့တို့အတွက် ခရီးရောက်ခဲ့သလို ဒေးဗစ်အတွက်လည်း ခရီးအတွေ့အကြုံများစွာရခဲ့သည်။ ဒေးဗစ်သည် ဂုဏ်သရေရှိအထက်တန်းစားမျိုးရိုးမှပေါက်ဖွားလာသူဖြစ်၍ တောနေဆင်းရဲသား လူတန်းစားတို့၏ဘဝအခြေအနေကိုယခင်က မသိခဲ့။ ယခုမှ သိခွင့်ရခဲ့သည်။

ဤခရီး၏အကျိုးကျေးဇူးအနေဖြင့် ဒေးဗစ်အတွက် စကားပြန် လေ့ကျင့်ခွင့်ရရှိခဲ့သည့်အပြင် ကာနယ်အော့လကော့၏ ဟောနည်း-ပြောနည်းနှင့် စကားလုံးသုံးဟန်တို့ကိုလည်း များစွာ ရရှိခဲ့သည်။

ထို့ကြောင့် နောင်အခါ အမေရိကန်သို့သွား၍ ဗုဒ္ဓဘာသာအကြောင်းကို ဟောသောအခါ စကားလုံးရှင်းရှင်းလင်းလင်းနှင့် အသုံးအနှုန်းပြောင်မြောက်မှုကြောင့် မည်သူမျှ မယှဉ်နိုင်လောက်အောင် ဟောပြောနိုင်ခဲ့သည်။

တောနေဒေသမှ ပြန်ရောက်သောအခါ ဒေးဗစ်ကို အရာရှိရာထူးခန့်အပ်ရန် အသင့်ဖြစ်နေသည်။ သို့သော် ဒေးဗစ်သည် ထိုရာထူးကိုလက်မခံတော့ဘဲ သီအိုဆိုဖီအသင်း၌ တစ်ယောက်တည်းနေထိုင်လျက် အသင်း၏ လုပ်ငန်းများကို ဆောင်ရွက်ရန် ဆုံးဖြတ်ပြီးနေခဲ့တော့သည်။

မိဘများက အစက ရာထူးလက်ခံရန် အလုပ်လုပ်ရန် ပြောကြားခဲ့သော်လည်း နောက်ပိုင်းတွင် ဗုဒ္ဓဘာသာစိတ်ဓာတ်ပြင်းထန်သူများပီပီ သား၏ ဆောင်ရွက်ချက်ကို မကန့်ကွက်တော့ချေ။

ဤအချိန်မှစ၍ အသင်းတိုက်တွင် အသင်း၏အတွင်းရေးမှူးတာဝန်အပြင် တစ်ဦးတည်းနေထိုင်ကာ အသင်းထုတ် စာစောင်များတွင် ခေါင်းကြီးပိုင်း ရေးသားခြင်းမှအစ အသင်း၏တာဝန်ဟူသမျှကို တာဝန်ယူ လုပ်ကိုင်

ဆောင်ရွက်နေတော့သည်။

ယင်းအချိန်တွင် မဒမ်ဘလာဗတ်စကီကို သမထလုပ်ငန်းသင်ပေးရန် တောင်းပန်သည်။ မဒမ်ဘလာဗတ်စကီးက ဤလုပ်ငန်းလုပ်နေစဉ် သမထလုပ်ရန် မသင့်သောကြောင့် အထက်ဆရာကြီးများနှင့်တွေ့ရသော တန်ခိုးဣဒ္ဓိပါဒ် ကို မသင်ချင်ပါနှင့်ဦး၊ ပါဠိကိုသာ သင်စေလိုကြောင်း ပြောပြသည်။

သို့အတွက် ဒေးဗစ်သည် အသင်းတိုက်မှာ နေထိုင်ရင်း ဆရာရင်းဖြစ်သော အရှင်သုမင်္ဂလမဟာထေရ်ထံတွင် ပါဠိနှင့် သက္ကတစာပေများကို ပူးတွဲ သင်ယူသည်။ ဒေးဗစ်၏ ဉာဏ်ပညာနှင့်လုံ့လဝီရိယကြောင့် အိန္ဒိယရှိသက္ကတပဏ္ဍိတ်ကြီးများပင် သူ၏သက္ကတ နားလည်တတ်ကျွမ်းပုံနှင့် ရှုဘ်ဖတ်ပုံများကို အံ့ဩယူခဲ့ရသည်။

နောက်ပိုင်းတွင် ဒေးဗစ်သည် သတိပဋ္ဌာန်နှင့် ဝိသုဒ္ဓိမဂ်လာတရား အားထုတ်နည်းကို ပိုင်ပိုင်နိုင်နိုင် လေ့လာပြီးလက်တွေ့ကျင့်ကြံအားထုတ်ခဲ့သောကြောင့် ပရိယတ်ပဋိပတ်စွယ်စုံတတ်ပုဂ္ဂိုလ် ဖြစ်လာခဲ့ရသည်။

ကာနယ်အော့လကော့နှင့် ဒေးဗစ်တို့၏ ရဲရဲတောက်တောက်စွန့်စွန့်စားစား သာသနာပြုမှုကြောင့် သီဟိုဠ်၌ ဗုဒ္ဓဘာသာသည် ထွန်းတောက်လာပြီး ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ခဲ့ရသည်။



၁၈၈၉ - ခု၊ ဇန်နဝါရီလတွင် ဂျပန်နိုင်ငံမှ သီဟိုဠ်ရှိ သီအိုဆိုဖီအသင်းကို စိတ်ဝင်စားပြီး ဖိတ်ကြားခဲ့သည်။ ကာနယ်အော့လကော့အဖွဲ့နှင့်အတူ ဒေးဗစ်လိုက်ပါသွားခဲ့ရသည်။

ထို့နောက် ဂျပန်မှ အပြန် ၁၈၉၁ - ခု၊ ဇန်နဝါရီလ (၂၂)ရက်နေ့တွင် ဂျပန် ဘုန်းတော်ကြီး(၃)ပါးနှင့်အတူ ဗုဒ္ဓဂါယာသို့ ရောက်ရှိသောအခါတွင် ဒေးဗစ်သည် ထူးခြားစွာ ပြောင်းလဲသွားခဲ့ရသည်။

ဒေးဗစ်သည် အင်္ဂလိပ်ကဗျာဆရာကြီးအာနိုးရေးသားခဲ့သော အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂါယာအကြောင်းကို ဖတ်မိခဲ့သည်။ တစ်ချိန်က ဗုဒ္ဓဘာသာဝင်တို့ ပိုင်ဆိုင်ခဲ့သော ဗုဒ္ဓဂါယာဒေသသည် သူရောက်ရှိနေသော အချိန်၌ ဗုဒ္ဓဘာသာ မဟုတ်သော ဟိန္ဒူဘုန်းကြီးများ၏ ပိုင်ဆိုင်အုပ်ချုပ်နေကြသဖြင့် အလွန်စိတ်မကောင်းစွာ ခံစားခဲ့ရကြောင်းကို ဆောင်းပါးရေးခဲ့သည်။ ထိုဆောင်းပါးကို ဖတ်ရကတည်းက ဗုဒ္ဓဂါယာကို သွားလိုသောဆန္ဒပြင်းပြခဲ့သည်။

ယခုမိမိတို့ ရောက်ရှိနေသော အချိန်တွင်လည်း အာနိုရေးသားထားသည့် အတိုင်း တွေ့ကြုံမြင်ခဲ့ရသည်။ ဗုဒ္ဓဂါယာရှိ ဆင်းတုတော်ကြီးများ ပျက်စီးနေပြီး ကစဉ့်ကလျားဖြစ်နေသည့်အပြင် လေ့ကားရင်း၌သာ ထားရှိသည်ကို တွေ့ရသဖြင့်အလွန်စိတ်ထိခိုက်မိသည်။ အနီးအနားရှိ ဆင်းတု

**အနာဂါရိကဓမ္မပါလသည် မဟာဗောဓိဂျာနယ်ကို ထုတ်ဝေကာ ဗုဒ္ဓဂါယာအကြောင်းကို ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာနိုင်ငံများက သိရှိအောင် စေ့ဆော်ရေးသားခဲ့သည်။ ဤအသင်းကြီးကြောင့် နောင်တစ်ချိန်တွင် ဗုဒ္ဓဂယာသည် ဗုဒ္ဓဘာသာတို့လက်ထဲ ပြန်ရောက်ခဲ့ရသည်။**

တော်များမှာလည်း ချိုးဖျက်ခံ ထားရသည်။

ဗုဒ္ဓဘာသာတို့ စောင့်ရှောက်မှုကင်းပြီး ဗုဒ္ဓဂါယာ၌ ဘာသာခြား မဟန္တကြီး၊ ဇော်ဂီ၊ ဟိန္ဒူဘုန်းကြီးကျောင်းများနှင့် သျှိဝကိုကိုးဝင် ဟိန္ဒူပြဟ္မဏ များသာ စိုးမိုးထားသည်။ ထို့ပြင် သျှိဝပိသနိုးအထိမ်းအမှတ် ရုပ်ပွားတော်ကို နဖူးတော်မှ အဖြူအနီရေးကပ်ကာ ဗုဒ္ဓဂါယာ စေတီတော်မှာပင် ထားရှိခြင်း စသော မနှစ်သက်ဖွယ်သော အကြောင်းအရာများကို တွေ့မြင်ရသောအခါ ဒေးဗစ်သည် အာနိုး၏စာကို ဖတ်ရသည် ထက်ပင် များစွာယူကြုံးမရ ခံစားမိလေသည်။

ထိုအခါ သူသည် ဗုဒ္ဓဘာသာဝင်တို့ အနေဖြင့် ဤအခြေအနေဆိုးတို့ကို ကာကွယ် စောင့်ရှောက်ရမည့်တာဝန်ရှိသည်ဟု စဉ်းစားမိသည်။ ထိုသို့စဉ်းစားမိပြီး ဤဒေသတွင် နေရစ်ခဲ့ရန်နှင့် ကာကွယ်စောင့်ရှောက်မှုပြုမည်ဟု သန္နိဋ္ဌာန်ချ ဆုံးဖြတ်ကာ ဂျပန်ဘုန်းကြီး များနှင့်အတူ ထိုဒေသမှာပင် အခြေချ နေထိုင်တော့သည်။

ဗုဒ္ဓဂါယာဒေသ၌ မင်းတုန်းမင်းလှူခဲ့သော ဇရပ်ရှိသည်။ ထိုဇရပ်၌လမ်းပန်းဆက်သွယ်ရေးကောင်း၍ သော့ကို တောင်းယူ၍ ထိုဇရပ်မှာပင် နေထိုင်သည်။

၁၈၉၁-ခု၊ ဧပြီလ၊ ကဆုန်လပြည့်မတိုင်မီ နေ့တစ်နေ့တွင် မဟာဝဇိရ မည်သော နေရာ၌ ဘုရားဝတ်ပြုအပြီး အလွန်စိတ်ကြည်လင်နေသော ဒေးဗစ်သည် ဗုဒ္ဓကို အာရုံပြုပြီး ဗုဒ္ဓဂါယာကို စောင့်ရှောက်ပြီး အိန္ဒိယ၌သာသာသနာပြုနိုင်ရန် အဓိဋ္ဌာန်ပြုဆုတောင်းခဲ့သည်။

ထိုအချိန်မှစ၍ မိမိ၏ အမည်ကိုလည်း ဒေးဗစ်အစား "အနာဂါရိက ဓမ္မပါလ" ဟူ၍ ပိုင်ဆိုင်ထားသည်။

မဟိန္တတို့သည် လွန်ခဲ့သော နှစ်ပေါင်း(၃၀၀)ကျော်ကထဲက မွတ်စလင် ဘုရင်တို့မှစ၍ ဤဗုဒ္ဓဂါယာမြေများကို ပိုင်ဆိုင်ခွင့် ရထားကြသည်။ မဟန္တဘုရင်ကြီးတို့က ဤမဟာဗောဓိစေတီမှ အုတ်များ၊ ရုပ်ထုများကိုယူပြီး မိမိတို့ ကျောင်းတံတိုင်းကိုပြုလုပ်ထားသည်။

၁၈၉၁-ခု၊ မေလတွင် အနာဂါရိကဓမ္မပါလသည် မဟာဗောဓိအခြေအနေကို ကမ္ဘာအရပ်ရပ်က သိအောင်

ကြော်ငြာမည်ဟူသောရည်ရွယ်ချက်ဖြင့် သီဟိုဠ်သို့ပြန်လာခဲ့သည်။ သီဟိုဠ်သို့ ပြန်ရောက်သောအခါ လူထုအစည်းအဝေးကြီးကို ခေါ်ယူပြီး မဟာဗောဓိအသင်းကို ဖွဲ့စည်းတည်ထောင်သည်။ ဥက္ကဋ္ဌအဖြစ် မိမိ၏ဆရာဝိဒ္ဓောဒယ ကျောင်းတိုက်ဆရာတော် သီရိသုမင်္ဂလကို တင်မြှောက်၍ အတွင်းရေးမှူးအဖြစ် အနာဂါရိကဓမ္မပါလက ဆောင်ရွက်သည်။ မိမိဆရာရင်းဖြစ်သော ကာနယ်အော့လကော့ကိုလည်း ဒါရိုက်တာလူကြီးအဖြစ် တင်မြှောက်ခဲ့သည်။

ဤအသင်းကြီး ပေါ်လာခြင်းသည် အိန္ဒိယပြည်တွင် ကွယ်ပျောက်လျက်ရှိသော ဗုဒ္ဓဘာသာပြန်လည်ထွန်းကားလာရန်ပထမဦးဆုံးသောလင်းရောင်ခြည်ဖြစ်သည်။

အနာဂါရိကဓမ္မပါလသည် မဟာဗောဓိဂျာနယ်ကို ထုတ်ဝေကာ ဗုဒ္ဓဂါယာ အကြောင်းကို ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာနိုင်ငံများက သိရှိအောင် စေ့ဆော်ရေးသားခဲ့သည်။ ဤအသင်းကြီးကြောင့် နောင်တစ်ချိန်တွင် ဗုဒ္ဓဂယာသည် ဗုဒ္ဓဘာသာတို့လက်ထဲ ပြန်ရောက်ခဲ့ရသည်။ အင်္ဂလန်နိုင်ငံ၌ ဘိက္ခုအာနန္ဒ မေတ္တေယျဆောင်ရွက်ခဲ့သော သာသနာပြုအသင်းကြီးအင်အားနည်းပြီးပျက်စီးလုစကို ပြန်လည်အသက်ရှင်စေနိုင်ခဲ့သည်။

ထိုအချိန်က မဟာနဲ့ဘုန်းကြီးသောမနာရာယန်ဂီး၏သည် စိတ်နေသဘောထားကောင်း၍ ကြင်နာမှု အပြည့်အဝရှိ၍ အနာဂါရိကဓမ္မပါလကို ကူညီခဲ့သည်။ ကျောင်းဆောက်ရန် မြေတစ်ကွက်ကိုပါ ပေးခဲ့သည်။ ထိုသဘောကောင်းသောမဟန့်ဘုန်းကြီးကွယ်လွန်သောအခါ ၁၈၉၂-ခု၊ ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် ကရိရှနားဒယာလ်ဂီး၏က မဟန့်ရာထူးဆက်ခံသည်။ ထိုမဟန့်ဘုန်းကြီးက ဓမ္မပါလအပေါ်မလိုမုန်းထားစိတ်ရှိသည်။ ရန်လိုသည်။

မဟာဗောဓိအသင်းကြီးသည် သာသနာပြုကျောင်းများစွာတည်ထောင်ကာသာသနာပြုပုဂ္ဂိုလ်(ဓမ္မဒူတ)များကို ရွေးချယ်ကာ နိုင်ငံခြားဘာသာစကားကို သင်ကြားပေးသည်။ သင့်တင့်သော ပုဂ္ဂိုလ်များ ရွေးထုတ်စိစစ်၍ အင်္ဂလန်၊ ဂျပန်စသော နိုင်ငံများသို့ သာသနာပြုစေလွှတ်ပေးခဲ့သည်။

အနာဂါရိကဓမ္မပါလသည် မဟာဗောဓိအသင်းကြီးအင်အားဖြည့်တင်းရန်နှင့်ကျယ်ပြန့်စေရန် ဗုဒ္ဓဘာသာနိုင်ငံများသို့ အကူအညီတောင်းခံခဲ့သည်။ မြန်မာပြည်သို့လည်း ရောက်ရှိလာသည်။ မြန်မာပြည်မှ အိန္ဒိယတွင် သာသနာပြုရန် ရှင်သုရိယနှင့်ရှင်စန္ဒိမာ ကိုရင်နှစ်ပါးကို ဗုဒ္ဓဂယာသို့ ခေါ်ဆောင်သွားခဲ့သည်။

အနာဂါရိကဓမ္မပါလသည်သီဟိုဠ်မှဘုန်းကြီး(၄)ပါး၊ မြန်မာပြည်မှ ကိုရင်(၂)ပါးတို့နှင့်အတူ ၁၈၉၁-ခု၊ ဝါဆိုလပြည့်နေ့တွင် ဗုဒ္ဓဂယာသို့ ကြွသွားခဲ့သည်။ မင်းတုန်းမင်းဇရပ်၌ သီတင်းသုံးနေထိုင်ကြသည်။ အော့လကော့တီထွင် ခဲ့သော သာသနာ့အလံ ဗုဒ္ဓဂယာ မဟာဗောဓိတွင် စတင်လွှင့်ထူခဲ့သည်။

ထို့နောက် ဓမ္မပါလသည် သီဟိုဠ်ဘုန်းကြီး(၄)ပါးနှင့်အတူ မဟန့်ဘုန်းကြီးထံသွားပြီး ဗုဒ္ဓဂယာမြေဝယ်ရန် စကားကမ်းလှမ်းခဲ့သည်။ ထိုအချိန်က ဓမ္မပါလသည် သာသနာအတွက် ဖွဲလုံ့လနှင့် သဒ္ဓါတရားအားကောင်းသော ရဲရဲတောက်တောက် သာသနာပြုစိတ်ဓာတ်

**အနာဂါရိကဓမ္မပါလသည် လုပ်ဆောင်ချက်တစ်ချက် မှားသွားသည်။ ဘုရင်ခံလာကြည့်ချိန်တွင် ဂျပန်ကကူညီမည်ဆိုသည်ကို ပေါ်လွင်စေလို၍ သာသနာ့အလံနှင့်ဂျပန်အလံကို ပူးတွဲစိုက်ထူထားမိသော အမှားဖြစ်သည်။**

ရှိနေသော်လည်း ငွေကြေးအားဖြင့် ပြည့်စုံသူတစ်ယောက် မဟုတ်ပါချေ။ အိန္ဒိယတွင် ဒုတိယအချမ်းသာဆုံးစာရင်းဝင်သည့် မြေပိုင်ရှင် မဟန့်ဘုန်းကြီး နှင့်တွေ့ဆုံသောအခါတွင် အခက်အခဲများစွာနှင့် ရင်ဆိုင်ရလိမ့်မည်ဟု မျှော်လင့်မထားမိခဲ့ချေ။

ပထမ မြေတစ်ကွက်ပေးမည်ဟု စကားကမ်းလှမ်းထားမှုတွင် ယခု သီဟိုဠ်ဘုန်းကြီးတွေ့ပါလာ၍ မဟန့်ဘုန်းကြီးက ပေးလိုသော စိတ်မရှိတော့ချေ။ကတိဖျက်ပစ်လိုက်သည်။

အရေးပိုင်ဆိုသူကလည်း ယခင်က အကူအညီပေးမည်ဟု ကတိပေးခဲ့သော်လည်း ယခုအခါတွင် အပြောင်းအလဲပြောင်းသွားသည်။အရေးပိုင်က သီဟိုဠ်ပြန်ပြီး ဗုဒ္ဓဂယာမြေဝယ်နိုင်ရန် ကြိုးစားပါဟူ၍သာ တိုက်တွန်းခဲ့သည်။

ထို့ကြောင့် အနာဂါရိကဓမ္မပါလသည် မဟာဗောဓိမြေကြီးကို ဗုဒ္ဓဂယာ လက်ထဲပြန်ရောက်ရန်အတွက် နည်းလမ်းမျိုးစုံနှင့် ကြိုးပမ်းသည့်အနေဖြင့် ၁၉၈၁-ခု၊ အောက်တိုဘာလတွင် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ကွန်ဖရင့်တစ်ရပ်ကို ဗုဒ္ဓဂယာ၌ ကျင်းပပြုလုပ်ခဲ့သည်။ ထိုကွန်ဖရင့်ကို သီဟိုဠ်၊ တရုတ်၊ ဂျပန်နှင့်စစ်တကောင်းကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဗုဒ္ဓဘာသာကွန်ဖရင့်ကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ ဗုဒ္ဓဂယာကိုဗုဒ္ဓဘာသာလက်ထဲ ပြန်ပေးအပ်ရန်အတွက် ဗုဒ္ဓဘာသာအဖွဲ့များက တညီ တညွတ်တည်း တောင်းဆိုသည်ဟု အစည်းအဝေးဆုံးဖြတ်ပြီး ထိုအစည်းအဝေး ဆုံးဖြတ်ချက်ကို အိန္ဒိယဘုရင်ခံထံ တင်ပြရန် ပြုလုပ်သော အစည်းအဝေးဖြစ်သည်။

ထို အစည်းအဝေးမှ အောက်ပါဆုံးဖြတ်ချက်များ ချမှတ်ပေးခဲ့သည်။

၁။ ဗုဒ္ဓဂယာနယ်မြေအားလုံးနှင့် ဗုဒ္ဓဂယာစေတီကို ဝယ်ယူရန် ဂျပန်ကိုယ်စားလှယ်မှ စိတ်အားထက်သန်စွာ ကူညီမည်ဖြစ်၍ မဟန့်ဘုန်းကြီးထံသို့ ကိုယ်စားလှယ်လွှတ်ပြီး စကားကမ်းလှမ်းကြရန်။

၂။ ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာနိုင်ငံများထံမှ

ငွေကြေးအကူအညီ တောင်းခံပြီး ဗုဒ္ဓဂယာတွင် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း တည်ဆောက်ရန်။

၃။ ဗုဒ္ဓပိဋကတ်ကျမ်းစာများကိုအိန္ဒိယဘာသာပြန်ဆိုပြီးဗုဒ္ဓသာသနာပြု လုပ်ငန်းကို ဆောင်ရွက်ရန်တို့ဖြစ်သည်။

အနာဂါရိကဓမ္မပါလသည် ဗုဒ္ဓဂယာကို ဗုဒ္ဓဘာသာလက်ထဲ အမြန်ရောက်ရေး ဆန္ဒဇောအားကြီးနေသဖြင့် ဗုဒ္ဓဘာသာကွန်ဖရင့်ကို အမြန်ခေါ်ခဲ့သော်လည်း ကိုယ်စားလှယ်များမှာ အိန္ဒိယနိုင်ငံအတွင်းရှိ တရုတ်၊ ဂျပန် ကိုယ်စား လှယ်များသာများသည်။

အနာဂါရိကဓမ္မပါလ၏ ထိုကွန်ဖရင့် အမြန်စီစဉ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ ထိုအချိန်က အိန္ဒိယဘုရင်ခံသည် တိုင်းနိုင်ငံ လှည့်လည်ပြီး ဗုဒ္ဓဂယာပြဿနာအကြောင်းကို ကိုယ်တိုင်လာရောက် လေ့လာမည်ဖြစ်၍ အစည်းအဝေးဆုံးဖြတ်ချက်ကို ဘုရင်ခံထံ ပေးအပ်ရန်အတွက် အမြန်လုပ်ခြင်း ဖြစ်သည်။

အနာဂါရိကဓမ္မပါလသည် လုပ်ဆောင်ချက်တစ်ချက် မှားသွားသည်။ ဘုရင်ခံလာကြည့်ချိန်တွင် ဂျပန်က ကူညီမည်ဆိုသည်ကို ပေါ်လွင်စေလို၍ သာသနာ့အလံနှင့် ဂျပန်အလံကို ပူးတွဲစိုက်ထူထားမိသောအမှားဖြစ်သည်။

ဘုရင်ခံသည် ဂျပန်အလံကို မြင်ရသောအခါ ဘုရင်ခံက အစည်း အဝေးဆုံးဖြတ်ချက်ကိုလက်မခံတော့သည့်ပြင် အနာဂါရိကဓမ္မပါလတို့ကိုလည်း တွေ့ဆုံခွင့် မပေးတော့ချေ။

(ထိုအချိန်က ဂျပန်က အာရှတိုက်ကို လွှမ်းမိုးအုပ်ချုပ်ရန် ခြေလှမ်း ပြင်ဆင်နေသောအချိန်ဖြစ်သည်)

"ဤကိစ္စသည် မဟာန့်၏ ကိုယ်ရေးကိုယ်တာ ကိစ္စဖြစ်သည်။ သူပိုင် သောမြေကို အစိုးရက ကြားဝင်ပြီး ဗုဒ္ဓဘာသာလက်ထဲသို့ ပြန်လည်ရောက်ရှိရန် မဆောင်ရွက်ပေးနိုင်ပါ" ဟု ခါးခါးသီးသီး ငြင်းဆိုတော့သည်။

သို့သော် အနာဂါရိကဓမ္မပါလနှင့် ကာနယ်အော့လကော့တို့သည်ဗုဒ္ဓဂယာ၌သံဃာတော်များထားခဲ့ပြီး အိန္ဒိယတစ်ပြည်လုံးအနှံ့လှည့်လည်ပြီးဟိန္ဒူဘာသာဆက်နွယ်မှုကို အခြေခံပြီး ဟောပြောစည်းရုံးလေသည်။

မဟာဗောဓိအသင်းကိုလည်း သီဟိုဠ်မှ ကာလကတ္တားသို့ ရွှေ့ပြောင်းခဲ့ သည်။ မဟာဗောဓိဂျာနယ်ကို ကာလကတ္တား၌ ဆက်လက်ထုတ်ဝေသည်။ ထိုဂျာနယ်ကို ကိုယ်တိုင်အယ်ဒီတာ ကိုယ်တိုင်ထုတ်ဝေသူအဖြစ် အပင်ပန်းခံ ကာဒိုင်ခံလုပ်ပြီး ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

သူ၏အရေးအသားသည် လူအများ၏ဆွဲဆောင်မှုကို အများဆုံးရခဲ့ သည်။ သူတို့သည်အိန္ဒိယတစ်ပြည်လုံးလှည့်လည်ဟောပြောပြီး ၁၈၉၃-ခု၊ ဖေဖော်ဝါရီ(၄)ရက်တွင် ဗုဒ္ဓဂယာသို့ ပြန်ရောက်လာသည်။ ဗုဒ္ဓဂယာဘူတာအရောက်တွင် ဖေဖော်ဝါရီလ (၃)ရက်နေ့က မဟာန့်၏ ဘက်တော်သားများက ဇရပ်ကို ရောက်လာပြီး ဘုန်းကြီး(၄)ပါးကို ဝင်ရိုက်ကြောင်း အရှင်သုမင်္ဂလ ဒဏ်ရာရကြောင်း အရှင်ဇောတိက တိုင်ပြောသည်။

ထိုအကြောင်းကို ကာနယ်အော့လကော့က

အရေးပိုင်နှင့် ရာဇဝတ်ဝန်ထံသို့ သွားရောက်တိုင်တန်းခဲ့သည်။ အရေးပိုင်က အရိုက်ခံရသော ဘုန်းကြီးက တရားလိုအဖြစ် အမှုဖွင့်နိုင်သော်လည်း အမှုမဖွင့်၍လည်းကောင်း၊ သက်သေမရှိ၍လည်းကောင်း အရေးယူ၍ မရကြောင်း အရေးပိုင်က ပြောခဲ့သည်။

ထို့ပြင် ကာနယ်အောလကော့က မဟာန့်ဘုန်းကြီးထံ သွားပြီး ဗုဒ္ဓဂယာ မြေရောင်းဝယ်ရေးကို သွားရောက်ဆွေးနွေးခဲ့သည်။ အင်္ဂလိပ်အစိုးရက ဂျပန်ချယ်လှယ်လာမှာကြောက်ပြီး မဟာန့်ကို မရောင်းရန် တစ်ဘက်က နားသွင်းထား၍ မဟာန့်ဘုန်းကြီးက ရောင်းဝယ်ရေးကို ခါးခါးသီးသီး ငြင်းပယ်တော့သည်။

ထိုအခါ အနာဂါရိက ဓမ္မပါလကဂယာမြို့မှ ရှေ့နေတစ်ဦးကို ငှားရမ်း၍ ဗုဒ္ဓဂယာမြေအခြေအနေကို ဆွေးနွေးခဲ့သည်။

"မဟာန့်သည် ဗုဒ္ဓဂယာမြေကို သူပိုင်မြေဟု ပြောနေသော်လည်းစင်စစ် မဟာန့်အပိုင်စားရထားသော နယ်မြေသည် မဟာဗောဓိမပါကြောင်း၊ မဟာဗောဓိရှာမဟုတ်ကြောင်း၊ သူအပိုင်စားရထားသောမြေမှာ မတ်စတီဘူရှာကိုသာ အပိုင်စားရထားတာဖြစ်ကြောင်း အစိုးရထံတွင် မြေသက်တမ်း လျှောက်ထားသော စာချုပ်မှာလည်း သက်တမ်းကုန်ခါနီးပြီဖြစ်ကြောင်း၊ စာချုပ်သက်တမ်းကုန်က သူ့ကိုထပ်မပေးတော့ဘဲ ဗုဒ္ဓဘာသာလက်ထဲပြန်ပေးရန် ဥပဒေကြောင်းအရ လုပ်ခွင့်ရှိကြောင်း" ပြောသဖြင့် အနာဂါရိကဓမ္မပါလတို့မှာ အလွန်အားတက်သွားသည်။ ထိုမြေကိစ္စရရှိရေးအတွက် မြန်မာနှင့်ယိုးဒယားတို့ကိုကိုယ်စားလှယ်လွှတ်၍ အကူအညီတောင်းခဲ့သည်။ မြန်မာပြည်မှ ငွေလေးသောင်း အလှူခံရရှိခဲ့သည်။

ထိုအတောအတွင်း ၁၈၉၃-ခု၊ စက်တင်ဘာတွင် အမေရိကန်ပြည်၊ ချီကာကိုမြို့တွင် World, Parlioment of Religion ဆိုသော ကမ္ဘာလုံးဆိုင်ရာ ဘာသာပေါင်းစုံ ပါလီမန်ညီလာခံကို ကျင်းပသည်။ ထိုအစည်းအဝေးသို့ အနာဂါရိကဓမ္မပါလသည် သီဟိုဠ်ကိုယ်စားပြု တက်ရောက်ခဲ့သည်။ ယင်းနှင့် အတူ ဗုဒ္ဓဓာတ်တော်များ၊ ရုပ်ပွားတော်တစ်ဆူနှင့် ငါးပါးသီလအကြောင်းရေးသား

**နယူးယောက်မြို့သား** Mr. C.T.Straus **သည် အနာဂါရိက၏ တရားကို နာရပြီး ဗုဒ္ဓဘာသာကို စိတ်ဝင်စားပြီး ဓမ္မပါလထံတွင် ငါးပါးသီလ ခံယူခဲ့သည်။ အမေရိကန်မြေပေါ်တွင် ပထမဦးဆုံးဗုဒ္ဓဘာသာ ခံယူသူဟူ၍ ကြေငြာခဲ့သည်။ အမေရိကန်တွင် ထေရဝါဒ ဗုဒ္ဓသာသနာ အုတ်မြစ် စတင်ခဲ့သူမှာ အနာဂါရိက ဓမ္မပါလပင် ဖြစ်ပါသည်။**

သော လက်ကမ်းစာစောင် ရှက်ရေ (၂၀.၀၀၀)သယ်ယူ သွားခဲ့သည်။

အသွားတွင် အင်္ဂလန်သို့ ဝင်ခဲ့သည်။ အင်္ဂလန်မှ ဆာအက်ဒွင်အာနိ အမျိုးရှိသော ဗုဒ္ဓဘာသာဝင်များက ကြိုဆိုပြီး ဗုဒ္ဓဘာသာပြန့်ပွားရေးကို ဆွေးနွေးသည်။ လန်ဒန်ပါဠိအသင်း မစ္စစ်ရိုင်းဒေးဗစ်တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆာအက်ဒွင်အာနိး၏ ဆောင်ရွက်ပေးမှုကြောင့် အိန္ဒိယနိုင်ငံဆိုင်ရာ ဗြိတိသျှအတွင်းဝန်နှင့်တွေ့ဆုံပြီး ဗုဒ္ဓဂယာကိစ္စတင်ပြခဲ့သည်။ အိန္ဒိယအတွင်းဝန်ကလည်း ဘုရင်ခံထံမှ ဂျပန်အခြေအနေ သိထားပြီးဖြစ်၍ ထိုကိစ္စကို လက်ခံ ဆွေးနွေးခွင့် မပြုခဲ့ချေ။

စက်တင်ဘာလတွင် နယူးယောက်မြို့ ဘာသာရေးဆိုင်ရာ ကွန်ဖရင့်သို့ တက်ရောက်ခဲ့ရသည်။ အနာဂါရိကဓမ္မပါလ၏ဟောပြောမှုကောင်းသောကြောင့် ကိုယ်စားလှယ်များက အံ့သြနှစ်သက်ကြသည်။ သတင်းစာများကလည်းချီးကျူး ရေးသားခြင်း ခံခဲ့ရသည်။

ညီလာခံက စက်တင်ဘာ(၂၇)ရက်နေ့ ပြီးခဲ့သည်။

ညီလာခံအပြီးတွင် အနာဂါရိကဓမ္မပါလသည် ကာလီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုတွင်လည်းကောင်း၊ နယူးယောက်တွင် လည်းကောင်း ဗုဒ္ဓဘာသာနှင့်ပတ်သက်သော တရားများကို ဟောပြောပြခဲ့ရာ အမေရိကန် ပြည်သူများအတွင်း၌ ဗုဒ္ဓဘာသာကို စိတ်ဝင်စားမှု တိမ်းညွတ်မှုများ ရှိလာခဲ့သည်။



နယူးယောက်မြို့သား Mr. C.T.Straus သည် အနာဂါရိက၏ တရားကို နာရပြီး ဗုဒ္ဓဘာသာကို စိတ်ဝင်စားပြီး ဓမ္မပါလထံတွင် ငါးပါးသီလ ခံယူခဲ့သည်။ အမေရိကန်မြေပေါ်တွင် ပထမဦးဆုံး ဗုဒ္ဓဘာသာခံယူသူဟူ၍ ကြေငြာခဲ့သည်။ အမေရိကန်တွင် ထေရဝါဒဗုဒ္ဓသာသနာ အုတ်မြစ်စတင်ခဲ့သူမှာ အနာဂါရိကဓမ္မပါလပင် ဖြစ်ပါသည်။

အမေရိကန်မှအပြန် ဟာဝေယံကျွန်း၌ သင်္ဘောခေတ္တစိုက်သည်။ အမေရိကန်၌ အနာဂါရိကဓမ္မပါလ၏ အောင်မြင်မှုသတင်းကို ကြားရ၍ ဟာဝိုင်အီမှ Mrs Foster ဆိုသော ဟာဝေယံမင်းမျိုးနွယ် အမျိုးသမီးကြီးသည် ဓမ္မပါလကို လာရောက်တွေ့ဆုံပြီးနောက် ဓမ္မပါလအပေါ် အလွန်ကြည်ညိုသွားကာ ဓမ္မပါလကို လိုအပ်တာ အကူအညီပေးခဲ့သည်။ ထိုအမျိုးသမီးကြီးသည် နောက်ပိုင်းတွင် ဓမ္မပါလ၏မွေးစားမိခင်သဖွယ် ဖြစ်သွားလေသည်။

ဓမ္မပါလတို့သည် ဟာဝိုင်အီမှတစ်ဆင့် ဂျပန်နှင့် တရုတ်သို့ ကူးပြီး သီဟိုဠ်သို့ ပြန်ခဲ့သည်။ သီဟိုဠ်တွင် သူ၏ မိသားစုက အမေရိကန်၌ အောင်မြင်မှုကို အနမ်းဖြင့် ကြိုဆိုခဲ့ကြသည်။

ဂျပန်သို့ ဝင်ခြင်းမှာ မဟာဗောဓိမြေဝယ်ရန် ဂျပန်

မှ အကူအညီရရေးအတွက် ရန်ပုံငွေကောက်ခံရန် ဝင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဂျပန်ပြန်မှ ထင်သလောက် မရခဲ့ချေ။ ဂျပန်မှ မတ်တပ်ရပ် ရုပ်ပွားဆင်းတုတော်တစ်ဆူသာ ဗုဒ္ဓဂယာတွင် ကိုးကွယ်ရန် ရရှိခဲ့သည်။

၁၈၉၆ - ခုတွင် အမေရိကန်သို့ ဒုတိယအကြိမ် သွားရောက်ခဲ့သည်။ အမေရိကန်တွင် တစ်နှစ်ကျော်ကြာ နေထိုင်ပြီး ပထမဆုံးသော မဟာဗောဓိအခမ်းအနားကို အမေရိကန်တွင် ကျင်းပခဲ့ သည်။ လူပေါင်း (၄၀၀)ကျော် တက်ရောက်ခဲ့သည်။ ရုပ်ပွားတော်အနေကဇာတင်ခြင်း၊ ၃၇ - ပါးသော ဗောဓိပက္ခိယ တရားများ ဟောပြောပြခြင်း၊ မင်္ဂလသုတ်ရွတ်ခြင်း စသော ထေရဝါဒယဉ်ကျေးမှုကို အမေရိကန်၌ အုတ်မြစ်ချပေးခဲ့သည်။

အနာဂါရိကသည် ဂျပန်မှအပြန် အိန္ဒိယပြည်သို့ ပြန်လာပြီး ဂျပန်ဆင်းတုတော်ကြီးကို မဟာဗောဓိစေတီတော် ဂန္ဓကုဋီတိုက်အပေါ်ထပ်ရှိ ပလ္လင်တွင် ထားရန် ရည်ရွယ်ခဲ့သည်။ ထိုသတင်းပျံ့သွားပြီး မဟန့်ဘုန်းကြီးက အကြီး အကျယ်ကန့်ကွက်ခဲ့သည်။

၁၈၉၅ - ခု၊ ဖေဖော်ဝါရီလ(၂၅)ရက်တွင် ထိုရုပ်ပွားတော်ကို သေတ္တာထဲထည့်ပြီး တိတ်တဆိတ် ဗုဒ္ဓဂယာသို့ ပင့်ဆောင်ခဲ့သည်။ မဟန့်၏တပည့်မှူးစလင် (၂)ဦးက သိရှိသွားပြီး မဟန့်ထံ သတင်းသွားပို့သဖြင့် ပလ္လင်ပေါ် တင်ပြီးမှ ဘုရားကို အောက်ပြန်ချပေးရန် မဟန့်တို့က တောင်းဆိုသည်။ အနာဂါရိက မလိုက်နာသောအခါ ဘုရားကို မဟန့်တပည့်များက ဂန္ဓကုဋီတိုက်ပေါ်မှ အောက်သို့ ပစ်ချကြသည်။ ဓမ္မပါလကို လည်း တုတ်၊ ဓားတို့ဖြင့် ကြိမ်းမောင်းခြိမ်းခြောက် သွားကြသည်။

ဗုဒ္ဓဘာသာပိုင်ဆိုင်သော ဗုဒ္ဓဘာသာဘုရားတွင် ဗုဒ္ဓဆင်းတုတော်ကို ထားခွင့်မရသဖြင့် ဓမ္မပါလသည် အလွန်ပင် စိတ်ထိခိုက်ကြေကွဲမိသည်။

ထိုကိစ္စနှင့်ပတ်သက်၍ အင်္ဂလိပ်အစိုးရ မတရားပုံ၊ မဟန့်က ဗုဒ္ဓဘာသာအပေါ် သက်သက်မဲ့ စော်ကားခဲ့ပုံကို သိရှိသော ဂယာမြို့အရေးပိုင်အသင်းက ဓမ္မပါလကို တရားစွဲဆိုရန်တိုက်တွန်းခဲ့သည်။ ဓမ္မပါလက တရားမစွဲ၊ သည်းခံခဲ့သည်။

**ဓမ္မပါလသည် ထိုမိဂဒါဝုန်ဒေသ၌ မဟာဗောဓိအသင်းခွဲတစ်ခုကို ထပ်မံတည်ဆောက်ပြီး သီဟိုဠ်ဘုန်းကြီးများပင့်ကာ မိဂဒါဝုန် ပြန်လည်တိုးတက် စည်ပင်အောင်ပြုလုပ်ခဲ့သည်။**

ဓမ္မပါလသည် ထိုဂျပန်ဘုရားကိုပြင်သယ်ယူပြီးမြန်မာဇရပ်၌ ထားခဲ့သည်။ မဟန့်က ဇရပ်ပေါ်တွင် ဗုဒ္ဓဘာသာ ဘုန်းကြီးနှင့် ဘုရားကိုမထားနိုင်ကြောင်း တရားစွဲဆိုသည်။ အင်္ဂလိပ်အစိုးရကလည်း မဟန့်တို့ဘက်မှ အကာ အကွယ်ပေးခဲ့သည်။

မဟန့်တို့၏ဗုဒ္ဓဘာသာအပေါ်၌ မတရားပုံကို သိရှိသော ဂယာမြို့ရှိတရားရုံးမှ ဓမ္မပါလကို အနိုင်ပေးခဲ့သည်။ ထိုအခါ မဟန့်ဘုန်းကြီးတို့က ကာလကတ္တားအထက်ရုံးသို့ အယူခံဝင်ခဲ့သည်။ ကာလကတ္တားဟိုက်ကုတ်က အောက်ရုံးအမိန့်ကို ပယ်ဖျက်ပြီး မဟန့်တို့ကို အနိုင်ပေးခဲ့သည်။ မဟန့်တို့က ငွေအင်အားပြည့်စုံပြီး ငွေအင်အားသုံးခဲ့သဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

၁၈၉၇-ခုမှစ၍ တရားစွဲဆိုမှုဖြစ်ပေါ်လာသော ဗုဒ္ဓဂယာစေတီတော် အမှုကိစ္စသည် သူတစ်ပြန်၊ ကိုယ်တစ်ပြန် တရားစွဲဆိုခဲ့ရာ နှစ်ပေါင်း (၄၀)နီးပါးမပြီးဆုံးဘဲရှိခဲ့သည်။

အနာဂါရိကဓမ္မပါလသည် ကာလကတ္တားဟိုက်ကုတ်မှ တရားရှုံးပြီး မင်းတုန်းမင်းဇရပ်မှ နှင်ထုတ် ခံခဲ့ရသည်။

ထို့နောက် မကြာခင် ဗုဒ္ဓဂယာဒေသတွင် မြေဝယ်ပြီး မဟာဗောဓိ အသင်းတိုက်ကို တည်ထောင်ပြန်ခဲ့သည်။

ထိုမှတစ်ဆင့် အနာဂါရိကဓမ္မပါလသည် မြတ်စွာဘုရားဓမ္မစကြာ တရားဟောကြားရာ မိဂဒါဝုန်သို့သွားရောက်ပြီး ထိုနေရာရှိ ဝက်မွေးသူများထံမှ မြေကိုဝယ်ယူပြီး အဆောက်အဦးဆောက်သည်။

ထိုအချိန်က ထိုနေရာသည် ရှေးဟောင်းဌာနမှ ပြန်လည်ရှာဖွေတွေ့ရှိ စအချိန်ဖြစ်သည်။ အသောကမင်း၏ အထိမ်းအမှတ်များသည် ကျိုးပဲ့ပျက်စီးနေပြီး ထိန်းသိမ်းမှုမရှိ ဝက်မွေးသူတို့၏နေရာ ဖြစ်နေသည်။ လူသူအရောက်အပေါက်နည်းနေသောအရပ် ဖြစ်နေသည်။

ဓမ္မပါလသည် ထိုမိဂဒါဝုန်ဒေသ၌ မဟာဗောဓိအသင်းခွဲတစ်ခုကို ထပ်မံတည်ဆောက်ပြီး သီဟိုဠ်ဘုန်းကြီးများ ပင့်ကာ မိဂဒါဝုန်ပြန်လည်တိုးတက်စည်ပင်အောင် ပြုလုပ်ခဲ့သည်။

၁၉၀၂-ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ တတိယအကြိမ်သွားရောက်ပြီး တက္ကသိုလ်များ၌ တရားပွဲများပြုလုပ်သည်။ အမေရိကန်၌ သာသနာပြုလုပ်ငန်းအဆင့်မြင့်ခဲ့သည်။

ထို့ပြင် အနောက်နိုင်ငံ၏ခေတ်မီ သိပ္ပံပညာရပ်များကို စက်မှုလက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများကို လေ့လာခဲ့သည်။ သီဟိုဠ်သို့ပြန်ရောက်သောအခါ သီဟိုဠ်နှင့်မိဂဒါဝုန်၌ ကျောင်းများတည်ထောင် ပညာပေးသာသနာပြုလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

၁၉၂၅-ခုတွင် အင်္ဂလန် နိုင်ငံသို့ ထပ်မံသွားရောက်ခဲ့သည်။ အင်္ဂလန်တွင် ပထမဆုံးတည်ထောင်ခဲ့သော အင်္ဂလန်ဗုဒ္ဓဘာသာအသင်းကြီးများ ရှင်အာနန္ဒမေတ္တေယျ ပျံလွန်တော်မူပြီးနောက် ပျက်စီးယိုယွင်းလုနီးပါး ဖြစ်နေသည်။ ထိုအသင်းကို အားသစ်လောင်းနိုင်ရန်အတွက် သွားရောက်ခြင်းဖြစ်သည်။ အနာဂါရိကဓမ္မပါလသည် အင်္ဂလန်တွင် အိမ်တစ်လုံးဝယ်ပြီး အင်္ဂလန် မဟာဗောဓိအသင်းကြီးအမည်ဖြင့် အသင်းခွဲတစ်ခု တည်ထောင်ခဲ့သည်။

ထို့နောက်အရည်အချင်း

ပြည့်စုံပြီး ဟောပြောနိုင်သော သီဟိုဠ်သံဃာ သုံးပါးကိုပင့်ပြီး အင်္ဂလန်တွင်ပထမဦးဆုံးဖြစ်သော ဗုဒ္ဓဝိဟာရကို တည်ထောင် နိုင်ခဲ့သည်။

ထိုကျောင်းတွင် တနင်္ဂနွေနေ့တိုင်း တရားဟောခြင်း၊ ဗုဒ္ဓဘာသာ သင်ယူလိုသော ပုဂ္ဂိုလ်များကို သင်ပေးခြင်း၊ တရားဆွေးနွေးခြင်း စသော သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဓမ္မပါလသည်အင်္ဂလန်မှတစ်ဆင့်အမေရိကသို့သွားပြီး မစ္စစ်ဖော့စ တော့ထံသွားခဲ့သည်။ ဂျပန်ပြည်တွင် သူတွေ့ခဲ့ရသောဘုန်းကြီးများဦးဆောင်သော စိုက်ပျိုးရေးကျောင်း၊ စက်မှုလက်မှုကျောင်း များကို သီဟိုဠ်တွင် ဖွင့်လှစ် ပေးပါက သီဟိုဠ်နိုင်ငံသားများ တိုးတက်လာမည်ကို သိရှိလာသည်။ သီဟိုဠ်တွင် ခေတ်မီ ပညာရပ်များ သင်ယူနိုင်ရေးအတွက် ကျောင်းများဖွင့်ရန် လိုအပ်သည်။ ထိုကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက်ငွေရေးကြေးရေး လိုလာသည်။ ထိုအတွက် မွေးစားမိခင်မစ္စစ်ဖော့စတော့ ထံ ဝင်ခဲ့ခြင်းဖြစ်သည်။

မွေးစားမိခင်မစ္စစ်ဖော့စတော့က ကူညီသောငွေဖြင့် မိဂဒါဝုန်၌ စက်မှုလက်မှုကျောင်း ဖွင့်ပေးခဲ့သည်။ ဇာတ်နိမ့်များအတွက် ဘဝတိုးတက်ရေးအတွက် အထူးကြိုးစားဆောင်ရွက်ပေးခဲ့သည်။

အိန္ဒိယမှ သီဟိုဠ်သို့ တစ်ဖန်ပြန်ပြီး သီဟိုဠ်တွင် အာနန္ဒာကောလိပ် တည်ထောင်ပေးခဲ့သည်။ ထို့ပြင် စက်မှုလက်မှုကျောင်း၊ စိုက်ပျိုးရေးကျောင်းများ ဖွင့်လှစ်ပေးခဲ့ပြီး တစ်ဘက်က ဗုဒ္ဓသာသနာပြုသလို သီဟိုဠ်လူငယ်များအဆင့်အတန်းမြင့်အောင် ဆောင်ရွက်ပေးခဲ့သည်။

မစ္စစ်ဖော့စတော့ကို ဂုဏ်ပြုသောအနေဖြင့် မစ္စစ်ဖော့စတော့အမည်ဖြင့် ဆေးရုံကြီးတစ်ရုံကို တည်ထောင်ပေးခဲ့သည်။

ဤကဲ့သို့ အနာဂါရိက ဓမ္မပါလက တိုင်းပြည်တိုးတက်ရေးအတွက် လည်းကောင်း၊ ဗုဒ္ဓသာသနာပြန်လည် ထွန်းကားရေးအတွက်လည်းကောင်း၊ တစ်ဘက်က စိတ်ဓာတ်ကျနေသော သီဟိုဠ်သားများ၏ စိတ်ဓာတ်ကိုမြှင့်တင်ရေးတရားများ ဟောကြားပေးသဖြင့် လည်း

**အနာဂါရိက ဓမ္မပါလက တိုင်းပြည်တိုးတက်ရေးအတွက် လည်းကောင်း၊ ဗုဒ္ဓသာသနာ ပြန်လည်ထွန်းကားရေးအတွက် လည်းကောင်း၊ တစ်ဘက်က စိတ်ဓာတ်ကျနေသော သီဟိုဠ်သားများ၏ စိတ်ဓာတ်ကို မြှင့်တင်ရေး တရားများ ဟောကြား ပေးသဖြင့်လည်းကောင်း၊ အမျိုးဘာသာသာသနာ ကြီးပွားရေးကို အားကြိုးမာန်တက် ဆောင်ရွက်နေခဲ့သည်။**

ကောင်း၊ အမျိုးဘာသာသာသနာ ကြီးပွားရေးကို အားကြိုးမာန်တက် ဆောင်ရွက်နေခဲ့သည်။

ထိုအချိန်တွင် သီဟိုဠ်၌ စီးပွားရေးလက်ဝါးကြီးအုပ်နေသူများမှာ မွတ်စလင်များဖြစ်နေ၍ မွတ်စလင်များက အနာဂါရိက ဓမ္မပါလကို မကျေနပ်ကြ သလို အနာဂါရိကဓမ္မပါလ ဂျပန်သို့ ခဏခဏ သွားနေသဖြင့် အင်္ဂလိပ်အစိုးရက ဂျပန်သူလျှို ဟု ထင်မှတ်ထားသည်။ သီဟိုဠ်တွင် ဆူပူအုံကြွမှုများ ဖြစ်ပွားလာသောအခါ အင်္ဂလိပ်အစိုးရက ဓမ္မပါလကို ဖမ်းရန် ကြိုးစားကြသည်။ ထိုအချိန်တွင်ဓမ္မပါလက အိန္ဒိယရောက်နေ၍ ဓမ္မပါလဆွေမျိုးများကို ဖမ်းချုပ်သည်။ ဓမ္မပါလကို အပြစ်ပုံချကြကာ အိန္ဒိယတွင် ကာလကတ္တားမှ လွဲ၍ ဘယ်မှမသွားရဟု အမိန့်ချကာ(၅)နှစ် ခြေချုပ်ချခဲ့သည်။

အနာဂါရိကဓမ္မပါလသည် ကာလကတ္တား၌ (၅) နှစ် ခြေချုပ်ချခံနေရသော်လည်း သာသနာပြုလုပ်ငန်းကို အရှိန်မပျက်ဆက်လက်ဆောင်ရွက်ခဲ့သည်။ ကာလကတ္တား၌ မဟာဗောဓိအသင်းတိုက်ခွဲကြီးတစ်ခု ထပ်မံတည် ထောင်လုပ်ကိုင်ခဲ့သည်။ မိဂဒါဝုန်၌လည်း ဗုဒ္ဓသာသနာ ပြန့်ပွားအောင် ကြိုးစားဆောင်ရွက်နေခဲ့သည်။

မိဂဒါဝုန်တွင် ဂန္ဓကုဋီတိုက်ကြီးတစ်ခု တည်ဆောက်ပြီးသောအခါ မိဂဒါဝုန်မှာပင် ခေါင်းချတော့မည်ဟု ဆုံးဖြတ်ချက်ချခဲ့ပြီး ၁၉၃၁ - ခုနှစ်၊ ဇူလိုင်လ တွင် သီရိဒေဝမိတ္တဓမ္မပါလ ဘွဲ့အမည်ခံယူကာ ရှင်သာမဏေအဖြစ် သာသနာ့ဘောင်ဝင်ရောက်ခဲ့သည်။

ဓမ္မပါလသည် ရှင်သာမဏေပြုပြီးနောက် မိမိဆောက်လုပ်ခဲ့သော ဂန္ဓကုဋီတိုက်ကို ခမ်းနားစွာ ဖွင့်လှစ်ခဲ့သည်။ ၎င်းဖွင့်ပွဲတွင် အိန္ဒိယတစ်ပြည်လုံးဗုဒ္ဓသာသနာပြန်လည်ထွန်းကားလာအောင် လုပ်ကြရန် တိုက်တွန်းနှိုးဆော်သွားသည်။

ထို့နောက်အနာဂါရိကဓမ္မပါလသည် ကျန်းမာရေးအခြေအနေ အတော်ဆိုးလာသည်။ သို့အတွက် သီဟိုဠ်မှ ဘုန်းကြီး(၁၂)ပါး ကြွလာပြီး မိဂဒါဝုန်တွင် ဓမ္မပါလကို ၁၉၃၃ - ခု၊ ဧပြီလ(၂)ရက်နေ့တွင် ရဟန်းအဖြစ် သွတ်သွင်းပေးခဲ့သည်။ ရဟန်းဘွဲ့အမည်မှာ ဒေဝမိတ္တဓမ္မပါလဖြစ်သည်။

သူ့အတွက်ဆေးကုသသည်ကို လက်မခံဘဲ ထိုငွေကို ဆင်းရဲသားများ အား လှူရန် မိန့်ကြားသည်။

"ကျွန်ုပ်အမြန်သေပြီး အမြန် လူပြန် ဖြစ်ရပါလို၏။ အကြိမ်ကြိမ်လူပြန် ဖြစ်ရပြီး ဗုဒ္ဓဂယာစစ်ပွဲကြီးကို အောင်မြင်အောင် တိုက်နိုင်ရပါလို၏"

ဟု ဆုတောင်းခဲ့သည်။

ထိုနှစ် ဧပြီလ(၂၇)ရက်နေ့တွင် ဓမ္မပါလသည် ပျံလွန်တော်မူလေသည်။ ဗုဒ္ဓသာသနာအတွက် ဘုရားပွင့်ရာ ဗုဒ္ဓဘာသာများ လက်ထဲပြန်ရောက်ရေးအတွက် ရဲရဲဝံ့ဝံ့ကြိုးစားဆောင်ရွက် သာသနာပြုသွားသော သီဟိုဠ်နိုင်ငံသား အနာဂါရိကဓမ္မပါလသည် ဗုဒ္ဓသာသနာသမိုင်းတွင် သာသနာပြုသူရဲကောင်းတစ်ပါးအဖြစ် မှတ်တမ်းတင်ကျန်ရစ်ခဲ့သလို သူ၏ကျေးဇူးကြောင့် ဗုဒ္ဓဂယာသည် ဗုဒ္ဓဘာသာတို့ ပြန်လည်ပိုင်ဆိုင်ခွင့်ရခဲ့သည့် မိဂဒါဝုန်သည် သာသနာ့အောင်မြေပြန်ဖြစ်ခဲ့ရသည်။ ဗုဒ္ဓဘာသာဝင်တို့အတွက် ကျေးဇူးကြီးလှသော အနာဂါရိကဓမ္မပင် ဖြစ်ပါတော့သည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ**

**တက္ကသိုလ်သျှင်သီရိ**

**(ဓမ္မာစရိယ ဘီ - အေ)**

# အစွမ်းအစ

မောင်ဉာဏ်လင်း(တောင်ကုတ်)

ပြည်မသိ ဇာရာဏာသီ့ မင်းမသိ ဗြဟ္မဒတ်ဟု ပြောစမှတ်ပြုကြ၏။ ဇာတ်နိပါတ်တော်လာ ဝတ္ထုကြောင်း တစ်ခုခုကို ဟောပြောရာ၌ မည်သည့်တိုင်းပြည်ဟု တိတိကျကျမှတ်မရပါက ဇာရာဏာသီပြည်ဟူ၍



သာ ရဲရဲဝံ့ဝံ့ ပြောချလိုက်ပါ။ လွဲမှားစရာ မရှိလောက်အောင် ဗာရာဏသီပြည်နှင့် ဗြဟ္မဒတ်မင်း ဟူ၍သာ ရဲရဲဝံ့ဝံ့ ပြောချလိုက်ပါ။ လွဲမှားစရာ မရှိလောက်အောင် ဗာရာဏသီပြည်နှင့် ဗြဟ္မဒတ်မင်းတို့ ပါဝင်လေသည်။ ဗာရာဏသီပြည်သည် ထိုမျှလောက် ထင်ရှားပါ၏။ ထို့အပြင် ဓမ္မစကြာတရားဦးကိုလည်း ဗာရာဏသီ ဣသိပတန မိဂဒါဝုန် ဘောမဲ့ဇုန်၌ပင် ဘုရားရှင် ဟောကြားတော်မူခဲ့၏။ သို့တွက်ကြောင့်လည်း ရွှေပေါ်မြတင် အလှပေါ်အယဉ်ဆင့်ကာ ပို၍ ပို၍ ထင်ရှားလာခဲ့ပေသည်။ ဤသို့ အထင်ကရ ကျော်ကြားပြီး ကမ္ဘာ့သမိုင်းတွင်ထင်ရှား သာသနာသမိုင်းတွင် ထူးခြား. လူအများကြည်ညိုလေးစား စိတ်ဝင်စားသော ထိုဗာရာဏသီပြည် ၌ "BURMESE BUDDHIST TEMPLE=မိဂဒါဝုန် မြန်မာကျောင်းတိုက်" ဟူ၍ ကဗ္ဗည်းစိုက်လာနိုင်ခဲ့သည်မှာ နှစ်တစ်ရာတိုင်လေပြီ (၁၉၀၈-၂၀၀၈) ဟု အရှင်ဉာဏဗလ ပြောပြ၍ သိရပေသည်။

နှစ်တစ်ရာခရီးတွင် မဟာဝိဇိတာဝီသီမာ နှင့်တကွ ကျောင်းပေါင်းဆယ်ဆောင် ပြီးမြောက်အောင် ဖန်တီးနိုင်ခဲ့ကြပေသည်။ အာဂန္တုယ်ဖွား ရှင်ရဟန်းများပင်ဖြစ်ပေသည်။ နိုင်ငံရပ်ခြားတိုင်းတစ်ပါး၌ ဘာသာခြားတို့အလယ်တွင် ပင်လယ်သမုဒ္ဒရာအလား များပြားကျယ်ဝန်းသောအခက်အခဲများကို ဖွဲနပဲ သန်သန် အားမာန်စိုက်ထုတ်၍ဒုက္ခပေါင်း ကုဋေကုဋာကို မြေစာကဲ့သို့ မှတ်ထင်ပြီး စိတ်ရိုင်း စိတ်မိုက်ရှိသူတို့၌ ခန္တီအလံစိုက်ထူကာ စွမ်းဆောင်အောင်မြင်လာခဲ့ကြသော ထိုပါရမီရှင် အပေါင်းတို့အား ဂုဏ်ပြုစကား မပြောကြားဘဲ ကျွန်တော် မနေနိုင်ပါ။ မြင့်မြတ်သော အလုပ်. ဟုတ်မှန်သောအကြောင်း. စစ်မှန်သော ဂုဏ်ဒြပ်ကို အသိအမှတ်မပြုနိုင်သော ပါးစပ်သည် နေခြည်ဖြာလျက် မပွင့်အာသော ပဒုမ္မာ. လရောင်ဆမ်းလျက် မပွင့်လန်းနိုင်သော ကုမုဒြာတို့နှင့်တူလေရာ၏။ ထိုသို့အဖြစ် မခံနိုင်ပါ။ သို့ဖြစ်ပါ၍ ...

"စတင်တည်ထောင်သူ Founder-က ဘယ်ဆရာတော်ပါလဲ အရှင် ဘုရား"

ဟု ကျွန်တော် မေးလျှောက်ကြည့်ရာ အရှင်ဉာဏ

**နှစ်တစ်ရာခရီးတွင် မဟာဝိဇိတာဝိသီမာနှင့်တကွ ကျောင်းပေါင်းဆယ်ဆောင် ပြီးမြောက်အောင် ဖန်တီးနိုင်ခဲ့ကြပေသည်။ အာဂန္တုယ်ဖွား ရှင်ရဟန်းများပင် ဖြစ်ပေသည်။**

ဗလက "အရှင်စန္ဒြမုနိ" စတင်
တည်ထောင်ခဲ့ကြောင်း ပြောပြ
၏။ အရှင်စန္ဒြမုနိနှင့် မတွေ့ဖူး
သော်လည်းပုံတူရုပ်ထုတော်ကို
တွေ့ဖူးပါသည်။ ထင်ရှား၍
သို့မဟုတ် ထူးခြား၍သာ ရုပ်
ကြွင်းထုထားခြင်း ဖြစ်မည်ဟု
ကျွန်တော် နားလည်ပါ၏။ သို့မ
ဟုတ်ပါက လမ်းတော်ဖိုးတုတ်
ကို မည်သူမျှ ရုပ်ကြွင်းထုထား
မည် မဟုတ်ပေ။ ထို့အပြင်
ဒုတိယမြောက် ပခုံးပြောင်း
ထမ်းဆောင်သူမှာ ဦးကိတ္တိမ၊
တတိယမြောက်ဆက်ခံသူက
ဦးတိက္ခိန္ဒြိယ၊ စတုတ္ထမြောက်
ယခုလက်ရှိ ထိန်းသိမ်း စောင့်
ရှောက်နေသူမှာရခိုင်ပြည်နယ်၊
မင်းပြားမြို့နယ်၊ဂြိုင်းတိုက်ကျေး
ရွာမှ ဦးဝဏ္ဏဇေ (မဟာသဒ္ဓမ္မ
ဇောတိကဓဇ)ဖြစ်ကြောင်း
ရှင်းပြပါ၏။ ထူးခြားသည်မှာ
လေးဆက်လေးပါးလုံး ရခိုင်
ဆရာတော်များချည်း ဖြစ်နေ
ခြင်းပင်။ ထို့ကြောင့် ပို၍စိတ်
ဝင်စားပြီး အလွန့်အလွန်ပင်
ဂုဏ်ယူလေးစားမိပါသည်။

မိဂဒါဝုန်မြန်မာ
ကျောင်းကို စတင်တည်ထောင်
စဉ်က မည်ရွေ့မည်မျှ ခက်ခဲ
သည်ကို အရှင်စန္ဒြမုနိကလွဲ၍
မည်သူမျှ သိနိုင်မည် မထင်ပါ။
တွေ့ကြုံရသည့် အခက်အခဲ
ဟူသမျှကိုယုံကြည်ချက်အပြည့်
အဝရှိသူတို့သာ ကျော်လွှား
နိုင်ပေသည်။ ယုံကြည်ချက်နှင့်
အခက်အခဲကို ကျော်လွှား
အောင်မြင်သူတိုင်း၌ နက်နဲ
သော ဉာဏ်စွမ်းဉာဏ်စ ရှိ
လေသည်။ ယုံကြည်ချက်ထား
ပြီးဉာဏ်စွမ်းဉာဏ်စနှင့်အခက်
အခဲကို ကျော်လွှားအောင်မြင်
လိုသူတိုင်း သည်းခံခြင်း ခန္တီ
တရားကို လက်ကိုင်ထားရပြီး
ချစ်မြတ်နိုးခြင်း မေတ္တာတရား
ကို ပွေ့ဖက်ရပေမည်။ အရှင်
စန္ဒြမုနိ ရဟန်းတော်မြတ်၏
နှလုံးဓာတ်၌ မေတ္တာခန္တီ အရင်း
တည်၍ ယုံကြည်ချက်ပြည့်ဝ
လျက် ကမ္ဘပဋိသန္ဓေ ပင်ကိုယ်
ဉာဏ် ရင့်သန်မှုရှိသည်ကို
မည်သူမျှမပြောလည်း ကျွန်
တော် သိနှင့်နေပါသည်။
ပင်ကိုယ်ဉာဏ် ရင့်သန်သော
ထိုအရှင်အား အချိန်အခါနှင့်
အခြေအနေအရ အလျင်အမြန်
ဝေဖန် စဉ်းစားတတ်သော ထိုး
ထွင်းဉာဏ်လည်း အားကောင်း
ပေမည်။ အဆန်းတကြယ်
စိတ်ကူးယဉ်ရသည့် ပဋိဘာန်
ဉာဏ် ပညာတည်းဟူသော
စိတ်ကူးစိတ်သန်း ကောင်းမြတ်
ပေလိမ့်မည်။ ထိုဉာဏ်များ

**ယုံကြည်ချက်ထားပြီး ဉာဏ်စွမ်းဉာဏ်စနှင့် အခက်အခဲကို ကျော်လွှားအောင်မြင် လိုသူတိုင်း သည်းခံခြင်း ခန္တီတရားကို လက်ကိုင်ထားရပြီး ချစ်မြတ်နိုးခြင်း မေတ္တာတရားကို ပွေ့ဖက်ရပေမည်။**

ထက်မြက်ကောင်းမွန်ခြင်း မရှိပါက အရှင်သည် "မိဂဒါဝုန် မြန်မာကျောင်း" ကို တည်ထောင်နိုင်ပေလိမ့်မည် မဟုတ်ပေ။

ဤအရှင်ကား အစွမ်းလည်းရှိ အစလည်းရှိသူပင်တည်း။ ဤသို့ ကျွန်တော်ဆိုသည်မှာ ပြောသံကြားနှင့် တရားနာခြင်း မဟုတ်ပါ။ မှန်၏။ ထိုစဉ်က ဤနေရာ ဤဒေသ၌



မြန်မာကျောင်းတိုက် တည်ထောင်ရမှန်းကို အရှင်စန္ဒိမုနိမှတစ်ပါး အခြားသူတို့ မသိအားနိုင်ခဲ့ကြပေ။ အိပ်စက်ခြင်းမှ နိုးထခြင်း မရှိကြသေးပေ။ သိမြင်နိုင်သူအချို့ ရှိကောင်းရှိနိုင်သော်လည်းစိတ်ကူးယဉ်ရုံမျှ၌ ရပ်တန့်ကာ မက်လုမက်လုနှင့် လင်းခဲ့ကြလေသည်။ အချို့ကား ဝါးလုံးခေါင်းထဲလသာနေကြဆဲ။ ဤအရှင်ကား ထိုသို့မဟုတ် အလုပ်နှင့် သက်သေပြထားခဲ့ပေသည်။ သိလွယ်သော ဥပမာနှင့် နှိုင်းယှဉ်ပြရပါမူ ဆူးများချွန်ထက်လာအောင် မည်သူလာ၍ ချွန်ပေးပါသနည်း။ မည်သူမျှ ချွန်ပေးသည် မဟုတ်။ ခံဆူးခံချွန် ဆီးဆူး ဆီးချွန်ဆိုသကဲ့သို့ မိမိအလိုလို ချွန်ထက်လာသည်သာ။ ပန်းကလေးများ မွှေးကြိုင်လာအောင် မည်သူလာ၍ ရန့်လှိုင်စေသနည်း။ မည်သူမျှ လှိုင်စေကြိုင်စေသည်မဟုတ်။ သူ့အလိုလို မွှေးကြိုင်သည်သာ။ ထိုနည်းတူစွာ ဤအရှင် လည်း သူ့ပင်ကိုယ်အားဖြင့်ပင် စွမ်းရည်ထက်မြက်ပေသည်။ လုပ်ရပ်နှင့်စပ်သော ဂုဏ်သည် ဒြပ်၌ထင်ဟပ်လျက်ရှိသောကြောင့် အထူးတလည် တင်စားပြရန်လိုမည်မထင်ပါ။ အသွေးမြင် အသွင်သိ, အပွေးမြင် အပင်သိနိုင်ကြပေလိမ့်မည်။

ဤအရှင် စတင်လိုက်တော့မှ ရတနာရှိရာ ရတနာလာ အမြုတေရှိရာ အမြုတေစု ဆိုသကဲ့သို့ ပခုံးပြောင်းကာ ထမ်းဆောင်မည့်သူ၊ ကမ်းလာသည်ကို လှမ်းကာယူရမည့်သူ၊ မျိုးနွယ်ဆက်ကို အသက်ပေး၍ ကာကွယ်စောင့်ရှောက် မည့်သူတို့ အချိန်အခါအားလျော်စွာ ပေါ်ပေါက်လာကြပေသည်။

ဤသည်မှာ နေကွယ်လျှင် လမင်းသာမည်, လမင်းကွယ်လျှင် ငွေကြယ်တောက်ပမည်, ငွေကြယ်ပျောက်လျှင် ဆီမီးတောက်က ရှေ့ဆောင်လမ်းပြမည်ဟူသော အတွေးကိုယ်စီ အစီအရီရှိခဲ့ကြ၍ "ကြက်ကောင်းကြိုးမကွာ" ဆိုသည့် အတိုင်း အခြေအနေကောင်းသော မိဂဒါဝုန် မြန်မာကျောင်းကို ဝိုင်းဝန်းစောင့်ရှောက် လာခဲ့

ကြခြင်း၏ သင်္ကေတလက္ခဏာပင်ဖြစ်ပေသည်။ ထိုအရှင်တို့၏ ရှေ့သွားနောက်လိုက် ညီညွတ်ခြင်းသည်ပင် ချီးမွမ်းချင်စရာကောင်းတော့၏။ ဤအရှင်တို့ကားအစမရှိသော်လည်းအစွမ်းရှိသူများပင်ဖြစ်ပေသည်။

ထိုမိဂဒါဝုန်ဘေးမဲ့ဇုန်၌ သဗ္ဗညုတဉာဏ်စွမ်းရှိတော်မူသော ဗုဒ္ဓသည် "စက္ခုကရဏီ၊ ဉာဏကရဏီ" သံစဉ်ချီလျက် သစ္စာဓမ္မကို စတင်ဟောပြတော်မူခဲ့၏။ ဉာဏ်စွမ်း ဉာဏ်စနှင့် ဓမ္မလမ်းပြတော်မူသော ဗုဒ္ဓက အစွန်းနှစ်ပါး အယုတ်တရားကိုရှောင်၊ မဇ္ဈိမပဋိပဒါအကျင့်မြတ်ကိုဆောင်မှ နိဗ္ဗာန်သောင်ကမ်းဆီသို့ လှမ်းဝင်နိုင်မည်ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့ပေသည်။ ဗုဒ္ဓဟောသည့်အတိုင်း အမှန်တကယ် "စက္ခုကရဏီ ဉာဏကရဏီ" ဖြစ်ကြောင်း ပထမဆုံး သက်သေထူနိုင်သူကား အရှင်ကောဏ္ဍညတည်း။ ဖြစ်ခြင်းဟူသမျှ ချုပ်ငြိမ်းရ၏ ဟူ၍ ထိုအရှင် သိနားလည်ခြင်းသည် သောတာပတ္တိမဂ်ဉာဏ်အလင်းစပင် ဖြစ်ပေသည်။ မိမိသိမြင်သော တရားထူးကို ဦးစွာ သိမြင်နိုင်သူ အရှင်ကောဏ္ဍညတည်းဟူသော သက်သေရှိလာပြီဖြစ်၍ ဝမ်းသာတော်မူရကား "အညာသိဝတဘော ကောဏ္ဍညော၊ အညာသိ ဝတဘော ကောဏ္ဍညော" ဟူ၍ ဗုဒ္ဓသည် ဥဒါန်းကျူးရင့်နိုင်ခဲ့ပေသည်။ အကယ်၍ အရှင်ကောဏ္ဍည မသိမြင်နိုင်ခဲ့ပါက ဗုဒ္ဓလည်း ဥဒါန်းမကျူးရင့်နိုင်ပေ။ ဗုဒ္ဓသည် ဘုရားဖြစ်ပြီးနောက်မိမိသိ၍ဟောကြားမည့် အရှိတရားကို သိမြင်နိုင်သူရှိမည်မထင်၍ "ငါသည်ပင်ပန်းကြီးစွာ ကြိုးစားရှာခဲ့ရသော ဤတရားထူးကို ထင်ရှားပြရန်မသင့်" ဟု တွေးတောကာ တရားမဟောရန် စဉ်းစားခဲ့ဖူးပေသည်။ ဤသည်မှာအပေးကို အယူမတတ်လျှင်ကောဟူသော အတွေးနှင့် အပူဟပ်ခဲ့ရခြင်း၏ သာဓကဖြစ်ပေသည်။ (ကိလေသာအပူမဟုတ်ပါ)

တကယ့် တကယ် ဟောပြသောအခါ သိမြင်နိုင်သူ အရှင်ကောဏ္ဍညရှိလာ၍ ဥဒါန်းပင် ကျူးနိုင်ခဲ့ပါ၏။ နတ်ဗြဟ္မာအပေါင်းတို့ကလည်း "မြတ်စွာဘုရား ဓမ္မစကြာတရား ဟောပြီ ...ဟောပြီ" ဟု ဘုမ္မစိုးနတ်မှစ၍ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် အဆင့်ဆင့် ကြွေးကြော်ကာ

**ဉာဏ်စွမ်း ဉာဏ်စနှင့် ဓမ္မလမ်းပြတော်မူသော ဗုဒ္ဓက အစွန်းနှစ်ပါး အယုတ်တရားကိုရှောင်၊ မဇ္ဈိမပဋိပဒါအကျင့်မြတ်ကို ဆောင်မှ နိဗ္ဗာန် သောင်ကမ်းဆီသို့ လှမ်းဝင်နိုင်မည် ဖြစ်ကြောင်း မီးမောင်း ထိုးပြခဲ့ပေသည်။**

ကောင်းချီးသြဘာပေးခဲ့ ကြပေသည်။ သက်ရှိ နတ်ပြဟ္မာတို့ သာမကသေး သက်မဲ့ဖြစ်သော တစ်သောင်းသော စကြဝဠာ လောကဓာတ်ကြီးလည်း ထိုမှဤမှ ယိမ်းယိုင်၍ သိမ့်သိမ့်တုန်ကာ ကောင်းချီးပေးခဲ့ပါသည်။

သက်ရှိသက်မဲ့ ဒြပ်ရှိတို့သာမက သက်မဲ့ဒြပ်မဲ့သော အလင်းတန်းကြီးများကလည်း ထူးထူးခြားခြား ကောင်းချီးပေးကြ၏။ ဤသည်မှာ အနီးမွှေး၍ အဝေးကြိုင်ခြင်း ဖြစ်ပေသည်။ အကယ်၍ ဗုဒ္ဓဟောကြားချက်ကိုအရှင်ကောဏ္ဍညမသိခဲ့ပါက ဗုဒ္ဓလည်း ဥဒါန်းမကျူးနိုင်၊ သက်ရှိသက်မဲ့ ဒြပ်ရှိဒြပ်မဲ့တို့လည်း ကောင်းချီးပေးနိုင်မည် မဟုတ်ပါပေ။ ထိုနည်းတူစွာ စတင်ထောင်ခဲ့သူ အရှင်စန္ဒြမုနိ၏ ရည်ရွယ်ချက်နှင့် မေတ္တာစေတနာတရာကို အရှင်ကိတ္တိမ အကယ်၍ နားမလည်နိုင်ခဲ့ပါက ပန်းပြောင်း ထမ်းဆောင်နိုင်ခွင့်ရှိမည်မဟုတ်ပေ။ ထမ်းဆောင်သည့်တိုင် တည်တံ့နိုင်ဖွယ်ရာ မမြင်ပါ။ အရှင်စန္ဒြမုနိ. အရှင်ကိတ္တိမတို့၏ ဦးဆောင်လမ်းပြခဲ့ခြင်းကို အရှင်တိက္ခိန္ဒြိယ မလေးစားမလိုက်နာဘဲ လက်နှင့်ရေးသည်ကို ခြေနင့်ဖျက်ခဲ့ပါလျှင် မိဂဒါဝုန်မြန်မာကျောင်းဟူ၍ သတင်းမွှေးနိုင်မည် မထင်ပါ။ လက်ရှိဆရာတော် အရှင်ဝဏ္ဏဇေသည် ရှေ့သွားခေါင်းဆောင်တို့၏ မေတ္တာစေတနာ မူဝါဒလမ်းစဉ်များကို မသိကျိုးကျွံ ပြုပြီး ငါ့လှေငါထိုးပဲခူးရောက်ရောက်. ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်. ငါ့ကျောင်း ငါထိုင် ဘယ်သူဆိုင်လိမ့် လုပ်နေပါလျှင် "နှစ်တစ်ရာပြည့်" ဟူသော ဂုဏ်သတင်းလှိုင်နိုင်မည် မဟုတ်ပေ။

သာသနာလည်း အစွန့်ရှည်စေ.အမျိုးဂုဏ်လည်း တင့်စေ.ရွက်စိမ်းရိပ်ညိုနားခိုသူတိုင်း အေးပါစေ. တွေးဖက်သူတိုင်း နွေးပါစေ ဟူ၍ ကောင်းမြတ် မနသိ ဇောစိတ်ချီ၍ နှစ်တစ်ရာသို့တိုင် မယိုင်မလဲ ခိုင်မြဲနေသည်မှာ အနီးမွှေး၍ အဝေးကြိုင်ခြင်း၏ သက်သေပင် ဖြစ်ပေသည်။ ထိုသို့ အနီးအမွှေး အဝေး ကြိုင်စေသူတို့၏ အစွမ်းအစကို သိမြင်ရသောကျွန်တော်သည် "နှစ်တစ်ရာမှသည် နှစ်ပေါင်းများစွာဆီသို့လက်တွဲညီညီ ချီတက်ကြပါ အရှင်ဘုရားတို့" ဟုတိုက်တွန်းစကား ဆိုလိုက်ချင်ပါသည်။ သို့သော် "အဝတ်မရှိသူကလုံအောင်ထိုင်ပါ" ပြောသကဲ့သို့ ဖြစ်နေလေမလားဟု စဉ်းစားမိ၍တိုက်တွန်းစကားမဆိုဝံ့ပါ။ သို့တစေ သက်ဆိုင်သူအားလုံးတို့၏ အသီးသီးသော ရင်ထဲ၌ ကျွန်တော်နှင့်တူညီသောဆန္ဒများ ရှိနင့်နေကြပါမူကား "ချီတက်ကြပါ" ဟူသော တိုက်တွန်းစကားကို "ချီတက်ကြပါစို့"ဟု ပြင်လိုက်ချင်ပါသည်။ Let's go on ...,

ထိုသို့ ဆက်လက်ချီတက်ကြရာ၌ ရှေ့သွားခေါင်းဆောင်ဖြစ်စေ နောက်လိုက်ငယ်သားဖြစ်စေ မည်သူမဆို (ability)အစွမ်းအစ ရှိသူတိုင်း အစွန်းနှစ်ပါး အယုတ်တရားကို ရှောင်ရှားသင့်ပေသည်။ သို့မှသာ အစွန်းမထွက်သော အသိဉာဏ်နှင့် အစွန်း လွတ်ကျင့်စဉ်ကိုမှီကာနောင်လာနောက်သား နောင်းလူတို့အား မှန်ကန်စွာ ဦးဆောင်၍ အစွမ်းအစနှင့် လမ်းပြနိုင်လိမ့်မည်ဟုယုံကြည်မိပါသည်။

အားလုံးကိုလေးစားလျက်

မောင်ဉာဏ်လင်း
(တောင်ကုတ်)

# သံဝေဇနီယမိဂဒါဝုန်

လယ်တွင်းသားစောချစ်




ဗုဒ္ဓဂယာမှ ၁၇-၁၀-၂၀၀၇ နေ့ မနက်ပိုင်းမှာ မိဂဒါဝုန်သို့ မော်တော်ကားဖြင့် ခရီးထွက်ကြ၏။ သံဃာတော် (၆)ပါးနှင့် ဘုရားဖူးခရီးသည် (၂၅)ဦးတို့ လိုက်ပါသော မော်တော်ကားကြီးသည် (၁၅၇) မိုင် ခရီးကို ပြေးသွားလျှက်ရှိ၏။ လေအေး ပေးစက်ပါသော လေအိတ်ကားဖြစ်၍ သက်သက်သာသာ လိုက်ပါကြရပါသည်။

လမ်းမှာ မနက်စာ စားကြရသည်။ ဂင်္ဂါမြစ်ကြီးကို ဖြတ်ကျော်ပြီး ဗာရာဏသီ မြို့ကြီးသို့ ရောက်သည်။ ဗာရာဏသီ လွန်သော် သားမျိုးစုံတို့ကို ဘေးမဲ့ပေးရာ ဣသိပတန မိဂဒါဝုန်သို့ ရောက်သည်။ ဗုဒ္ဓဘာသာ မြန်မာကျောင်းမှာ ညအိပ်ရပ်နားကြသည်။

သစ်ပင်ကြီးများနှင့် စိမ်းလန်းအုပ်ဖွဲ့၍သာယာသော မြန်မာကျောင်းမှာ သုံးထပ်

ကျောင်းဆောင်ကြီးများ၊ နှစ်ထပ်ကျောင်းဆောင်ကြီးများနှင့် ခမ်းနား တင့်တယ်လှပါသည်။

နောက်တစ်နေ့ မနက်မှာ အိန္ဒိယရှေးဟောင်း ယဉ်ကျေးမှုဌာနမှ ဝင်းခတ်၍ ထိန်းသိမ်းစောင့်ရှောက်ထားသော မြတ်စွာဘုရားတရားဦး ဓမ္မစကြာ ဟောကြားတော် မူရာ မိဂဒါဝုန်သို့ ရောက်ကြသည်။

ပဉ္စဝဂ္ဂီ (၅)ဦးတို့ကို တရားဦးဟောရန် မိဂဒါဝုန်သို့ ကြွလာသော ဘုရားရှင်ကို ပဉ္စဝဂ္ဂီ(၅)ဦးတို့ ခရီးဦးကြိုမပြုရန် ကတိကဝတ်ထားသော်လည်း မြတ်စွာဘုရားရှင်၏ ဘုန်းတန်ခိုးတေဇော်အာနုဘော်ကြောင့်လည်းကောင်း၊ မြတ်စွာဘုရားရှင်၏ ဩဒိသမေတ္တာတော်ကြောင့်လည်းကောင်း၊ ဘုရားရှင်အနီးအနားသို့ ရောက်လာသည်နှင့် ကြိုဆိုလျက်သား ဖြစ်နေကြ၏။ တစ်ဦးက သပိတ်ကို ယူသည်။ တစ်ဦးက နေရာခင်းသည်။ တစ်ဦးက ခြေဆေးရေ ယူသည်။တစ်ဦးကခြေထောက်ကို ပွတ်သပ်ဆေးကြောပေးသည်။ ထိုနေရာတွင် အာသောကမင်းကြီးက အထိမ်းအမှတ်စေတီကိုတည်ထား၏။ ထိုစေတီမှာ ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ နမောတဿသုံးကြိမ်ရွတ်ဆို၍ မြတ်စွာဘုရားကို ပူဇော်ကန်တော့ကြ၏။

မြတ်စွာဘုရားက ဘုရားအဖြစ်သို့ ရောက်တော်မူပြီးဖြစ်၍ ရိုသေစွာ တရားနာကြရန် မိန့်ကြားတော်မူသည်။ ပဉ္စဝဂ္ဂီ(၅)ဦးက မြတ်စွာဘုရားအား ငါ့ရှင်ဂေါတမသည် ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်ကျင့်၍မျှ ဘုရားဖြစ်တော် မမူ။ ယခုအခါ ဆွမ်း၊ သင်္ကန်း၊ ကျောင်း စသည်တို့အတွက် လှည့်လည်လျက် မဂ်ဖိုလ်ချမ်းသာကိုအဘယ်မှာရနိုင်အံ့နည်းဟု မယုံကြည်ကြောင်း သုံးကြိမ်တိုင်တိုင် ငြင်းပယ်ကြသည်။

မြတ်စွာဘုရားက ဥရုဝေလတောတွင် ဒုက္ကရစရိယာကျင့်စဉ်က မရသေးသော တရားကိုရပြီ။ မသိသေးသော တရားကိုသိပြီဟု ဝါကြွားပြောဆိုခဲ့ခြင်း ရှိမရှိ မေးတော်မူသည်။ ထိုအခါကျမှ ပဉ္စဝဂ္ဂီတို့ အမှန်ကို သိမြင်ဆင်ခြင်မိ၍ တရားတော်ကို ရိုသေစွာ နာကြားကြကုန်၏။

မြတ်စွာဘုရား ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာတရား ဟောတော်မူသော နေရာကို အထိမ်းအမှတ်တည်ထားခဲ့သောစေတီ

**သစ်ပင်ကြီးများနှင့် စိမ်းလန်းအုပ်ဖွဲ့၍ သာယာသော မြန်မာကျောင်းမှာ သုံးထပ်ကျောင်းဆောင်ကြီးများ၊ နှစ်ထပ်ကျောင်းဆောင်ကြီးများနှင့် ခမ်းနား တင့်တယ်လှပါသည်။**

**ဟောစီညောင်ပင်၏ အနီးမှာပင် မိဂဒါဝုဏ် မြန်မာကျောင်းဆရာတော်၏ ကောင်းမှုဖြစ်သည့် မြန်မာမှုလက်ရာ မြတ်စွာဘုရားပုံတော်နှင့် ပဉ္စဝဂ္ဂီ(၅)ဦးတို့ ပုံတော်ကိုလည်း ပူဇော်ကန်တော့ကြရသည်။**

မှာ ယခုအခါတွင် ဓမ္မရာဇိက ကုန်းမြေအဖြစ် အုတ်ခုံသာ ကျန်တော့သည်။

ထိုအုတ်ခုံနေရာတွင် မြတ်စွာဘုရားအား ရည်မှန်း၍ ပန်း၊ ဆီမီး၊ အမွှေးတိုင် တို့ဖြင့် ပူဇော်ကြသည်။ အသင့်ပါလာသော ရွှေဆိုင်းများဖြင့် ရွှေချကြသည်။ နမောတဿဖြင့် ကန်တော့ပြီး ဘုရားဖူးအဖွဲ့ဝင်များ အားလုံးဓမ္မစက္ကပဝတ္တနသုတ်ပါဠိတော်ကို ရွတ်ဆို၍ ဘုရားရှင်အား ပူဇော်ကြပါသည်။ သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တိုင် ရှေ့မှ ဓမ္မရာဇိက ကုန်းမြေမှာ ရှိနေကြသည်ဟု ကြည်ညို ရှိသေစွာ အာရုံပြုရွတ်ဆိုရသောကြောင့်ရင်ထဲမှာလှိုက်လှဲစွာ ခံစားရသည်။

ဓမ္မစကြာရွတ်ပြီးသော အခါ မြတ်စွာဘုရားကို အာရုံပြု၍ ဓမ္မရာဇိက ကုန်းမြေမှာ တရားထိုင်ကြသည်။ မိမိရုပ်နာမ်ခန္ဓာ၏ဖြစ်ပျက်နေမှုကို လက္ခဏာ ရေးသုံးပါးဖြစ်သော အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြင့် ရှုမြင်ဆင်ခြင်ရသည်။ ဒုက္ခသစ္စာကို သိမြင်ခြင်းဖြင့် သမုဒယသစ္စာကို ပယ်ရမည်။ နိရောဓသစ္စာသို့ ဆိုက်ရောက်ရန် မဂ္ဂသစ္စာကို ကြိမ်ဖန်များစွာ ပွားများရမည်။

တရားဘာဝနာပွားရင်း သစ္စာလေးပါးကိုလည်း ဆင်ခြင်ရသည်။ မြတ်စွာဘုရားကို ဓမ္မပူဇာဖြင့် ရှိသေစွာ ပူဇော်ကြပါသည်။ ဤနေရာမှာပင် ပဉ္စဝဂ္ဂီ(၅)ဦးတို့ သောတာပန်တည်ကြသည်။ ဖေဟိဘိက္ခု ခေါ်၍ ရဟန်းအဖြစ်သို့ ရောက်ကြသည်။

ထိုမှဆက်၍ မြတ်စွာဘုရား ပထမဝါဆိုတော်မူသော နန္ဒိယသူကြွယ်၏ ကောင်းမှုနန္ဒိယကျောင်းတော်သို့ သွားရောက်လေ့လာပြီး နမောတဿဖြင့် ပူဇော်ကန်တော့ကြသည်။

ထိုမှတဖန် ဓမ္မေကစေတီတော်သို့ သွားရောက်ကြသည်။ ဤနေရာတွင် မြတ်စွာဘုရား အနတ္တလက္ခဏာသုတ်ကို ဟောကြားတော်မူ၍ ပဉ္စဝဂ္ဂီ(၅)ဦးတို့ ရဟန္တာဖြစ်ကြသည်။ ကျွန်တော်တို့ မြန်မာဘုရားဖူး အဖွဲ့ဝင်များ အနတ္တလက္ခဏာသုတ်ကိုသံပြိုင်ညီညာရွတ်ဆို၍ မြတ်စွာဘုရားကို ပူဇော်ကန်တော့ကြသည်။

သီဟိုဠ်ခါတ်တော်တိုက်သို့ ရောက်ကြသောအခါ မြတ်စွာဘုရား၏ ဓါတ်တော် အစစ်ကို ထည့်သွင်းထားသော

ဓါတ်တော်ကြုတ်နှင့်တကွ ဦးခေါင်းထက်တွင် တင်၍ တစ်ဦးချင်းဖူးမြော်ပူဇော်ကြရသည်။ ပြီးသောအခါ ဓါတ်တော်တိုက်အတွင်းမှာပင်ရှိသော ဗောဓိညောင်ပင်သို့ သွားရောက်၍ မြတ်စွာဘုရားကို နမောတဿသုံးကြိမ်ရွတ်ဆိုကန်တော့ကြသည်။ ဗောဓိပင်အစစ်မှ ကိုင်းသို့ အာသောကမင်းကြီး၏ သားတော် မဟိန္ဒနှင့်



သမီးတော်သင်္ဃမိတ္တာတို့က သီဟိုဠ်မှာစိုက်ခဲ့သည်။ ထိုအပင်မှ ကိုင်းသို့ကူးသောအပင်သည် မိဂဒါဝုန်မှာ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။ ထိုဗောဓိညောင်ပင်၏ အနီးမှာပင် မိဂဒါဝုန်မြန်မာကျောင်းဆရာတော်၏ကောင်းမှုဖြစ်သည့် မြန်မာမှုလက်ရာ မြတ်စွာဘုရားပုံတော်နှင့် ပဥ္စဝဂ္ဂီ(၅)ဦးတို့ ပုံတော်ကိုလည်းပူဇော်ကန်တော့ကြရသည်။

မနက်စာစားပြီး နောက် နေ့ခင်းပိုင်းမှာ မိဂဒါဝုန် ပြတိုက်သို့ သွားရောက် လေ့လာကြ၏။ မြတ်စွာဘုရား၏ ပုံတော်များ ရှေးဟောင်းရုပ်တုများကို လေ့လာခွင့်ရသည်။ အားလုံးမှာ ချိုးဖွဲ့ဖျက်ဆီးခံထားရသည်။ အာသောကမင်းကြီး၏ ကျောက်စာတိုင်ထိပ်ပိုင်းကျိုးကိုလည်း အနီးကပ် ကြည့်မြင်လေ့လာရပါသည်။ ချောညက်သောကျောက်သားမှာလက်ရာမြောက်စွာ ခြင်္သေ့ရုပ်များ ထွင်းထုထားသည်။

နောက်တစ်နေ့တွင် မိဂဒါဝုန်မှထွက်ခွာကြမည်ဖြစ်၍ ညဘက်မှာ မိဂဒါဝုန်မြန်မာကျောင်းဆရာတော်ကြီးကို ကန်တော့ကြသည်။ ဆရာတော်ကြီး၏ဘွဲ့တော်မှာ ဘဒ္ဒန္တဝဏ္ဏဓဇဖြစ်၍ ကြည်လင်အေးချမ်းသော ဥပဓိရုပ်ရှိပါသည်။

ဘုရားဖူးများစု၍ ဆရာတော်ကြီးကို နဝကမ္မအလှူငွေနှင့် မိဂဒါဝုန် မြန်မာကျောင်းဘက်စုံ အလှူငွေအတွက် ဒေါ်လာငွေ ၂၃၂၊ ရူပီငွေ ၄၆၆၀နှင့် မြန်မာငွေ ၄၄,၀၀၀ လှူဒါန်းကြသည်။

သင်္ကန်းနှင့် အခြားလှူဖွယ်ပစ္စည်းအမျိုးစုံတို့ကိုလည်း လှူဒါန်းကြသည်။ ငါးပါးသီလခံယူပြီး ဆရာတော် ဟောကြားသည့် တရားတော်ကို နာကြားသည်။

ဆရာတော် ဟောကြားတော်မူသော တရားတော်မှာ "ဘုရား ဘယ်သူနဲ့မှ မတူ

ဘူး" တရားတော်ဖြစ်သည်။

"မရှည်ပါဘူး တိုတိုပဲ ဟောမှာပါ" ဟု မိန့်ပါသည်။

"ဘုရားကို မြင်ဖူးသူ မပါ။ ဘယ်သူမှ မြင်ဖူးကြတာ မဟုတ်။ ဒီမှာ ထုလုပ်ထားတဲ့ ကြေးဆင်းတုနဲ့မတူ။ မြတ်စွာဘုရားနဲ့တူတာ ဘယ်သူမှမရှိ။ ဒါကြောင့်မို့အတုလံအတုမရှိလို့ ခေါ်တာဖြစ်တယ်။

လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဖြည့်ဆည်းပူးခဲ့တဲ့ ပါရမီတွေဟာ နည်းတာ မဟုတ်ဘူး။ သားသမီး၊ ဇနီး၊ အသွေး၊ အသား၊ ကိုယ်ခန္ဓာခြေလက်၊ မျက်စိ၊ အသက်ပေး လှူခဲ့တာတွေမရေမတွက်နိုင်။ ဘယ်သူမှ မလှူနိုင်တာတွေလှူခဲ့။ ဘယ်သူမှ မပြုနိုင်တဲ့ ကောင်းမှုကုသိုလ်တွေ ပြုခဲ့။ ဒီဘဝဟာ နောက်ဆုံးဘဝ အကျိုးပေးစရာတွေ ကျန်သမျှရှိသမျှ စုပြုံအကျိုးပေးတဲ့ဘဝ။ ဒါ့ကြောင့်မို့ ဘယ်သူနဲ့မှမတူနိုင်။ ဘယ်သူနဲ့မှ မယှဉ်နိုင်။ တုစရာမမြင်၊ ယှဉ်စရာမရှိ။ နောက်ဆုံးဘဝ၊ နောက်ဆုံးအကျိုးပေးတဲ့ ဘုရားဟာ ဟောဒီနေရာ မိဂဒါဝုဏ်မှာ စတင်တရားဟောတာ။

"ဗုဒ္ဓ" ဆိုတဲ့ စကားကို ဒီနေရာမှ စသုံးတာ။

ငါဘုရားဖြစ်ပြီ မလိမ်ဘူး။ မညာဘူး။ အရင်က ဒီစကားမျိုးပြောခဲ့ဖူးသလားလို့ ပဉ္စဝဂ္ဂီ(၅)ဦးကို မေးခဲ့တာ။

မြတ်စွာဘုရားတရားဦးဟောခဲ့တဲ့နေရာမှာ ဗုဒ္ဓါနုဿတိဂုဏ်တော်ကို ရှိရှိ သေသေ စီးဖြန်းရင်ဒီဘဝအတွက်အပယ်တံခါးပိတ်ဖို့ စိတ်ချရပြီ။

ဘုရားဖူးလာတယ် ဆိုတာ ဘုရားနဲ့တွေ့ဖို့လာတာ။

ပိုက်ဆံပေါ်လို့လာတာ မဟုတ်။ လွယ်လို့လာတာ မဟုတ်။ ပါရမီကုသိုလ်ထူးလို့ လာရတာ။

ဒါကြောင့် ဒီလို နေရာထူးရောက်ခိုက်မှာ မြတ်စွာဘုရားရဲ့ဗုဒ္ဓါနုဿတိဂုဏ် အာရုံပြုတဲ့အခါမှာ သာမန်မဟုတ်ဘူး။ ပသန္နစိတ္တဖြစ်ရမယ်။ ကြည်ညိုလေးစားစိတ် ကြီးမားရမယ်။ သက်တော်ထင်ရှားဘုရားရှင်ကို ဖူးမြင်ရသလို ရှိုက်ကနဲဖြစ်အောင် ကြက်သီးမွေးညင်းထအောင် မျက်ရည်ဖြိုင်ဖြိုင်ကျအောင် ကြည်ညိုသဒ္ဓါစိတ် ကြီးမားမှ သံဝေဇနိယကုသိုလ်ထူးရတယ်။

ဒီနေရာမှာ သံဝေဇနိယ ကုသိုလ်ထူးကို ရအောင် ယူပါ။ ဒီနေရာဟာ ရဟန္တာ စ

**မြတ်စွာဘုရား တရားဦးဟောခဲ့တဲ့နေရာမှာ ဗုဒ္ဓါနုဿတိဂုဏ်တော်ကို ရှိရှိသေသေစီးဖြန်းရင် ဒီဘဝအတွက် အပယ်တံခါးပိတ်ဖို့စိတ်ချရပြီ။ ဘုရားဖူးလာတယ်ဆိုတာ ဘုရားနဲ့တွေ့ဖို့လာတာ။ ပိုက်ဆံပေါ်လို့လာတာမဟုတ်။ လွယ်လို့လာတာမဟုတ်။ ပါရမီကုသိုလ်ထူးလို့လာရတာ။**

ပေါ်တဲ့နေရာ။ ဘုရား၊ တရား၊ သံဃာကိုးကွယ်ရာအစုံ သရဏဂုံသုံးပါး ပြည့်စုံစွာ ပေါ်ပေါက်တဲ့နေရာ ..."

ဆရာတော်ဘုရား ဟောပြောပုံမှာပင် ပသန္နစိတ္တ ဖြစ်နေသည်။ နာကြားရသည်ပင် ကြက်သီးဖြန်းဖြန်း ထရသည်။ ကောင်းလေစွဟု ရင်ထဲမှာ လှိုက်လှဲစွာ သာဓုခေါ်မိသည်။

ဆရာတော်က နောက်ဆုံးတရားအသိမ်းမှာ အချက်(၃)ချက်ပါသော စကား လက်ဆောင်(၃)ခွန်းကို မိန့်ကြားပါသည်။

တစ်အချက် လူတစ်ယောက်ဟာ သီလရှိရမယ်။ သီလရှိဖို့ သတိလိုတယ်။ သတိရှိကြပါ။

သတိရှိလို့ သီလရှိရင် အရာရာအားလုံး အောင်မယ်။

သတိရှိလို့ သီလရှိပြီး အားလုံးအောင်မြင်ရင် လူတွေက မနာလို ဖြစ်တတ်တယ်။ အားလုံး ကျန်းမာချမ်းသာစေဖို့ မေတ္တာပို့ပါ။ ဒုတိယအချက်မှာ လိုတာက မေတ္တာတရားထားကြပါ။

တတိယအချက်မှာ လိုတာကတော့ အများနဲ့ ပေါင်းသင်းဆက်ဆံရာမှ ခန္တီ၊ သည်းခံပါ။ (၁)သတိ (၂)မေတ္တာ (၃)ခန္တီ ဒီသုံးခုနဲ့က နေသွားပါလို့ စကားသုံးခွန်းလက်ဆောင်ပါးလိုက်ပါတယ်။

နောက်တစ်ခါလာရင် ဘုရားနဲ့ ဘယ်သူတူတယ်ဆိုတဲ့ တရားဟောမယ်ဟု ပြောကြား၍ ဆရာတော်က တရားနိဂုံး အဆုံးသတ်ပါတယ်။ ကျွန်တော်တို့ လှိုက်လှဲဝမ်းသာ သာဓုခေါ်မိကြပါသည်။

တကယ်ပင် (၁၅)မိနစ်သာ ကြာပါသည်။ ဆရာတော် ဟောကြားသည်မှာ တိုတောင်းသော်လည်း ကောင်းစွာ အကျိုးကြီးမား၍ တရားအစအဆုံး မှတ်သားထားသည့် အတိုင်း ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

နောက်တစ်ခါ မိဂဒါဝုန်သို့ ရောက်ချင်ပါသေးသည်။ ဆရာတော်ဟောမည့် "ဘုရား ဘယ်သူနဲ့တူတယ်" တရားတော်ကို နာကြားလို၍ ဖြစ်ပါသည်။

နောက်တစ်နေ့ ပြန်ခါနီးမှာ ဆရာတော်ကို ကန်တော့သောအခါ တပည့်တော်တို့အတွက်တော့ မိဂဒါဝုန်ဆိုတဲ့ နေရာတော်မြတ်ကို တစ်ခါတစ်ခေါက် ရောက်လာရလို့ အံ့ဩဝမ်းသာ ထူးထူးခြားခြား ခံစားရပေမယ့် ဆရာတော်တို့ကတော့ ဒီနေရာမှာ နှစ်ပေါင်းများစွာ ကြာအောင် သီတင်းသုံး နေခဲ့တာဆိုတော့ ရိုးနေလောက်ပြီလို့ ထင်ထားတာ မနေ့ညက ဆရာတော်ဟောတဲ့ တရားကို နာကြားရတော့ ဆရာတော်ရဲ့ မရိုးနိုင်တဲ့ သဒ္ဓါတရားကို လေးစားရိုသေဖြစ်ရပါတယ်ဘုရားဟု လျှောက်ထားမိသည်။


ဆရာတော်က "တစ်နေ့မှမရိုးပါဘူး။ မြတ်စွာဘုရားကိုကြည်ညိုရိုသေစိတ်နဲ့ ဒီနေရာမှာအခက်အခဲအမျိုးမျိုး၊ ဒုက္ခအမျိုးမျိုးခံပြီး နေခဲ့တာပါ။ ဘာမှ လိုချင်တာ မရှိပါဘူး။ သာသနာပြုချင်တဲ့ဆန္ဒပဲ ရှိပါတယ်"ဟု မိန့်ကြားတော်မူပါသည်။

"သာဓု ... သာဓု ... သာဓု"

ရင်ထဲမှ လှိုက်လှဲစွာ သာဓု သုံးကြိမ်ခေါ်မိပါ၏။ ဆရာတော်ကြီးကို ရှိသေစွာ ရှိခိုးကန်တော့ပြီး ဆုတောင်းမေတ္တာလည်း ပို့မိပါ၏။

ဆရာတော် ကျန်းမာ အသက်ရှည်စွာနဲ့ သာသနာပြုနိုင်ပါစေ။

လယ်တွင်းသားစောချစ်


ဝေမိုး(ကျွန်းလှ)
အဿာတမန္တန်



ကျုပ်နာမည်က
မောင်စိတ္တ
မရှိမရှား လူတန်းစား
ထဲက ဆိုပါတော့ ...
နေတာကတော့
ဗာရာဏသီ ပြည်မှာပါ။
တက္ကသိုလ်ပြည်က
ဒိသာပါမောက္ခဆရာကြီးထံမှာ
ယောက်ျားတို့ တတ်အပ်သော
အဋ္ဌာရသပညာရပ်တွေ သင်ပြီး
မိခင်ကြီးရှိရာ ဗာရာဏသီ
ပြည်ကို ပြန်ရောက်လာသူဆို
ပါတော့ ...

**အလို...အသာတမန္တန် ပညာရပ်ဆိုပါလား။ ဒီပညာရပ်ကို သင်ယူခဲ့ဖို့ဝေးစွ၊ ကြားပင်မကြားဖူးခဲ့။ ယခုမိခင်ကြီးပြောမှသာ ကြားဖူးသော ပညာရပ်ဖြစ်သည်။ ဒါကြောင့် ...**

ရောက်တယ်ဆိုရင်ပဲ မိခင်ကြီးကိုရှိကျိုးစွာ ကန်တော့ပြီး ခါးပြန်မတ်ချိန်မှာ မိခင်ကြီးက ကျုပ်ကို စူးစူးစိုက်စိုက်နဲ့ အကဲခတ်လေ့လာနေတာကို ကျုပ်သတိပြုမိလိုက်တယ်။

"ငါ့မှာ ဘာချို့ယွင်းမှု၊ မှားယွင်းချွတ်ချော်မှုတွေရှိလို့ မိခင်ကြီးက စူးစူးစိုက်စိုက်အကဲခတ်ပြီး ကြည့်နေရတာလဲ" ဆိုတဲ့ အတွေးဝင်လာပြီး ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်မိတယ်။

တစ်ခုရှိတာက ကျုပ်တက္ကသိုလ်ပြည်ဒိသာပါမောက္ခ ဆရာကြီးထံ မသွားမီက တောသို့ဝင် မီးကို လုပ်ကျွေးပူဇော်ပြီး ဖြဟ္မာ့ပြည်ရောက်ကြောင်း အကျင့်ကို ကျင့်စေလိုတဲ့ ဆန္ဒတွေ မိခင်ကြီးထံမှာ လွန်လွန်ကဲကဲ မဟုတ်သော်မှ ရာနှုန်းတော်တော်များများ ရှိနေတာကို ကျုပ်သတိပြုမိတယ်။

ပိုမိုမြင့်မားစေလိုတဲ့ မိခင်ကြီးရဲ့ဆန္ဒကို ဆန့်ကျင်ပြီး ဒိသာပါမောက္ခ ဆရာကြီးထံ ပညာသင်ကြားဖို့ ထွက်ခွာသွားတဲ့ သားမိုက်ဆိုပြီး ရတက်ပွားလို့ အမျက်ထားနေလေသလားလို့လည်း ကျုပ် တောင်တောင်အီအီ ကြံစည်စိတ်စော အတွေးနဲ့ မောနေမိတယ်။

အဲဒီလို အတွေးနဲ့မော စိတ်သောကပင်လယ်ဝေလို့ အတွေးနယ်ချဲ့နေချိန်မှာ ...

"လူလေး" ဆိုတဲ့ မိခင်ကြီးရဲ့ခေါ်သံကြားလိုက်ရမှ အတွေးအမျှင်တွေကို ရပ်ပြီး မိခင်ကြီးကို တရိုတသေပြန်ထူးလိုက်မိတယ်။

"လူလေး ဒိသာပါမောက္ခဆရာကြီးထံ သွားပြီး ပညာသင်ကြားတာ ပညာရပ်တွေ ကုန်စင်အောင် တတ်မြောက်ခဲ့ပြီလား"

"ဟုတ်ကဲ့ ... ကုန်စင်အောင် သင်ကြားတတ်မြောက်ခဲ့ပါပြီ မိခင်"

"အသာတမန္တန်ကိုကော သင်ယူတတ်မြောက်ခဲ့ရဲ့လား လူလေးရဲ့"

အလို ... အသာတမန္တန် ပညာရပ်ဆိုပါလား။ ဒီပညာရပ်ကို သင်ယူခဲ့ဖို့ဝေးစွ၊ ကြားပင်မကြားဖူးခဲ့။ ယခုမိခင်ကြီးပြောမှသာ ကြားဖူးသော ပညာရပ်ဖြစ်သည်။ ဒါကြောင့် ...

"ဟုတ်ကဲ့ ... အဲဒီ အသာတမန္တန်ပညာရပ်ကိုတော့ သားမောင်မသင်ယူခဲ့ရပါမိခင်"

အဲဒီလို ကျုပ်က အဖြေပေးလိုက်တော့ မိခင်ကြီးက ကျုပ်ကို သဘောမကျတဲ့ ဟန်နဲ့

စိမ်းစိမ်းကြီးစိုက်ကြည့်လိုက်တာများ ကျုပ်ကြက်သီးမွေးညှင်းများတောင် ထသွားခဲ့တယ်။

"ဒီလိုဆို လူလေးက တစ်ဝက်တစ်ပျက် ခြေတစ်ပေါင်ကျိုးပညာ လောက်ပဲ သင်ကြားခဲ့ရတာကိုးကွဲ့၊ ယောက်ျားတွေအတွက် အသာတမန္တန် ပညာရပ်ကို မတတ် မြောက်ရင် ပညာစုံပြီလို့ မဆိုနိုင်ဘူး လူလေးရဲ့၊ ဒါကြောင့် အသာတမန္တန်ပညာရပ်ကို သင်ကြားဖို့ ဒိသာပါမောက္ခ ဆရာကြီးထံ တစ်ဖန် ပြန်သွားလိုက်ပါဦး လူလေးရယ်"

မိခင်ကြီးစကားဆုံးသည်နှင့် တစ်ပြိုင်နက် အချိန်မဆိုင်းဘဲ ကျုပ်အထုပ်အပိုးပြင်ပြီး တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးရှိရာကို ရောက်မဆိုက်ပြန်သွားခဲ့တယ်။

ယောက်ျားတို့ တတ်အပ်သော အဋ္ဌာရသပညာရပ်တွေကို ကုန်စင်အောင် သင်ပေးတယ်ဆိုပြီး ဒီအသာတမန္တန် ပညာရပ်ကို ဘာကြောင့် သင်မပေးရတာလဲ။ တပည့်တွေ ပင်ပန်းနွမ်းနယ်အောင် အချိန်ကုန်အောင် အခါခါ အထပ်ထပ် ပြန်ရအောင် လုပ်တာလား။ ဆရာတို့မည်သည် ဆရာစားတစ်ကွက်ချန် တတ်ကြသလား။ ဆရာ့ဝတ်ငါးပါးထဲမှာ "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်" အတတ်ပညာတွေကို တပည့်များအား မချွင်းမချန် သင်ကြားပေးရမယ်လို့ ပါနေရဲ့သားနဲ့ ဘာဖြစ်လို့ ဒီအသာတမန္တန် ပညာရပ်ကို သိဝှက်ချန်လှပ် ထားခဲ့ရတာလဲ၊ အစရှိသဖြင့်ပေါ့ဗျာ ကျုပ်လည်း ခရီးပန်းလူလည်းနွမ်းနေတော့ ဟိုတွေးဒီတွေးနဲ့ အတွေးနယ်ချဲ့မိတာပေါ့။

အတွေးမော - ရောက်လိုဇောတွေနဲ့ မနားတမ်းခရီးနှင်ခဲ့တဲ့ကျုပ်၊ တက္ကသိုလ် ပြည်က ဒိသာပါမောက္ခဆရာကြီးအိမ်ကို ရောက်တော့ ခဲလေသမျှ သဲရေကျဖြစ်ခဲ့ရပြီလေ။ နေကပူပူ၊ ခရီးဝေးဝေး၊ လမ်းကြမ်းကြမ်းက လာခဲ့ရတဲ့သူ သစ်ပင်ရိပ်တွေ့လို့ နားမယ်အလုပ် သစ်ပင်လဲပြီး သစ်ကိုင်းပိခံရသလိုမျိုး ကျုပ်အဖြစ်က ဆိုးပါတယ်။

ဆရာ့အိမ်ရောက်တော့ ဆရာက မရှိတော့ဘူး။ အနီးအနားက လူတွေမေးကြည့်တော့ ဆရာဟာ မိခင်ဖြစ်သူကို အားရပါးရပြုစုလုပ်ကျွေးဖို့အတွက်အလုပ်ကိစ္စတွေရပ်နားပြီး လူသူမနီးတဲ့တောအရပ်ကို အပြီးပြောင်းရွှေ့သွားပြီဆိုပဲ။ ကျုပ်မိခင်ကြီးရဲ့ ဆန္ဒပြည့်ဝစေဖို့ အသာတမန္တန် ပညာသင်ယူနိုင်ရေးအတွက် ကျုပ်လည်း ဆရာရှိတဲ့ အရပ်ကို မပြတ်ခရီးဆက်နှင်ခဲ့ရတော့တာပေါ့။

လူသူမနီးတောထဲတောင်ထဲ ဆရာရှိတဲ့နေရာရောက်လို့ ကျုပ်ကိုလည်းမြင်ရော ဆရာဟာအံ့သြမှု၊ ဝမ်းသာမှု နစ်ခုရောယှက်နေတဲ့မျက်နှာနဲ့ စူးစိုက်ကြည့်ပြီး ...

"သြော် ... ဟာရာဏသီက မောင်စိတ္တကိုးကွဲ့၊ ရောက်မဆိုက် ဆရာ့ထံ ပြန်လာပုံထောက်ရင် အကြောင်းထူးရှိမယ်ထင်ရဲ့"

အဲဒီလိုဆရာဖြစ်သူက လမ်းကြောင်းဖွင့် ပေးလိုက်တော့ ...

"မှန်ပါတယ်ဆရာကြီး၊ အကျွန်ုပ်၏မိခင်က အသာတမန္တန်ပညာရပ်ကို မသင်ဖူးလျှင် ပညာကိုကုန်စင်အောင် သင်ယူခြင်းမမည်ဘူး။ ဒါကြောင့်အသာတမန္တန် ပညာရပ်ကို တဖန်သွား၍သင်ယူလှည့်ဟု နိုင်းစေလိုက်သဖြင့် ဆရာကြီးထံ ပြန်လည်ရောက်ရှိ လာခဲ့ခြင်း ဖြစ်ပါတယ်"

လို့ ပြန်လည် ဖြေကြားလိုက်တယ်။

အဲဒီအချိန်မှာပဲ ဆရာကြီးဟာ နဖူးကြောများတွန့်သွားသည်ထိ မျက်မှောက်ကုတ်လိုက်ပြီး ဇရာကြောင့် ဖြူဆွတ်ပြီး ရှည်လျားလွန်းလှတဲ့ မုတ်ဆိတ်မွေးတွေကို ဘယ်ဘက်လက်နဲ့ ညင်သာစွာ ပွတ်သပ်နေတယ်။ ခဏအကြာမှာတော့ ခေါင်းကို အနည်းငယ်မော့ပြီး စူးရှတောက်ပြောင်နေတဲ့ မျက်လုံးအစုံကို (ဖွင့်သည်လည်းမဟုတ်၊ ပိတ်သည်လည်းမဟုတ်) မှေးစင်းပြီး ခေါင်းတညိတ်ညိတ်လုပ်နေတာကို တွေ့ရတယ်။ ပြုံးယောင်သမ်း၍ အဓိပ္ပါယ်များစွာပါဝင်တဲ့ စူးရှသောအကြည့်တို့ဖြင့် ကြည့်ကာ ...

"သြော် ... မောင်စိတ္တရဲ့ မိခင်က အသာတမန္တန်ပညာရပ်ကို သင်ယူဖို့ ပြန်လွှတ်လိုက်တာကိုးကွဲ့"

"မှန်ပါတယ် ဆရာကြီးခင်ဗျား"

"မောင်စိတ္တက အသာတမန္တန်ပညာရပ်ဆိုတာကိုကော သိရဲ့လားကွဲ့"

"မသိသည့်အတွက်ကြောင့် သင်ကြားခွင့်ရလျှင် သင်ယူလိုပါတယ် ဆရာကြီးခင်ဗျား"

"အေး ... သင်ရတာပေါ့ကွယ်။ အသာတမန္တန်ပညာရပ်ဆိုတာ အထူးအဆန်းတော့ မဟုတ်ပေဘူး။ မိန်းမနဲ့ပတ်သက်ပြီး ငိုကြွေးရတာတွေ၊ ပူဆွေးရတာတွေ၊ ရတက်မအေးရတာတွေ၊ တစ်သက်ဆွေးရတာတွေနဲ့ မကြုံတွေ့ရအောင် မိန်းမနဲ့ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ အကြောင်းခြင်းရာတွေ သင်ကြားပေးတဲ့ပညာရပ်ကို အသာတမန္တန်လို့ခေါ်တယ် မောင်စိတ္တရဲ့၊ လူငယ်တွေ နားလည်အောင် ပြောရရင်တော့ မိန်းမအဘိဓာန်ပေါ့ မောင်စိတ္တရယ်။ ဘယ်လိုလဲ စိတ်ဝင်စားမှုရှိရဲ့လား"

"မိခင်ကြီးရဲ့စေခိုင်းချက်နှင့်ဆန္ဒအရ အပြင်းအထန်ငြင်းဆန်လို့ မရတာမို့ အခွင့်ပေးက သင်ယူလိုပါတယ် ဆရာကြီးခင်ဗျား"

ကျုပ်ရဲ့အဖြေစကားကြားပြီး ဆရာကြီးဟာ အနည်းငယ် စဉ်းစားတွေးတောဟန်ပြုလျက် စကားပြောခြင်းကို ခေတ္တရပ်နားလိုက်တယ်။ အဲဒီနောက် တိကျပြတ်သားတဲ့ ဆုံးဖြတ်ချက်ကိုချပြီးတဲ့ အနေ

**'မိခင်ကြီးရဲ့ စေခိုင်းချက်နှင့်ဆန္ဒအရ အပြင်းအထန် ငြင်းဆန်လို့မရတာမို့ အခွင့်ပေးက သင်ယူလိုပါတယ် ဆရာကြီးခင်ဗျား'**

အထားနဲ့ သက်ပြင်းချသံတစ်ခု ကို ဆရာကြီးထံက သဲ့သဲ့လေး ကြားလိုက်ရတယ်။

"ကဲ ... မောင်စိတ္တ အသာတမန္တန်ပညာကို မသင် ကြားမီ ရှေးဦးစွာ အသက်တစ် ရာ့နစ်ဆယ်အရွယ်ရှိနေပြီဖြစ် တဲ့ ဆရာကြီးရဲ့မိခင်ကို ပြုစုပေး ရလိမ့်မကွယ့် ဟုတ်ပလား"

"မိခင်ရင်းသဖွယ်သ ဘောထားပြီး ရိုရိုသေသေပြုစု ပေးပါ့မယ် ဆရာကြီး ခင်ဗျား"

"အိမ်း ... လွယ်လွယ် လေးကတိမပေးနဲ့ မောင်စိတ္တ၊ ဆရာကြီးဟာ အရွယ်ကြီးရင့် နေပြီဖြစ်တဲ့ မိခင်ကြီးကို ကိုယ် တိုင်ရေးချိုးပေးတယ်။ အစား အစာကိုလည်း ကိုယ်တိုင်ကျွေး တယ်။ ရေကိုလည်း ကိုင်တိုင် တိုက်တယ်။ လက်.ခြေ. ကျော. ဦးခေါင်းတို့ကို ယုယကြင်နာစွာ နှိပ်နယ်ပေးရတာကလည်း နေ့စဉ်ပဲ။ အဲဒီလို မောင်စိတ္တ မညည်း မညူဆောင်ရွက်ပေး နိုင်ပါ့မလား"

"ဟုတ်ကဲ့ပါဆရာကြီး။ ဆရာကြီးနည်းတူတာဝန်မလစ် ဟင်းအောင် အစစပြုစုလုပ် ကျွေးနိုင်ကြောင်းပါ"

"ကောင်းပြီ ... မောင်စိတ္တ၊ မောင်စိတ္တ အာမခံ တာဝန်ယူပြုစုလုပ်ကျွေး နိုင်သ ပဆိုရင် ဆရာကြီးနည်းတူ မိခင် ကြီးကို ပြုစုလုပ်ကျွေးရလိမ့် မယ်။ အစားအစာတို့ကိုလည်း မစားချင် စားချင်အောင် တယု တယ ကျွေးမွေးရမယ်။ခြေ. လက်. ကျော. ဦးခေါင်းတို့ကို လည်းမနာကျင်စေဘဲ ညင်ညင် သာသာ နှိပ်နယ်ပြုစုပေးရမယ်။ အဲဒီလို နှိပ်နယ်ပြုစုပေးတဲ့ အခါမှာလည်း ငါ့ရဲ့မိခင်အိုကြီး ကိုလဲ ငါ့ကို မခွင်းမချန် ပြန်ပြော ပြရမလိမ့်မယ်။ အဲဒီအချက် အလက်တွေအားလုံးကို ပြီး မြောက်အောင်ဆောင်ရွက် နိုင်ခဲ့ရင် မောင်စိတ္တ အသာတ မန္တန်ပညာရပ်ကို သင်ယူခွင့်ရ ပါလိမ့်မယ်"

အဲဒီလို ဆရာကြီးက ရှင်းလင်းပြောကြားလာတဲ့အခါ ကျုပ်လည်း ဆရာကြီးရဲ့တောင်း ဆိုချက်အားလုံးကို တာဝန်ယူ



ဟာ အိုခြင်းဇရာကို သတိမရဘဲ အားအင်များ တက်ကြွလာစေ ရန် ငါ့မိခင်ကြီးရဲ့ခြေ လက်. ကျော. ဦးခေါင်းဆိုတဲ့ ရုပ်ဆင်း ရူပကာတို့ရဲ့တင့်တယ်လှပခြင်း ဂုဏ်ကျေးဇူးတွေကို ရှာဖွေ ပြောကြားပေးရမယ်။ အဲဒီလို မောင်စိတ္တက ပြောကြား လိုက် တဲ့အခါမှာ ငါ့မိခင်အိုကြီးက ဘယ်လို ပြန်ပြောသလဲဆိုတာ

လက်ခံလိုက်တယ်။ ဆရာကြီးရဲ့ မိခင်အိုကြီးကိုလည်း ရေချိုးပေး တာကအစ၊ အစားအစာ ကျွေး မွေးတာအလယ်၊ ကိုယ်လက်နှိပ် နယ်ပေးတာအဆုံး အားလုံးကို ကျုပ်ရဲ့မိခင်နဲ့မခြား ယုယကြင် နာစွာ လုပ်ဆောင်ပေးခဲ့ တယ်။ အဲဒီလို လုပ်ဆောင်ပေးတဲ့ အခါတိုင်း အရွယ်တင်ကြောင်း၊ အရွယ်နဲ့မလိုက်အောင် နုပျိုဆဲ

ဖြစ်ကြောင်း၊ ယခုအရွယ်တိုင် ပြေပြစ်လှပနေဆဲဖြစ်တာကြောင့် ငယ်ရွယ်နုပျိုစဉ်က ဆိုလျှင်မည်မျှထိလှပတင့်တယ်မည်ဟု ခန့်မှန်းလို့မရနိုင်အောင် ဖြစ်ရကြောင်း အစရှိသဖြင့် ပေါ့ဗျာ ကျုပ်လည်း ဆရာကြီးမှာကြားထားတဲ့အတိုင်း အရိုးမရှိတဲ့လျှာက မဟုတ်မဟတ်စကားတွေကို နေ့စဉ်ရက်ဆက် ပြောခဲ့မိတယ်ဆိုပါတော့။

အင်း ... ဒီသူငယ်ဟာ ငါ့ရဲ့ရုပ်ဆင်းအင်္ဂါတွေကို နေ့စဉ်နေ့တိုင်း ချီးမွမ်းပြောဆို အမွှမ်းတင်နေပုံထောက်ရင် ငါ့ကို သဘောကျနှစ်သက်ပြီး ငါနှင့် အတူတကွ ပေါင်းသင်း နေထိုင်လို၍ဖြစ်လိမ့်မည် ... ဟု အသိကန်း၊ အမြင်ကန်းလျက် ကိလေသာငန်းဖမ်းနေသော မိန်းမအိုကြီးက ...

"အမောင့် ငါ့အား ဤသို့ ချီးမွမ်းဂုဏ်တင်နေခြင်းသည် ငါနှင့်အတူတကွ ပေါင်းသင်း နေထိုင်လိုသောကြောင့် ဖြစ်ပါသလား"

အဲဒီလိုမိန်းမအိုကြီးက ကိလေသာဖုံး၊ သွားမရှိတော့သောအပြုံးတို့ဖြင့် အမေးရှိလာတော့ ကျုပ်ကလည်း ဆရာကြီး မှာကြားထားတဲ့အတိုင်း အလိုက်သင့် အဖြေပေးရတော့တာပေါ့။

"အို ... ရှင်မ၊ ရှင်မနှင့် ပေါင်းသင်းနေထိုင်လိုသော်လည်း ဆရာကြီးကို ကြောက်ရွံ့ခန့်ငြားရပါသည်"

"အမောင်ရယ် ဒါဘာမှ ခက်ခဲတဲ့ကိစ္စ မဟုတ်ပါဘူး။ ငါတို့နှစ်ယောက်ကြားမှာ ခလုတ်ကန်သင်းဖြစ်နေတဲ့ ငါ့သားကို သုတ်သင်ရှင်းလင်းပစ်လိုက်ပါ။ ယနေ့ကို အစပြုပြီး ငါ့သားကို ငါအလိုမရှိတော့ပြီ"

ဒီစကားသံကြားလိုက်ရတော့ ... တကယ်ပါ။ ကျုပ်ရဲ့ အသိစိတ်ထဲမှာ ကမ္ဘာကြီး အိုးထိန်းစက်ပမာ ချာချာလည်သွားတယ်။ ကမ္ဘာမီးလောင် သားကောင်ချနင်းဆိုတဲ့ ဆိုရိုးစကား ပေါ်လာရခြင်းဟာ မိဘများဟာ သူတို့ အသက်ဘေးကြုံတွေ့လာချိန်မှာ သားသမီးအသက်ကိုစတေးဖို့ဝန်မလေးဘူးဆိုတဲ့ သဘောအဓိပ္ပာယ်ဖြစ်မှာပါ။ ဒါပေမဲ့အဲဒီလိုမိဘမျိုးတစ်သိန်းမှာတစ်ယောက် ရှိကောင်းမှ ရှိမှာပါ။ အခုတော့ ကိလေသာ အလို ဆန္ဒရမ္မက် အတွက် နဲ့ အသက်တစ်ရာ့နှစ်ဆယ်အရွယ် အမယ်အိုကြီးက သူ့သားကို သတ်ဖို့သူကိုယ်တိုင်စေခိုင်းနေ

**အင်း . . . ဒီသူငယ်ဟာ ငါ့ရဲ့ရုပ်ဆင်းအင်္ဂါတွေကို နေ့စဉ်နေ့တိုင်း ချီးမွမ်းပြောဆို အမွှမ်းတင်နေပုံထောက်ရင် ငါ့ကိုသဘောကျနှစ်သက်ပြီး ငါနှင့် အတူတကွ ပေါင်းသင်းနေထိုင် လို၍ဖြစ်လိမ့်မည် . . . ဟု အသိကန်း၊ အမြင်ကန်းလျက် ကိလေသာငန်းဖမ်းနေသော မိန်းမအိုကြီးက . . .**

ပါရောလား။

"ကျွန်ုပ်အား အတတ်ပညာသင်ပေးခဲ့သည့် အနန္တဂိုဏ်းဝင် ဆရာသခင်ကို သုတ်သင်ရှင်းလင်းဖို့ဆိုတာက လက်တွေ့လုပ်ဆောင်ဖို့ကို မဆိုထားဘိ အတွေးနဲ့တောင် လုပ်ဆောင်ဖို့ မဝံ့ရဲပါရှင်မ"

"ကြောက်တတ်ရန်ကော အမောင်ရယ်၊ ဤသို့ရှိက ငါ့သားကိုငါကိုယ်တိုင်သတ်ပေးမယ်။ အမောင်ကသာ ငါ့အား စွန့်ခွာထွက်သွားခြင်း မပြုပါဘူးလို့ကတိပေးပါ"

ဆရာကြီးရဲ့မိခင် အမယ်အိုကြီးထံက ဒီစကားသံတွေကြားရတော့ ကျုပ်လေ - မိုက်ကနဲဖြစ်သွားပြီး လောကကြီးကိုတဒင်္ဂမေ့သွားခဲ့ရတယ်။ အာရုံတွေကိုစုစည်း သတိနဲ့ အနိုင်နိုင် ထိန်းချုပ်ပြီး အသိတရားတွေ ပြန်ကပ် လာအောင် အတော်ကြိုးစား လုပ်ဆောင်လိုက်ရတယ်။ အလိုဆန္ဒနဲ့ စွဲလမ်းတပ်မက်မှုရဲ့ ကြောက်မက်ဖွယ်ကောင်းပုံ၊ ကိလေသာ အလိုရမ္မက် ဖိစီးနှိပ်စက်ခြင်းခံရပါက အရာအားလုံး လုပ်ဆောင်ဖို့ ဝန်မလေးပုံ၊ မွေးရာပါ ကာမရောဂါဆိုသည်ကား ကြီးတာငယ်တာ အရွယ်အပိုင်းအခြားနဲ့ မသက်ဆိုင် သတိ၊ ပညာ ဤနှစ်ဖြာနှင့် ထိန်းချုပ်နိုင်စွမ်းရှိခြင်း၊ မရှိခြင်းက ပဓာနကျပုံ၊ ဖားကို မြွေငမ်း ဖမ်းယူကိုက်ခဲခြင်းခံရပါက ရုန်းမထွက်နိုင်သကဲ့သို့ ကိလေသာ အလိုရမ္မက် ဖမ်းဆွဲကိုက်ခဲခြင်း ခံရပါက ကောင်းသောစိတ်၊ ဖြူစင်သောဘဝများ ပျက်စီးဆုံးရှုံးနိုင်ပုံ အစရှိသဖြင့်အတွေးပေါင်းများစွာ တသီကြီးဝင်ရောက်လာခဲ့တယ်။ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းတို့နှင့်အတူ လျှံဝေကျလာတဲ့ သံဝေဂတွေကြောင့် လူ့ဘဝနဲ့ သတ္တလောကကြီးကို ငြီးငွေ့မုန်းတီးသလို ဖြစ်လာခဲ့တော့တယ်။

ကျုပ်ကတိတည်၊ တာဝန်ကျေပါတယ်။ အမယ်အိုကြီး ပြောခဲ့သမျှ စကားအားလုံးကို ဆရာကြီးကိုပြန်ပြီးပြောပြလိုက်တယ်။ ထူးခြားတာက ဆရာကြီးထံက ဘယ်လိုအံ့ဩတဲ့အမူအရာ လက္ခဏာကိုမျှ မတွေ့ရတာပါပဲ။ အလုံးစုံသော ပညာရပ်တို့ကို ကျွမ်းကျင်တတ်မြောက်ပြီးအတိုင်းတိုင်းအပြည်ပြည် အနယ်နယ် အရပ်ရပ်က တပည့်ပေါင်းများစွာကို ပညာရပ်ပေါင်းများစွာ သင်ကြားပေးနေသော ဒိသာပါမောက္ခ ပညာရှင်ကြီးပီပီ တည်ကြည်လေးနက်သော မျက်နှာထားနှင့် အရာဝတ္ထုတစ်ခုကို စူးစိုက်ကြည့်နေသည့် ဟန်ပန် အမူအရာမျိုးရှိသည်။ ရင့်ကျက်သောဣန္ဒြေ၊ တည်ငြိမ်သော အမူအရာတို့ဖြင့် ရှိနေသော ဆရာကြီးက ...



"ကဲ ... မောင်စိတ္တ ရှေ့ဆက်ပြီး ပြုလုပ်ဖွယ်ကိစ္စတွေ ရှိပေသေးတယ်။ အခု

ငါ့မိခင်အိုကြီးသက်တမ်းကို တွက်စစ်ကြည့်လိုက်တော့ ယနေ့နောက်ဆုံးဖြစ်နေတာကို တွေ့ရတယ်။ ငါ့မိခင်အိုကြီး ဘဝမကူးမီ သူလုပ်ချင်တာတွေ၊ သူဖြစ်ချင်တာတွေ လုပ်သွားစေချင် ဖြစ်သွားစေချင်တယ်။ သားတစ်ယောက်အနေနဲ့ သူ့ဆန္ဒတွေ ပြည့်အောင် ဖြည့်ဆည်းပေးဖို့ ငါ့မှာတာဝန်ရှိတယ် မောင်စိတ္တရဲ့၊ ဒါကြောင့် ငါနှင့်အရပ်၊ လုံးပတ်တူညီသော ရေသဖန်းတုံးတစ်ခုကိုရအောင် ရှာခဲ့ပါ။ ပြီးလျှင် ငါအိပ်စက်သောနေရာမှာ ချထားပြီး စောင်(အဝတ်စ)ဖြင့် လုံခြုံအောင် ဖုံးအုပ်ထားပေးပါ။ ပြီးလျှင် ကြိုးတစချောင်းသွယ်တန်း၍ အမှတ်အသားပြုထားပါ မောင်စိတ္တ၊ အချိန်တောင် အတော်လင့်သွားပြီမို့ ဆောင်ရွက်ဖွယ်ကိစ္စတွေအလျင်အမြန် လုပ်ဆောင်ပေဦးတော့"

အပျက်ပျက်နဲ့ နာခေါင်းသွေးထွက်ရမယ့်ကိန်း ကြုံပေပြီ။ အဖြစ်က မနှစ်ကနဲ့ မတူပြီဆိုတာလိုပဲ။ ဆရာကြီးနဲ့ သူ့မိခင်အိုကြီးနှစ်ဦးကြားမှာ ကျုပ်ဗျာများခဲ့ရပြီ။ ကျုပ် မိခင် သင်ကြားခိုင်းလိုက်တဲ့အသာတ မန္တန်ပညာရပ်ကိုလည်း ခချိန်ထိတစ်လုံးမှ သင်ကြားခွင့်မရသေး။ တတ်နိုင်ဘူးလေ။ "ငုတ်မိ သဲတိုင် တက်နိုင်ဖျားရောက်" ဆရာကြီးစေခိုင်းတဲ့အတိုင်း အားလုံး လစ်ဟာမှုမရှိအောင် စီမံဆောင်ရွက်ရတော့တာပေါ့။ ကြိုတင်စီမံဆောင်ရွက်ဖွယ်ကိစ္စတွေပြီးမှ ဆရာကြီးရဲ့မိခင်အိုကြီးရှိရာကို ရှေးရှုထွက် ခွာလာခဲ့တယ်။

အပျက်ပျက်နဲ့
နာခေါင်းသွေး
ထွက်ရမယ့်ကိန်းကြုံပေပြီ။
အဖြစ်က
မနှစ်ကနဲ့မတူပြီဆိုတာလိုပဲ။
ဆရာကြီးနဲ့
သူ့မိခင်အိုကြီးနှစ်ဦးကြားမှာ
ကျုပ်ဗျာများခဲ့ရပြီ။

"အမောင် ဘယ်သွားလို့ ဘာတွေလုပ်နေတာလဲ။ ငါ့အနီးအပါးက ပျောက်သွားတာ အချိန်အတော်ကြာခဲ့ပါပေါ့လား"

"ဆရာကြီးရဲ့သွားလာနေထိုင်မှု အရိပ်အချည်ကို လေ့လာနေရတာကြောင့် အချိန်ကြာသွားခဲ့ရတာပါ ရှင်မ"

"ဒီလိုဆို အမောင့်ဆရာ ငါ့သား၊ တို့နှစ်ယောက်ကြားက ခလုတ်ကန်သင်း ဒီည ဘယ်မှာရှိတယ်ဆိုတာ သိခဲ့ရပြီပေါ့ အမောင်"

"မှန်ပါတယ် ရှင်မ၊ စုံစမ်းဖွယ်ကိစ္စပြီးလို့ ကြိုတင်ဆောင်ရွက်စရာ ကိစ္စများကိုလည်း အလုံးစုံ စီမံဆောင်ရွက်ပြီးပါပြီ"

"ကောင်းတယ် အမောင်၊ ကောင်းတယ် ဒင်းမရှိမှ

ငါတို့ နှစ်ယောက် အတူနေထိုင် ပေါင်းသင်းခွင့်ရမယ် မဟုတ်လား"

"မှန်ပါတယ် ရှင်မ"

"ကဲ ... ဒီလိုဆို အချိန်ကြာညောင်း မစောင့်ကောင်းဘူးကွဲ့၊ သုတ်သင်ရှင်းလင်းဖွယ် လက်နက်နဲ့ သွားရမယ့်အစီအစဉ်ကို ငါ့ပြောပေတော့"

"ဒါကတော့ သတ်ဖြတ်ဖို့ ပုဆိန်ပါ ရှင်မ။ ဟောဒီကြိုးအမှတ်အသားကို ကိုင်ပြီး သွားပါက ကြိုးဆုံးလျှင် ဆရာကြီး အိပ်စက်ရာနေရာ ရောက်ပါလိမ့်မယ်။ ဒါနဲ့ ရှင်မရယ် ကိုယ့်သားကို ပြန်သတ်ရတယ်ဆိုတာကြီးက ..."

"ဒါထူးဆန်းတဲ့ ကိစ္စတစ်ခုမဟုတ်ပါဘူး အမောင်။ သတ္တဝါတစ်ခု ကံတစ်ခု မဟုတ်လား။ အမောင့်ဆရာကြီးဟာ ဒီနေ့ သေနေ့စေ့လို့ သေရတယ်လို့ ကံကိုပုံလိုက်ပေါ့ကွယ်။ ကံယုံတော့ အမောင်နဲ့ရှင်မတို့ အမှန်ဆုံနိုင်ပြီပေါ့"

"ရှင်မပြောတာ မှန်ပါတယ်"

"မှန်တာက အရေးမကြီးဘူး အမောင်။ မှန်တာက အရေးမကြီးဘူး။ ငါ့သားကို သတ်ပြီးကာမှ အမောင်က စွန့်ခွာထွက်သွားခဲ့ရင် ရှင်မ အခက်တွေနဲ့ ရတက်ပွေရလိမ့်မယ်"

"စိတ်ချပါ ရှင်မ။ ရှင်မ အခက်လည်း မရစေရ၊ ရတက်လည်း မခစေရ ပါဘူး"

အမယ်အိုကြီးဟာ ကျုပ်နဲ့စကားလက်စပြီးပြတ်တာနဲ့ မာန်ပါပါနဲ့ ပုဆိန်ကို ကိုင်လိုက်တယ်။ ပြီးတော့ မတ်တပ်ထရပ်ပြီး လက်တစ်ဖက်က ကြိုးအမှတ်အသားကို ကိုင်လို့ ဆရာကြီးရှိရာကို လေးလံဖြေးညင်းသော ခြေလှမ်းတွေနဲ့ တစ်ရွေ့ရွေ့သွားနေတယ်။ အမှတ်အသားပြုထားတဲ့ ကြိုးဆုံးလို တဲအိမ်အတွင်းရောက်တော့ အိပ်စက်နေသော လူပုံပန်းသဏ္ဍာန်ကို လက်နဲ့စမ်းသပ်တွေ့ရ တယ်ဆိုရင်ပဲ အမယ်အိုကြီးဟာ သူ့သားတည်းဟူသော



အမှတ်သညာဖြင့် ဦးခေါင်းပိုင်း ဆီမှန်းပြီး ပုဆိန်နဲ့ အားကုန် ပေါက်ချလိုက်တော့တယ်။

"ဒုန်း"

ဆိုတဲ့အသံ ပေါ်ထွက်လာတာနဲ့တပြိုင်နက် သူ့သားမဟုတ် သစ်သားတုံးသာ ဖြစ်တယ်လို့ ချက်ချင်းသိသွားတယ်။ ဘယ်လိုဖြစ်တာလဲ။ အမှတ်များ မှားနေရော့သလား။ အဲဒီလို ဇဝေဇဝါနဲ့ အတွေးပွားနေစဉ်မှာပဲ နောက်ကျော ဘက်ဆီက အသံတစ်ခု ထွက်ပေါ်လာခဲ့တယ်။

"အို ... ကျေးဇူးကြီးသော မိခင်ကြီး၊ ညဥ့်နက်သန်းခေါင် မှောင်နင့်မည်းမည်း အမှိုသဟဲပြုစရာကြိုးကို အမှတ်အသားပြုပြီး သားဖြစ်သူထံကို အဘယ်အကြောင်း ကိစ္စရှိလို့

ရောက်လာပါသလဲ"

ဒါ ငါ့သားရဲ့အသံပဲ၊ ငါ့ရဲ့မကောင်းတဲ့အကြံအစည်တွေအားလုံးကို ငါ့သားသိသွားပေပြီလို့ ကြီးစွာသော စိတ်မကောင်းမှု၊ နှောင်းနောင်တဖြစ်မှုတွေနဲ့အတူ မိခင်အိုကြီးဟာမတ်တပ်ကလဲလို့သေပွဲဝင်သွားခဲ့လေပြီ။

အဖြစ်အပျက်အလုံးစုံကို အကုန်မြင်တွေ့လိုက်ရတဲ့ကျုပ်၊ ထိတ်လန့်တုန်လှုပ်သွားတယ်။ အသက်တစ်ရာ့နှစ်ဆယ်အရွယ်ရောက်ခါမှ ဝေဒနာအသစ် ပြန်ဖြစ်နေတာကိုတွေ့ရတော့ ကိလေသာရမ္မက်မီးဆိုတာက သတိ၊ ပညာနဲ့ မဖျက်ဆီးနိုင်သမျှ လောင်ပြီးရင်းလောင်လောင်လို့မဆုံးနိုင်တဲ့ အပြင်းထန်ဆုံး၊ အပူဆုံးမီးပါလားလို့ သိလိုက်ရတယ်။ လောင်မြိုက်စရာ ကိလေသာ အာသဝေါတရားဆိုတဲ့ လောင်စာတွေရှိနေသေးတဲ့ ငါသည်လည်းပဲ တစ်နေ့ ဝါးမြိုလောင်မြိုက်ခြင်းခံရဦးမှာပဲလို့ ဆင်ခြင်သုံးသပ်မိလိုက်တယ်။ အဲဒီလို မယုံနိုင်စဖွယ် ထိတ်လန့်တုန်လှုပ်ချောက်ခြားဖွယ် အဖြစ်အပျက်တွေကြည့်ပြီးကယောင်ချောက်ခြားနဲ့ အတွေးရေယာဉ်ကြောမျှောနေစဉ်မှာပဲ ...

"ကဲ ... မောင်စိတ္တ၊ အဖြစ်အပျက်တွေ အားလုံးမြင်လိုက်ရဲ့မဟုတ်လား"

"ဟုတ်ကဲ့ ... မြင်လိုက်ရပါတယ် ဆရာကြီးခင်ဗျား"

"အေး ... ကိလေသာအပူမီးဆိုတာ သတိ၊ ဉာဏ်ပညာနဲ့ တားဆီးနိုင်စွမ်းမရှိတဲ့ ရဟန်းရှင်လူကြီးငယ်ရွယ်လတ် ပုဂ္ဂိုလ်တိုင်းကို လောင်မြိုက်ဝါးမြိုနေဦးမှာပဲကွယ့်၊ ပြင်ပဗဟိဒ္ဓက မီးဘေးအန္တရာယ်ကို ရေ၊ သဲ အစရှိတဲ့ အရာဝတ္ထုတွေနဲ့ တားဆီးကာကွယ်ရသလို၊ အတွင်းအဇ္ဈတ္တသန္တာန်မှာ လောင်မြိုက်တတ်တဲ့ အလိုရမ္မက်တည်းဟူသော ကိလေသာ အပူမီးကိုလည်း သတိ၊ ဉာဏ်ပညာနဲ့တားဆီးကာကွယ်ပြီး ဝိပဿနာပညာ၊ မဂ်ပညာတို့နဲ့ အပြီးတိုင် ငြိမ်းသတ်နိုင်မှ လောင်စာသိမ်းလို့ မီးငြိမ်းပြီး အအေးဓာတ်တွေ ကိန်းနိုင်မှာကွယ့်။ အခုဖြစ်ပျက်ခဲ့တဲ့ ကိစ္စမှာ ဘယ်သူ့မှာမှ အပြစ်မရှိပါဘူး။ ကိလေသာအလိုရမ္မက်က သူ့တာဝန်ကျေအောင် သူ့အလုပ် သူလုပ်သွားတာပဲ မောင်စိတ္တရဲ့။ ကိလေသာက ငါ့ကို မွေးမြူထားရင် ငါ့ကို အလို

**'အေး... ကိလေသာအပူမီးဆိုတာ သတိ၊ ဉာဏ်ပညာနဲ့ တားဆီးနိုင်စွမ်းမရှိတဲ့ ရဟန်းရှင်လူကြီးငယ်ရွယ်လတ် ပုဂ္ဂိုလ်တိုင်းကို လောင်မြိုက်ဝါးမြိုနေဦးမှာပဲကွယ့်၊ ပြင်ပ ဗဟိဒ္ဓက မီးဘေးအန္တရာယ်ကို ရေ၊ သဲ အစရှိတဲ့ အရာဝတ္ထုတွေနဲ့ တားဆီးကာကွယ်ရသလို...'**

လိုက်ရင်ငါကဒီလိုပြုလုပ်တတ်တယ်ဆိုတာကို ပြသလိုက်တာပဲကွယ့်။ အဲဒီတော့ ပူလောင်မှုပြင်းထန်လွန်းလှတဲ့ကိလေသာအပူမီးတွေကို တားဆီးနိုင်သမျှတားဆီး၊ ကြားမီးဆိုတာ မရှိစေနဲ့ပေါ့ကွယ်။ ငါ့ရဲ့မိခင်အိုကြီးဟာ ဒီနေ့ ဒီအချိန် ဒီနေရာမှာ မသေဆုံးခဲ့ရင်လည်း သူနေတဲ့နေရာမှာ ဒီနေ့ ဒီအချိန် သေဆုံးရမှာပါပဲ။ အကြောင်းက သူ့သက်တမ်းက ကုန်ဆုံးနေပြီမို့ပဲ။ ကဲ ... မောင်စိတ္တလည်း မောင်ရင့်မိခင်ကြီးရှိရာ ဗာရာဏသီ ပြန်လိုက ပြန်နိုင်ပါပြီ"

အင်း ... ဒီတစ်ခါမှ ခက်ပေပြီ။ ဆရာကြီးက ကျုပ်ကို အပြန်ခိုင်းနေပြီ။ ကျုပ် မိခင်ကြီးအသင်ခိုင်းလိုက်တဲ့ အသာတမန္တန်ပညာရပ်ကိုလည်း ဘာတစ်လုံးမှ သင်ယူရခြင်း မရှိသေးချေ။ ဆရာကြီးက သူ့မိခင်အိုကြီးကိုပြုစုလုပ်ကျွေးပြီးလျှင် သင်ပေးမယ်လို့ ပြောထားတာမေ့များနေရော့သလား။ ကျုပ်လာရင်း ရည်ရွယ်ချက်ကိုတော့ အပျက်ခံလို့မဖြစ်ဘူး။ ဆရာကြီးကို သတိပေးဦးမှပဲ။

"ဆရာကြီးခင်ပျား၊ အသာတမန္တန်ပညာရပ်ကို သင်ပေးဖို့ ကျန်ရှိနေပါသေးတယ်"

"သြော် ... မောင်စိတ္တကသဘောမပေါက်သေးဘဲကိုးကွယ့်။ အသာတမန္တန်ပညာဆိုတာ တသီးတခြားရှိနေတာမျိုးမဟုတ်ပေဘူး။ မိန်းမတွေဟာ "အသာတ"မည်တယ်။ အပြစ်ရှိတယ်ပေါ့ကွယ်။ သူတော်ကောင်းတရားကြိုးစားအားထုတ်ကြမယ့် ယောကျ်ားတွေအတွက် မိန်းမတွေဟာ "အသာတ"တွေပဲ။ အပြစ်ရှိကြတယ်။ မောင်စိတ္တရဲ့ မိခင်ကြီးက မောင်စိတ္တကို တောရပ်မှီးပြီးတစ်ဦးတည်းရသေ့ရဟန်းပြုလို့ တရားဓမ္မအားထုတ်စေလိုတယ်။ ဒါကြောင့် မိန်းမတို့ရဲ့အပြစ်တွေကိုသိရအောင်ဆရာ့ထံလွှတ်လိုက်တာပဲ။ အခု မောင်စိတ္တ မျက်မြင်ပဲ မဟုတ်လား။ အရွယ်လွန်အိုမင်းမစွမ်းဖြစ်နေသည့်အချိန်ထိ အပြစ်တွေ တစ်ပုံတစ်ပင်ရှိနေတဲ့အခြင်းအရာကို၊ ကဲ ... ဒီတော့ မောင်စိတ္တရယ် မိန်းမတွေရဲ့အပြစ်ကို မြင်အောင်ကြည့်၊ သိအောင်လုပ်နိုင်ပြီဆိုရင် အသာတမန္တန်ပညာရပ်ကို ကျွမ်းကျင်တတ်မြောက်သူဖြစ်သွားပါပြီ။ အချိန်မလင့်ခင် သင့်မိခင်ကြီးရှိရာ ပြန်ပေတော့မောင်စိတ္တ"

သြော် ... အသာတမန္တန်ဆိုတာက အထူးအဆန်းမဟုတ်ပါလား။ သူတော်ကောင်းအလုပ် ကြိုးစားအားထုတ်လိုသော ယောကျ်ားတွေအတွက် မိန်းမတွေဟာ ကြီးစွာသော အနှောင့်အယှက် အတားအဆီးအပြစ်တွေဖြစ်တယ်။ ရသေ့ရဟန်းပြု၍ သူတော်ကောင်းတရား အားထုတ်စေလိုသောကျုပ်မိခင်ကြီးက မိန်းမတွေရဲ့ အပြစ်အနာဆာတွေသိပြီး တောရပ်ခိုမှီး တစ်ကိုယ်တည်း နေချင်လာအောင် အသာတမန္တန်ပညာကိုသင်ချေဆိုပြီး တစ်ဖက်လှည့်နဲ့ လွှတ်လိုက်တာပါလားလို့ ကျုပ် ပြတ်ပြတ်ထင်ထင် သိမြင်လိုက်ရပါပြီ။ အဲဒီ အသိအမြင်နဲ့အတူ ပီပြင်ပြတ်သားသော ဆုံးဖြတ်ချက်ကိုလည်း ရဲရဲဝံ့ဝံ့ ချမှတ်လိုက်ပါတော့တယ်။

*(မှတ်ချက် -*
*ဇာတကပါဠိ၊ အဋ္ဌကထာ၊*
*အသာတမန္တဇာတ်ကိုမှီငြမ်းကိုးကား၍*
*ဦးတည်ချက်မပျက်အောင်*
*ချယ်မှုန်းရေးဖွဲ့ပါသည်။)*

ဝေမိုး(ကျွန်းလှ)


# ဘုရားလည်နှင့်ဘုရားဖူး




ဗုဒ္ဓစကား

ချစ်သားအာနန္ဒာ... နောင်အခါ သဒ္ဓါတရားရှိကုန်သော ရဟန်း ရဟန်းမ ဒါယကာ ဒါယကာမတို့သည် ဘုရားရှင်မွေးဖွားရာ လုမ္ဗိနီဌာန၊ ဘုရားအဖြစ်သို့ရောက်ရာမဟာဗောဓိဌာန၊ ဓမ္မစကြာ ဟောကြားရာ မိဂဒါဝုန်ဌာန၊ ပရိနိဗ္ဗာန်စံရာ ကုသိနာရုံဌာနသို့ လာရောက်ဖူးမြော်ကြလိမ့်မည်။

ချစ်သားအာနန္ဒာ... ထိုသံဝေဇနိယ (၄)ဌာန စေတီပုထိုးတို့ကို ဖူးမြော်လှည့်လည်သွားလာကြကုန်သော ဘုရား



ဖူးသူတို့သည်ကြည်ညိုစိတ်ဖြင့် ကွယ်လွန်ကြကုန်လျှင် နတ်ပြည်သုဂတိသို့ ရောက်ကြရကုန်လတ္တံ့။

(မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်)

ဘုရားဖူးသွားနည်း (၂) မျိုး

ဤမဟာပရိနိဗ္ဗာနသုတ်ပါဠိတော်လာ ဘုရားစကားတော်အရ ကမ္ဘာအရပ်ရပ်မှ ပရိသတ်တို့သည် သံဝေဇနိယ (၄)ဌာနကို ဖူးမျှော်ကြရန် စိတ်ရည်သန်ပြီးအိန္ဒိယနိုင်ငံ နီပေါနိုင်ငံတို့သို့ သွားကြသည်၊ ဤသည်ကိုပင် ဗုဒ္ဓဂယာဘုရားဖူးသွားသည်ဟု ဆိုရသည်၊ ဘုရားဖူးသွားရာ၌အကျိုးမများသော ဘုရားဖူး သွားနည်းနှင့် အကျိုးများသော ဘုရားဖူးသွားနည်းဟူ၍ (၂)မျိုးကွဲပြားသည်၊ ထို(၂)မျိုးတွင် အကျိုးမများသောဘုရားဖူးသွားနည်းကို "ဘုရားလည်" ဟုခေါ်ကြပြီး အကျိုးများသော ဘုရားဖူးသွားနည်းကိုမှ "ဘုရားဖူး" ဟုဆိုကြသည်။

ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားရောက်ခွင့်ရဖို့မှာ အကြောင်းတရားတွေ ညီညွတ်ပေါင်းဆုံမှသာ ဖြစ်နိုင်ပါသည်၊ အကြောင်းတရားတို့ မညီညွတ်မပေါင်းဆုံလျှင် မည်သို့ပင်သွားချင်သည် ဖြစ်စေ မည်မျှပင်ချမ်းသာ ကြွယ်ဝသည်ဖြစ်စေ ဗုဒ္ဓဂယာသို့ မရောက်နိုင်ပါ၊ ဤစာရေးသူနှင့် ရင်းနှီးသောဒါယိကာမတစ်ဦးဆိုလျှင် စာရေးသူကခေါ်သဖြင့် ငွေကြေးချမ်းသာ ကြွယ်ဝပြီး

**ဖူးမျှော်ရမည့် သံဝေဇနိယ နေရာထူး နေရာမြတ်သို့ ရောက်ရှိနေပါပြီ၊ ပုဆိန်ပေါက် ဦး(၃)ကြိမ်တော့ချလိုက်သည်၊ ဂိုက်ပုဂ္ဂိုလ်က နေရာထူးနေရာမြတ်၏ သမိုင်းကြောင်းကို ရှင်းပြလျက်ရှိသည်၊**

အလွန်လိုက်ချင်ပါသော်လည်း အကြောင်းမညီညွတ်သဖြင့် ယခုအချိန်ထိ မလိုက်နိုင်ရှာပေ၊ စာရေးသူကား အကြောင်းညီညွတ်သဖြင့် (၅)ကြိမ်တိုင် တိုင်ရောက်ခဲ့ရသည်၊ အကြောင်းတရားတို့ဟူသည် အလွန်ဆန်းပြင်းပြခြင်း၊ စီးပွားရေးငွေ ကြေးပြေလည်ခြင်း၊ ကျန်းမာ ရေးကောင်းမွန်ခြင်း၊ လိုက်ပါနိုင်ဖို့အချိန်ပေးနိုင်ခြင်း၊ ကုသိုလ်ကံပါရှိခြင်းစသော အကြောင်းတရားတို့ ဖြစ်ပေသည်။

ယင်းသို့သော အကြောင်းတရားတို့ ပေါင်းဆုံညီညွတ်ပါမှ ဗုဒ္ဓဂယာသို့ သွားခွင့်ရကြသဖြင့် အလွန်ရခဲလှသည့် အခွင့်အရေးပင်ဖြစ်သည်၊ ထိုရခဲလှသော အခွင့်အရေးကို ပေါ့ပေါ့တန်တန် သဘောမထားပဲ လေးလေးနက်နက် တန်ဖိုးထားရန် လိုအပ်လှပေသည်။

ဘုရားလည်များ

သို့သော် သွားသည့် ပုဂ္ဂိုလ်တိုင်းလေးလေးနက်နက် တန်ဖိုးထားကြပါသလား . . ။ တချို့ကား စတိုင်လ်ဖြင့် သာမန်အလည်အပတ် ခရီးစဉ်မျိုး သဘောထားကာသွားကြ၏၊ တချို့ကလည်း စပွန်ဆာပေးပြီး အပို့ခံရသဖြင့် ဒေသန္တရဗဟုသုတရှာမှီးရန် ပုံစံမျိုးဖြင့် လှည့်ပတ်ကြ၏၊ တချို့ကမူ ဘုရားဖူးရင်း လိပ်ဥတူးဆိုသည့် စကားအတိုင်း ပစ္စည်းဝယ်ထွက်သည့်ပုံစံမျိုးဖြင့် သွားလာကြ၏၊ ထို့အပြင် တစ်နေရာမှ တစ်နေရာသို့ သွားကြရာ ကားပေါ်တွင် ရဟန်းသံဃာနှင့် အရွယ်ကြီးသူတို့ကို ဦးစားမပေးပဲ ထိုင်ခုံနေရာလုကြ၏၊ တည်းခိုသည့် ကျောင်းသို့ ရောက်လျှင်လည်း နေရာအခန်းလုကြပြန်၏၊ ဂုဏ်တုဂုဏ်ပြိုင် ဝတ်စားရုံမျှမက ဈေးဝယ်ရာ၌ပင် ပြိုင်လိုက်ကြသေး၏။

ဖူးမျှော်ရမည့် သံဝေဇနိယ နေရာထူး နေရာမြတ် သို့ ရောက်ရှိနေပါပြီ၊ ပုဆိန် ပေါက် ဦး(၃)ကြိမ်တော့ ချလိုက်သည်၊ ဂိုက်ပုဂ္ဂိုလ်က နေရာထူးနေရာမြတ်၏သမိုင်းကြောင်းကိုရှင်းပြလျက်ရှိသည်၊ သို့သော် တချို့ဘုရားဖူးပုဂ္ဂိုလ်တို့ကား စကားပြောနေကြ၏။ တချို့က ဓာတ်ပုံရိုက်နေကြပြီး တချို့က အလှဓာတ်ပုံ အရိုက်ခံနေကြ၏၊ ထိုအခါ တိုးအဖွဲ့က ပင့်ထားသဖြင့် ဂိုက်လုပ်နေသော တက္ကသိုလ်တစ်ခုမှစာသင်သား



ဦးပဥ္စင်းတပါးသည် စိတ်ဆိုးပြီး ဤသို့ပြောချလိုက်တော့၏။

“ဂိုက်က ကျုပ်ပါဗျ၊ ကျုပ်ပြောတာကို နားထောင်ကြမှာလား၊ ခင်ဗျားတို့ဘာသာ စကားပြော နေကြမှာလား”

ဤသို့သော မြန်မာဘုရားဖူးအဖွဲ့၏ မြင်ကွင်းမှာ အလွန်ရှက်စရာ ကောင်းလှပါသည်၊ ထိုင်း၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ ဂျပန်စသော ဘုရားဖူးအဖွဲ့တို့မှာ သူတို့ဂိုက် ပြောသည့်စကားကို ရိုသေငြိမ်သက်စွာ နားထောင်ကြ၏။ ဂိုက်ရှင်းပြပြီးမှ စကားပြောကြ ဓာတ်ပုံရိုက်ကြသည်မှာ အတုယူစရာ ကောင်းလှသည်။

ဤသို့သော ဘုရားဖူးပုဂ္ဂိုလ်မျိုးကို တက္ကသိုလ်စာသင်သားသံဃာတို့က “ဘုရားလည်”ဟုဆိုကြသည်၊ စာရေးဆရာကြီးအီကြာကွေးကလည်း စာပေဟော ပြောပွဲတပွဲတွင် ပြောပြခဲ့ ဖူးသည်။

“ဘုရားမြတ်ထံပါးဝယ် လျှောက်လယ်ကြတယ်၊ နစ်ယောက်သားတွဲလို့ ယှဉ်ပြိုင်ပေါ်ဝယ်၊ ဘဝသံသရာအဆက်ဆက် မပျက်တမ်းပေါင်း ပေါင်းရစေသားလို့ ဆုပန်ရွယ်ကြသေးတယ်၊”

အထက်ပါ အဆိုတော်ထားရဲ့ “သံသရာတကွေ့ဝယ်”သီချင်းကို ဆိုပြပြီး ယင်းသီချင်းထဲမှ “ဘုရားမြတ်ထံပါးဝယ် လျှောက်လယ်ကြတယ်” ဆိုတဲ့စာသားအတိုင်း ဘုရားမဖူးပဲ ဘုရားအနီးအပါးမှာ လျှောက်လယ်ကြတယ်၊ ဘုရားလယ်ကြတယ်ဟူ၍ ပြောပြခဲ့လေသည်။

ယင်းသို့သော “ဘုရားလည်ပုဂ္ဂိုလ်များ”ကွယ်လွန်လျှင် သံဝေဇနိယ (၄)ဌာနကို ဖူးမျှော်ခဲ့ပြီးသား ဗုဒ္ဓဂယာ ပြန်ပင်ဖြစ်သော်လည်း အပါယ် မပိတ်ပါ၊ သေခါနီးဝယ် ဖြစ်ပေါ်သည့်စိတ်အား ကံအားလျော်စွာ ဆိုင်ရာဘုံဘဝသို့ ရောက်သွားပါလိမ့်မည်၊ ဤသည်ကို မသိရှာသော စာနယ်ဇင်းသမားတစ်ဦး ပြောသောစကားမှာ ...

“ကျွန်တော်တို့တော့ ကုမ္ပဏီတစ်ခုက ပို့ပေးလို့ ဗုဒ္ဓဂယာကိုရောက်ခဲ့ပြီ၊ တလမ်းလုံးပျော်လိုက်တာဗျာ၊ ဗုဒ္ဓဂယာက ပြန်လာပြီမို့ အပါယ်လဲ ပိတ်သွားပြီဗျာ” ဟူ၏။

ဘုရားဖူးပုဂ္ဂိုလ်

အကျိုးမျှောသော

ဘုရားဖူးသွားနည်းဟူသည် အဘယ်ပါနည်း...၊ ဆိုခဲ့ပြီးသော အကြောင်းတရားတို့ ပေါင်းဆုံညီညွတ်ပါမှ ဗုဒ္ဓဂယာသို့ သွားနိုင်ကြသဖြင့် သွားခွင့်ရသော ပုဂ္ဂိုလ်တို့သည် ကံထူးရှင် ကုသိုလ်ရှင်တို့ ဖြစ်ကြသည်၊ ထိုကံထူးရှင်တို့သည် ဗုဒ္ဓဂယာ ဘုရားဖူး ခရီးစဉ်ကို ပေါ့ပေါ့တန်တန် မသွားကြပေ၊ မသွားခင် တစ်လလောက်ကပင် ကြိုတင်၍ ကုသိုလ်ကောင်းမှု ပြုမည့် အစီအစဉ်ကို ကြိုတင် ရေးဆွဲကြ၏၊ ဘုရားဖူးသွား သည့်အခါမှာလည်း လေးလေးနက်နက် တန်ဖိုးထားလျက် ကုသိုလ်ကောင်းမှုကို ပြုကြ၏။

အနာထပိဏ် သူဌေးသည် ရာဇဂြိုဟ်မြို့ သီတဝန တောရကျောင်း၌ သီတင်းသုံးသည့် ဘုရားရှင်ထံသို့ သွားရာ၌ "" ဗုဒ္ဓေါ ဗုဒ္ဓေါ =မြတ်စွာဘုရား မြတ်စွာဘုရား"" ဟူ၍ ရွတ်ဆိုပြီး ဘုရားဖူးသွားခဲ့လေသည်၊ မဟာကပ္ပိနမင်းကြီးကား ဂုဏ်တော်(၉)ပါးထဲမှ ""သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်""ကို ရွတ်ပွားလျက် သစ္စာပြု၍ ဘုရားရှင်ရှိရာ သာဝတ္ထိပြည်သို့ ဘုရားဖူးသွားခဲ့ပေသည်၊ ရှေးဆရာတို့ကမူ ဘုရားဖူး သွားရာ၌ ဤသို့သော စိတ်ထားဖြင့် ဆင်ခြင်လျက် သွားကြပါသည်။

ဣတိ ဝဏ္ဏကေန သီလေန၊ ဈာနာ ဉာဏာ သမင်္ဂိနံ။
သဒေဝလောက ပူဇေယျံ၊
ပသိဒိဿာမိ အဟံ ဇိနံ။

အတုမရှိသော ရုပ်ရည် အဆင်းတော်၊ စတုပါရိသုဒ္ဓိ သီလတော်၊ ဈာန်သမာပတ်တော်၊ ဉာဏ်ပညာ ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော နတ်လူပြဟ္မာသတ္တဝါတို့ အမြဲမပြတ် ပူဇော်အပ်သည့် ငါးမာန်အောင်မြင် ဘုရားရှင်ကိုဂုဏ်း၊ ထိုဘုရားရှင်၏ ရုပ်ပွားဆင်းတုဥဒ္ဒိဿစေတီ၊ ဝဇိရစိန်ကဲ့သို့ မပြိုကွဲနိုင်သော ဓာတုစေတီ၊ သုံးဆောင်ခဲ့ရာပရိဘောဂစေတီ၊ ခြေတော်ချခဲ့ရာ ပါဒစေတီတော်ကို ရှေးကံ ထောက်မလို့ ဖူးတွေ့ရပေတော့မည်တကား ။

ယခုခေတ်တွင် တစ်နေရာမှတစ်နေရာသို့ ကားဖြင့်စထွက်ရာ၌ ဘုရားဖူးများ ခရီးသွားအန္တရာယ်ကင်းရန် ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေတို့ကို သံပြိုင်ညီညာရွတ်ဆိုခါ သွားကြသည်မှာ အလွန်ကောင်းလှပါသည်၊ ကားဘီးစ


**ကံထူးရှင်တို့သည် ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်ကို ပေါ့ပေါ့တန်တန် မသွားကြပေ၊ မသွားခင် တစ်လလောက်ကပင် ကြိုတင်၍ ကုသိုလ်ကောင်းမှု ပြုမည့်အစီအစဉ်ကို ကြိုတင်ရေးဆွဲကြ၏၊ ဘုရားဖူးသွားသည့်အခါ မှာလည်း လေးလေးနက်နက် တန်ဖိုးထားလျက် ကုသိုလ်ကောင်းမှုကိုပြုကြ၏။**

လိုမ့်တိုင်း လိုမ့်တိုင်း အားလုံး ရွတ်ဆိုသင့်ပါသည်၊ တိုးအဖွဲ့က စီစဉ်ပေးလို့သာ ရွတ်ဆိုရတာဟု သဘောမထားပဲ ဘုရားဖူးများကိုယ်တိုင်ကပင် စိတ်ပါလက်ပါ ရွတ်ဆိုထိုက်ပေသည်၊ စာရေးသူတို့အဖွဲ့ ဘုရားဖူးသွားစဉ်ကလည်း ခရီးသွားအန္တရာယ်ကင်း ဘုရားရှိခိုး မေတ္တာပို့အမျှဝေတို့ကို ရွတ်ဆိုကြပါ၏၊ သို့သော် ကားဘီးသည် နေရာသုံးနေရာတွင် သုံးကြိမ်တိုင်တိုင် ပေါက်သွား၏၊ ထိုအခါ စစ်တွေမြို့မှ ဘုရားဖူး ဦးကျော်သိန်းအောင်သည် နေရာမှထကာ ဤသို့အော်ပြောပါတော့သည်၊

""ဒီဘုရားဖူးတွေထဲမှာ တချို့ပုဂ္ဂိုလ်တွေ ဘုရားစာကို မရွတ်ကြဘူး၊ မပြောချင်လို့ကြည့်နေတာ၊ သိတယ်နော်၊ စိတ်ပါလက်ပါအားလုံးပဲရွတ်ဆိုကြပါ""

ဦးကျော်သိန်းအောင်သည် ကားစီးရင်း ဘုရားစာကို ရွတ်ဆိုရသည့်အခါတွင် စိတ်ပါလက်ပါ ရွတ်ဆိုပါသည်၊ ရောက်သည့် ဘုရားစေတီနေရာတိုင်း နေရာတိုင်းမှာ ဂိုက်က သူ့နေရာနှင့်သူ လိုက်ဖက်သော ဘုရားရှိခိုးများ သံဝေဂစာများကို ရွတ်ဆိုစေလျက် မေတ္တာပို့ အမျှဝေစေသည်ကိုလည်း ထက်သန်စွာ လိုက်ပါပြုလုပ်လေ့ရှိသည်၊ ဂိုက်ကရှင်းပြသည့်အခါ ရှိသေငြိမ်သက်စွာ နားထောင်ရုံမျှမက သူ့ရဲ့ကက်ဆက်လေးဖြင့် ပင်ဖမ်းယူအသံသွင်းထား လိုက်သေး၏၊ ကားပေါ်မှာ ဘုရားစာ ရွတ်ပြီးတဲ့အခါ ပြန်လည်နားထောင်သည်ကို တွေ့ရသည်၊ ရောက်လေရာ နေရာတိုင်းမှာလည်း တရားထိုင်ပါသည်၊ ဗုဒ္ဓဂယာတွင်မူ ဒုလ္လဘရဟန်းပင် ဝတ်လိုက်သေး၏၊ စာရေးသူက ပရိက္ခရာလှူဒါန်းခွင့်ရပါသည်။

ဦးကျော်သိန်းအောင်၏ ဗုဒ္ဓဂယာဘုရားဖူး သွားခြင်းကား အနာထပိဏ်သူဌေးကြီးကဲ့သို့အကျိုးများသော ဘုရားဖူးသွားနည်းပင်ဖြစ်သည်၊ ခြေတစ်လှမ်း ခြေတစ်လှမ်းသည် ကုဋေတစ်သန်းတန်ပေသည်၊ ခြေလှမ်းတိုင်း လှမ်းတိုင်း ကုသိုလ်တရားပေါင်း (၅၆)ပါးတို့ကို ရရှိနေပေသည်၊ ဤသို့သော ဘုရားဖူးသွားနည်းကို ရည်ရွယ်၍ သိဝနတ်ဘီလူးက အနာထပိဏ်သူဌေးကြီးအား အောက်ပါ



အတိုင်း တိုက်တွန်းထားခြင်း ဖြစ်ပေသည်။

သတ်ဟတ္ထီ သတ်အဿာ၊
သတ်အဿတရီရထာ။
သတ်ကညာသဟဿာနိ၊
အာမုက္ကမဏိကုဏ္ဍလာ။
ကေဿ ပဒဝီတိဟာရဿ၊
ကလံ နာဂ္ဃန္တိ သောဠသိံ။

"" အို - အနာထပိဏ် သူဌေးကြီး - - မင်းထိုက်စိုးတန် အမျိုးမှန်သည့် အဖိုးတန်ရတနာ သချာတွက်ကိန်း ဆင်တစ်သိန်း မြင်းတစ်သိန်း အဿတိုရ်မြင်းကဆင်ထားသည့် ရထားတစ်သိန်းတို့သည်၎င်း၊ ပတ္တမြားနားဋောင်း သွယ်ပြောင်းစုံလင် တန်ဆာဆင်ထားသော အပျိုစင် အမျိုးသမီး တစ်သိန်းသည်၎င်း၊ မြတ်စွာဘုရားရှင်ထံသို့ အရောက်သွားမည့် အရှင်သူဌေးကြီး ခြေတစ်လှမ်း၏ နစ်ရာ့ ငါးဆယ်ခြောက်စိတ် စိတ်၍ တစိတ်ကိုမှ မထိုက်တန်မမီကြပေ၊ အို - အနာထပိဏ် သူဌေးကြီး ရှေ့သို့သာတက် ဆက်၍သွားပါလေ၊ နောက်သို့ ပြန်မလှည့်ပါနင့်၊ သင် သူဌေးကြီးအဖို့ရာ ရှေ့သို့သာတက် ဆက်၍သွားခြင်းကသာမြတ်လှပါသည်၊ နောက်သို့ပြန်လည် သွားခြင်းသည်ကား မမြတ်လှပါ - - သူဌေးကြီး ""

သုဗောဓာလင်္ကာရ ကျမ်း၌လည်း ဘုရားရှင်လက်ထက်တော်အခါက သူတော်ကောင်းပုဂ္ဂိုလ်များ ဘုရားဖူးသွားပုံကို ဤသို့ ဖော်ပြထားပါသည်။

ပဿန္တာ ရူပဝိဘဝံ၊ သုဏန္တာ မဓုရံ ဂိရံ။
စရန္တိ သာဓု သမ္ဗုဒ္ဓ၊ ကာလေ ကောဋိပရမ္ပရာ။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက တရားချစ်ခင် သူတော်စင်တို့သည် ဘုရားရှင်၏ ရူပနိကာယ် တင့်တယ်သပ္ပါယ်ပုံကို ကြည့်ရှုမဝ ဖူးမြော်ကြပြီး သာယာချောင် တရားသံကို ရိုသေလေးစားနာကြားကြ ကုန်လျက် ပျော်ပွဲရွှင်ပွဲ မျက်နှာလွှဲကာ လှည့်လည်ကြကုန်၏။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက တရားချစ်ခင်သူတော်စင်တို့သည် ဘုရားရှင်၏ ရူပနိကာယ် တင့်တယ်သပ္ပါယ်ပုံကို ကြည့်ရှုမဝ ဖူးမြော်ကြပြီး သာယာချောင် တရားသံကို ရိုသေလေးစား နာကြားကြကုန်လျက် ပျော်ပွဲရွှင်ပွဲ မျက်နှာလွှဲကာ လှည့်လည်ကြကုန်၏။

ဗုဒ္ဓဂယာသို့သွားသည့် ပုဂ္ဂိုလ်တို့သည် "" ဘုရားလည် ""များ မဟုတ်ကြပဲ "" ဘုရားဖူးများ"" ဖြစ်ကြပါစေ၊ ခြေတစ်လှမ်း ကုဋေတစ်သန်း တန်အောင် အကျိုးရှိစွာ ဘုရားဖူးနိုင်ကြပါစေဟု၍ မေတ္တာ ဆန္ဒပြုရပါသည်။

အရှင်ဓမ္မနိမ္မိတ
(၁၆၊ ၁၁၊ ၂၀၀၈)

# သမိုင်းကြောင်းကောင်းတဲ့ မိဂဒါဝုန်

ရဝေဦး(ကျွန်းလှ)



လောကသားအားလုံးတို့ရဲ့ဆရာ. . . လူနတ်ဗြဟ္မာသတ္တဝါအားလုံးတို့ရဲ့ ဦးခိုက်ပူဇော်ကန်တော့မှုကိုခံယူတော်မူထိုက်တဲ့ အနှိုင်းမဲ့ပုဂ္ဂိုလ်. ခက်ထန်ကြမ်းတမ်းမိုက်မဲတွေဝေတဲ့သတ္တဝါတွေကိုယဉ်ကျေးသိမ်မွေ့အောင် ဆုံးမတော်မူတတ်တဲ့အနန္တဂုဏ်အင်ကျေးဇူးရှင် ... အဲဒီလို ရေတွက်လို့မကုန်နိုင်တဲ့မြတ်ဗုဒ္ဓပွင့်ထွန်းတော်မူရာဖြစ်တဲ့ မဇ္ဈိမဒေသ ဗုဒ္ဓ

ဂယာမြေမြတ် မဟာကို ဦးမြ+ဒေါ်အေးသန်း(အေးမြပြည့်စုံကုမ္ပဏီ)မိသားစုရဲ့ပင့်ဆောင်ပို့ပေးမှုကြောင့် တတိယအကြိမ်မြောက် ရောက်ဖြစ်ခဲ့ပြန်ပါသည်။

မြတ်ဗုဒ္ဓရဲ့အငွေ့အသက်.အရိယာသူတော်ကောင်းတွေ နေထိုင်သွားလာခဲ့တဲ့ ဝန်းကျင်ဒေသတွေမို့လို့ ဘယ်နှစ်ခေါက်ရောက်ရောက် ရိုးသွားတယ်မရှိပါဘူး။ ရောက်လေရာအရပ်တွေမှာ ဗုဒ္ဓဂုဏ်တော်တွေ. ရဟန္တာအရှင်မြတ်ကြီးတွေရဲ့ကျေးဇူးတွေ. သတိသံဝေဂယူစရာတွေက အသင့်ရှိလို့နေပါတယ်။ မိမိတို့ သွားတဲ့ခရီးစဉ်အပေါ်မူတည်ပြီး အချိန်ရရင် ရသလို သက်ဆိုင်ရာဌာနတွေမှာ သက်ဆိုင်ရာ တရားဓမ္မတွေ (ဥပမာ - ဓမ္မစကြာ၊ မဟာသတိပဋ္ဌာနသုတ်)တွေနဲ့ ရွတ်ဖတ်ပူဇော်ရတာဟာလည်း ပြောပြလို့မရနိုင်တဲ့ ပီတိသောမနဿတွေ ဖြစ်ရပါတယ်။


> **ဗုဒ္ဓပွင့်တော်မူရာ မဟာဗောဓိညောင်ပင်ရိပ်မှာ ဂုဏ်တော်တွေပွားများ ပူဇော်ရတာ, တရားဓမ္မတွေ ရှုမှတ်ဆင်ခြင်ရတာတွေကလည်း ဘယ်အရသာနဲ့မှမတူတဲ့ အရသာထူးကို ခံစားရသလိုပါပဲ။**

ဗုဒ္ဓပွင့်တော်မူရာ မဟာဗောဓိညောင်ပင်ရိပ်မှာ ဂုဏ်တော်တွေ ပွားများ ပူဇော်ရတာ. တရားဓမ္မတွေ ရှုမှတ်ဆင်ခြင်ရတာတွေကလည်း ဘယ်အရသာနဲ့မှမတူတဲ့အရသာထူးကို ခံစားရသလိုပါပဲ။ ထို့အတူ တရားဦးဓမ္မစကြာဟောကြားတော်မူရာ မိဂဒါဝုန်မှာ ဓမ္မစကြာရွတ်ဖတ်ပူဇော်ရတာ. ဓမ္မစကြာဒေသနာတော်မှာ လာရှိသည့်အတိုင်း မဇ္ဈိမပဋိပဒါလမ်းကြောင်းမှန်မှ မဂ္ဂင်ရှစ်ပါးကို အခြေခံပြီး သစ္စာလေးတန်အမြင်မှန်ဆိုက်ဖို့ ရှုမှတ်ဆင်ခြင်ရတာကလည်း ငြိမ်းချမ်းမှုသန္တရသ. အပြည့်အဝရရှိ ခံစားရပါတယ်။

အဲဒီလို မြတ်ဗုဒ္ဓနှင့်တကွ အရိယာသူတော်စင်ကြီးတွေ သီတင်းသုံးနေထိုင်ခဲ့ရာ တရားဓမ္မဟောကြားခဲ့ရာနေရာဒေသတွေ ရောက်တော့ ကိုယ့်ကိုယ်ကို မကျေနပ်နိုင်အောင် ဖြစ်ရတယ်။ မြတ်ဗုဒ္ဓနှင့် ရဟန္တာအရိယာသူတော်ကောင်းကြီးတွေများစွာက တရားဓမ္မတွေ အကြိမ်ပေါင်းများစွာ ဟောညွှန်ပြသခဲ့တာတွေကို နာကြားခွင့်မရခဲ့ဘူးလား။ သို့မဟုတ် နာကြားခွင့်ရပါလျက် လိုက်နာကျင့်သုံးမှု မရှိခဲ့တာလား။ သို့မဟုတ် တရားဓမ္မတွေကို နားလည်နိုင်စွမ်းမရှိတဲ့ အဟိတ်တိရိစ္ဆာန်ဘဝရောက် နေလို့လား။ သို့မဟုတ် အလွန်ပြင်း

ထန်တဲ့ဆင်းရဲတွေကို ရင်စည်းခံနေရတဲ့ ငရဲဘုံ ငရဲဘ၀ရောက်နေလို့လား။ အဲဒီလို သို့လော သို့လော အတွေးမောတွေနဲ့ ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်မိတယ်။

မြတ်ဗုဒ္ဓပွင့်တော်မူရာခေတ်ကာလမှာ စဉ်းစားဆင်ခြင်ဉာဏ်နဲ့ ပြည့်စုံ. လိမ္မာရေးခြားရှိတဲ့လူသာဖြစ်ခဲ့ရိုးမှန်ပါက တရားဓမ္မတွေ နာကြားခွင့်ရ. ကျင့်ကြံအားထုတ်ခွင့်ရပြီး အခုလို ခန္ဓာ၀န်ထုပ်၀န်ပိုးကြီးကိုသယ်ပိုးထမ်းရွက်နေရသော ဆင်းရဲဒုက္ခတွေနှင့် ကြုံတွေ့ရတော့မည်မဟုတ်ပါ။ အခုတော့ စေ့စေ့တွေးရေးရေးပေါ်ဆိုသလို လောကမှာ ဘုရားအဆူဆူပွင့်ခဲ့ပြီးဖြစ်ပါလျက် ကျွတ်တမ်းမဝင်နိုင်လောက်အောင် မိုက်တွင်းနက်နေခဲ့သော မိမိဘ၀ကို ပြန်ပြီးသနားနေမိသည်။ ဘာပဲဖြစ်ဖြစ် မိုက်တွင်းနက်စဉ်အခါတုန်းက ဘုရားအဆူဆူပွင့်သော်မှ ကျွတ်တမ်းမ၀င်နိုင်လောက်အောင် မိုက်ခဲ့ပြီးပြီ။ အခုလိုသမ္မာဒိဋ္ဌိဉာဏ်အမြင်မှန်ရသောလူအဖြစ် ရခိုက် တစ်ဘ၀တရားနှင့် ကျွတ်တမ်း၀င်အောင် မစွမ်းဆောင်နိုင်သော်မှ ကုသိုလ်ပါရမီမျိုးစေ့တွေ စိုက်ပျိုးကြဲချထားခဲ့နိုင်ရပါမည်။



၂၀၀၇ - ဖေဖော်၀ါရီလတွင် ရောက်ဖြစ်သောမဇ္ဈိမဒေသဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်မှာထူးခြားတိုက်ဆိုင်မှုအတော်များများနဲ့ တွေ့ဆုံကြုံကြိုက်ခဲ့ရပါတယ်။ နံပါတ်တစ်ထူးခြားချက် သုံးကြိမ်သုံးခေါက်မြောက်အဖြစ် ရောက်ရှိခြင်း။ နံပါတ်နှစ်ထူးခြားချက် ဘုရားဖူးခရီးစဉ်မှာ မပါသော သံသုမာဂီရိမြို့ဟောင်းနှင့်ဃောသိတာရုံကျောင်း၊ ကုက္ကုဋာရုံကျောင်းနေရာတို့ကို သီးသန့်သွားရောက်ခဲ့ရခြင်း။ နံပါတ်သုံးထူးခြားချက် လူသေကောင်တို့ကို မီးဖုတ်သင်္ဂြိုဟ်ရာ ဗာရာဏသီဆိပ်ကမ်းသို့ သွားပြီး အသုဘဘာ၀နာ ဆင်ခြင်ပွားများခွင့်ရခဲ့ခြင်း။ နံပါတ်လေးထူးခြားချက် သံဝေဇနိယ. အဝိဇဟိတလေးဌာန အဝင်အပါဖြစ်သော ဗာရာဏသီမြို့ရှိ မိဂဒါဝုန်မြန်မာကျောင်းတော် နှစ်တစ်ရာပြည့်ပူဇော်ပွဲနှင့် ကြုံကြိုက်

ခြင်း အစရှိတဲ့ ထူးခြားသော ဖြစ်စဉ် များနဲ့ ကြုံကြိုက်ခဲ့ရတဲ့ တတိယအကြိမ်မြောက် မဇ္ဈိမဒေသဘုရားဖူးခရီးစဉ်လို့ ဆိုရမှာပါ။

မိဂဒါဝုန်မြန်မာကျောင်း နှစ်တစ်ရာပြည့် ပူဇော်ပွဲမှာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအတော်များများက ကြွရောက်လာတဲ့ သံဃာတော်တွေ ဖိတ်ကြားထားတဲ့ဧည့်ပရိသတ်တွေအတော်စုံစုံလင်လင်ရှိတာကို တွေ့ရပါတယ်။ မိဂဒါဝုန်မြန်မာကျောင်း နှစ်တစ်ရာပြည့် ပူဇော်ပွဲမှာ စာရေးသူစိတ်အဝင်စားဆုံးကတော့ အထိမ်းအမှတ်ဓာတ်ပုံပြပွဲပါပဲ။ ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ ဗုဒ္ဓနဲ့သက်ဆိုင်တဲ့စေတီပုထိုး ရုပ်ပွားဆင်းတုတွေအထိမ်းအမှတ်ကျောက်တိုင်တွေ. အဆောက်အဦတွေကိုတစ်နေရာထဲမှာ တွေ့မြင်ခွင့်ရတာမို့ လွန်စွာ ကျေးဇူးများပါတယ်။

မိဂဒါဝုန်မြန်မာကျောင်း နှစ်တစ်ရာပြည့်ပူဇော်ပွဲကို ဖေဖော်ဝါရီလ (၂၇-၂၈) နှစ်ရက်တိုင်တိုင် ကြီးကျယ်ခမ်းနားစွာ ဆင်ယင်ကျင်းပခဲ့ပါတယ်။ မိဂဒါဝုန်ကျောင်း ဆရာတော်ဦးဝဏ္ဏဓဇမှာလည်း မနားရအောင် အလုပ်တွေများတဲ့ကြားထဲက ပီတိအပြုံးတွေ တဝေဝေဖြစ်နေတာကို တွေ့ရတယ်။ လူတစ်ဦးတစ်ယောက်ရဲ့ သက်တမ်းကာလမှာ ရာပြည့်ပွဲဆင်နွှဲခွင့်ရဖို့ဆိုတာ လွန်စွာခက်ခဲတာမို့ ကြည်နူးပီတိ ဖြစ်မယ်ဆိုရင်လည်း ဖြစ်စရာပါပဲ။

ရာပြည့်ပူဇော်ပွဲ ဆင်နွှဲခွင့်ရတဲ့ကာယကံရှင်ကို မဆိုထားနှင့် အခြားသောသံဃာတော်နှင့် ဧည့်ပရိသတ်များ၏ ရင်ထဲမှာ ပီတိလှိုင်းများ ထန်နေကြတာကို မျက်နှာမှတစ်ဆင့် တွေ့မြင်နေရတယ်။ ကြည်နူးပီတိပြုံးတွေနဲ့ ရာပြည့်ပူဇော်ပွဲ အခမ်းအနားကို မအား. မနားရအောင် လုပ်နေကြတဲ့ဆရာတော်ရဲ့တပည့်ပရိသတ်တွေကိုလည်း တွေ့နေရတယ်။ ဆရာတော်ရဲ့အနီး နေတပည့်များဖြစ်ကြတဲ့ ဒေါက်တာရာဇိန္ဒ၊ ဦးဉာဏဗလ၊ ဦးယသ၊ ဦးပညာစက္ကနှင့် ရဟန်းပရိသတ်များ၊ ဒေါ်သဇင်မြင့် အောင် သမီး ပိုမိုမြင့်အောင် (အောင်ချမ်းသာဘုရားဖူးပို့ဆောင်ရေးအဖွဲ့)၊ ဒေါ်လှဲ့လှဲ့အေး (မန္တလာမေကားအသင်း)၊ ဒေါ်သီသီဝင်း (မန္တလေး)၊ အမေရိကန်မှ ဦးတင်ထွန်းတို့အဖွဲ့၊ နီပေါမှ

**သမိုင်းဆိုတာ အတိတ်က ဖြတ်သန်းလှုပ်ရှား လုပ်ဆောင်ခဲ့ကြတဲ့ အကြောင်းအရာကို မျက်မှောက်ခေတ်လူတို့က လေ့လာဆန်းစစ် ဝေဖန်ပိုင်းခြားပြီး ကောင်း, မကောင်း၊ သင့်, မသင့်၊ တော်, မတော်၊ တန်ဖိုးမဲ့, တန်ဖိုးရှိ ထုဆစ်ပိုင်းခြား မှတ်တမ်းတင်တဲ့သဘောပါ။**



သီလရှင်ဆရာလေးများအဖွဲ့ဆိုခဲ့တဲ့ ပုဂ္ဂိုလ်အသီးသီးတို့ဟာ အနားမနေ ရလောက်အောင် အလုပ်တာဝန်တွေကို မနားတမ်း လှုပ်ရှားဆောင်ရွက်နေကြရတယ်။ ဒေါ်သဇင်မြင့်အောင် ဆိုရင် အခမ်းအနားပြင်ဆင်ရေးဘက်ပြေးလိုက်၊ ဧည့်ခံကြိုဆိုရေးဘက်သွားလိုက်၊ မီးဖိုချောင်ဝင်လိုက်နဲ့ ချွေးတလုံးလုံး ဖြစ်နေတာကို တွေ့ရတယ်။

မိဂဒါဝုန်မြန်မာကျောင်းရာပြည့်ပူဇော်ပွဲကို ဘယ်ခေတ် ဘယ်အခါက ဘယ်ပုဂ္ဂိုလ်တွေ ဦးဆောင်ပြီး ဘယ်လိုခမ်းနား သိုက်မြိုက်စွာ ကျင်းပခဲ့တယ်ဆိုတာကို နောင်ခေတ်လူများ မှတ်သားနိုင်ဖို့အတွက် အထိမ်းအမှတ်စာအုပ်စာတမ်းတွေ ထုတ်ဝေခဲ့တာမို့ သမိုင်းရာဇဝင်မှာ ဖျက်မရတဲ့ ကဗျည်းအဖြစ် ထာဝရမှတ်တမ်းတင်ကျန်ခဲ့တော့မှာပါ။

သမိုင်းဆိုတာ အတိတ်က ဖြတ်သန်းလှုပ်ရှားလုပ်ဆောင်ခဲ့ကြတဲ့အကြောင်းအရာကို မျက်မှောက်ခေတ်လူတို့က လေ့လာဆန်းစစ် ဝေဖန်ပိုင်းခြားပြီး ကောင်း.မကောင်း၊ သင့်.မသင့်၊ တော်.မတော်၊ တန်ဖိုးမဲ့.တန်ဖိုးရှိ ထုဆစ်ပိုင်းခြား မှတ်တမ်းတင်တဲ့သဘောပါ။ ဒါကြောင့် သမိုင်းမှာ ကောင်းတာတွေ မှတ်တမ်းတင်ခဲ့ချင်ရင် ကောင်းတာမှန်တာတွေကို ရွေးချယ် လုပ်ဆောင်သွားကြဖို့ လိုအပ်ပါတယ်။ သို့မဟုတ် သမိုင်းတင်ခံထိုက်သူတွေဖြစ်အောင် လုပ်ပြသွားဖို့ လိုအပ်ပါတယ်။ သမိုင်းတင်ခံရသူဆိုတဲ့နေရာမှာလည်း ဒေဝဒတ်၊ အဇာတသတ်တို့လို အဆိုးနဲ့ သမိုင်း တင်ခံရသူတွေ မဟုတ်ဘဲ အရှင်အာနန္ဒာ၊ အသောက၊ ဒုဋ္ဌဂါမဏိ၊ အနော်ရထာတို့လို အကောင်းနဲ့သမိုင်းတင်ခံရသူတွေဖြစ်ဖို့လည်း လိုအပ်ပါတယ်။ မိမိတို့ရဲ့ ပစ္စက္ခ လုပ်ဆောင်ချက်တွေဟာ အနာဂတ်အတွက် သမိုင်းဖြစ်စေမှာမို့ ပစ္စက္ခလုပ်ဆောင်ချက်တွေ ကောင်းမှ သမိုင်းကြောင်း ကောင်းမှာဖြစ်ပါတယ်။

မိဂဒါဝုန်မြန်မာကျောင်း၏ ယခင်ဆရာတော်များနှင့် ယခုလက်ရှိဆရာတော် ဦးဝဏ္ဏဇေတို့ဟာ မိမိတို့သမိုင်းကြောင်းကို အကောင်းဆုံးလုပ်ဆောင်ချက်တွေနဲ့ ထုဆစ်ပုံဖော်နေကြသူတွေပဲ ဖြစ်ပါတယ်။ ယခင်အတိတ်က ကောင်းတဲ့လုပ်ဆောင်ချက်တွေလုပ်ခဲ့လို့လည်း ယခုပစ္စက္ခမျက်မှောက်ကာလမှာ ကောင်းခြင်းဂုဏ်တွေနဲ့ ဝိုင်းဝန်းမှတ်ကျောက်တင် အသိအမှတ်ပြုခြင်းခံနေရတာဖြစ်ပါတယ်။ မိဂဒါဝုန်မြန်မာကျောင်းတိုက်တည်ဆရာတော်ကြီးဦးစန္ဒိမဏိဆိုလျှင် မြန်မာတွင်မက ကမ္ဘာကပါ အသိအမှတ်ပြုခြင်းခံရသော ဆရာတော်ကြီးဖြစ်ပါတယ်။ ဗုဒ္ဓသာသနာတော်ကို ကမ္ဘာက သိအောင် လုပ်ပြခဲ့တဲ့ တကယ့်အာဇာနည်ဆရာတော်ကြီးပါ။

ယခုလက်ရှိ မိဂဒါဝုန်မြန်မာကျောင်းဆရာတော် ဦးဝဏ္ဏဇေဆိုလျှင်လည်း ဘမျိုးဘိုးတူဆိုရလောက်အောင် ဗုဒ္ဓသာသနာတော် တည်တံ့ခိုင်မြဲရေးအတွက် ဖွဲ လုံ့လ ဝီရိယပြင်းပြင်းထန်ထန်နဲ့ အားသွန်ကြိုးပမ်းထမ်းရွက်နေတာကို တွေ့ရတယ်။ အဲဒီလို သာသနာတော်ဆိုင်ရာ အလုပ်တွေကို ပြည်ပတိုင်းနိုင်ငံမှာ စွမ်းစွမ်းတမံ ဆောင်ရွက်နေခြင်းကြောင့်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှ "မဟာသဒ္ဓမ္မ ဇောတိကဓဇ" ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းခဲ့သလို ယခုတစ်ဖန် ၂၀၀၈ ဇန်နဝါရီလ လွတ်လပ်ရေးနေ့တွင်လည်း သာသနာပြုဆိုင်ရာ အမြင့်ဆုံးဘွဲ့တံဆိပ်ဖြစ်သော "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်ဖြင့် ဂုဏ်ပြုဆက်ကပ်လှူဒါန်းခဲ့ပြန်ပါတယ်။

ယခုလိုမိဂဒါဝုန်မြန်မာကျောင်း နှစ်တစ်ရာပြည့်ပူဇော်ပွဲနှင့် တိုက်ဆိုင်စွာပင် မိဂဒါဝုန်ဆရာတော်အား "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းခံရခြင်းသည် အောင်ပွဲနှစ်ခုထပ်ဂုဏ်အမြတ်တို့ပေါင်းဆုံကြုံကြိုက်ခြင်းဟုပင်ဆိုရမှာ ဖြစ်ပါတယ်။ ဤကဲ့သို့ မိဂဒါဝုန်ရာပြည့်ပူဇော်ပွဲ ဆင်နွှဲသည့်နှစ်တွင်မှ ဆရာတော်အား သာသနာပြုဆိုင်ရာ အမြင့်ဆုံးဘွဲ့တံဆိပ် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်နိုင်ငံတော်အစိုးရမှ ဆက်ကပ်လာသဖြင့် တပည့်ဒကာ၊ ဒကာမ

**ရာပြည့်အောင်ပွဲနှင့် ဂုဏာပူဇာသဘင်က မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တဝဏ္ဏဇေရဲ့ ဂါရဝ၊ နိဝါတ ကိုယ်အမူအရာ၊ နှုတ်အမူအရာ သိမ်မွေ့ယဉ်ကျေးမှု၊ တာဝန်ဝတ္တရားကျေပွန်မှု၊ ခန္တီ၊ မေတ္တာ၊ စေတနာ ပြည့်ဝမှုတို့ကြောင့် သံဃာ့ပရိသတ်၊ လူ့တပည့် ဒကာ၊ ဒကာမများ ပရိသတ်တို့နဲ့ အထူးစည်ကားလှပါတယ်။**

များစွာတို့မှလည်း လွန်စွာကြည်နူးဝမ်းသာဖြစ်ကြရပါတယ်။

ကြည်နူးဝမ်းသာဖြစ်ခဲ့ကြရသည့် အတိုင်းလည်း မင်္ဂလာ တရားတော်နှင့်အညီဖြစ်သော ပူဇော်သင့် ပူဇော်ထိုက်သူကို ပူဇော်ဂုဏ်ပြုခြင်း မင်္ဂလာဆင်ယင်ကျင်းပရန် စီစဉ်ကြပါတယ်။ ပူဇော်ဂုဏ်ပြုပွဲမင်္ဂလာကိုလည်း မိဂဒါဝုန် ရာပြည့်အောင်ပွဲကော "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်ဂုဏ်ပြုပွဲပါ နှစ်ခုလုံး ပူးတွဲဆင်ယင်ကျင်းပဖို့ စီစဉ်ကြပါတယ်။ ရက်ကိုလည်း ၂၀၀၈-ဒီဇင်ဘာလ(၇)ရက်မှာ ကျင်းပဖို့နဲ့ နေရာကိုတော့ "သာသနာ့တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ" မှာ ကျင်းပဖို့ ဆုံးဖြတ်ကြပါတယ်။

ပူဇော်ဂုဏ်ပြုပွဲ အခမ်းအနားမှာလည်း နိုင်ငံတော်သံဃာ့မဟာနာယကဆရာတော်ကြီးများ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်ဆရာတော်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော်နှင့် စာသင်တိုက်ကြီးများမှ ပဓာနနာယက စာချဆရာတော်များ ကြွရောက်ချီးမြှင့်ကြတာကို တွေ့ရပါတယ်။

ရာပြည့်အောင်ပွဲနှင့် ဂုဏ်ပူဇာသဘင်က မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇရဲ့ ဂါရဝ, နိဝါတ ကိုယ်အမူအရာ, နှုတ်အမူအရာ သိမ်မွေ့ယဉ်ကျေးမှု၊ တာဝန်ဝတ္တရားကျေပွန်မှု၊ ခန္တီ, မေတ္တာ, စေတနာပြည့်ဝမှုတို့ကြောင့် သံဃာ့ပရိသတ်,လူတပည့်ဒကာ,ဒကာမများ ပရိသတ်တို့နဲ့ အထူးစည်ကားလှပါတယ်။ မဇ္ဈိမဒေသကို ရောက်ဖူးကြတဲ့ တပည့်ဒကာ, ဒကာမများအနေနဲ့ လည်း ဂုဏ်ကျေးဇူးသိတတ်စွာပဲ မဖြစ်မနေလာရောက်ပူဇော်ခဲ့ကြတာကို တွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် ဆရာဒကာညီညာစွာလက်တွဲ





**မည်မျှပင်ပန်းနွမ်းနယ်ပါစေ ကုသိုလ်ရေးဖြစ်တာမို့ မမောနိုင်မပန်းနိုင်ဘဲ အပြုံးတွေ တဝေဝေနဲ့ ဖြစ်နေတာကို မြင်ရတွေ့ရသူ ဘဝင်နှလုံးမှာ ရွှင်ပြုံးကြည်နူးစေရပါတယ်။**

ဆောင်ရွက်ကြတာကြောင့် ရာပြည့်အောင်ပွဲနှင့် ဂုဏပူဇာပွဲသဘင်ဟာအံ့သြစရာကောင်းလောက်အောင် စည်ကားသိုက်မြိုက်တာကို တွေ့ရတယ်။

အခုကျင်းပတဲ့ရာပြည့်အောင်ပွဲနှင့် ဂုဏပွဲသဘင်မှာလည်း အောင်ချမ်းသာဘုရားဖူးပို့ဆောင်ရေးမှ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်သဇင်မြင့်အောင်နှင့်သမီးဖြစ်သူ မပိုမိုမြင့်အောင်တို့ သားအမိခများမှာ ပူဇော်ပွဲမတိုင်မီထဲက ကြိုတင်ပြင်ဆင်ရတာတွေ ဖိတ် စာရိုက်ဖိတ်စာဝေရတာတွေ၊ နေရာရွေးချယ်ရတာတွေ၊ အကျွေးအမွေးစီစဉ်ရတာတွေ၊ ဧည့်ခံကြိုဆိုရတာတွေနဲ့ အားချိန်နားချိန် မရှိလောက်အောင်ဖြစ်နေကြတာကို တွေ့ရတယ်။ မည်မျှပင်ပန်းနွမ်းနယ်ပါစေ ကုသိုလ်ရေးဖြစ်တာမို့မမောနိုင်မပန်းနိုင်ဘဲ အပြုံးတွေ တဝေဝေနဲ့ ဖြစ်နေတာကိုမြင်ရတွေ့ရသူ ဘဝင်နှလုံးမှာ ရွှင်ပြုံးကြည်နူးစေရပါတယ်။

မည်သို့ဆိုစေ ကြံုခဲ့သောရာပြည့်အောင်ပွဲနှင့် ရခဲသော "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဂုဏ်ပြုပူဇော်ပွဲကို ထူးခြားတိုက်ဆိုင်စွာ ဂုဏ်ပြုပူဇော်ပွဲကျင်းပပြုလုပ်ခွင့်ရသောကြောင့် တပည့်သံဃာပရိသတ်၊ လူဒကာ ဒကာမပရိတ်သတ်တို့အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမဆုံး ဖြစ်နေမည်မှာကား ဧကန်မလွဲဖြစ်ပါကြောင်း ...။

"မိဂဒါဝုန် ဘေးရန်လုံ
ဖုံဖုံဒုက္ခဝေးပါစေ"

ရဝေဦး(ကျွန်းလှ)


# အိန္ဒိယနိုင်ငံ မိဂဒါဝုန်မြန်မာကျောင်း ရာပြည့်အောင်ပွဲ

**တင်ထွန်း**

**ဗိသုကာ၊ U.S.A**



လူသားများအတွက် နှစ်ပေါင်းတစ်ရာ အချိန်ကာလ ကုန်လွန်သွားရခြင်းကား အဖိုးမဖြတ်နိုင်သော အရေးကြီးသည့် ကိစ္စရပ်ကြီးတစ်ခုဖြစ်ပေသည်။ ထိုနည်းတူ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသရှိ မိဂဒါဝုန်မြန်မာကျောင်းတိုက် အနှစ်တစ်ရာ ပြည့်ပွဲတော် ကျင်းပပြုလုပ်သည်နှင့် ကြုံကြိုက်ခွင့်ရဖို့မှာလည်း အဖိုးမဖြတ်နိုင်သည့် ခဲယဉ်းသော သမိုင်းဝင် ကိစ္စရပ်ကြီးတစ်ခု ဖြစ်နေပေတော့သည်။ မိဂဒါဝုန်မြန်မာ ကျောင်းတိုက်သည် မြတ်ဗုဒ္ဓ ဓမ္မစကြာတရားဦးကို ဟောကြားတော်မူခဲ့သည့် သစ္စာတရား စတင်ပေါ်ထွန်းရာ သစ္စာဘူမိ သစ္စာနယ်မြေနှင့် တဆက်တည်းတည် ရှိနေသည့် အပြင် ကောဏ္ဍည အမှူးပြုသော ပဉ္စဝဂ္ဂီငါးဦးတို့ ပထမဆုံး ရဟန်းအဖြစ်သို့ ရောက်ပြီး



ရဟန္တာများ ပေါ်ထွန်းရာဒေသ ဖြစ်သည့်အတွက်ရတနာသုံးပါး စတင်ပေါ်ထွန်းရာ အရပ်ဒေသ တွင် တည်ရှိနေသော မြန်မာ ကျောင်းတိုက်ဖြစ်သည်။ ထို့ အပြင် မြတ်ဗုဒ္ဓသည် ပထမဆုံး သောဝါကို ထိုသစ္စာနယ်မြေ တွင်ပင် ဝါကပ်တော်မူခဲ့ပြီး သီတင်းကျွတ်သောအခါ လူ နတ်ပြဟ္မာ သတ္တဝါအပေါင်းတို့ ၏ အကျိုးစီးပွားအလို့ငှာ ဤ မိဂဒါဝုန်တောမှပင် ခြောက် ကျိပ်သော ရဟန္တာအရှင်မြတ် တို့ကို နေရာဒေသအသီးသီးသို့ သာသနာပြု စေလွှတ်တော်မူခဲ့ ပြန်သည်။ ယခုကဲ့သို့သော အရေးကြီးသည့် သာသနာ့ သမိုင်းဝင်ကိစ္စရပ်များ စတင် ဖြစ်ထွန်း ပေါ်ပေါက်ခဲ့သည့် သစ္စာနယ်မြေဒေသရှိ မြန်မာ ကျောင်းတိုက်၏ အနှစ်တစ်ရာ ပြည့်ပွဲတော်ဆိုတော့ မည်မျှ တန်ဖိုးရှိသော သမိုင်းဝင်ကိစ္စ ရပ်ကြီးဖြစ်သည်ကို စာဖတ် ပရိသတ်များ စဉ်းစားကြည့်ကြ စေလိုပါသည်။ ဤကဲ့သို့သော ထူးခြားသည့် မိဂဒါဝုန်မြန်မာ ကျောင်းတိုက် အနှစ်တစ်ရာ ပြည့်ပွဲတော်အတွက် လုံးဝ မမျှော်လင့်ဘဲ စာရေးသူ အနေ ဖြင့် ကူညီဆောင်ရွက်ပေးခွင့် နှင့် ပါဝင်ဆင်နွှဲခွင့် ရရှိခဲ့သဖြင့် ပဋိရူပဒေသဝါသော စ ပဋိစ္စသမုပ္ပါဒ် ဟူသော အကြောင်းအကျိုးတရားသည် ကား အင်မတန်ဆန်းကြယ်လှ သည်ကို သိရှိနားလည်ခွင့် ရပေ တော့သည်။

ရာပြည့် ပွဲတော် အတွက်ပါဝင်ကူညီဆောင်ရွက် ခွင့်ရခြင်း အကြောင်းတရား သည်ကား စာရေးသူ စက်ာပူ တွင် နေထိုင်အလုပ်လုပ်နေစဉ် အခါဝယ် ၁၉၈၉ ခုနှစ်တွင် မိသားစုနှင့်အတူ သံဝေဇနိယ လေးဌာနသို့ ဘုရားဖူး သွား ရောက်ခဲ့ရာ၊ မိဂဒါဝုန် ဆရာ တော် ဦးဝဏ္ဏာဓဇနှင့် ပထမဆုံး အကြိမ် ဖူးတွေ့သိရှိခွင့်ရခဲ့ သည်။ ၎င်းနောက်ပိုင်းတွင် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံခွင့် မရသော်ငြားလည်း စာဖြင့်

သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ အဆက်အသွယ်ပြုလုပ်ခွင့် ရခဲ့ပေသည်။

အကျိုးတရားရလဒ်မှာကား ၂၀၀၇ ခုနှစ် ဇွန်လ ပထမအပတ်တွင် ဆရာတော်ဦးဝဏ္ဏဓဇနှင့် ကာလီဖိုးနီးယားပြည်နယ် နော်ဝါက်မြို့ရှိ ဆရာတော်ဦးသဇ္ဇ၏ကျောင်း၌ ပြန်လည်တွေ့ဆုံရာတွင် မိဂဒါဝုန်မြန်မာကျောင်းတိုက် အနှစ်တစ်ရာပြည့်ပွဲတော်ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် ပြုလုပ်ကျင်းပမည်ဖြစ်ရာ အထူးထုတ်မဂ္ဂဇင်း ရိုက်နှိပ်ထုတ်ဝေနိုင်အောင် ကူညီ ဆောင်ရွက်ပေးရန် မိန့်တော်မူသည်။

နှစ်ပေါင်းများစွာ လူချင်းတွေ့ဆုံခွင့်မရခဲ့သော ဆရာတော်ကြီးတစ်ပါးက စာရေးသူအား သမိုင်းဝင်မည့် လုပ်ငန်းရပ်ကြီးတစ်ခုကို ဆောင်ရွက်ရန် တာဝန်ပေးအပ်သည့်အတွက် ဝမ်းသာစွာဖြင့် ဘာကိုမျှမစဉ်းစားဘဲ ချက်ချင်းပင် ဆောင်ရွက်ပေးမည့်အကြောင်းကတိပြုလိုက်သည်။ စိတ်ကူးစဉ်းစားဖို့ နေနေသာသာ လုံးဝမမျှော်လင့်သော ကြုံကြိုက်ရန် ခဲယဉ်းသည့် သမိုင်းပေးတာဝန်ကြီးကို ဆောင်ရွက်ပေးရမည့်အတွက် ပီတိ သောမနဿတွေဖြစ်၍ နေပေတော့သည်။ ထို့နောက် ရာပြည့်ပွဲပြုလုပ် ကျင်းပမည့်ရက်ကို ပြန်လည်တွက်စကြည့်သောအခါ (၈)လမျှသာ ကျန်ရှိတော့သည့်အတွက် စိုးရိမ်ပူပန်ခြင်း ဖြစ်ရပြန်တော့သည်။

ကြီးကျယ်သောသမိုင်းပေးတာဝန်ကို ဤမျှလောက်တိုတောင်းသော အချိန်အတွင်း ကောင်းမွန်အောင်မြင်စွာ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ဆရာတော်အမိန့်ရှိပြီးနောက် အင်တိုက်အားတိုက် မရပ်မနားတွေးတောကြံဆ စဉ်းစားစီမံဆက်သွယ် ဆောင်ရွက်ရပေတော့သည်။

**သီတဂူဆရာတော်၏ အကြံဉာဏ်နှင့် အကူအညီရရှိခြင်း၊**

ထူးဆန်းသော တိုက်ဆိုင်မှုတစ်ရပ်မှာ မိဂဒါဝုန်ဆရာတော် ဦးဝဏ္ဏဓဇသည် နယူးယောက်မြို့တွင် ဝါဆိုခြင်းနှင့် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ အမေရိကတွင် ရှိနေခြင်းတို့ပင်ဖြစ်သည်။ ဆရာတော်ဦးဝဏ္ဏဓဇက ရာပြည့်ပွဲကို စံနစ်တကျ ပြုလုပ်လိုသဖြင့် သီတဂူ ဆရာတော်ထံမှ အကြံဉာဏ်နှင့်အကူအညီတောင်းခံရာတွင် သီတဂူဆရာတော် အကြံပြုသည့်အလျောက် ကဏ္ဍအ၀၀ ပါဝင်သော ရာပြည့်ပွဲတော် စီစဉ်ကျင်းပ ပြုလုပ်ဆောင်ရွက်ခွင့်ရခဲ့ပေသည်။ သီတဂူဆရာတော်သည် ဓမ္မစာအုပ်များကို အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်ထုတ်ဝေပြီး ဓမ္မဒါနပြုသော



Triple Gen Publications အဖွဲ့၏ဩဝါဒစရိယ ဆရာတော်တစ်ပါးဖြစ်ရာ၊ အမေရိက၊ အင်္ဂလန်၊ ကနေဒါ၊ ဩစတြေးလျနှင့် စင်္ကာပူနိုင်ငံရှိ အဖွဲ့ဝင်တပည့်များနှင့် အိန္ဒိယနှင့် ထိုင်းရှိ ရင်းနှီးသောတပည့်များကပါ ပါဝင်ကူညီဆောင်ရွက်ပေးကြသည်။

ထို့ကြောင့် သီတဂူဆရာတော်၏ ဦးဆောင် အကြံပြုချက်အရ သမိုင်းဝင်ရာပြည့်ပွဲတော်ကြီး အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် ကော်မတီများကို စံနစ်တကျဖွဲ့စည်း၍တာဝန်အသီးသီး ခွဲဝေဆောင်ရွက်စေသည်။ ပွဲတော်ကျင်းပရေး ဗဟိုကော်မတီနှင့် မဂ္ဂဇင်းကော်မတီတို့တွင် အတွင်းရေးမှူးအဖြစ်ဖြင့် စာရေးသူက တာဝန်ယူဆောင်ရွက်ပေးရသည့်အပြင် ဓါတ်ပုံနှင့်ဗီဒီယိုပြခန်း ကော်မတီတွင်လည်း တာဝန်ယူဆောင်ရွက်ပေးရသည်။

သီတဂူဆရာတော်နှင့် ဆရာတော်ဦးဝဏ္ဏဓဇတို့ အမေရိကတွင် ရောက်ရှိနေသည်ကတစ်ကြောင်း၊ Email ဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ခြင်းကြောင့် ရာပြည့်ပွဲတော်ပြင်ဆင်ကျင်းပရေးကိစ္စအဝဝတို့ကို အလျင်အမြန် တင်ပြဆွေးနွေးနိုင်ခြင်း၊ ဆုံးဖြတ်အတည်ပြုချက်များကို တိုတောင်းသောအချိန်အတွင်း ရယူနိုင်ခြင်းတို့ကြောင့် ယခုလိုတိုတောင်းသော အချိန်ကာလအတွင်း လုပ်ငန်းကိစ္စများကို အချိန်မီဆောင်ရွက်နိုင်ခဲ့ပေသည်။ အဓိကတာဝန်ယူဆောင်ရွက်ပေးရသည်မှာ (၁) ရာပြည့်ပွဲ အထူးထုတ်မဂ္ဂဇင်းစီစဉ်ရိုက်နှိပ်ထုတ်ဝေဖြန့်ဖြူးခြင်း၊ (၂)ဓါတ်ပုံနှင့် ဗီဒီယိုပြခန်းပြင်ဆင်ခင်းကျင်းပြသခြင်းနှင့် (၃)ရာပြည့်ပွဲအထိမ်းအမှတ်ကျောက်စာတိုင် ဒီဇိုင်းပုံစံရေးဆွဲပေးရခြင်းတို့ဖြစ်သည်။"

### ကြိုတင်ပြင်ဆင်ဆောင်ရွက်ချက်များ

ယခုလို သမိုင်းဝင်ရာပြည့်ပွဲတော် အထူးထုတ်မဂ္ဂဇင်းကို အဆင့်တန်းမြင့်မြင့်စီစဉ်ရေးသားရိုက်နှိပ်ထုတ်ဝေနိုင်ရေးအတွက် အထောက်အကူပြုမည့် ကိစ္စများဖြစ်သော မိဂဒါဝုန်မြန်မာကျောင်းတိုက်တံဆိပ်အသစ် တီထွင်ရေးဆွဲ



စီစဉ်ပေးရခြင်း၊ သဝဏ်လွှာများကို အစိုးရအရာရှိများနှင့် ဘာသာရေးခေါင်းဆောင်များထံမှ တောင်းခံရာတွင်လည်းကောင်း၊ အစိုးရဌာနရုံးများနှင့် ဆက်သွယ်ရာတွင်လည်းကောင်း၊ လိုအပ်သောကျောင်းတိုက်တံဆိပ်၊ အမည် လိပ်စာ စသည်များပါရှိသော စာရေး စက္ကူများနှင့် ဆရာတော်ဦးဝဏ္ဏဓဇလုပ်မည့် အကြောင်းကို ကမ္ဘာတဝှမ်းလုံးရှိ မြန်မာများနှင့် အခြားဗုဒ္ဓဘာသာဝင်များ သိရှိ ပါဝင်ခွင့်ရစေရန်အလို့ငှာ အင်္ဂလိပ်၊ မြန်မာ ဘာသာနှစ်ရပ်ဖြင့် လက်ကမ်းကြော်ငြာလွှာများ စီစဉ်ပြုလုပ်ပေးရသည်။ ထိုလက်ကမ်းကြော်ငြာလွှာများကို Email ဖြင့်လည်းကောင်း၊ စာတိုက်မှလည်းကောင်း၊ လက်ဆင့် ပေးကမ်းခြင်းအားဖြင့်လည်းကောင်း၊ နည်းအမျိုးမျိုးအသုံးပြု၍ ဖြန့်ဝေပေးရသည်။

သမိုင်းဝင် ရာပြည့်ပွဲတော်အထူးထုတ်မဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် အစိုးရအရာရှိများနှင့် ဘာသာရေးခေါင်းဆောင်များထံမှ သဝဏ်လွှာများကို တောင်းခံရခြင်း၊ မဇ္ဈိမဒေသရှိ မြန်မာကျောင်းတိုက်များ ရာဇဝင်နှင့် စတင်တည်ထောင်သော ဆရာတော်များနှင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသော ဆရာတော်တို့၏ ထေရုပ္ပတ္တိများကို တိကျမှန်ကန်စွာရရှိရေး၊ ရှားပါးဓါတ်ပုံများ၊ ကျောင်းနှင့်မြို့ မြေပုံများ၊ ဆောင်းပါးများ စသည်များကို စုံစုံလင်လင် အချိန်မီရရှိအောင် နည်းအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးကြားထဲမှ ဆောင်ရွက်ရသည်။ မြန်မာ - အင်္ဂလိပ် ဘာသာနှစ်ရပ်ဖြင့် စီစဉ်ရေးသားဖော်ပြသည့်အတွက် ဘာသာပြန်ကိစ္စများကို အချိန်လုပြီး ဆောင်ရွက်ရပြန်သည်။

ဤမျှများမြောင်သော စာပေအကြောင်းအရာ ဆောင်းပါးဓါတ်ပုံပန်းချီနှင့် မြေပုံများကို စံနစ်တကျ စီမံဖော်ပြနိုင်ရေး အတွက် ဓမ္မမိတ်ဆွေဖြစ်သူ Henry Kao ၏ ကူညီဆောင်ရွက်ပေးမှုဖြင့် မဂ္ဂဇင်းအပြင်အဆင် အထားအသိုကအစ၊ မျက်နှာဖုံးဒီဇိုင်းနှင့် မြန်မာ - အင်္ဂလိပ်စာများအားလုံးကို တစ်ဦးတစ်ယောက်တည်း ရိုက်နှိပ်စီစဉ်ဆောင်ရွက်ရသည်။ ရိုက်ပြီးစာများကို ပြန်လည်စီစစ် ဖတ်ရှုပြင်ဆင် ရိုက်နှိပ်ပြီးသကာလ CD ထဲ ကူးယူထည့်သွင်းပြီးနောက်မလေးရှားတွင် အုပ်ရေ (၁၀၀၀) ရိုက်နှိပ်ခဲ့သည်။ ရိုက်နှိပ်ပြီး မဂ္ဂဇင်းများကို ရာပြည့်ပွဲတော် အမီရောက်ရှိအောင် FedEx ဖြင့် စရိတ်စခများစွာ အကုန်အကျခံ၍ ပို့ခဲ့ရသည်။

အထူးထုတ်မဂ္ဂဇင်းကို မလေးရှားတွင် ရိုက်နှိပ်နေစိုက် Henry Kao နှင့် စာရေးသူတို့သည် ဓါတ်ပုံနှင့် ဗီဒီယိုပြခန်းအတွက် လိုအပ်သောဓါတ်ပုံနှင့် ဗီဒီယို CD များကို ရှာဖွေစုဆောင်းရသည်။ ၈ ပေ × ၄ပေ အရွယ်အစား သုံးထပ်သား (၁၄)ချပ်ကို အသုံးပြုပြီး ဓါတ်ပုံများကို ရှုဖွယ်ကောင်းအောင် ပြသနိုင်ရေးအတွက် ဒီဇိုင်းရေးဆွဲ စီမံဆောင်ရွက်ရပြန်သည်။ ထို့နောက် လိုအပ်သော ဓါတ်ပုံအရွယ်အစား အမျိုးမျိုးတို့ကိုကူးယူရသည်။

## အိန္ဒိယသို့ စတင်ခရီးထွက်ခဲ့ခြင်း

ဤကဲ့သို့သောကြိုတင် ပြင်ဆင်မှုအဝဝတို့ကို စီစဉ်ဆောင်ရွက်ပြီးနောက် ပြပွဲအတွက် လိုအပ်သောပစ္စည်းများနှင့်တကွ စာရေးသူနှင့် ဇနီးခင်သန်းအေး၊ Henry Kao

နှင့် ဇနီးနှင့်အဖွဲ့သည် လော့(စ်) အိန်ဂျလစ်(စ်)မှ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ လ (၇)ရက်နေ့တွင် လေယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး၊ ဘုံဘေ၊ ဓမ္မဂီရိ၊ စံချီမှတဆင့် မိဂဒါဝုန်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်ဦးဝဏ္ဏဓဇ နှင့် ဓါတ်ပုံနှင့်ဗီဒီယို ပြခန်း ဆောက်လုပ်မည့် နေရာကို စစ်ဆေးကြည့်ရှုပြီး မြေနေရာ အနေအထားနှင့် ပိုမိုဆီလျော် အောင် ပြခန်းပုံစံကို ပြုပြင်ရ သည်။ ပြခန်းဆောက်လုပ်ရန် အလုပ်သမားများအားရှင်းလင်း ပြောပြရခြင်း၊ ပြခန်းအတွက် လိုအပ်သောပစ္စည်းများ ရှာဖွေ ဝယ်ယူခြင်း၊ အဆင်မပြေသော ပစ္စည်းများကို ဆက်လက်ရှာဖွေ နိုင်ရန် စီစဉ်ပြီးနောက်၊ စာရေး သူနှင့်အဖွဲ့သည် ဆရာတော် ဦးဝဏ္ဏဓဇ စီစဉ်ပေးသော ကားဖြင့် ဆရာတော် ဒေါက်တာ ရာဇိန္ဒနှင့်အတူ သံဝေဇနိယ လေးဌာနသို့ (၉)ရက်ဘုရားဖူး သွားရောက်ကြသည်။ ဘုရားဖူး မှ မိဂဒါဝုန်သို့ ပြန်ရောက်သော အခါ ဓါတ်ပုံပြခန်း ဆောက်လုပ် ပြီးစီးလုနီးပါးဖြစ်သည်။

## မိဂဒါဝုန်၌ ဓါတ်ပုံပြခန်း ပြင်ဆင်ရခြင်း

အမေရိကမှယူဆောင် ခဲ့သောဓါတ်ပုံနှင့် ခေါင်းစည်း စာတမ်းများကို ၈ပေ × ၄ပေ အထပ်သားများတွင် သက်ဆိုင် ရာ ကဏ္ဍအလိုက် ကြိုတင်စီမံ ထားသည့်အတိုင်း စံနစ်တကျ ကပ်ရသည်။ အထပ်သား (၁၄) ချပ်တွင် ခေါင်းစည်းစာတမ်း များ ဖော်ပြထားသည့်အတိုင်း အကြောင်းအရာအမျိုးမျိုးတို့ကို ဓါတ်ပုံအရွယ်အစား အမျိုးမျိုး ဖြင့် စိတ်ပါဝင်စားအောင် ပြသ ထားသည့်အတွက် ရာပြည့်ပွဲတော်သို့ လာကြသော ရဟန်း သံဃာတော်များနှင့် ဧည့်သည် များ ကြိုက်နှစ်သက်ကြောင်း သိခွင့်ရသည်။

## ရာပြည့်ပွဲတော်အကြိုနေ့

ရာပြည့်ပွဲတော် ကျင်း ပပြုလုပ်ရန်အတွက် ပြင်ဆင် ဆောင်ရွက်နေသော ကိစ္စ အားလုံးကား ရာပြည့်ပွဲတော် အကြိုနေ့ဖြစ်သည့် ဖေဖော် ဝါရီလ(၂၇)နေ့တွင် အပြီးသတ် ကြရမည်ဖြစ်သည်။ စာရေးသူ တာဝန်ယူထားသော ရာပြည့် ပွဲတော် အထူး ထုတ်မဂ္ဂဇင်းများ သည် မလေးရှားမှ ကြိုတင်ပို့ ထားသဖြင့် ရောက်ရှိ၍နေပြီ။ ဓါတ်ပုံနှင့် ဗီဒီယို ပြခန်းလည်း အဆင်သင့် ဖြစ်နေသည်။ ရာပြည့်ပွဲတော် ကျောက်စာ တိုင်တွင်လည်း(၄)ဘာသာဖြင့် ကျောက်စာများ ကပ်ပြီးသည့် အတွက်၊ ဆရာတော်ဦးစန္ဒိမာဘိ ၏ ရုပ်ထုတော်ကို နေရာတကျ ကျောက်စာတိုင်ပေါ်သို့ အချိန်မှီ တင်လိုက်နိုင်ခဲ့သည်။ ဗဟို ဧည့်ခံမဏ္ဍပ်ကြီးနှင့် ဇာတ်စင် ကို ကျောင်းအဝင်ဝရှိ မြေကွက် လပ်တွင် တစ်နေ့တည်းမှာပင် အပြီးဆောက်လိုက်သည်။ ရဟန်းသံဃာတော်များအတွက် လှူဖွယ်ပစ္စည်းအမျိုးမျိုး၊ ဧည့် သည်များအတွက် အမှတ်တရ ပစ္စည်းများ စသည်တို့သည် မြန်မာပြည်မှ တပည့်များ၏အစီ စဉ်အရ ကျောင်းသို့ ရောက်ရှိ နေပြီ။

အမေရိက၊ အင်္ဂလန်၊ မြန်မာပြည်နှင့် အိန္ဒိယနိုင်ငံ တွင်းမှ ဆရာတော်သံဃာတော် များနှင့် ဧည့်သည်များလည်း ရောက်ရှိနေကြပြီဖြစ်သည်။ ကုသိနာရုံ မြန်မာကျောင်း ဆရာတော် ဒေါက်တာ အရှင် ဉာဏိဿရ၊ ရန်ကုန်မြို့ထေရ ဝါဒသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မာလာဘိဝံသ၊ ဓမ္မာစရိယ တက္ကသိုလ်ကျောင်းတိုက်



ဆရာတော်ဦးသုစိတ္တာဘိဝံသ၊ တရုတ်ကျောင်းဆရာတော် ဒေါက်တာပညာလင်္ကာရ၊ သာဝတ္ထိမြန်မာကျောင်း ဆရာတော် ဦးသြဘာသ၊ အင်္ဂလန်အောက်(စ်)ဖို့မှ ဆရာတော်ဒေါက်တာဓမ္မသာမိ၊ မဂ္ဂဇင်း ကော်မတီဥက္ကဋ္ဌ ဆရာတော်ဦးသဇ္ဈန(အမေရိက)၊ မြန်မာသံအမတ်ကြီး ဦးကြည်သိန်း နှင့်ဇနီး၊ မြန်မာနိုင်ငံ သာသနာ ရေးဝန်ကြီးဌာန သာသနာ ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာ မျိုးမြင့်၊ မင်းသားဦးသိန်းဇော်၊ အဆိုတော်ပိုးအိစံ၊ ဒေါ်သဇင် မြင့်အောင်နှင့် သမီး ဦးဆောင် သောအောင်ချမ်းသာဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့စသော ဧည့်သည်တော်များပါ ရောက်ရှိနေကြသည်။

## ရာပြည့်ပွဲတော်အကြိုနေ့တရားပွဲနှင့် မြန်မာ့ဂီတအနုပညာဖျော်ဖြေပွဲ

ရာပြည့်ပွဲတော်အတွက် ဧည့်ပရိသတ်များ စုံညီစွာ ရောက်ရှိနေကြရာ ဓါတ်ပုံပြခန်း၌ပင် အကြိုနေ့တရားပွဲ ပြုလုပ်သည်။ ရန်ကုန်မြို့အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ် နာယကချုပ် ဘဒ္ဒန္တ သုစိတ္တာဘိဝံသက တရားချီးမြှင့်ပေးတော်မူသည်။ ဓမ္မကထိက မဟုတ်ပြားသော်လည်း ဓမ္မကထိကများကဲ့သို့ပင် တရားဟောလွန်စွာကောင်းပေသည်။ ရာပြည့်ပွဲ ပြီးဆုံးသောအခါ ဗဟိုမဏ္ဍပ်၌မင်းသားဦးသိန်းဇော် နှင့် အဆိုကျော် ပိုးအိစံတို့က မြန်မာ့တေးဂီတများဖြင့် ဖျော်ဖြေကြသည်။

## ရာပြည့်ပွဲတော်အခမ်းအနား

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ(၂၈)ရက်နေ့ နံနက်(၅)နာရီတွင် ကြွရောက်လာကြသော ဆရာတော်သံဃာတော်များသည် ဓါတ်ပုံပြခန်း၌ စုဝေးကြပြီး အဖွဲ့(၇)ဖွဲ့ခွဲ၍ မိဂဒါဝုန်ကျောင်းတွင်းရှိ (၇)ဌာန၌ ဘုရားအနေကဇာ တင်ခြင်းအားဖြင့် နှစ်တစ်ရာပြည့်အောင်ပွဲ အထိမ်းအမှတ် အခမ်းအနား စတင်ကျင်းပပြုလုပ်လိုက်သည်။

ထို့နောက် ဆရာတော်သံဃာတော်များအား အာရုံ

ဆွမ်းကပ်ပြီး၊ ဧည့်သည်များကိုပါ နံနက်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။

နံနက်(၇း၃၀) အချိန်တွင် ဆရာတော်သံဃာတော်များနှင့်တကွ လူပုဂ္ဂိုလ်များပါ ဗဟိုမဏ္ဍပ်အတွင်း၌ စုဝေးနေရာယူကြပြီး "နမောတဿ" အစရှိသော ဘုရားရှိခိုးကို (၃)ကြိမ်ရွတ်ဆို၍ ရာပြည့်ပွဲတော် အခမ်းအနားကြီးကို စတင်ဖွင့် လှစ်လိုက်သည်။ ပဲခူးမြို့ မင်းကျောင်းတိုက်ဆရာတော်ဦးသူရိယက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသည်။ စစ်တွေမြို့ ပုသိမ်ကျောင်းတိုက်ဆရာတော်ဘုရားထံမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့က သီလခံယူကြသည်။ ၎င်းနောက် မိဂဒါဝုန်မြန်မာကျောင်းတိုက် ဆရာတော်ဦးဝဏ္ဏဓဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)မှ နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆရာတော်မိန့်တော်မူသည်မှာ "ဘုန်းကြီးတို့ရဲ့မိဂဒါဝုန် မြန်မာကျောင်းတိုက်ကိုတည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း(၁၀၀)ပြည့်မြောက်ပြီဖြစ်ရာ ယနေ့ဆိုလျှင် ရာပြည့်အထိမ်းအမှတ် ပွဲတော်ကြီးကိုပင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နေပြီး ဖြစ်ပါတယ်။ ဒီနှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ပွဲတော်ကြီးကို စီမံဆောင်ရွက် ခွင့်ရသည့်အတွက် ဘုန်းကြီးအနေဖြင့် အထူးပင် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါတယ်။" ... 

ကံကောင်းလှပါသည်။ ယခုလို ပွဲတော်ကြီးပြုလုပ်ကျင်းပခွင့် ရခြင်းမှာလည်း ဘုန်းကြီးတို့ရဲ့ ကျေးဇူးများဖြစ်တော်မူသော သာသနာ့အာဇာနည် ကမ္ဘာ့သာသနာပြု ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမဏိနှင့်တကွ ဆရာတော်ဦးကိတ္တိမ၊ ဆရာတော်ဦးတိက္ခိန္ဒြိယတို့နှင့် ဤကျောင်းတိုက် ထာဝရတည်တံ့နိုင်ရေးအတွက် ထောက်ပံ့ လှူဒါန်းခဲ့ကြတဲ့ အလှူရှင်ဒါယကာ၊ ဒါယိကာမအပေါင်းတို့ရဲ့တန်ဖိုးမဖြတ်နိုင်သော ကျေးဇူးတရားတို့ကြောင့်ဖြစ်ပါတယ်။ အထူးသဖြင့် ကမ္ဘာကျော် ကမ္ဘာ့သာသနာပြု ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမဏိ ကိုယ်တိုင် တည်ထောင်ခဲ့တဲ့ မိဂဒါဝုန် မြန်မာ ကျောင်းတိုက်ကို ဘုန်းကြီးအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ခွင့်ရတဲ့အတွက်ရော ယခုလို ရာပြည့်အထိမ်းအမှတ် ပွဲတော်ကြီးကို ဦးစီး ဆောင်ရွက်ခွင့်ရတဲ့အတွက်ရော အတိုင်းမသိဝမ်းသာဂုဏ်ယူမိပါတယ်။

အနှစ်သာရအားဖြင့် ဘုန်းကြီးတို့ မိဂဒါဝုန်မြန်မာကျောင်းတိုက်ရဲ့နှစ်(၁၀၀)ပြည့် အောင်ပွဲအထိမ်းအမှတ်ပွဲတော်ကြီးဟာဆိုရင် မြန်မာ တစ်မျိုးသားလုံးတို့ရဲ့ သမိုင်းဝင် အောင်ပွဲ အထိမ်းအမှတ်ပင်ဖြစ်ပါသည်။ သူတစ်ပါးတိုင်းပြည်၌ မြန်မာကျောင်းရယ်လို့ ဂုဏ်ယူဝင့်ကြွားစွာ မြန်မာ့ဂုဏ်ဆောင် မိဂဒါဝုန်မြန်မာကျောင်းတိုက်ဖြစ်ပါတယ် စသဖြင့် မိန့်ကြားတော်မူခဲ့ သည်။

မိဂဒါဝုန် မြန်မာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) က နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် မြန်မာသံအမတ်ကြီး ဦးကြည်သိန်းက ဆက်လက်၍ စကားပြောကြားသည်။

ထို့နောက် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဂါထာ၊ စာစု၊ ရတု၊ ကဗျာ စသည်တို့ဖြင့် ဂုဏ်ပြုရွတ်ဆိုကြရာ၊ အမေရိကနိုင်ငံမှ ဆရာတော်ဦးဉာဏဝရက ကိုယ်တိုင်ရေးစပ်ထားသော ရာပြည့်ပွဲထုတိဩဘာ မင်္ဂလာဂါထာဖြင့် ဂုဏ်ပြုရွတ်ဆိုသည်။

ဆရာတော် ဦးဉာဏ



၀ရ ရွတ်ဆိုပြီးနောက် မြန်မာနိုင်ငံမှ မင်းသား ဦးသိန်းဇော်က ရန်ကုန်မြို့ ချမ်းအေးရိပ်သာကျောင်းတိုက်မှ အရှင်ဝိလာသ (ဝေမိုး-ကျွန်းလှ) ရေးဖွဲ့သီကုန်းသော ရတုဖြင့် ဂုဏ်ပြုရွတ်ဆိုသည်။ ၎င်းနောက် ဆရာတော်ဦးဝဏ္ဏဓဇ သီကုန်းစီရင်ရေးစပ်သော ကဗျာကို မြန်မာနိုင်ငံမှ အဆိုတော်ပိုးအိစံက ဂုဏ်ပြုရွတ်ဆိုသည်။ ဇော်ပြပါ အခမ်းနားအစီစဉ်များကို ဇဟိုမဏ္ဍပ်ကြီးအတွင်း ပြုလုပ်ကျင်းပပြီးသည့်နောက် မြန်မာသံအမတ်ကြီး ဦးကြည်သိန်းက ဗုဒ္ဓရုပ်ပွားတော်ကိုပင့်ဆောင်ခါ ဇဟိုမဏ္ဍပ်ကြီးမှ ထွက်ခွာ၍ မဟာဝိဇိတာဝီသိမ်တော်ဘက်သို့ ဦးဆောင်သွားရာ၊ ဆရာတော်သံဃာတော်အရှင်မြတ်များ၊ သီလရှင်များ၊ အမျိုးသားများနှင့် အမျိုးသမီးများသည် နှစ်ယောက်စီတွဲ၍ "ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာ ရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့် မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်ညာ၊ နတ်ပြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို။" ကို ညီညာစွာ ရွတ်ဆိုသွားနေကြသည်မှာ ကြည်နူးသာယာလှပေသည်။ မြန်မာကျောင်းမှ မိဂဒါဝုန်ဘက်သို့ ကူးသန်းသွားလာနိုင်အောင် မူလကပင် တံတားဆောက်လုပ်ထားသော်ငြားလည်း၊ အိန္ဒိယရေးဟောင်းဌာနမှ ဝင်ကြေးကောက်ခံသည့်အချိန်မှစပြီး မြန်မာကျောင်းဘက်မှ ကူးသွားနိုင်သော တံခါးပေါက်ကို သော့ခတ်ထားလိုက်သည်။ ဆရာတော် ဦးဝဏ္ဏဓဇ အနေဖြင့် ရာပြည့်ပွဲတော်နေ့တွင် ထိုတံခါးပေါက်မှ ဓမ္မစကြာ တရားဦးကို ဟောကြားခဲ့သောနေရာသို့ သွားခွင့်ရအောင် ကြိုတင်စီစဉ်ထားသည့်အတွက် မြန်မာသံအမတ်ကြီး ဦးကြည်သိန်းက မဟာဝိဇိတာဝီသိမ်တော်ကို ဖြတ်ကျော်ခါ မိဂဒါဝုန်ဘက်သို့ ဆက်လက်ဦးဆောင်သွားပေတော့သည်။

ဓမ္မစကြာတရားဦးကို ဟောကြားခဲ့သောနေရာတွင်



ဓမ္မရာဇိက စေတီတော်တည် ဆောက်ခဲ့သော် ငြားလည်း အဖျက်ဆီးခံခဲ့ရ၍ အုတ်ခုံမျှသာ ကျန်ရှိနေပေသည်။ ရာပြည့်ပွဲတော်ကြီးသို့ လာရောက်ကြသော ဆရာတော်သံဃာတော်မြတ်များ၊ သီလရှင်များနှင့် အမျိုးသား အမျိုးသမီးများ ထို ဓမ္မရာဇိက စေတီတော်နေရာ၌ ဓမ္မစကြာတရားတော်မြတ်ကို ရွတ်ဖတ်ပူဇော်နိုင်ရန် ကော်ဇောများ ကြိုတင်ခင်းကျင်းထားသဖြင့် ဆရာတော် သံဃာတော်မြတ်များ ၎င်းနေရာသို့ ရောက်သောအခါ အရှေ့ပိုင်းနေရာများတွင် ထိုင်ကြခါ ကျန်ပရိသတ်များက ဆက်လက်ပြီး နေရာယူကြပေတော့သည်။ အပါး(၁၀၀)နီးပါးခန့်ရှိသော ရပ်ဝေးမှ ကြွလာသော ဆရာတော် သံဃာများနှင့် မြို့ခံ သံဃာများနှင့်တကွ (၁၀၀) ကျော်ရှိသော မြန်မာဒါယကာနှင့်ဒါယိကာမများအား ယခုလို သစ္စာနယ်မြေမှာ တစုတဝေး တွေ့ရှိရသည်မှာ ကြည်နူးဝမ်းသာစရာ ကောင်းလှပေတော့သည်။ ဆရာတော်များက ဦးဆောင်၍ "နမောတဿ" သုံးကြိမ်ရွတ်ဆိုပြီးသကာလ ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ညီညာစွာရွတ်ဆိုပူဇော်ကြပြန်သည်။ "ဧတ္တာဝတာစ အမှေဟိမှ ဘဝတု သဗ္ဗမင်္ဂလံ" (၃) ဂါထာရွတ်ဆိုခြင်းဖြင့် ရွတ်ဖတ်ပူဇော်မှုကဏ္ဍ နိဂုံးချုပ်လိုက်သည်။ ထို့နောက် "ဣဒံမေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု" ဖြင့် ဆုတောင်း၍ "ဤသို့ပြုရမြတ်ပုညကို" အစရှိသည်ဖြင့် သံပြိုင်ရွတ်ဆိုကာ အမျှပေးဝေကြသည်။ ယခုကဲ့သို့ စုပေါင်းရွတ်ဖတ်ပူဇော်ကြပြီးနောက် ထိုနေရာတွင်ပင် စုပေါင်းဓါတ်ပုံရိုက်ကြသည်။

ရွတ်ဖတ်ပူဇော်ကြပြီး ကျောင်းတော်သို့ ပြန်လာ၍ ဓါတ်ပုံပြခန်းရှေ့တွင် စုဝေးကြပြန်သည်။ ထေရဝါဒ သာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနန္ဒမာလာဘိဝံသနှင့်


မြန်မာ သံအမတ်ကြီး ဦးကြည်သိန်းတို့က ဖဲပြားကြိုးကို အတူတကွဖြတ်၍ ဓါတ်ပုံပြခန်း ဖွင့်ပေးလိုက်သည်။ ဆရာတော် ဦးဝဏ္ဏဓဇက ဦးဆောင်ပြီး ဆရာတော်သံဃာတော်မြတ်တို့အား ပြသထားသော ဓါတ်ပုံမျိုးစုံတို့ကို ရှင်းလင်း ပြောပြပါသည်။

ထို့နောက် ဆရာတော်သံဃာတော်မြတ်များနှင့် သီလရှင်တို့အား နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် ကြွရောက်လာကြသော ဧည့်သပရိသတ်များအား နေ့လည်စာကျွေးမွေးခြင်းတို့ဖြင့် ရာပြည့်ပွဲတော် နံနက်ပိုင်း မြန်မာကဏ္ဍ အခမ်းအနားအစီစဉ် နိဂုံးချုပ် ခဲ့သည်။

နေ့လည်တစ်နာရီတွင် ရာပြည့်ပွဲတော် အပြည်ပြည်ဆိုင်ရာကဏ္ဍ ညနေပိုင်း အစီစဉ်ကို ဗဟိုမဏ္ဍပ်တော်ကြီးအတွင်း ဆက်လက်ပြုလုပ်ကျင်းပသည်။ အခမ်းနားမှူးအဖြစ် အင်္ဂလန်မှ ဒေါက်တာဓမ္မသာမိက ဆောင်ရွက်ပေးသည်။ "နမောတဿ" သုံးကြိမ်စုပေါင်းရွတ်ဆို၍ အခမ်းနားကို ဖွင့်လှစ်လိုက်သည်။ ထို့နောက် ထေရဝါဒသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနန္ဒမာလာဘိဝံသနှင့် မြန်မာသံအမတ်ကြီးဦးကြည်သိန်းတို့က ဦးမြထွန်းဘုရားဖူးတည်းခိုဆောင်အရှေ့ရှိဘာသာ(၄)ဘာသာဖြင့် ရေးသားထားသော ရာပြည့်ပွဲတော်အထိမ်းအမှတ်ကျောက်စာတိုင်ရှိရာသို့သွား၍ ကျောက်စာတိုင်နှင့်တကွ ဆရာတော်ဦးစန္ဒိမာဘိ ရုပ်ထုပုံတော်ကို ဖွင့်လှစ်ပေးတော်မူကြသည်။

ပါမောက္ခချုပ်ဒေါက်တာနန္ဒမာလာဘိဝံသကပင် အဖွင့်မိန့်ခွန်းကို ပြောကြားသည်။ ၎င်းနောက် ဆရာတော်ဦးဝဏ္ဏဓဇက ရာပြည့်ပွဲတော်ကျင်းပသည့် အခမ်းနားသို့ ကြိုဆိုဖိတ်ခေါ်ကြောင်း မိန့်ခွန်းပြောကြားသည်။ တဆက်တည်းမှာပင် အိန္ဒိယနိုင်ငံမြန်မာဗုဒ္ဓဘာသာအဖွဲ့ ဥက္ကဋ္ဌကိုယ်စားကုသိနာရုံဆရာတော်ဒေါက်တာရှင်ဉာဏိသရက မြန်မာနှင့် ဟင်ဒီဘာသာတို့ဖြင့် မိန့်ခွန်းပြောသည်။ ထို့နောက် နာလန္ဒာ တရုတ်ကျောင်းဆရာတော်ဒေါက်တာပညာလင်္ကာရက အင်္ဂလိပ်ဘာသာရပ်ဖြင့် မိန့်ခွန်းပြောပြီးနောက် မြန်မာသံအမတ်ကြီးဦးကြည်သိန်းက အင်္ဂလိပ်ဘာသာရပ်ဖြင့် မိန့်ခွန်းပြောကြားသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီး၏သဝဏ်လွှာကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က ဖတ်ကြားသည်။ ဤကဲ့သို့ မိန့်ခွန်းများ ပြောကြားပြီးနောက် ဆရာတော် ဦးဝဏ္ဏဓဇက မြန်မာသံအမတ်ကြီးဦးကြည်သိန်းနှင့် ဒေါက်တာမျိုးမြင့်တို့အား ရာပြည့်ပွဲတော်အထူးထုတ်မဂ္ဂဇင်းကို အမှတ်တရလက်ဆောင်အဖြစ်ဖြင့် ပေးကမ်းသည်။ ရာပြည့်ပွဲတော်ကျင်းပရေး ဗဟိုကော်မတီကိုယ်စား မဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ ဆရာတော်ဦးသဒ္ဓနက ကျေးဇူးတင်စကားပြောကြားပြီးနောက် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" (၃)ကြိမ် စုပေါင်း ရွတ်ဆိုခြင်းဖြင့်ရာပြည့်ပွဲတော်အပြည်ပြည်ဆိုင်ရာကဏ္ဍအခမ်းနားအစီစဉ်ပြီးဆုံးသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမှ မင်းသားဦးသိန်းဇော်နှင့် အဆိုတော်ပိုးအိစံတို့က မြန်မာ့တေးဂီတအမျိုးမျိုးတို့ဖြင့် ရာပြည့်ပွဲတော်သို့ လာရောက်ကြသော ဧည့်သပရိသတ်အပေါင်းတို့အားဖျော်ဖြေခြင်းဖြင့် မဂဓါဂုဏ်မြန်မာကျောင်းတိုက် နှစ်(၁၀၀)



ပြည့်ပွဲတော်ကြီးကို ပျော်ပျော်ရွှင်ရွှင် အောင်မြင်စွာဖြင့် ပြုလုပ်ကျင်းပနိုင်ခဲ့ပေသည်။

ယခုကဲ့သို့ပင် အိန္ဒိယနိုင်ငံရှိ မိဂဒါဝုန်မြန်မာကျောင်းတိုက် နှစ်(၁၀၀)ပြည့် ပွဲတော်ကြီးကို မြန်မာဗုဒ္ဓဘာသာ ယဉ်ကျေးမှု အစဉ်လာအတိုင်း ပြုလုပ်ကျင်းပသည့် အပြင်၊ မြန်မာကျောင်းတိုက်တည်ရှိရာ အရပ်ဒေသပတ်ဝန်းကျင်တဝိုက်တွင် နေထိုင်ကြကုန်သော ကုလားလူမျိုးများအတွက်ပါ စီစဉ်ဆောင်ရွက်ပေးရသည်။ ဖေဖော်ဝါရီလ (၂၉) ရက်နေ့ နံနက်တွင် ဆရာတော် ဦးစန္ဒိမကို မူလတန်းကျောင်းမှ ခလေးသူငယ်များသည် ခါတ်ပုံပြခန်းကို လာရောက်ကြည့်ရှုကြပြီး ကျောင်းဝင်းမှ ပြန်မထွက်မီ ဆရာတော် ဦးဝဏ္ဏဇေအမှူးပြုသော ဆရာတော်များက ကျောင်းသားများအား ငှက်ပျောသီးနှင့် မုန့်ထုပ်များ ပေးဝေကြသည်။ ညနေပိုင်းတွင် ဦးစန္ဒိမကျောင်းမှ ကျောင်းသားများ ပါဝင် သရုပ်ဆောင်သော ကပွဲပြုလုပ်ကျင်းပပေးရာ၊ လာရောက်ကြည့်ရှုကြသောပရိသတ်သည် ကျောင်းဝင်းတဝင်းလုံး ပြည့်လျှံသွားပေတော့သည်။

ပစ္စည်းလေးပါး ဒါယကာများ အနီးအနားတွင် မရှိဘဲ အခက်ခဲမျိုးစုံကို ရင်ဆိုင်ကျော်လွှားခဲ့ရသော အိန္ဒိယတိုင်းပြည်ရှိ မိဂဒါဝုန်မြန်မာကျောင်းတိုက်ကြီး၏ နှစ်ပေါင်း (၁၀၀) ခရီးကို ဖြတ်သန်းကျော်လွှန်နိုင်ခဲ့သဖြင့် ယခုလိုသမိုင်းဝင်ရာပြည့်ပွဲတော်ကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်သည့်အတွက် မိဂဒါဝုန်အရပ်မှာ မြန်မာ့သမိုင်း စာမျက်နှာသစ်တစ်ခုကို ဖန်တီးဖော်ထုတ်နိုင်ပေတော့သည်။ ထို့ကြောင့် ဆရာတော် ဦးစန္ဒိမ၊ ဆရာတော်**ဦးကိတ္တိမ**၊ ဆရာတော်ဦးတိက္ခိန္ဒြိယနှင့် ဆရာတော် ဦးဝဏ္ဏဇေတို့အား ဤဆောင်းပါးဖြင့် ပူဇော်ကန်တော့လိုက်ပါတော့သည်။

**တင်ထွန်း**

ဗိသုကာ၊ **U.S.A**

DHAMMACHAKKA VIHARA MYANMAR BUDDHIST TEMPLE

# နှစ်တစ်ရာပြည့်ပွဲတော်အထိမ်းအမှတ်
# မိဂဒါဝုန်

⊙ ချမ်းမြေ့သာယာ၊ ဤနေရာကား
ဗာရာဏသီ၊ မင်းဌာနီ၏
မဟီချက်မ၊ အနုဋ္ဌ။

⊙ ပဉ္စဝဂ္ဂီ၊ ရဟန္တာတို့
အာကာယံတွင်း၊ ဝဲပျံဆင်းလျက်
တက်ခြင်းတဖုံ၊ ပြုကြကုန်၍
ခေါ်တုံမည်ရ၊ ဣသိပတန။

⊙ ရှေးကမင်းပေါင်း၊ မေတ္တာလောင်း၍
အေးကြောင်းမြော်မြင်၊ သားသမင်ကို
ပျော်ရွှင်စေရေး၊ ဘေးမဲ့ပေးသော်
အလေးပြုတုံ၊ မိဂဒါဝုန်။

⊙ ရဂုံတောဝ၊ အေးကြည်မြသား
မိဂသမ္မဒါ၊ မြစ်ကမ်းသာတွင်
နှစ်ဖြာမိဘ၊ လုပ်ကျွေးရ၍
မြွားခမေ့နွမ်း၊ အဆိပ်မွမ်းလည်း
သေလမ်းမရောက်၊ သက်မပျောက်ဘဲ
လွတ်မြောက်ခဲ့ပြန်၊ လောင်းသုဝဏ်ကား
ရှေးလွန်လေခါ၊ အောင့်မေ့စရာတည့်။

⊙ ပွင့်လာသမျှ၊ မြတ်ဗုဒ္ဓတို့
လှမ်းကြွ၍ချီ၊ ငါးဝဂ္ဂီကို
အညီပေါင်းလျက်၊ ဓမ္မစက်နှင့်
ဖြည့်စွက်ခေါင်းချုပ်၊ အနတ္တသုတ်ကို
ဟောထုတ်အထူး၊ တရားဦးတွင်
ကျေးဇူးဂုဏ်ထွန်း၊ မြတ်ဥဒါန်းဖြင့်
ရဟန်းသမိုင်း၊ သံဃာဂိုဏ်းလည်း
ပြည်တိုင်းမှာပေါ်၊ ဘဝဂ်ကျော်သား
အာသဝေါကင်းကွာ၊ ရဟန္တာတည့်။

⊙ ဗြဟ္မာနတ်လည်း၊ တခါတည်းပင်
ရုံးစည်းဖွဲ့၍၊ အားလုံးထည့်သော်
စုံပြည့်တွက်ရေ၊ ဆယ့်နှစ်ကုဋေတည့်။

⊙ ဤမြေအထွက်၊ တောအရပ်တွင်
ဝါကပ်ပထမ၊ မြတ်ဗုဒ္ဓသည်
ယသသူဌေးသား၊ ချွတ်လေပြေား၍
နှစ်ပါးမိဘ၊ တေဝါစိကဖြင့်
ပထမတည်ကုန်၊ သရဏဂုံတည့်။

⊙ နောက်တုံယသ၊ သဟာယတို့
ဗုဒ္ဓသာသနာ၊ ဝင်ရောက်လာ၍
မဟာကဿပ၊ တန်ခိုးရှိသည်
ဖဟိဘိက္ခု၊ ခေါ်တော်မူက
အဆူများစွာ၊ သာသနာတွင်
ရဟန္တာခြောက်ဆယ်၊ ဂုဏ်ဝင့်ထယ်၏။

⊙ အနယ်နယ်အရပ်ရပ်၊ ကြွချီလတ်၍
အမြတ်တရား၊ လူတို့အားလျှင်
ဟောကြားသမှု၊ သာသနာပြုရန်
ရှေ့ရှုကြွလေ၊ ဘုရားစေသော်
များထွေအကျိုး၊ ဖွံ့ဖွံ့ဖြိုး၍
ပြန့်တိုးပွားလာ၊ သာသနာသည်
ရောင်ဝါချင်းချင်း၊ နေသို့လင်း၏။

⊙ တောခင်းစိမ်းစို၊ အေးရိပ်ခိုသည်
ထိုထိုမြတ်စွာ၊ ရဟန္တာတို့
ချမ်းသာစေကြောင်း၊ နေရာကျောင်းကို
သူကောင်းနန္ဒိယ၊ စွန့်ကြဲချသို့
စိုးထအာဏာ၊ ကျွန်းလက်ျာတွင်
မဟာရာဇ၊ အသောကလည်း
များလှစီရီ၊ မွေသရီနှင့်
စေတီဘုရား၊ ကျောင်းကန်များကို
တည်ထားသည့်ပြင်၊ ဘုရားရှင်သည်
ဤတွင်အထူး၊ တရားဦးကို
ဟောဖူးအမှန်၊ သက်သေခံဖို့
မြိုင်ယံကမူ၊ ကျောက်တိုင်ထူ၏။


⊙ နည်းယူကောင်းရာ၊ မြတ်သဒ္ဓါနှင့်
ကုမာရဒေဝီ၊ မဟေသီလည်း
စာဂီမျိုးမွန်၊ ကျောင်းလှူပြန်၏။

⊙ ထုတ်ပြန်သေချာ၊ ဤနေရာ၌
မြတ်စွာဘုရား၊ ဟောမြွက်ထားသည်
တရားပန်းကုံး၊ အလှဆုံးတို့
စုရုံးကောက်ငင်၊ လူတိုင်းဆင်သော်
အမြင်လည်းရှင်း၊ အသိလင်းလျက်
ထိုးထွင်းဉာဏ်ပေါက်၊ နိဗ္ဗာန်ရောက်အောင်
ချီးမြှောက်မချို့ အမှန်ပို့လိမ့်။

⊙ ဤသို့များဖြင့်၊ အမွှမ်းတင်၍
ကျမ်းတွင်ဖော်ပြ၊ ဤဒေသကား
ပွင့်ကြသောင်းသောင်း၊ ဘုရားပေါင်းတို့
စွန့်ကြောင်းမရှိ၊ လေးပြုဘိသည်
အဝိဇဟိတံ၊ နေရာမွန်နှင့်
နိဗ္ဗာန်ခရီး၊ ကြွခါနီးတွင်
ရေးကြီးခွင်ကျယ်၊ အမှာသွယ်၍
မှတ်ဘွယ်စကား၊ ဗျာဒိတ်ထားလျက်
ဘုရားစိန္တေ၊ ထိတ်လန့်စေသား
သံဝေဇနိယ၊ တမည်ရသည်
သာသနာ့အောင်မြေ၊ အစစ်တည်း။

*မိဂဒါဝုန်ဆရာတော်ဦးဝဏ္ဏဓဇ*
*(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)*

DHAMMACHAKKA VIHARA MYANMAR BUDDHIST TEMPLE



မိဂဒါဝုန်မြန်မာကျောင်းတိုက်ကြီးကို (၁၉၀၈) ခုနှစ်တွင်၊ ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိ၊ သရက်တောတိုက်မှ ဆရာတော် ဦးသူရိယ၊ မိဂဒါဝုန် ဆရာတော်ဦးကိတ္တိမ၊ ရခိုင်ပြည်နယ်မှ ဆရာတော် ဦးတိက္ခိန္ဒြိယ၊ ဒါယကာ ဒါယိကာမ(၄)ဦးတို့သည် မိဂဒါဝုန် ဗုဒ္ဓဘာသာအသင်းဖွဲ့စည်းခဲ့သည်။

ဆရာတော်ဦးကိတ္တိမသည် မိဂဒါဝုန်အား အိန္ဒိယအစိုးရမှ ရှေးဟောင်းနယ်မြေ မသတ်မှတ်မီ (၁၉၀၈)ခုနှစ်တွင် ကျောင်းမြေဝယ်ယူခဲ့ပြီး မိဂဒါဝုန် မြန်မာကျောင်းကို စတင်ဆောက်လုပ်ခဲ့ရာ ယခု (၂၀၀၈)ခုနှစ်တွင် နှစ်တစ်ရာပြည့်ခဲ့ပြီဖြစ်ပါသည်။

နှစ်တစ်ရာပြည့်ပွဲတော် အထိမ်းအမှတ်အဖြစ် မိဂဒါဝုန်မြန်မာကျောင်းထိုင် ဆရာတော် ဦးဝဏ္ဏဓဇ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ရေးသားတော်မူခဲ့သော "မိဂဒါဝုန်" အမည်ရှိကဗျာအား အမှတ်တရ ဖော်ပြလိုက်ပါသည်။


ဖွားတော်မူရာဌာန(လုမ္ဗိနီ)
ဘုရားဖြစ်တော်မူရာဌာန(ဗုဒ္ဓဂယာ)
တရားဦးဟောရာဌာန(မိဂဒါဝုန်)
ပရိနိဗ္ဗာန်ဝင်စံရာဌာန(ကုသိနာရုံ)
လေးဌာန